# တက္ကသိုလ်ဘုန်းနိုင်

## ကမ္ဘာကုန် ကျယ်သရွေ့ဂယ်



၁၉၆၃-ခု ဇူလိုင်လ
ပထမအကြိမ် ရိုက်သည်
မြဝတီစဉ်အမှတ် (၄၇)

တက္ကသိုလ်ဘုန်းနိုင်

# ကမ္ဘာကုန်ကျယ်သရေ့ဝယ်

ပထမတွဲ

တန်ဖိုး—၂ကျပ်

## IN TIME OF "THE BREAKING OF NATIONS"

1

ONLY a man harrowing clods
In a slow silent walk
With an old horse that stumbles and nods
Half asleep as they stalk.

2

Only thin smoke without flame
From the heaps of couch-grass;
Yet this will go on ward the same
Though Dynasties pass.

3

Yonder a maid and her wight
Come whispering by:
War's annals will cloud into night
Ere their story die.

THOMAS HARDY

## "ကမ္ဘာကုန် ကျယ်သရွေ့ဝယ်"

(၁)

ဖြေးဖြေး ညင်ညင်၊ ထွန်ရေး ငင်သည်၊ လယ်ရှင်
ယောကျာ်း၊ တလူသွားတည့်။ ။
ခေါင်းခြေလှုပ်ရှား၊ တိမ်းကပါးဖြင့်၊ ရှုန်းအားမပို၊
ချို့မြင်းအိုနှင့်။ ။
လူကလည်းငိုက်၊ မြင်းလည်းငိုက်နှင့်၊ စရိုက်ဘာသာ၊
ချမ်းသာစွာ၏။ ။

(၂)

အလျှံမပါ၊ ရေးရေး သာတည့်၊ နေစာ ညွန့် မြက်၊
အပုံထက်မှ၊ တိုးတက် အူအူ၊ လယ်ခိုး လူလျက်။ ။
အဝေးဆီဝယ်၊ တော၏မယ်လည်း၊ သက်လှယ် သခင်၊
မောင်နှင့်ယှဉ်၍၊ တိုးညင်ချစ်ခွန်း၊ ပျံ့ပျံ့မွှန်းရှင့်။ ။

(၃)

ပလ္လင်နန်းမြိုင်၊ ရာထီးဆိုင်တို့၊ မခိုင်ပျက်ယွင်း၊ နိဗ္ဗ
ကင်း၏။ ။
မော်ကွန်းပွဲလှိုင်း၊ စစ်သမိုင်းလည်း၊ မှုန်မှိုင်းညနှယ်၊
ပျောက်၍ကွယ်လိမ့်။ ။
မြင်းအို သခင်၊ လယ်ကြီး ရှင်နှင့်၊ လယ်ပြင် မီးခိုး၊
လယ်မျိုး လုံမ၊ လုလင် လှ၏၊ သာစွ ဂုဏ် ပေါင်း၊
လူ့ဇာတ်ကြောင်းသည်၊ မဟောင်း ကမ္ဘာကုန်ကျယ်
ဆက်လိမ့်တည်း။ ။

တက္ကသိုလ် ဘုန်းနိုင်
၂၅-၆-၆၆

THOMAS HARDY

# စာရေးသူ၏အမှာစာ

အမှန်မှာ အမှာစာကို ကျွန်တော်မရေးချင်သေးပါ၊ ဝတ္ထုတပုဒ်လုံးဆုံးမှ အမှာစာရေးရသည်မှာ အရသာလည်း ရှိသည်၊ အဓိပ္ပာယ်လည်းရှိသည်၊ စာဖတ်ပရိသတ်များလည်း ပြည့်ပြည့်ဝဝ နားလည်နိုင်သည်။

ဤ....“**ကမ္ဘာကုန်ကျယ်သရွေ့ဝယ်**” ဝတ္ထုကြီးကို မူလကအစအဆုံး ထုတ်ဝေနိုင်လိမ့်မည် ကျွန်တော်ထင်ခဲ့သည်၊ ယခုမူ အခက်အခဲအမျိုးမျိုးကြောင့် အတွဲခွဲထုတ်လေရပြီ၊ စာဖတ်သူများမကျေနပ်လေမည်ဖြစ်သကဲ့သို့....ကျွန်တော်လည်း စိတ်ထိခိုက်ပါသည်၊ အတွဲခွဲ၍....အပြစ် ရှာသူ ဖြစ်လျှင်....မြစာပေကိုသန်းကြွယ်ကို ကျွန်တော် အားပေးမည် မဟုတ်ပါ၊ ကျွန်တော် တက္ကသိုလ်ဘုန်းနိုင်နှင့် မြစာပေ ကိုသန်းကြွယ် တို့၏ ကျေးဇူးရှင်များကား....အခြားမဟုတ်၊ စာဖတ်သူ ပြည်သူ တို့သာ ဖြစ်သည်၊ ဤစကားကိုမူ စာရေးသူတိုင်း....ထုတ်ဝေသူတိုင်း- လိမ်မာစွာဆိုနိုင်သည်၊ ဆိုကြသည်၊ ဆိုရိုးတို့လည်း ရှိခဲ့လှပြီ....၊ ကျွန်တော်တို့က ဤသို့ဆိုရိုး....ဆိုလိုသည်မဟုတ်။

သည်ဒေသ၌....မိုးတို့ကစွေကာ လယ်တို့က စိမ်း၍....တောတို့က မှိုင်းသည်၊ သည်က လွန်လျှင်မူ....မိုးကား....ညို၏....မရွာ၊ လယ်ကိုထွန်၏၊ မျိုးကမစိမ်း....၊တောတို့က မှိုင်းရန်ဝေးစွ....၊ စိမ်း၍ပင်မနု၊ မုတ်သုန်ပိုင်းမှ....ကန္တာရပိုင်းသို့ ခရီးနှင်လာသူတို့ ကြုံရမြဲသဘာဝ ပန်းချီတည်း....။

မုတ်သုန်ပိုင်းမှ....ကန္တာရ ပိုင်းသို့ ခရီး နှင်လာသူ....သုံးဦးသော သတ္တဝါတို့ရှိကြဘူး၏၊ ကျွန်တော်၊တက္ကသိုလ်-ခင်မောင်အေးနှင့် မြစာပေ ကိုသန်းကြွယ်....တို့တည်း။

ကျွန်တော်က ကန္တာရ၏အလှအပကို သူတို့ အား ပြောပြလာ၏၊ ထိုစဉ်တွင်ကံကြမ္မာက ကျွန်တော်တို့ ကားကို တိမ်းမှောက်ပစ်လိုက်သည်၊ ကားနောက်ပိုင်းမှ ထိုင်လိုက်လာကြသူ ကျွန်တော်၊ ခင်မောင်အေးနှင့်ကို သန်း ကြွယ်တို့ အပြင် ကျွန်တော့် တပည့်လေးတဦးပါ မြေပြင်သို့ လွင့်စင် သွားကြသည်၊ တလောကလုံးသည် မှိုင်း၍မှောင်ကာမိုက်၍ မည်း သွားသည်။

ကျွန်တော်သတိရပြီး ကားပိနေသော ကားမောင်းသူကို သွား၍ပွေ့သောအခါ ကျွန်တော့် ဘယ်ဘက် လက်ကား ထွက်မလာတော့၊ ကျွန်တော့်လက်ကား သွင်သွင်ကျိုး၍ သွေးဖြိုင်ဖြိုင်စီးကျနေပြီ၊ အားလုံးသည်လည်း ဒဏ်ရာတကြီးနှင့်မေ့မြောနေကြသည်၊ ကျွန်တော့်ရုံးအုပ်ကြီး ဦးအောင်မြင့်ဝင်းနှင့် ပါဏဗေဒ ဓာတ်ခွဲခန်းမှူး ကိုသောင်းရွှေတို့က ဒဏ်ရာရသူများကို မနိုင်မနင်းပြုစုကြရရှာ၏၊ ကျွန်တော်တို့ဒုက္ခရောက်နေစဉ် ကြက်မောက် တောင်ဆီမှ အလုပ်သမား ကြီးများက ကားဖြင့်ရောက်လာပြီး ကယ်ဆယ်ကာ မိတ္ထီလာ ဆေးရုံကြီးသို့ ပို့ပေးကြသည်။

မိနစ်ပိုင်း....နာရီပိုင်းအတွင်းမှာပင် စာဖတ် ပရိသတ်များနှင့် စာပေဖြန့်ချီရေး ဝန်ထမ်းတို့ ကျွန်တော်၏ ကျောင်းသူကျောင်းသား မိဘများနှင့်အတူ ရောက်လာ ကြသည်၊ ကျွန်တော်တို့ကိုပြုစုကြသည်၊ အစာကျွေးကြသည်၊ မွေ့ရာခေါင်းအုံး ကောင်းကောင်းပေးကြသည်၊ ကျွန်တော် တို့၏ အသက်သခင် ကျေးဇူးရှင် များတည်း။

မိတ္ထီလာ ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာတပ်မတော်ဆေး

ရုံကြီး၊ တောင်ကြီးမြို့ စောစံထွန်း ဆေးရုံကြီးနှင့် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်-ဆရာမ-သူနာပြုဆရာမကြီး-ဆရာမလေး အားလုံးတို့၏ ကျေးဇူးကြောင့် ကျွန်တော့် လက်သည် ပြန်ကောင်းခဲ့ရသည်၊ ဝေဒနာနှင့်....ဒုက္ခကိုမူ- လနှင့် ချီ၍ ခံစားခဲ့ရသည်။

မိတ္ထီလာဆေးရုံကြီး၌ရှိစဉ် လာရောက်ကြသော သတင်းထောက်များကို ကျွန်တော့် လက်မှ ဒဏ်ရာ ကြီးကြောင်း မဖော်ပြဘဲ ဖေါ့ရေး ပေးရန် ကျွန်တော် မေတ္တာ ရပ်ခံ ခဲ့၏၊ ကျွန်တော့် စာဖတ်ပရိသတ်များကိုဎင်း၊ ကျောင်းသူကျောင်းသားများကိုဎင်း၊ မထိတ်လန့်....မပူပန် စေလိုသောကြောင့်ဖြစ်ပါသည်၊ သတင်းထောက် များကလည်း တာဝန်သိစွာ ကျွန်တော့် မေတ္တာရပ်ခံချက်ကို လက်ခံခဲ့ကြသည်။

လနှင့်ချီ ခံရသောဝေဒနာ....ဒုက္ခကြောင့်ဎင်း၊ ပိုမို အရေးကြီးသောတာဝန်များကြောင့်ဎင်း၊ ကျွန်တော် စာမရေးနိုင်ခဲ့၊ ထိုအခါ....မလိုတမာသူတို့က သတင်းအမျိုးမျိုးလွှင့်ပေးသည်၊ စာတို ပေစ တို့နှင့် ဝိုင်းအုပ်ကြသည်၊ ကျွန်တော့် စာဖတ်ပရိသတ်ကြီးထံမှစုံစမ်းမေးမြန်းလွှာများတပုံတပင် ရောက်လာကြ၏။

ဤအမှာစာမှာ....**"ကမ္ဘာကုန်ကျယ် သရွှေ့ဝယ်"** ဝတ္ထုကြီးအတွက် အမှာစကားမဟုတ်ပါ၊ တနှစ်ကျော်....စာမရေးနိုင်ခဲ့သော ကျွန်တော့်အား ဘာကြောင့်....စာမရေးနိုင်ရသလဲ ဟု မေးမြန်း စုံစမ်း လာသော ကျေးဇူးရှင် စာဖတ် ပရိသတ်အတွက် ကျွန်တော်၏ ရှင်းပြချက်သာ ဖြစ်ပါလေ၏။

**မေတ္တာရည်၍**
**တက္ကသိုလ်- ဘုန်း နိုင်**

**အတွဲ-၁**

# သည် ခရီးတွင်

# ကမ္ဘာကျွန်ကျယ်သခွေ့ဝယ်

အခန်း ၁

ခရီးသည်

မန္တလေးမြို့တော်၏ ချမ်းမြသာစည် လေဆိပ် လေယာဉ်ပြေးလမ်း မြောက်ပိုင်းအစွန်၌ ယူဘီအေ အဖွဲ့ပိုင်ဒါကိုးတားလေယာဉ်ကြီးသည် တောင်ဘက်သို့ ဦးတည်လျက် အားယူ ပျံသန်းရန် အဆင်သင့် ရှိနေသည်။

ဖြူစင် သော အသားအရေ၊ ချိုပြုံးနူနယ်သောမျက်နှာ၊ ကြော့ရှင်းသော ကိုယ်ဟန်နှင့် ချောမောလှပသော လေယာဉ်မယ် ကလေးက ကြွေရည်သုတ် လင်ပန်း လေးတွင် ထည့်ထားသော သကြားလုံးများကို ခရီးသည်များအား လိုက်လံ ဝေ ငှပေး နေ၏။

အချိန် ကား ဗိုလ်ချုပ်ကြီး နေဝင်း ၏ အိမ်စောင့် အစိုးရက ရွေးကောက်ပွဲတွင် အနိုင်ယူ တက် လာသော ဦးနု၏ ပြည်ထောင်စု ပါတီအစိုးရလက်သို့ အာဏာလွှဲပြောင်းပေးပြီးစ,ဖြစ်

သည်၊ အိမ်စောင့်အစိုးရ၏ တရားဥပဒေ စိုးမိုးရေး၊ တိုင်းပြည် ငြိမ်ဝပ်အေးချမ်းရေး လုပ်ငန်းစဉ်တို့၏အောင်မြင်မှု အရှိန်သည် ဆက်လက်တည်ဆဲ ဖြစ်သောကြောင့် ရေလမ်း-ကုန်းလမ်း တို့ အန္တရာယ်ကင်း ဘေးရှင်း လျက် ဖွံ့ဖြိုး စည်ပင် နေသည်၊ ရန်ကုန်နှင့်မန္တလေးတို့ကြား၌ နေ့ရထား- ညရထားတို့ အဆက် မပြတ်ပြေးဆွဲနေသည်၊ ထိုကြောင့်လည်း ရှေးယခင်အခါများ က အထူး လူကြပ်လေ့ရှိသော လေယာဉ် အတွင်း၌ ယခုမူ ခရီးသည် အနည်းငယ် သာ ရှိနေ၏။

လေယာဉ်ကွင်း၏လက်ျာဘက် ထိုင်ခုံများ အနက် ပြတင်း နှင့်ကပ်လျက်ရှိသော ထိုင်ခုံတခုတွင် အသက်သုံးဆယ်ကျော်ခန့် ရှိ လူရွယ်တဦးသည် ထိုင်လျက်ရှိနေ၏၊ သူ့ဘေးမှထိုင်ခုံကား လွတ်နေ၏။

လူရွယ်၏ အရပ်အမောင်းမှာရှည်သွယ်၍အသားမှာအတန် အသင့်လတ်သည်၊ စတစ်ကော်လာ အင်္ကျီအဖြူ၊ မီးခိုး ရောင် ဖြော့ဖြော့ သက္ကလပ် အပါး စား တိုက်ပုံအင်္ကျီ၊ ရေညှိ စိမ်း နောက်ခံတွင် အပြာရောင်ကွက်ကျဲဖော်ထားသောဘန်ကောက် လုံချည်တို့ကို အဆင် ပြေပြေ သပ်သပ် ယပ်ယပ် ဝတ်ထား သည်၊ နှာတံ ပေါ်ပြီး မျက်ခုံး များက ထူထဲ နက်မှောင် ၍ ကြည်လင်သောမျက်လုံးများမှာမူ တည်ငြိမ် အေးချမ်းသည်၊ မေးရိုးထောင့်ပေါ်ထင်သောမျက်နှာထားသည် အိန္ဒြေ ကြီးမှု ဘက်လှသော်လည်း ပါးသော နှုတ်ခမ်းများက ဖော်ရွေမှု ရှိ တတ်ကြောင်းကိုလည်းပြနေ၏။

လေယာဉ်မယ်ကလေးသည် လူရွယ်၏အနီးသို့ ကပ်သွားပြီး သကြားလုံးလင်ပန်းကို ရှေ့ထိုးပေးသောအခါ လူရွယ်က ချို



သာယဉ်ကျေးစွာနှင့် မလိုချင်ပါကြောင်း ပြန်ကြား၏၊ လေယာဉ်မယ်သည် ရှေ့ဆက်ထွက်သွားမည်ပြုပြီးမှခေါင်းကလေး ပြန်ငဲ့ကာ လူရွယ်အား စူးစိုက်ကြည့်သည်၊ လှပ သေးသွယ် သော မျက်ခုံးလေးများက ခေတ္တ တွန့်သွားပြီးနောက် မျက် တောင်ကလေးများက ပုတ်ခတ်ပုတ်ခတ်လှုပ်ရှားလာ၏၊ ခဏ၌မူ လေယာဉ်မယ်လေးသည် တစုံတခုကို ကျေနပ်ဟန်ဖြင့်ပြုံး ရိပ်ဝေဝေနှင့် ထွက်ခွာသွား၏။

လေယာဉ်၏ပန်ကာများစမ်းသံသည် ဆူညံစွာ ပေါ်ထွက် လာသည်၊ မကြာမီပင် လေယာဉ်သည် အရှိန်နှင့်ပြေးကာ ငှက် သွင်ပျံကြွလျက်တောင်စူးစူးသို့ ထွက်ခွာလာခဲ့လေ၏။

လူရွယ်သည် ပြတင်းမှနေ၍ အောက်မြေပြင်ဆီသို့ ငုံ့မျှော်ငေးကြည့်ရင်း ပါလာခဲ့၏။

တဆယ့်နှစ်ရာသီရေရှင်စီးသည့် ဆည်ချောင်းမြောင်းတို့၏ ဌာနချမ်းမြသာစည် စိမ်းရိပ်လည်သော မန္တမြေ စရိုက်သည် ကွေ့ဝိုက်ပတ်ကာ ရှေ့လျောနောက်ချန် ကျန်လေရစ်သည်၊ နောက်ကြောင်းပြန်၍ ရှေ့စီး၍နှင့် စက်ဝန်းပြတ် အထပ်ထပ် ကို ဆက်စပ်ထားသည့် ပုံသဏ္ဌာန်နှင့် အကွေ့ အကောက် လွန်အပ်သော ဒုဋ္ဌာဝတီမြစ်သည်ပင်၊ နွေဦးရိပ်ဝယ်....မြင်မြင် သွယ်သွယ်.... နီလာ ရေရောင် အခြယ်ခြယ် ထက်သောင်စွယ် ကျွန်းလှပေါ်တွန်းစသည့် မြစ်မရောဝတီ အနောက်ကမ်းဝယ် မြောင်ဆွဲယ်ဖြောင့် တန်းဝပ်စင်းလျောင်းတည်လေသောဂူပုထိုး စေတီအလီလီတို့ကြောင့် ရှုမြင်တိုင်း ကြည်နူးဘွယ်ရာ စစ်ကိုင်း တောင်တော်သည်ပင်၊ မြူငွေ့ငွေ့တို့ ဟိမ်နှင့်တွေ့ခဉ် ဖြစ်၍

ဝေ့ဝေ့မှုန်မှုန် ကမ္ဗလာပါး သိုင်းရစ်ခြုံသော ရှမ်းရိုးမမင်းတောင်နန်းဘုံသည်ပင်ငုင်း၊အဝေးဝယ် တဖြေးဖြေးနှင့်တရေးရေးပျောက်ကွယ်နေရစ်လေပြီတကား....။

ရှုမြင်ခင်းကို ငေးကောင်းခိုက် လူရှယ်၏နားတွင်သိမ်မွေ့ညင်သာသော ခြေသံကိုကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ အပါးတွင်လာရပ်နေပြန်သော လေယာဉ်မယ်ကလေးကိုတွေ့ရ၏။

လေယာဉ်မယ်၏လက်တဘက်တွင် သတင်းစာတစောင်ကိုင်ဆားသည်ကိုမြင်သောကြောင့် သူကအသာအယာငြင်းသည်၊

"ကျေးဇူးတင်ပါတယ်ကွယ်....၊ သတင်းစာမဖတ်တော့ပါဘူး...."

လေယာဉ်မယ်လေးသည် နေရာမှခွာမသွား၊ တောင့်ဘောင့်ကလေးရပ်ရင်းမျက်တောင်ကော့များကို တဖြတ်ဖြတ် ပုတ်ခတ်လျက်သူ့အား ကြည့်နေပုံမှာ ဆရာတဦးရှေ့၌ တစုံတခုကိုခွင့်တောင်းလို၍ရပ်နေသော ကျောင်းသူလေးတဦးနှင့် တူနေ၏။

လေယာဉ်မယ်လေးက ပြုံးလိုက်ပြီးကိုယ်ကိုယို့၍ သူ့ဘေးရှိနေရာအလွတ်၌ ဝင်ထိုင်လိုက်သည်၊ သူ့အံ့အားသင့်နေစဉ်ကလေးမက အော်တိုဂရပ်(ဖ်) စာအုပ်တအုပ်ကို လှမ်းပေးရင်း ယဉ်ကျေးလေးစားစွာ တောင်းပန်၏။

"ဆရာ့ကို နှောင့်ယှက်သလိုဖြစ်နေရင် ခွင့်လွှတ်ပါဆရာ၊ ဒါပေမဲ့....ဒီထဲမှာ....ကျမအတွက်....တခုခု ရေးပေး စေလိုပါတယ်...."



သူကမျက်မှောင်မသိမသာတွန့်၍ လေယာဉ်မယ်လေးအားတချက်စူးစိုက်ကြည့်သည်၊ ဤအကြည့်သည် စူးရှ၍ ထက်မျက်လေရကား လေယာဉ်မယ်လေးသည် မိမိတောင်းဆိုမိသည်မှာမှားသွားလေသလောဟု နောင်တရ၍ အနည်းငယ် မျက်နှာပျက်သွား၏၊ သို့ရာတွင် ခဏမှာပင် သူက ပြန်ပြုံးလာသည်၊ ပြုံးရာတွင် မျက်လုံးများက အရင်စပြီးမှ နှုတ်ခမ်းများဆီကူးစက်လာကြောင်း လေယာဉ်မယ်လေးက ဂရုပြုမိ၏။

သူက အော်တိုဂရပ်(ဖ်) စာအုပ်ကို ယူလိုက်ပြီး ဟိုလှန်သည်လှန်ကြည့်သည်၊ တွေ့မြင်နေကျသာမန်အော်တိုဂရပ်(ဖ်)မျိုးမဟုတ်၊ ထင်ရှားကျော်ကြားသော သတင်းစာဆရာများ၊ စာရေးဆရာများနှင့်အနုပညာရှင်များ၏ လက်မှတ်များကိုတွေ့ရသည်၊

သူကတစုံတခုကို အော်တိုဂရပ်(ဖ်) ပေါ်၌ ရေးလေသောအခါ လေယာဉ်မယ်လေးသည် သွယ်ပျောင်း ရှည်လျားသောသူ၏လက်ချောင်းကြီးများကို ချီးမွမ်းအံ့သြလျက် ကြည့်နေသည်၊ သူ၏ လက်ချောင်းများသာ သွယ်ပျောင်း ရှည်လျားသည်မဟုတ်၊ ညီညာစွာ လှီးဖြတ်ထားသော သူ၏လက်သည်းခွံများကလည်း ရှည်သွယ်၍လှပသည်၊ သူ့လက်ဖဝါးများကလည်း နူးည့ံဟန်ပေါ်၍ပန်းနုရောင်ရဲနေသည်။

သူက "ကျေနပ်ပြီလား" ဟု မေးသော မျက်နှာအသွင်နှင့်အော်တိုဂရပ်(ဖ်)ကို လေယာဉ်မယ်လေးအား ပြန်ပေးသည်။

လေယာဉ်မယ်လေးကအော်တိုဂရပ်(ဖ်)ကိုလှန်ကာဘတ်ရှုသည်၊ လက်ရေးက....ကဗျာလက်ရေးဟု ခေါ်ရမည့် ဝိုင်းစက်

ညီညာလှပ သပ်ယပ်သော လက်ရေးဖြစ်သည်၊ရေးသားချက်မှာလည်း ရိုးရိုးလေးနှင့်အိန္ဒြေပြည့်ပြည့်ပင်ဖြစ်၏။

**ထာဝစဉ် ကျန်းမာ ရွှင်လန်း၍ မြင်သူတိုင်းအတွက် စိတ်ချမ်းသာမှုကိုပေးစွမ်းနိုင်ပါစေသတည်း။**

**သက်ခိုင်**

ဤမျှသာဖြစ်၏....။

လေယာဉ်မယ်လေးသည်နှစ်ခြိုက်စွာ ပြုံးပြီး "ကျေးဇူးတင်ပါတယ်ဆရာ၊ ပီးတော့ ဆရာပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏လို့ ကျမဆန္ဒပြုပါတယ်"ဟုဆို၏။

ကလေးမလေး၏ကျေးဇူးတင်စကားကို သူကအပြုံးနှင့်သာ တုန့်ပြန်သည်၊ စကားကတော့ဆက်မဆို၊ သို့ရာတွင် ကလေးမကမူပြောစရာတွေကျန်သေးဟန်တူ၏။

"မကွေးကိုတွင်ဘဲနေ၁်....ဆရာ"

"ဟုတ်ပါတယ်....မကွေးတွင်ပါဘဲ"

"ဝတ္ထုဇာတ်လမ်းအတွက် သွားဒါလား...."

"မဟုတ်ပါဘူးကွယ်၊စာမေးပွဲကိစ္စနဲ့ပါ"

လေယာဉ်မယ်လေးသည် သူ့ဘာသာသူ ဘာကိုသဘောကျမိသည်မသိ၊ အသံလေးထွက်အောင်ရယ်ပြီးဆုံပြန်၏။

"ဒါပေမဲ့ ကျမကြားဘူးဒါက....စာရေးဆရာတွေ အတွက် ခရီးထွက်ရင်....ဇာတ်လမ်းတပုဒ်ပုဒ် ရတတ်တယ်လို့ ဆိုဒါဘဲ"

"ဒါလဲမှန်ပါတယ်၊ရတဲ့အခါရတတ်ပါတယ်...."

"အခုတခေါက်လဲဆရာ ဇာတ်လမ်းကောင်းတပုဒ်ရပါစေဒါပေမဲ့ဆရာ...."



ကလေးမကစကားတပိုင်းတစနှင့် ရပ်ထားသဖြင့် ကိုသက်ခိုင်က မော့ကြည့်ပြီးမေးသည်။

"ဒါပေမဲ့....ဘာဖြစ်သလဲ...."

လေယာဉ်မယ်လေးသည် ခေတ္တတုန့်တုန့်ဆိုင်းဆိုင်းလေးဖြစ်သွားပြီးနောက် ချိုသာတောင်းပန်သောအသံနှင့်ပြော၏။

"ဒါပေမဲ့ ဒီတခါ ဆရာရတဲ့ ဇာတ်လမ်းဟာ....ခါတိုင်းလို အသဲနင့်နင့်နဲ့ လွမ်းစရာမဟုတ်ဘဲအဆုံးမှာအားလုံးပေါင်းရပြီးပျော်စရာကောင်းတဲ့ ဇာတ်လမ်းတပုဒ်ဘဲ ဖြစ်စေချင်ပါတယ်"

လေယာဉ်မယ်ကလေးသည် ဤစကားနှင့်ဆုံးပြီး ကျေးဇူးတင်ကြောင်း ထပ်မံပြောဆို၍ နေရာမှ ခွာသွားသောအခါ ကိုသက်ခိုင်မှာမသိမသာငိုင်ကျန်ရစ်သည်၊ အပြင်ပန်း မျက်နှာအိန္ဒြေမှာမပျက်သော်လည်း သူ့စိတ်မှာ ခပ်သိမ့်သိမ့် လှုပ်ရှားလာပြီး ရင်၌ငွေ့ငွေ့မြေ့မြေ့ ဝေဒနာတရပ်ပေါ်လာ၏။

ပြတင်းမှ လှမ်းငုံ့ မျှော်ကြည့်နေမိစဉ် အောက်ခြေပြင်ဝှယ် စိမ်းလန်းသော တောင်တန်းမြက်ခင်းတို့ ကွယ်ပျောက်လျက်မွဲခြောက်ညိုမှောင်သောအရိုင်းပယဝီ အနေအထားတို့ကိုမြင်ရသည်ထောက်၍ အပူပိုင်းဇုံ အတွင်းသို့ ချဉ်းနင်းဝင်ရောက်မိပြီဖြစ်ကြောင်းကိုသက်ခိုင်ကသိမိသည်၊ ဤရှုခင်းတို့က....သူ့စိတ်ကိုပိုမိုလှုပ်ရှားစေသည်။

အမြင့်မှစီးမြင်ရသည် ဖြင့်ရကား....ကြိုးမြင်သမွယ် ဖြူဖြူဖွေးဖွေး သေးသေး သွယ်သွယ်ရှိသည့်ဖုံသဲထူသော လှည်းလမ်းကြောင်းများ....၊ ဟိုတစု....သည်တစု....ကြိုးကြိုး ကြဲကြဲနှင့်ဆင်ငို မြက်ခြောက်ပင် ဖုတ်ပမာ ထင်ရသော ထန်းတောအုပ်ကလေးများ၊ တခါတရံရှားရှားပါးပါးတွေ့ရသည့်လက်ယက်

အိုင်မျှနှယ်ထင်ရှိုးဘွယ်ရေခမ်းစကန်များ....၊ဤအရပ်....ဤဒေသ၏ ဤသဘာဝလက္ခဏာများက သူ့ရင်ကိုခုန်စေသည်၊

ငေးကြည့်နေဆဲခက်မာသော ကျောက်ကတုံး တို့သည်မြင်ကွင်း၌ပေါ်လာပြန်၏၊ဤတောင်ကတုံးတို့ဆီမှအဖျားခံလျက်ရေမဲ့ နေပြီဖြစ်သော သဲချောင်း ဖြူဖြူတို့သည် ညိုမွဲသောမြေပြင်အား အစိတ်စိတ်အမွှာမွှာခွဲခြမ်းယှက်ဖြာလျက် ကွေ့ကာဝိုက်ကာပြေးနေကြသည်။

ချောင်းကိုးဆယ့်ကိုးတို့ ရေဦးသောက်၍ ကျောက်နသိုးကိုးကောင်ရှိရာဟု ကျော်ဇောသော ပုပ္ပါး တောင်မင်းလည်းအဝေးဝယ်မြူငွေ့ရီရီနှင့် လှမ်းမြင်ရသည်။

ကိုသက်ခိုင်သည် သက်ပြင်းတချက် ရှိုက်လိုက်ပြီး လက်ဆွဲသားရေအိတ်အလပ်စားတခုကို ဖွင့်လိုက်သည်၊ အိတ်အတွင်း၌မန္တလေး တက္ကသိုလ်၏ ချိတ်တံဆိပ် ရိုက်နှိပ် ပိတ်ထားသောစာမေးပွဲမေးခွန်းလွှာ အထုပ်များ ရှိနေ၏၊ ဤမေးခွန်းလွှာအထုပ်များကြားမှ သားရေဖုံး ဒိုင်ယာယီ မှတ်တမ်းစာအုပ်တအုပ်ကိုထုတ်ယူလိုက်သည်။

ဒိုင်ယာယီမှတ်တမ်းစာအုပ်မှာ အတန်ပင် အိုမင်းဟောင်းနွမ်းသောအသွင်ကိုဆောင်နေသည်။

ဤဒိုင်ယာယီ စာအုပ်သည် နေ့စဉ် မှတ်တမ်း စာအုပ်မဟုတ်လေမှန်း ကိုသက်ခိုင်သာအသိဆုံးဖြစ်သည်၊ သူသည်နေ့စဉ်မှတ်တမ်းကို ဝတ္တရားတခုအဖြစ် ရေးလေ့ရှိသူမဟုတ်၊ နေ့စဉ်ကြုံတွေ့ရသမျှတိုင်းသည်လည်း အရေးတယူ မှတ်တမ်းတင်ထားဘွယ်မဟုတ်ကြ၊ သူမှတ်တမ်း တင်ထားသည်တို့မှာ သူ၏ပုဂ္ဂလိက ခံစားချက် များသာ ဖြစ်လေသည်၊ သူတဦးတည်း



အတွက်သက်သက်သာဖြစ်သော ပုဂ္ဂလိက ခံစားချက်မှတ်တမ်းတို့သာဖြစ်သည်။

ကိုသက်ခိုင်က မှတ်တမ်းစာအုပ်ကို ဖွင့်သည်၊ ဘတ်နေကျစာမျက်နှာကို အလွယ်နှင့်လှန်မိ၏၊ အကြိမ်ကြိမ် ဘတ်နေကျဖြစ်သောကြောင့် စာပုဒ်များကိုအလွတ်ပင်ရနေပေပြီ။

မမနွယ်...၊ မမနွယ်နဲ့ မောင်ကြုံခဲ့ရ သမျှ ဘဝအစဉ်ကို ပုံပမာတင်ပြမယ်ကြံမိလေတိုင်း မမနွယ်နဲ့မောင် ကောင်းကောင်း သိကြတဲ့ ရေနံချောင်းချောက် လမ်းကို သတိ ရ မိ တယ်၊ ဗမာပြည်မှာအကောင်းဆုံးလို့ ပထမဆု ရထားတဲ့ လမ်းပီပီ....ဖြောင့်လိုက်ပါတဲ့လမ်းရယ်နော်....၊ မျက်စိတဆုံးမှာဝေးလွန်းလို့ လမ်းအစဟာ မိုးကုပ်စက်ဝိုင်းထဲရှူးချွန်မြုပ်ပျောက်သာသွားရော....၊ အကာအသီးအကွေ့အကောက်ရယ်လို့ မတွေ့ရလေဘူး၊ ဒါပေမဲ့....ငွေးချိုလဲ ချောက်ရော ချောက်ဘက် သွားသွား၊ ကျောက်ပဒေါင်းဘက်သွားသွား လမ်းဟာ ခလုပ်ကံသင်း အဆင်း အတက် အနိမ့်အမြင့် အကောက်အလှည့်တွေနဲ့ မပြေမပြစ် ခက်ခဲ လွန်းလှ ပေတယ်နော်....။

ဒီလိုဘဲလေ....၊ မောင်နဲ့ မမနွယ်တို့ ငယ်စဉ်တောင်ကျေး ဂ လေးဘဝ အရွယ်နဲ့ လူပျို....အပျိုလောကစံ ဇဆောင်းရိပ်ဦးစဉ်တုံးကတော့ ဘဝဆိုဒါဟာ တမျဉ်းခင်းတဲ့ လမ်းပမာ....သမုဒယာနယ်ဘုံ....

**ကမ္ဘာကုန်ကျယ်သရွေ့ ပျော်ရလေ့မှန်မှန်၊ မြော်လင့်ချက်ပြည့်ဝမှုအတန်တန်နဲ့ မဖောက်မပြန်ကောန်ရှိလိမ့်မယ်လို့ ယုံစားထင်မှားမိခဲ့ကြဘူးတယ်၊ ဒါပေမဲ့ ဘဝ ခရီးစဉ်ဟာ အလင်းရောင် အား လှိုင်းလမ်းကြောင်းပမာမဟုတ်ဘဲ နွေဦး လေရူး ရှေ့ကယော်ရွက်ဝါ လွင့်ပါးရပုံမျိုးသာပါကလား မမနွယ်ရယ်။ မောင်နဲ့မမနွယ်ဟာလဲ နာမ်မဲ့တဲ့ ယော်ရွက်ဝါတွေမဟုတ်ဘဲ.... သိတတ်.... ခံစားတတ်.... ရယ်တတ်.... ငိုတတ်ကြတဲ့လူသားတွေ ဖြစ်နေလို့ ခက်လှချည်ပါကလား....၊ သိတတ်....ခံစားတတ်တဲ့ လူသားပီပီ.... ရယ်ဘွယ်တခန်းရပ်ပီမို့ ငိုတတ်ကြသမျှ ငိုကြစတမ်းလို့ ဆိုပြန်တော့လဲ....လူ့ဘဝရဲ့ အနက် အဓိပ္ပာယ်ဟာ....ဘယ်လိုများ ရှိထင်တော့ မှာလဲ....မမနွယ်ရယ်....**

ကိုသက်ခိုင်သည် မျက်လုံးများကို ဖြေးညှင်းစွာနှင့်စာအုပ်မှ ခွာလိုက်ပြီး ပြတင်းမှနေ၍ အောက်မြေပြင် ရှုခင်းကို ငေးကြည့်မိပြန်၏။

ရှုခင်း၌ ကျယ်ပြန့်သော လွင်တီး ခေါင်ကို မြင်ရသည်၊ ဆိတ်သုဉ်းသော ဤကန္တာရ တပိုင်းလွင်တီးခေါင်ကို ပုနိမ့်ဝါညိုသည့်ခြုံစေးပုစ်တို့နှင့် စောင်ခြမ်းချွန်ချွန် တိုကသာ တတ်အားသမျှ ကွက်တိကွက်ကြားတန်ဆာဆင်ထားကြသည်။

မြူငွေ့ ပြာပြာလည်း လွှမ်းအုပ်ပျံ့ကာ ရှိနေ၏။

ဆိတ်သုဉ်းသောနွေ၏ ဤကန္တာရဝယ် တေးဆိုမည့် ဥဩငှက်ပင် ရှိပါလေစ။



သို့ရာတွင် ကိုသက်ခိုင်က လေယာဉ်မယ် လေး၏ ဆန္ဒစကားကို ပင်ပင်ပန်းပန်းသတိရနေမိ၏။

"....ဒီတခါ ဆရာရတဲ့ ဇာတ်လမ်းဟာ....အဆုံးမှာ အားလုံးပေါင်းရပီး ပျော်စရာကောင်းတဲ့ဇာတ်သိမ်းတပုဒ်ဘဲဖြစ်စေချင်ပါတယ်...."

## အခန်း ၂

## သံသရာ

မကွေးလေယာဉ်ကွင်း ထိန်းသိမ်း ညွှန်ကြားရေး မျှော်စင်ထက်၌ တာဝန်ခံ အရာရှိသည် သာမန် လူတိုင်း နားမလည်နိုင်သော အင်္ဂလိပ် စကား....၊ မြန်မာစကား....၊ အချက်ပြ သင်္ကေတ စကား သုံးမျိုးရော ပါနေသော ဘာသာ တမျိုးနှင့် ရေဒီယို စကားပြော ခွက်တွင်း အော်ဟစ် ပြောဆိုနေသည်၊ သူစကား ရပ်တိုင်း သူ့နား နှစ်ဘက်တွင် အုပ်ထားသော စကားလက်ခံ နားကြပ်များမှလည်း လျှပ်စစ်နှင့် သတ္တုသံရောသော စကားများမြည်ထွက်နေ၏။

အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်းပြီးသောအခါ အရာရှိသည် သူ့နားပေါ်မှ နားကြပ်များကို ဖြုတ်ချတ် လိုက်ကာ သူ့လက်ထောက်အား လှမ်းပြော၏။

"ဝှီး....အိုက်ရပူရတဲ့အထဲ....ငှက်အိုနှစ်စီး ရှေ့ဆင့်နောက်ဆင့် ဆင်းမယ်၊ အိုကေ....ချာလီ၊ ကွန်ထရိုးကို မင်း ယူလိုက်

တော့၊ငါ့အေးဂျင်းနဲ့ အလုပ်သမားတွေကိုသွားပြောလိုက် အုံးမယ်....”

အရာရှိသည် သူ့လက်ထောက်ချာလီအားဤသို့ရခိုင်သံဝဲဝဲနှင့် ညွှန်ကြားလိုက်ပြီးမျှော်စင်မှဆင်း၍ လေယာဉ်ဆိပ်ဝခန်းဘက်သို့လျှောက်လာခဲ့သည်၊ အဆင်သင့်တွေ့ရသောယူဘီအေကိုယ်စားလှယ်ကို ခပ်သွက်သွက်ဆက်လက် ညွှန်ကြားပြီး သူ့လျှာနည်းအတူသွက်သောခြေများနှင့် စခန်းရှေ့ပိုင်းသို့ ဆက်လက် ထွက်လာ၏။

စခန်းအနီးနေပူကျဲကျဲတွင် စိမ်းပြာနုရောင်ဟေား(လ်)မင်းကားနှင့် ကြက်ဥနှစ်ရောင် ဗေါက်(စ်)ဟော(လ်) ကားနှစ်စီးအပါအဝင်ကားငါးစီးခန့် ရပ်ထားကြ၏။

စခန်းရိပ်သာတွင်း ထောင့်တထောင့်ရှိခုံရှည်ပေါ်၌ လူသုံးယောက်တို့ထိုင်နေကြသည်၊ တဦးမှာအသက်လေးဆယ်ခန့်ရှိ၍ ခေါင်း၌ဖေ့ါဦးထုပ်ဆောင်းထား၏၊ စတစ် ကော်လာအင်္ကျီကို လည်ပင်းကြယ်သီးဖြုတ်ပြီး လက်မောင်း နှစ်ဘက်ကို ပင့်လိပ်တင်ထား၏၊အပေါ်ဝတ်အင်္ကျီမပါ၊ ချည်လုံချည်ကို တိုတိုဝတ်ထား၏၊ ကျန်နှစ်ဦးကား အသက်နှစ်ဆယ်ကျော် အရွယ်များဖြစ်သည်၊ နှစ်ဦးလုံး ပိုးလုံချည် တိုက်ပုံအင်္ကျီတို့နှင့် သပ်သပ်ယပ်ယပ်ဖြစ်ကြ၏၊ တဦးမှာ အသားညိုပြီးကျောက်ပေါက်မာသက်သက်ရှိကာ ရွှေတဝက်ကော်တဝက်ကိုင်းနှင့် မျက်မှန် တပ်ထားသည်၊ အခြားတဦးကားဖြူဖြူဝင်းဝင်းဖြစ်၍ နှုတ်ခမ်းမွေး စစ ရှိသတည်း။

အရာရှိသည် မျက်မှန်နှင့်သူကို အရင်တွေ့သည်။

“ဟာ....ဆရာ ဦးမြသန်းပါလား....”



တဘက် လူက စကား မပြန်မီ သူက နှုတ်ခမ်းမွေး စစနှင့် ဘယောက်ကို နှုတ်ဆက် ပြန်၏။

“ဟယ်....ဆရာ ဦးတင်မောင်လတ်ပါလား....”

တဆက်တည်းမှာပင်သူက ဖေ့ါဦးထုပ်နှင့် လူကို မြင်သွားပြန်၏။

“အိုး....ကျောင်းအုပ်ကြီးလဲပါသကိုး၊နေပါအုံးကိုကြီးရီ–ဘယ်သူ့ လာကြို ကြဒါလဲ....”

ကျောင်းအုပ်ကြီး ခေါ်....ကိုကြီးရီခေါ်.... ဦးဘရီက ရှေ့ဆောင် စကားပြန်သည်။

“မန္တလေးတက္ကသိုလ်က....ကထိကတဦး....စာမေးပွဲမေးခွန်းတွေနဲ့ ရောက်လာမှာမို့....လာကြို နေကြဒါ....”

“ဩော်....အင်း....အင်း....ကျွန်တော်တို့ အသိထဲ ကတော့ မဟုတ်ဘူးထင်တယ်....”

“မသိဘူး....၊ကထိက တယောက်လို့ဘဲ သံကြိုးရတယ်....ဒါထက်....ဖိုးစံရွှေ...လေယာဉ်ပျံ ဆင်းကာနီးပြီလား....”

အရာရှိ ဖိုးစံရွှေသည် ခပ်တွန့်တွန့် ဆံပင်များ ရှိသော သူ့ခေါင်းကိုမြန်မြန်သွက်သွက်ကုတ်လိုက်သည်၊ သူ ခေါင်းကုတ်ဟန်မှာ စိတ်ပျက်စိတ်ညစ်ခြင်းနှင့် မည်သို့မျှဆိုင်ဟန်မတူ၊ ဝသီပါနေ၍သာဖြစ်ဟန်တူသည်၊သူသည်ဤသို့လျှပ်တပြက်အတွင်း ခေါင်းငါးချက်ခန့် ကုတ်လိုက်ပြီး ဖြေ၏။

“ဆိုက်တော့....ဆိုက်တော့မယ်၊ မန္တလေးက မဟုတ်သေးဘူး၊ ရန်ကုန်ကကောင်က အရင်ဆင်းမယ်....”

ဦးဘရီက အနည်းငယ်အံ့ဩဟန်နှင့်ပြန်မေးသည်။

"ရန်ကုန်က....၊ ခါတိုင်း ဒီနေ့ ရန်ကုန်လေယာဉ်ပျံမဆိုက်ပါဘူး....မဟုတ် ဘူးလား...."

"ဟုတ်တယ်....၊အင်းလေ....မဟုတ်ဘူး၊အခုဟာက အထူးလေယာဉ်ပျံ ဆိုပါတော့....၊နေအုံး....အထူး လေယာဉ်ပျံလဲ မဟုတ်ဘူး....၊ဒီလိုလေ....အဆင်သင့်လို့ ဆိုပါတော့....၊ ဒီမှာဆင်းမယ်....ဟဲဟိုးသွားမယ်....ကျိုင်းတုံသွားမယ်၊ ပြီးတော့....ဟဲဟိုးပြန်လာမယ်၊နောက် လွိုင်ကော်သွားမယ်၊ ပြီးတော့....ရန်ကုန်ပြန်မယ်....၊ခရီးသည်ရှိ....ရှိသလိုပေါ့....၊ အိုကေ....ကျွန်တော် တောင်ဝါ (မျှော်စင်) ပြန်သွား လိုက်အုံးမယ်...."

ဖိုးစံရွှေသည် သုတ်သုတ်ပြောကာ သုတ်သုတ်ခွာ၍အခြားကြိုဆိုလာသူများကိုလည်း ဝတ္တရားမပျက် သုတ်သုတ်နှုတ်ခွန်းဆက်စကားပြောပြီး မျှော်စင်ဆီသို့ သုတ်သုတ်ပင် ပြန်တက်သွား၏။

ဦးဘရီက အသာရယ်မောရင်း ကျွန်နှစ်ဦးသိအောင် မှတ်ချက်ချသည်။

"ဖိုးစံရွှေက... ကျောင်းသားထဲ ကလဲ....ဒီပုံစံ အတိုင်းဘဲ၊ ဆရာကြီးတို့နဲ့ ပြည်နဲ့....တကောင်းကျောင်းဆောင်မှာ အတူနေခဲ့ကြဒါ၊အမြဲတန်းလျှာရှေ- ခြေရှေသုတ်သုတ်နဲ့....သွက်သွက်ဘဲ....၊လူတိုင်းကိုလဲခင်တယ်၊ လူတိုင်းအတွက်လဲအမြဲတာဝန်ကျေချင်တယ်၊ ဒီတော့....သူ့ ဘယ်တော့ ကြည့်ကြည့်....အမြဲတန်း....သုတ်သုတ်....သွက်သွက်....ဘဲ"

ဦးဘရီက စကားအဆုံး၌ ဆက်လက် ရယ်မောနေ၏။

ထိုစဉ် ရန်ကုန်လေယာဉ်သည် တောင်ဘက်မှပေါ်လာကာ နိမ့်ဆင်းဆိုက်ရောက်လာ၏။



လေယာဉ်ထက်မှ ခရီးသည်ဆယ်ဦးခန့် ဆင်းလာကြသည် အနက် မိန်းမသားနှစ်ဦးမှာထင်ရှားလှပြီး လူတိုင်း၏အာရုံကို သိမ်းယူဆွဲငင်ထားကြ၏။

တဦးမှာအသက် နှစ်ဆယ်ကျော်မျှရှိမည်ထင်ရ၏၊ဖြူသောအသားသည်မှတ်ညက်ကြည်လင်သန့်စင်သည်၊ ကြော့ရှင်းသောကိုယ်နေနှင့် ဖျတ်လတ်သွက်လက်သော ကိုယ်ဟန်ရှိသည်၊ချောမောနုနယ်သော မျက်နှာလေးသည် ထက်မျက်ရဲရင့်မှုကိုလည်းပြနေ၏။

အခြားတဦးကားအသက်သုံးဆယ်ကျော်ခန့်ရှိမည်၊အသားရောင်သည် ပယင်းရွှေရည်ဝင်းဝင်းဖြစ်သည်၊ ပုံ့ပုံ့ဝန်းဝန်းနှင့် ပြည့်ဖြိုးရုံပြည့်ဖြိုးသော ကိုယ်ခန္ဓာသည် သွယ် မောင်းသော အရပ်ကြောင့် ပျောင်းပျောင်းနွဲ့နွဲ့တော့ရှိ၏၊ လှပခြင်းနှင့်ခန့်တည်မှုရောသော မျက်နှာသွင်ပြင်သည် အတွင်းစိတ်၏သိမ်မွေ့နူးညံ့မှုကိုလည်းဖော်ပြနေ၏။

ဒုတိယ မိန်းမရွယ်သည် မိခင်နည်းတူ အသား ဝါဝါရွှေရွှေနှင့် ချစ်စဖွယ် သော အသက် ငါးနှစ် ခန့် သမီး လေးတဦးကို လက်ဆွဲ ထား၏။

သူတို့အားလုံးနောက်မှ မဟာနဖူးကျယ်ကျယ်၊ ဆံပင် ပါးပါး၊ ကိုယ်ထည်မဝတဝဖြင့် မြင်ရုံနှင့် စိတ် သဘော ကောင်းမှန်းလည်းသိသာ၍ အရာရှိကြီးတဦးလည်း ပုံဖမ်း နိုင် သော အသက် လေးဆယ်ခန့်ယောကျ်ားတဦးက လိုက်ပါလာ၏။

လေယာဉ်စခန်းတွင်းသို့ အသားဖြူဖြူနှင့်ကြော့ရှင်းသော မိန်းမပျိုက အရင် ရောက်လာသည်၊ မိန်းမပျိုသည် ဦးဘရီတို့အသိုက်ကို မြင်သော်ပြုံးရွှင်စွာ လှမ်းနှုတ်ဆက်သည်။

"ဪ....ဆရာကြီးပါလား....၊ ဆရာတို့ကော ပါသကိုး၊ ဘယ်သူ့လာကြိုကြဒါလဲ...."

"မန္တလေးကဧည့်သည်တဦးလာကြိုဒါပါ၊ ဒါထက်....မမြင့်ဝေကို အောင်စာရင်းမှာတော့ တွေ့လိုက်တယ်၊ ဘယ်မှာ တာဝန်ကျသလဲ...."

"မန္တလေးမှာပါ ဆရာကြီး၊ အခု- မေမေတို့ ဖေဖေတို့နဲ့လဲ ဝင်တွေ့ရင်း....ကိုကိုကလဲ ခွင့်ရဒါနဲ့ လိုက်လည် လို့...."

ဦးဘရိက မမြင့်ဝေတို့ အကိုတို့ဘက်လှမ်းကြည့်သည်။

မမြင့်ဝေ၏အကိုက လေယာဉ်စခန်းရုံး အမှုထမ်း များကို လက်မှတ်များပြ၍ စာစာက ကြိုရောက် နှင့်သော လူတဦးနှင့်အတူ ပစ္စည်းများ စစ်ယူနေ၏။

အသား ဝါဝါနှင့်မိန်းမရွယ်က ကိုယ်ကိုကိုင်းကာ သမီးငယ်၏ မျက်နှာတွင် ဗို့ထွက်နေသောချွေးပေါက်တို့ကို ယုယ ကြင်နာစွာ တို့သုတ်ပေးရင်း ပြုံးရွှင်ရယ်မောလျက်တစုံတခုပြော ပြနေ၏။

ဘေးတိုက်လှမ်းမြင်ရသည် ဖြစ်လေသောကြောင့်မိန်းမရွယ်၏ ပုံကျ တန်းထင်သောနှာတံ၊ မယုံနိုင် လောက်ဘွယ် ရှည်လျားသမျှ ကော့ပျံနက်မှောင်သော မျက်တောင် ကြီးများ၊ ဝင်းစင်ရှင်းသန့်သော နဖူးပြင်ထက် နဂိုသဘာဝအတိုင်း ခွေနွယ်ဝဲကျလျက်ရှိသည့် ဆံပင်များ....စသည်တို့ကို ဦးဘရိသည် ထင်ထင်ရှားရှားမြင်ရသည်။

အပြုံးကို ထာဝစဉ် ဆောင်ထားသော ဦးဘရိ၏မျက်နှာသည် ရုတ်တရက်တည်ကြည်သွားသည်၊ မျက်ခုံးများပင် မသိမသာတွန့်သွားပြီး မိန်းမရွယ်ကိုစူးစူးစိုက်စိုက်ဆက်ကြည့်သည်။



ထိုစဉ် ထုံးစံအတိုင်းပြာယီပြာယာနှင့် ဖိုးစံရွှေ ပေါ်လာပြန်သည်။

"မန္တလေးလေယာဉ်ပျံလဲ နောက်ဆယ်မိနစ်ဆို ဆင်းတော့မယ် ကိုကြီးရိ၊ အခုဒီမှာ ကားမများရင် ကျွန်တော်ဂိတ်ဖွင့်ပြီး လွှတ်နှင့်မလို့၊ အဲဒါ....အဲဒါ...."

ပြောရင်းဆိုရင်းက ဖိုးစံရွှေ၏မျက်လုံးများသည်မိန်းမရွယ်နှင့်ကလေးဆီသို့ရောက်သွား၏၊ ထိုခဏ၌ပင် သူ့မျက်လုံးများက ပြူးသွားပြီးအဓိပ္ပါယ်ပြည့်ဝစွာနှင့် ဦးဘရိအား ပြန်ကြည့်သည်။

ဦးဘရိသည် အလွန် သတိပြုမိမှသာ မြင်နိုင်ရုံ ခေါင်းကို ဆတ်ကနဲညိတ်ပြီး လေယာဉ် ကွင်းဘက်သို့ လှမ်းကြည့် လျက် အမှတ်မထင်ဟန်နှင့် ဆို၏။

"လာကြိုကြတဲ့ကားလဲ နဲသားဘဲ၊ လမ်းမကြီး ပေါ်မှာလဲ ကားပြတ်နေတယ်...."

ဖိုးစံရွှေသည်မိန်းမပျိုကို တချက်လှမ်းကြည့်လိုက်ပြီးနောက် ဘာမှမပြောတော့ဘဲ နေရာမှခွာသွား၏။

လေယာဉ်နှစ်စီးလာဆုံသဖြင့် သေးငယ်ကျဉ်းမြောင်းသော စခန်းရုံးမှာ လှုပ်လှုပ်ရွရွ ရှုပ်ရှုပ်ရှက်ရှက်ဖြစ်နေသည်။

မမြင့်ဝေသည် ခပ်သွက်သွက်နှုတ်ဆက်၏။

"ကဲ....မမြင့်ဝေ သွားလိုက်အုံးမယ်၊ ဪ....ဆရာ ဦးဘဆန်း၊ ဆရာမ ဒေါ်မြင့်မြင့်ကိုတွေ့ရင် ပြောပြပေးပါ၊ ညနေ မမြင့်ဝေ လာခဲ့မယ်လို့...."

"ဟုတ်ကဲ့....ပြောလိုက်ပါမယ်၊ သူလဲ ဝမ်းသာ မှာပါဘဲ ဆရာဦးဗိုလ်သင်းကမန်းစက်တော်ရာသွားနေလို့ အခု အိမ်မှာ၊ သူတယောက် ထဲရယ်...."

မကြာမီ ရန်ကုန်လေယာဉ်ပါ ခရီးသည်တို့သည်လေယာဉ်ကွင်းမှ ထွက်ခွာကြ၏။

ဦး ဘရီကလူကြီးပီပီ အိန္ဒြေနှင့် အခြားဘက်သို့ ငေးကြည့်နေသော်လည်းလူငယ်ဆရာနှစ်ဦးက မမြင့်ဝေတို့ထွက်သွားသည်ကို ငေးကြည့်ကျန်ရစ်သည်၊ စိမ်းပြာနုရောင် ဟေး(လ်)မင်းကားလေးကို မမြင့်ဝေကိုယ်တိုင် မောင်းထွက် သွားကြောင်း သူတို့နှစ်ဦးမြင်ကြရသည်။

ကျောင်းအုပ်ကြီးမကြားအောင် ဦးမြသန်း၏နား--နားကပ်၍ ဦးတင်မောင်လတ်က ဆိုသည်။

"မမြင့်ဝေ ချောလှပလား အောက်မေ့တယ်၊ သူ့ အမကပိုချောနေတယ်...."

"အမ···မဟုတ်ဘူး၊ ယောက်မ ဖြစ် လိမ့်မယ်...."

"အင်းလေ....အတူတူ ပေါ့...."

"ဟုတ်တယ်....အတူတူပါဘဲ၊ အင်းလေ....ဘာဘဲ ဖြစ် ဖြစ် သူများသားသမီးများကျတော့...ကံကောင်း ကြရှာ တယ်...."

ဦးမြသန်းက သူ့ဘာသာ သူသာ နားလည်မည် ဖြစ်သော မှတ် ချက်ကို ချ၏။

စခန်းရုံးရှေ့ဂိတ်ဝ၌ဆိုက်ထားသော လေယာဉ်သည် ပန်ကာများလည်၍ ရွေ့ ရှားပြီး တနေရာသို့ ဖယ် ပေးသည်၊ လေယာဉ်တစီး ဆိုက်တော့မည်ကို အချက်ပေးသည့် သံ ချောင်းခေါက်သံပေါ်လာပြီး မကြာလှမီမှာပင်... မြူကြောင့် ပြာဝေ



ဝေရှိသော လွင်တီးခေါင်၏မိုးကုပ်စက်ဝိုင်းမှနေ၍ လေယာဉ်တစီးသည် ငှက်ငယ်ပမာဏအရွယ်နှင့် စတင်ပေါ်လာ၏၊လေယာဉ်၏ အသွင်သည် တစစ ကြီးမားလာကာ စက်သံလည်းပေါ်လာ၏။

လေယာဉ်သည် ဘီးနှင့် မြေထိ၍ သမ်းကြောင်း အတိုင်း ပြေးလာနေဆဲ၌ ဦးဘရီတို့က ဂိတ်ဝသို့ရောက်နှင့်ကာ ကြိုဆိုကြသည်။

ခရီးသည်အားလုံးနောက်မှ ကိုသက်ခိုင်သည် အေးအေးဆေးဆေးဆင်းလာခဲ့သည်၊လေ့ကားရင်းမြေပြင်သို့ရောက်လျှင်ရောက်ခြင်း ခေတ္တရပ်၍ ပတ်ဝန်းကျင်ကို မျက်လုံးလှည့်ဝေ့ကြည့်မိသည်။

မကွေးလေယာဉ်ကွင်းသည် ချမ်းမြသာစည်လေယာဉ်ကွင်းကဲ့သို့ပင် ရှင်းလင်းပြန့်ပြောသည်၊ နွေဦး၏ သွေ့ခြောက်သောရာသီ၌ဖြစ်သောကြောင့် မြက်ခင်းတို့သည် အားလျော့လျော့စိမ်းနေသည်၊ လေယာဉ်ကွင်း ဘေး တဘက်တချက်၌ စီတန်းစိုက်ထားသော ရွက်သေးဆူးချွန်ပင်ပုမျိုးတို့ကလည်းမြရည်ကိုတတ်နိုင်သမျှဆောင်ထားဆဲဖြစ်၏။

လေယာဉ်ဆိုက်ချိန်ဖြစ်သောကြောင့် မကွေး-ရေနံချောင်းကားလမ်းကို တန်းကိုးဖြတ်ကာ တားဆီး ထားသဖြင့် ယာဉ်အသီးသီးတို့ ရပ်နားနေကြရသည်၊ သို့ရာတွင်စောစောကပြေးနှင့်ထားသောကားတို့၏အဟုန်ကြောင့် ဖုံမှုန့်တို့သည် ဝေဝေလူလူခေလ၌ဆိုင်းရစ်ပျံ့လွင့်နေကြဆဲဘည်း။

ဖြော့သော အစိမ်း၊ ဝေသော ဖုံမှုန့်တို့ကြောင့် ပြာရီသည့် နွေပန်းချီသည်ပြည့်စုံကုံ လုံ၍ဆွတ်ပျံ့ ဘွယ်ရှိသည်ဟုကိုသက်ခိုင်၏ရင်၌ခံစားနေရ၏။

"ဟယ်....လက်စသတ်တော့....ဖိုးသက်ခိုင်ကိုး...."

အံ့သြခြင်းနှင့်ဝမ်းသာမှုတို့ရောသော အသံနှင့်အတူ လက်တဘက်က သူ့ပုခုန်းပေါ်သို့ ရင်းနှီးစွာ ကျရောက်လာခါမှ ကိုသက်ခိုင်သည် စိတ်ကူးမှုန်းလျက် ဦးဘရီကို ဝမ်းသာ လှိုက်လှဲစွာပင်ပြန်နှုတ်ဆက်ရ၏။

"ဟာ....ကိုကြီးရီ....၊ ကျွန်တော် မမြင်မိဘူး၊ အင်းလေ.... ကိုကြီးရီကို မြင်တောင် ဒီအဝတ် အစားနဲ့ဆို ဘယ်မှတ်မိမလဲ...."

ဦးဘရီက သူ့ အဝတ်အစားကို ပြန်ငုံ့ကြည့်ပြီး တချက်ရယ်သည်။

"ဟုတ်ပါရဲ့....ကိုကြီးလဲ အိုက်ထာပူဒါနဲ့ ဖြစ်သလိုဝတ်ထွက်လာဒါ၊ တောသူကြီးဂိုက် ပေါက်နေဘီထင်တယ်...."

ဦးဘရီက ရယ်မောပြောဆိုပြီး ကိုသက်ခိုင်အားကျန်ဆရာနှစ်ဦးနှင့် မိတ်ဖွဲ့ပေးသည်၊ ဦးတင်မောင်လတ်ကိုမူ ရန်ကုန်မှ ပြောင်းလာသူဖြစ်သောကြောင့် ကိုသက်ခိုင်ကမသိ၊ဦးမြသန်းမှာမူ မန္တလေးတက္ကသိုလ်ထွက်ဖြစ်သောကြောင့် တပည့်တဦးအဖြစ် ကိုသက်ခိုင်ကသိပြီးဖြစ်သည်။

ဦးမြသန်းတို့က လောက်ဝတ်ပျူငှာနှင့် ကိုသက်ခိုင်၏လက်မှ အထုပ်အပိုးတို့ကိုဆွဲငင်ယူကာ ရှေ့မှ ထွက်သွားနှင့်သည်၊ နောက်မှ ဖြေးဖြေးလျှောက်လာကြရင်း ဦးဘရီက တစုံတခုကို လေးလေးနက်နက်တွေးပြီးမှတ်ချက်ချ၏။



"ကထိကတဦး လာမယ်ဆိုတော့.... ထင်တော့ထင်သား.... ဖိုးသက်ခိုင်ဘဲလာမလား၊ ဖိုးချစ်ဆွေဘဲလာမလား၊ ဖိုးသာလှိုင်ဘဲ လာမလား....၊ ဒီသုံးယောက်ထဲက တယောက်ယောက်ဘဲထင်ထားဒါ၊ အခုတော့ ဖိုးသက်ခိုင်ဖြစ်နေဒါကိုး....၊အင်း....၊ တိုက်ဆိုင်ဘဲတိုက်ဆိုင်လွန်းတယ်...."

ဦးဘရီ၏ နောက်ဆုံးစကား၌ အနက်အဓိပ္ပါယ်တမျိုးပေါ်လွင်နေသောကြောင့် ကိုသက်ခိုင်က ဖြတ်ခနဲမေးမိ၏။

"ဘာတိုက်ဆိုင်နေလို့လဲ ကိုကြီးရီ...."

ဦးဘရီ၏ မျက်ခုန်းများသည် တချက်တွန့်သွား၏၊ သို့ရာတွင် ချက်ခြင်းပင်ရယ်လိုက်ပြီးဖြေသည်။

"ဩော်....ငါ့ညီကလဲ....စာရေးဆရာပီပီ စကားလုံးအကျကောက်ပီး အနက်တွေ ထွေထွေထူးထူး ကောက်နေပြန်ပါဘီ၊ ကိုကြီးပြောဒါက ဒီမှာ သူငယ်ချင်းတွေ ပြန် တိုက်တိုက်ဆိုင်ဆိုင်ကြုံကြရဒါကိုပါ၊ အခုဒီမှာ ကိုကြီးလဲရှိတယ်၊ဖိုးစံရွှေ.... ကြီးလဲရှိတယ်၊ အတော်ဘဲ.... ဟိုမှာ.... ဖိုးစံရွှေ....၊ဟေး....ဖိုးစံရွှေ....၊ ဒီမှာဘယ်သူလဲ...."

ဖိုးစံရွှေကလှမ်းကြည့်သည်၊ ခေတ္တ ပါးစပ်ကြီး ပြဲသွားပြီးနောက်မပြေးရုံတမယ်လှမ်းလာ၍ ကိုသက်ခိုင်၏လက်ကိုအားရပါးရဆွဲနှုတ်ဆက်သည်။

"အစစအလုံအပရှိရဲ့နော်ကိုကြီး...."

"အား....အစစအလုံအပရှိတယ်နော်ကိုကြီး၊ဟား.... ဟားဒီမှာသူငယ်ချင်း....ဘာလာလုပ်ထာလဲ...."

"စာမေးပွဲမေးခွန်းတွေလာပို့ဒါပါ...."

"ဟုတ်ပီ....၊ သူငယ်ချင်းတွေအားလုံး လာဆုံကြဒါဘဲ၊ ဒီမှာ ထွန်းငွေကိုမှတ်မိလား.... မောင်ညိုမှိုင်းလေ....၊ အေးဟေးဟေး....၊အံမာ....သူက အခုသူ့ထက်ရှစ်နှစ်ကြီးတဲ့ ဇနီးအကြီးစားနဲ့ဗျ ...၊ပီးတော့ ဘဲတွေရော.... ကြက်တွေရော....ဝက်တွေရော....အကောင်ပလောင်တွေ အစုံမွေးနေတယ်....၊သူ့ဆီသွားရင်....ဟင်းကောင်းကောင်း လတ်လတ်ဆတ်ဆတ်.... လည်လှိုးချက်ကျွေးတယ်၊ ဘုရားစူး....တကဲ့ကောင်ဘဲ၊အဟုတ်...."

ဖိုးစံရွှေသည်ကိုသက်ခိုင်ကို စကားဆက်ပြောခွင့်မပေး၊ ကွဲကွာနေသည်မှာ ကြာပြီဖြစ်သော သူငယ်ချင်းပီပီ သူပြောချင်ရာတို့ကို အားရပါးရမရပ်တန်း မှုတ်လွှတ်နေတော့၏၊ သူခေတ္တလေအပြတ်တွင်မှ ကိုသက်ခိုင်ကပြောရ၏။

"ဒီလိုဆို သိပ် ဟန်ကျဒါပေါ့....ကျွန်တော်က ကိုကြီးရီတယောက်ကိုဘဲ တွေ့ရမယ်မှတ်သာ၊အခုတော့....ခင်ဗျား ရောမောင်ညိုမှိုင်းရော....၊မောင်ညိုမှိုင်းကိုတော့....သိပ် တွေ့ချင်တယ်ဗျာ...."

"တွေ့လိုက်အုံး....တွေ့လိုက်အုံး....၊သူက ခင်ဗျားကို ဟင်းချက်ကျွေးမှာဘဲ၊ ဒီမှာ.... ခင်ဗျား မင်းဘူးဘက်လဲ ကူးသွားပါလား၊ ဟိုမှာ ဖိုးယင်ကျော်ကြီးက.. ရာဇဝတ် ဝန်ကြီးတဲ့နော်....၊ဘာမှတ်သလဲ....၊ဟင်း....ခြောက်လုံးပြူးကြီးနဲ့၊ မျက်နှာကြီးကလဲ့...လို့၊ ပိုက်ကြီးကလဲရှဲလို့၊ ခန့်ခန့်ကြီးမှ....တကဲ့ခန့်ခန့်ကြီးလူရေ့....၊အဲဒါသက်....တိုက်ဆိုင်ပုံက စောစောကရန်ကုန် လေယာဉ်ပျံဆိုက်တော့.... မေးင်ရင့်ဟိုဒင်း....အဲမောင်ရင့်....ဟို...."



ဖိုးစံရွှေသည် သူ့သဘာဝ မဟုတ်စွာ စကားထစ်ငေါ့ဖြေးလေးရပ်သွား၏။

"လေယာဉ်ဆိုက်တော့...ကျွန်တော့်....ဘာလဲ....ဆက်အုံးလေ...."

ဖိုးစံရွှေက ဦးဘရီကို လှမ်းကြည့်သည်၊ ဦးဘရီသည် ဖိုးစံရွှေသာ သတိပြုမိရုံ ခေါင်းကို ဆတ်ကနဲခါ၏၊ ဖိုးစံရွှေသည် အတန် ကသိကအောင့်ဖြစ်သွားပြီး စကားကိုလှီးလွှဲဆိုသည်။

"ဟိုဒင်းပါ....အဲ....ခင်ဗျား အသိထဲကဖြစ်မလားမသိဘူး၊ ဆရာဝန်မလေး တယောက် တွေ့လိုက်လို့....နိုး....နိုး....ခင်ဗျား အသိမဖြစ်နိုင်ဘူး၊ သူကအမျိုးကြီး ဂျူနီယာကျဒါဘဲ၊ ကျွန်တော်နဲ့သာ....သိဒါ....၊အဲဒါပြောမလို့ပါ၊ကဲ....လေယာဉ်ပျံနှစ်စီး တောင် လွှတ် ပေး ရအုံးမယ်၊ အိုကေ....သွား မယ်....၊ဆီးယူ...."

ဖိုးစံရွှေသည် မသပ်မရပ် နှုတ်ဆက်ကာ အပါးမှ အဟုန်ပြင်းစွာနှင့် ထွက်ခွာသွား၏၊ ကိုသက်ခိုင်ကသာ မကျေ မနပ် မရှင်းမလင်းနှင့် ကျန်ရစ်သည်၊ ဦးဘရီက ခွင့်လွှတ်စွာ ရယ်၍ဆိုသည်။

"လာပါ ညီ သွားကြစို့၊စံရွှေကြီးအကြောင်းလဲသိသားဘဲ၊ သူကအချိန်အနဲဆုံးမှာစကားအများဆုံးပြောချင်တော့....တခါတလေဘာဆိုလိုမှန်းမသိတော့ဘူး၊ ကဲ....သွားကြစို့...."

မကျေနပ်လှသော်လည်းကိုသက်ခိုင်သည် ဘာမျှမတတ်နိုင်သဖြင့် သဘောတူသယောင် ခေါင်းညိတ်လိုက်ပြီး ကားဆီသို့လိုက်လာခဲ့၏။

ဦးတင်မောင်လတ် မောင်းသော ဖေါက်(စ်)ဟော(လ်) ကားဝါသည် လေယာဉ်ကွင်းမှ ထွက်၍ ရေနံချောင်း မကွေး လမ်းအတိုင်း မြို့တွင်းဆီသို့ ဦးတည် လာခဲ့သည်။

အစသော် လမ်းက အနည်းငယ် ကြမ်းကာ ဖုံထူသည်၊ မြို့တွင်းဝင်မိ၍ အတန်ကြာ သောအခါ လမ်းမှာပြေပြစ်လာပြီး တဘက်တချက်၌မြင့်မားထွားကျိုင်းသမျှ အရိပ်ကောင်းသော တမာပင်ကြီးများကိုတွေ့ရသည်။

ကိုသက်ခိုင်က နှုတ်ဆိတ်စွာ လိုက်ပါ လာ သောကြောင့် ဦးဘရီက မေးသည်။

"ဘယ့်နှယ်....ငြိမ်လှချည်လား...."

ကိုသက်ခိုင်ကမဖြေသောအခါ ဦးမြသန်းက ထင်မြင်ချက် ပေးသည်။

အင်း....မကွေးရာသီက ဆရာ့ကို ငိုက်မြည်း စေဘိနဲ့ တူ တယ်...."

သည်တော့မှ ကိုသက်ခိုင်က ဝန်ခံ၏။

"မကွေးရာသီနဲ့ ပတ်ဝန်းကျင်က ကျွန်တော့်ကိုငိုက်မြည်း စေရုံမကဘူး....မြင်ဘူးခဲ့တဲ့ အိပ်မက်တခုကိုတောင်ပြန်မက်ခိုင်း နေတယ်လေ...."

ကိုသက်ခိုင်ကရိုးသားစွာ ဝန်ခံခြင်းပြုသော်လည်း ကျန်လူ များက ဟာသတရပ်ထင်ကာ ပြိုင်တူရယ်မောကြသည်။

"အံ့ပါရဲ့ ဖိုးသက်ခိုင်လေး....၊ ကိုကြီးဖြင့် အိုက်လွန်းလို့ စိတ်ပျက်နေဒါ၊ ကိုယ့်ညီကအိပ်တောင်မက်ချင်တယ် ဆိုတော့ ကောင်းကွာ၊ အင်းလေ စာရေးဆရာ ဆိုတော့ နေရာမရွေး အချိန်မရွေး စိတ်ကူးယဉ်နိုင်တယ်ထင်ပါရဲ့...."



ကိုသက်ခိုင်က ပြန်မဖြေ၊ သူပြောခဲ့သောစကားကိုသာ ပြန် စဉ်းစားနေမိသည်။

ဖြစ်ခဲ့ပြီး၍ လွန်လေခဲ့သော အကြောင်းတို့သည်၎င်း၊မဖြစ် ဘဲနှင့် အစစ်ပမာမြင်ရသောအိပ်မက်တို့သည်၎င်း၊ နှစ်မျိုး လုံး သည် မရှိခြင်းသဘော၌ အတူတူပင်ဖြစ်ကြသည်၊ နှစ်မျိုးလုံး သည် ဥပါဒါန်ကိုလည်း ပေးလေတတ် သေးသည်။

ထိုစဉ်မော်တော်ကားက မကွေး ဥပစာကောလိပ် ရှေ့၌ ဆိုက်မိသည်။

ခပ်လှမ်းလှမ်းရှိ မြန်မာကုက္ကိုပင်ထက်မှ ဥဩငှက်သံက ကိုသက်ခိုင်ကို ဆီးကြို နေလေသည်တကား....။

အခန်း ၃

နှင်းမြူရိပ်လျှင်

အပြင်ဘက်တွင်မူ နေ့ဦး၏ငွေလရောင်သည် ရွှန်းရွှန်းမြမြ ကျလင်းနေသည်၊ အခန်းတွင်း၌ကား လျှပ်စစ်မီးရောင်ကြောင့် ထိန်ဝင်းနေ၏။

"ဘယ့်နှယ် ကိုသက်ခိုင်၊ ခင်ဗျားပြောသလို ဖြစ်ရင် မြို့မှာ လူပြုပြင်လို့နှလာရတဲ့အယဉ်က တောမှာပေါက်တဲ့ သဘာဝ ပင်ကိုယ် အငိုင်းထက် သာတယ်လို့ ယူဆရာတွေဖြစ်နေတော့ ခင်ဗျားတို့စာရေးဆရာတွေ....ကဗျာ ဆရာတွေဘဲ သီကုံး ဖွဲ့နွဲ့ လေ့ရှိတဲ့ စာချိုးတွေနဲ့ မညီပါလား...."

ဦးဘရီက ဆီးတော်သီး တလုံးကို လက်ညှိုး နှင့် လက်မ ကြား၌ ညှပ်ကိုင် စေ့စေ့ကြည့်ရင်းမှတ်ချက်ချသည်။

"ဒါတော့ကိုကြီးရီ....လူနတ်မကျို၊ကမ္ဘာလိုဖြင့်၊နဂိုမမှုစစ်၊ ကတ္တားနစ် သား- စတဲ့ အရိုင်း ကို အလေး ပေး အမွှန်း တင် ထားတဲ့ ဦးပုညရဲ့ကဗျာ သဘောမျိုးတွေ၊ အချိုင်း စပယ် မို့ ပစ်ပယ်၊ ပန်တော်မဝင်တယ်၊ ငွေသဇင်ကြျုမွှေးကို သူရွေး ပြီး ထင်အားငယ်....ဆိုတဲ့ ကိုစောငြိမ်းရဲ့ တေးသဘော မျိုးတွေ၊ အဲဒီ အနုပညာတွေမှာဆိုလိုတဲ့....အရိုင်းနဲ့ အယဉ်ရဲ့ အနက် အဓိပ္ပာယ်တွေနဲ့၊ ခု ကျွန်တော်ပြောနေတဲ့လူမှုသိပ္ပံရေးဆိုင်ရာ အရိုင်းနဲ့အယဉ်ရဲ့ အနက်အဓိပ္ပာယ်တွေကို မရောထွေးထိုက် ဘူးထင်တယ်...."

ညစာ ထမင်းစားပွဲပြီးစ....ကိုသက်ခိုင် တို့၏ စကားဝိုင်းမှ နိဒါန်းပင်ဖြစ်ပါသည်။

ဦးဘရီ၏ ချစ်ဇနီးမှာ ရန်ကုန်တွင် အလုပ် တာဝန်ကြောင့် တကွဲတပြား နေ့နေရသည် ဖြစ်သော ကြောင့် သူ၏ အိမ်ဖော် တပည့်ကျော်ကြီး ဦးဘနှင်း ချက်ကျွေးသော ထမင်း၊ ချဉ် ရေ ဟင်း၊ ဘဲဥကြော်တို့အား တရုပ်ဆိုင်မှ အစိမ်းကြော်၊ဘဲကင်တို့ နှင့် မြိန်ယှက်စွာ စားသောက်အပြီး အချိုဝိုင်းထိုင်ရင်းစကား စမြည် ပြောဆိုနေကြခြင်း ဖြစ်လေသည်၊ အချိုဝိုင်း၏ အဓိက စားသောက်ဖွယ်မှာ မကွေး ဆီးတော်သီးပင် ဖြစ်၏။

စကားဝိုင်း အစတွင် ဦးဘရီက....

"အေးဗျ....ဇီးတော်သီးပေါတဲ့အရပ်သာဆိုတယ်....တကယ် ချိုတဲ့ဇီးတော်သီးက ရှားသားလား၊ တချို့က အလုံးသာကြီး တယ်၊ အရသာကတော့ ဖန်ခါးဘဲ၊ ဒီဇီးတော်ကတော့ တကယ်



ချိုတဲ့အပင်ကထွက်တာ၊ ဦးဘနှင်းဘဲသိတယ်၊ ခင်ဗျားလာ တုန်းစားရအောင် တမင်အထူးရှာခိုင်းပီးကျွေးရဒါ" ဟုဆို၏။

ဦးဘရီခြီးမွမ်းဂုဏ်ယူလောက်အောင်ပင် မကွေးဆီးတော် သီးမှာ ချိုမွှေးအေးမြ အရသာချိုလေးထူးကဲလှပေသည်။

"အင်မတန်အရသာရှိပါတယ် ကိုကြီးရီ၊ဒါပေမဲ့....အဲဒီလို အရသာထူးကဲပီး အဲဒီထက်ကြီးတဲ့ဇီးတော်သီးမျိုးဟာ ဇီးပင် တိုင်းကထွက်ပီး ကျွန်တော်တို့ရဲ့ တောင်သူလယ်သမားကြီး တွေဟာ အရင်းနဲနဲနဲ့ ဦးရေများများရောင်းချနိုင်သမျှ ပြည် သူအများဟာလဲ ဈေးပေါပေါနဲ့ အကောင်းဆုံးကို အလွယ် တကူ လိုသမျှဝယ်ခြမ်းသုံးဆောင်နိုင်တဲ့ ဘဝကိုရောက်ရင် ပို မကောင်းဘူးလား"

ဦးဘရီက နားမလည်သယောင် မျက်မှောင်ကြုတ်၍ ကိုသက်ခိုင်အားကြည့်သည်၊ဘေးမှ ငြိမ်သက်စွာ ထိုင်နေသော ဆရာဦးမြသန်းက.... "ဆရာဆိုလိုဒါ ကျွန်ဘော် နားမလည် ဘူး" ဟုဝင်ပြော၏။

"ဒီလိုပါ ဦးမြသန်း၊ လွတ်လပ်ပီးလို့ ဆယ်နှစ် ဆယ်မိုး ကြာခဲ့ပီး....အလုပ်သမား၊လယ်သမားတို့ရဲ့ လောကနိဗ္ဗာန်ကို တူထောင်အံ့လို့ ကျွန်တော်တို့ နိုင်ငံရေးကျေးဇူးရှင်ကြီးတွေ က ဘယ်လိုဘဲကြွေးကျော်ခဲ့ပေမဲ့ ကျွန်တော်တို့ရဲ့ တောင်သူ လယ်သမားကြီး တွေဟာ....အခုအထိ အရိုင်းပင်က ထွက်တဲ့ အရိုင်းသီးကို အရိုင်းနည်းနဲ့ဘဲထုတ်လုပ်ရောင်းချပီး....ရာဇဝင် ဘည်စ့က....ဖွတ်မွဲပြာစု....ခရုဆံကျွတ် ဘဝက မလွတ်သေးဘဲ နေကြရတုံးရှိသေးတယ်...."

"အဲဒါနဲ့...."

"အဲဒါနဲ့....ကျွန်တော် စောစောကပြောခဲ့တဲ့ စကားတွေဟာ ဆိုင်နေပါတယ် ဦးမြသန်း၊ ဥပမာ....ဇီးတော်သီးချိုချိုဟာ....ဈေးကောင်းရတယ်၊ဒါပေမဲ့....ဇီးတော်ပင်တိုင်းက ဇီးတော်သီးဟာမချိုဘူး၊ အကြောင်းက....ဇီးတော် ချိုချို ရသ့ သဘာဝအတိုင်း ရှားရှားပါးပါးပေါက်တဲ့ဇီးချိုပင်ကိုအားကိုးနေရတယ်၊ သဘာဝပြုသမျှ နုရတဲ့ အချိန်းကို အားကိုးနေရသမျှ....လိုရာတွေဟာ ရမလာနိုင်ဘူး...."

ဤတွင်....ဤအခန်းအစ၌ ဘော်ပြသကဲ့သို့ဦးဘရီက....အရိုင်းနှင့်အယဉ်....ဆွေးနွေးခန်းလို ဖွင့်ခဲ့ခြင်းဖြစ်သည်။

ကိုသက်ခိုင်က စကားကိုဆက်ရ၏။

"အနုပညာ-ကဗျာ-တေးသီချင်းတွေအနေနဲ့တော့....ကျွန်တော်လဲ ခပ်မေ့မေ့နဲ့ ခပ်ရောရောဘဲ....အဲ....ဘာတဲ့...."

မပူပေါင် နောက်ဆီက....ချမ်းရော့ သလား....၊
ကံရင်အို ယာပြင်ကြီးမှာကွယ်....မီး....ထဲ့ လို့ လှုံ....

ဆိုဒါတို့....ပီးတော့....

ခလောက်ကလေး ရယ်တဲ့....ဒိုး ဒိုးဒေါင်....၊ပျိုတို့
မောင် ယာမလုပ်တယ်၊ဝါး....ခုတ်တဲ့တောင်၊ နွားညို
နောင်....စီအောင်ကွယ့် ဖေကျောင်း....

ဆိုဒါတို့ဟာ....ကြည်နူးလွမ်းဆွတ်ဘွယ်ကောင်းပေမဲ့....လူ့ဘာတိုးတက်မှုအနေနဲ့ကြည့်ရင်....အဲဒီကရင်ယာသမားအိုကြီးဟာ....ချမ်းချမ်းစီးစီးမှာ မီးလှုံပီး နွေးအောင်လုပ်ယူဒါထက် လျှပ်စစ်မီတာ(အနွေးစက်)တို့၊ အဲယားကွန်ဒစ်ရှင်းနှင်းဆိုတဲ့ လိုတ,ရ လေပြုပြင်မှု ယန္တရားတွေနဲ့ စက္ကာရီ တေးရိယက်ကအတွင်းဝန် မင်းဖုယားမျှားနည်းတူ နေနိုင်ရင် ပိုမကောင်းဘူးလား၊ပီးတော့....နွားညီနောင်အစား....ထရက်တာ ခေါ်တဲ့....လယ်ထွန်စက်....သစ်ခုတ်စက်ကြီးတွေကိုသုံးနိုင်ရင် ပိုမကောင်းဘူးလား...."



"နေအုံး....နေအုံး....၊ အားလုံးဘဲ ကောင်းပါသည်ခင်ဗျားပေ်ါ၊ ဒါပေမဲ့....ကိုယ့်ညီ စကားအဆက်ပြတ်နေတယ်...."

ကိုသက်ခိုင်က စီးကရက်တလိပ်ကို ထုတ်ယူမီးညှိဖွာလိုက်၏။

"အဆက်မပြတ်ပါဘူးကိုကြီးရီ၊ခုနင်က အရိုင်းနဲ့ အယဉ်ကိုဆက်ရအောင်၊ခုချိန်အထိ ကျွန်တော်တို့ရဲ့လယ်သမားကြီးတွေဟာ....အရိုင်းပင်ကထွက်တဲ့ကုန်ရိုင်းကို အရိုင်းနည်းနဲ့ဘဲ....ရောင်းပီး နွားကျောင်းလို့ချမ်းရင် မီးလှုံရတဲ့ဘဝမှာဘဲရှိနေသေးတယ်၊ လောကဓာတ်နည်းအရ....ဟိုမုန်းနယ်ဇီကရေးရှင်းခေါ်တဲ့....ပင်တွင်းအဖုအကြိတ်ထွက် ညဇာဓာတ်အားပြောင်းပေးခြင်းအားဖြင့်၎င်း၊မြေ-ရေ-လေ ပတ်ပန်းကျင်ကိုပြုပြင်ပေးခြင်းဖြင့်၎င်း၊တိုးတက်တဲ့နိုင်ငံတွေမှာ အသီးအနှံတွေကိုလိုချင်တဲ့အနံ့အရသာ အရွယ်အစား ပင်ထွက် ဦးရေတွေကို စိတ်တိုင်းကျ လိုသမျှရအောင် ပြုပြင်ယဉ်အောင်လုပ်နိုင်ကြတယ်"

ကိုသက်ခိုင်က ခေတ္တစကားရပ်နားလိုက်၏။

"ဆိုပါအုံးလေ...."

ဦးဘရီက တိုက်တွန်းသည်။

“ခုနင်ကဇီးသီးကဘဲ စ,ကြရအောင်၊ လောကဓာတ်ပညာအရ ရွေးယူ-ပြုပြင်-စိုက်ပျိုး ထားတဲ့ မျိုးကောင်း မျိုးသန့် ဇီးပင်က ဘာဒ်လို့ခေါ်တဲ့ အညွန့် အညှောင့်ကိုယူ၊ ဂရပ်ဖတင်းခေါ်တဲ့ ပင်ချင်းဆက်နည်းနဲ့ ပူးဆက်စိုက်ပျိုး၊ ဇီးရိုင်းပင်ရှိသမျှက ကြက်ဥလောက်ကြီးပြီး ပျားရည်လိုချိုတဲ့ ဇီးမျိုးကောင်း ပင်ခွဲတွေမွေးဖွားသာမယ်၊ ဒီနည်းနဲ့ ဇီးရိုင်းက ဇီးယဉ်၊ လိမ္မော်ရိုင်းက လိမ္မော်ယဉ်၊ သရက်ရိုင်းက သရက်ယဉ်၊ စသည်တွေကို ဖန်တီးထုတ်လုပ်နိုင်တယ်၊ အခု ဒီနည်းတွေကို ကျွန်တော်တို့ မန္တလေးတက္ကသိုလ် စိုက်ပျိုးရေးဌာနမှာ စတင်သင်ကြား လက်တွေ့ပြုစုနေဘီ၊ အဲ....တခုတော့ရှိတယ်....၊ အဲဒီနည်းတွေဟာ ဘယ်နေ့....ဘယ်အချိန်....ဘယ်ကာလမှာတောင်သူလယ်သမားတွေလက်ရောက်မလဲ၊ ဒါကို ကျနော်မသိဘူး၊ ပြီးတော့....စိုက်ပျိုးရေးပညာတတ် လူငယ်တွေဟာ ဘယ်နေ့ ဘယ်အချိန်-ဘယ်ကာလမှာ ရှံ့လူးတဲ့ တောင်သူလယ်သမားကြီးတွေနဲ့ အတူ လယ်ယာကွင်းမှာ ရုန်းကန်ပြီး နိုင်ငံကို တူထောင်ကြမလဲ၊ အဲဒါလဲကျနော်မသိဘူး....”

ဦးဘရီကပြုံးသည်၊ ထိုနောက်....

“ကိုယ့်ညီက စိုက်ပျိုးရေးအကြောင်း ဆိုတော့ ကိုယ်ကပြောရအုံးမယ်၊ မကွေးကတမာပင်ကြီးတွေကို သတိပြုမိလား”

ဦးဘရီက တခါတရံ ကိုသက်ခိုင်အား ချစ်စနိုးညီဟု ခေါ်သည်၊ တခါတရံ ရာထူးအလိုက် ကျွန်တော်ခင်ဗျားဆို၍ဦးတပ်ခေါ်ချင်ခေါ်လေ့ရှိ၏၊ “ကိုယ့်ညီ”ဟု ခေါ်သံကို ကိုသက်ခိုင်ကပိုကြိုက်သည်။



“မကွေးကတမာပင်ကြီးတွေမက ဗမာကုက္ကိုပင်ကြီးတွေကိုပါကျွန်တော်သတိပြုမိပါတယ် ကိုကြီးရီ၊ အင်မတန်အောင်မြင်ဖွံ့ထွားပြီး အေးမြသာယာတဲ့ အရိပ်ကို ပေးကြပါတယ်၊ ဘာပြုလို့လဲ”

“အဲ....၊ ဒုတိယအမိပတိနဲ့ ပါမောက္ခတွေ ဒီလာစဉ်က တမာပင်ကြီးတွေကြည့်ပြီး အားရလွန်းလို့ မန္တလေးတက္ကသိုလ် တဝိုက် ဒီတမာပင်ကြီးမျိုးတွေ စိုက်ရအောင်....ကိုကြီးဆီက မျိုးစေ့တောင်းတယ်၊ ကိုယ်ကလဲသိပါတယ်၊ ဒါပေမဲ့ အလောတကြီးမို့ တမာသီးတွေဘဲပေးလိုက်ရတယ်၊ ဟိုကျတော့စိုက်ထားမပေါက်ဖူးတဲ့၊ ဘာပြုလို့လဲ....သိလား”

“ဟင့်အင်း....”

“သူတို့က တမာသီးကို ဒီအတိုင်း မြေမြုပ် စိုက်ထားကိုး၊ တမာသီးကချိုတော့ ပုရွက်ဆိတ်က သိပ်ကြိုက်တယ်၊ ဒီတိုင်းမြေမြုပ်စိုက်တော့အသီးတွင်မက အထဲက အဆံကိုပါ ပုရွက်ဆိတ်က နှိပ်ပစ်လိုက်တော့ ဘယ်မှာတမာပင် ပေါက်တော့မလဲ....၊ဟား....ဟား....”

ကိုသက်ခိုင်နှင့် ဦးမြသန်းတို့ကလည်း ရယ်ကြသည်။

“ဒါထက်ကိုယ့်ညီ၊ စောစောက ကိုယ့်ညီပြောတဲ့ အထဲမှာ ပညာတတ်လူငယ်တွေဟာ ရှံ့ပေမဲ့လယ်တောထဲ ဘယ်တော့ဆင်းမလဲမသိဘူးလို့ပါတယ်၊ စကားစပ်လို့ ပြောရအုံးမယ်၊ လူငယ်တွေမပြောနဲ့....ဆရာတွေလဲဒီအတိုင်းဘဲ၊ ရန်ကုန်ကဘွဲ့ရတဲ့လူတွေဟာ မန္တလေးတက္ကသိုလ်ကိုတော့ ပူတယ်ဆိုမလာချင်ကြဘူး၊ တက္ကသိုလ်ဆိုဒါဟာ....ရှံ့နဲ့အဝေးကြီးရှိပါသေးတယ်၊ အဲ....မန္တလေးတောင်မလာချင်တော့....မကွေး

ဆိုပိုဝေးဒါပေါ့၊ အမှန်တော့....မကွေးဟာ သင်္သလောက် မပူပါဘူး၊ပြီးတော့ ဟောဒီ မကွေးရာသီနဲ့ အလိုက် အရိပ် မြန်မြန်ရအောင် ကိုကြီးစိုက်ထားတဲ့အပင်လေးတွေကြည့်စမ်း”

ဦးဘရီက ကိုသက်ခိုင်အား ပြတင်းဆီဆွဲခေါ်၍ အပြင်ဘက် လရောင်ပြာပြာဝယ် စိမ်းရင့်အုံ့မှိုင်းသော အပင်ငယ်လေးများကိုပြသည်။

“ဘာပင်တွေလဲ ကိုကြီး”

“အရပ်အခေါ်တော့မသိဘူး၊စိုက်ပျိုးရေးဌာနကလူတွေနဲ့ တိုင်ပင်ပြီး ဒီမြေ....ဒီရေ....ဒီရာသီအလိုက် မြန်မြန်ကြီးပြီး မြန်မြန်အရိပ်ရမဲ့ သစ်ပင်မျိုး တောင်းယူဒါ၊ သူတို့ကတော့.... ကန္တာရပင်လို့ခေါ်ဒါဘဲ၊ နှစ်နှစ်သား လောက်နဲ့ တွင် အရိပ် ကောင်းကောင်းပေးနိုင်တဲ့ အပင်မျိုးဘဲ....”

ကိုသက်ခိုင်သည် သစ်ပင်ကလေးများကို ငေးကြည့်နေမိသည်၊ ရေ....မြေ....ရာသီအလိုက်.... ကောလိပ် ဝင်း အတွင်း ကျောင်းအုပ်ကြီးက ရွေးချယ် စိုက်ထားသည်ဆိုသော အပင်ငယ်များက....ကိုသက်ခိုင်၏အတွေးကိုကျယ်စေသည်။

“ကိုယ့်ညီ ဘာတွေးနေဒါလဲ....”

“ဩော်....ကိုကြီးစကားကို ဒီနေ့ပညာရေးစံနစ်နဲ့စပ်ဟပ်ပြီး တွေးမိလို့ပါ၊ ဒါထက် ဘယ်နှစ်နာရီထိုးဘီလဲ မသိဘူး”

ဦးမြသန်းကချဉ်းကပ်လာရင်းဖြေသည်။

“တချက်ထိုးတော့မယ်၊ကျွန်တော့်ကိုခွင့်ပြုကြပါ၊နဲနဲအိပ်ချင်လာဘီ၊ မနက်ကို မြို့ထဲဆရာဦးသက်ခိုင်ကို လိုက်ပြမလို့လဲကြံထားတယ်၊ဒါထက် ဆရာဦးသက်ခိုင်....”

“ဆိုပါးအုံး ဦးမြသန်း”



“ဆရာအခုအိပ်မဲ့အခန်းမှာ ကျောင်းသားတယောက်လာ အပ်ထားတဲ့ တယောဘာလက်ရှိဘယ်၊ ဆရာမအိပ်ချင်သေးလို့ တယောထိုးချင်လဲထိုးပေါ့၊ ခုတ်သိမို့ ပြောရဒါပါ ဆရာ၊ ဒါပါဘဲ....”

ဦးမြသန်းကနှုတ်ဆက်၍ ထွက်သွားသောအခါ ဦးဘရီက လည်း ထိတ်လန့်စွာဆိုသည်။

“ဟိုက်....တချက်တောင်ထိုးသွားဘီ၊ မဖြစ်ဘူး၊ အိပ်ကြမှဘဲ၊ ကိုကြီးကမနက်စောစောထပြီး စာမေးပွဲခန်းတွေ အတွက် ပြင်ဆင်စရာတွေရှိသေးတယ်”

ဦးဘရီနှင့်ကိုသက်ခိုင်သည် ပြတင်းမှခွာ၍ အပေါ်ထပ်သို့ အတူတက်လာခဲ့ကြ၏။

မကွေးဥပစာကောလိပ်ကျောင်းအုပ်ကြီး၏ နှစ်ထပ်တိုက်သည်ကျယ်ဝန်း ခန့်ညားသည်၊ လူပျိုကိုယ် ဖြစ်သော ဦးမြသန်းက ကျောင်းအုပ်ကြီး၏အိမ်တွင်ပင် အောက်ထပ် အခန်း တခု၌နေသည်၊ ကိုသက်ခိုင်အတွက် အိမ်၏အပေါ်ထပ် လက်ဝဲဘက်ရှိ အခန်းကိုပြင်ဆင်ပေးထား၏။

ကိုသက်ခိုင်အား သူ့အတွက်အခန်းဆီ လိုက်ပို့ပေး ရင်း ဦးဘရီကဆို၏။

“ခုနင်က.... ဦးမြသန်းပြောသလိုဘဲ မအိပ်ချင် သေးလို့ တယောတီးရင် တီးပေါ့၊ ကျောင်းသားတွေက ကိုယ့်ညီတို့ မောင်ရှိန်တို့၊ အေးဝင်းပို့ဟာ လသာရင် အိပ်တတ်ကြတဲ့ လူ တွေမှမဟုတ်ထာ.... ကိုကြီးသိသားဘဲ....၊ လွတ်လွတ်လပ်လပ် ပေါ့....၊ မိန်းကလေး ကျောင်းဆောင်က ကျောင်းသူတွေလဲ အားလုံး ဆရာ-ဆရာမတွေနဲ့ မန်းစက်တော် သွားနေကြလေ

ရဲ့....၊ယောကျ်ားလေး ကျောင်းဆောင်နဲ့လဲ ဝေးပါတယ်...."

တဦးတည်း ကျန်ရစ်သောအခါ ကိုသက်ခိုင်သည် ပထမသော် အိပ်စက်မည်စိတ်ကူးသည်။

တနှစ်တာလုံး သင်ရိုးသင်တန်းများကြောင့် ပန်းခဲ့ရသည်၊ ဤသို့ ထွက်မလာမီ ကလေးတွင်အထိ တာဝန် ကြီးလှသော မေးခွန်းထုတ်ရသည့်အလုပ်က နှိပ်စက်ခဲ့သည်၊ ဤမှပြန်လျှင်လည်း ရှည်လျား၍ ငြီးငွေ့ဘွယ်ကောင်းလှသောစာမေးပွဲခန်းကြီးကြပ်စောင့်ရှောက်ရသည့် ဝတ္တရားများက စောင့်နေပေမည်၊ နွေရာသီ ကျောင်းပိတ်ရက် ဆိုက်သည့်တိုင်စေ.... အဖြေလွှာစစ်ဆေးခြင်းလုပ်ငန်း၊ အောင်စာရင်းအတွက် စာမေးပွဲဘုတ်အဖွဲ့ အစည်းအဝေးများ၊ဂုဏ်ထူးနှင့် မဟာ ဝိဇ္ဇာဘွဲ့ယူသူများအတွက်စာတန်းများစစ်ဆေးရေး၊ ထို့နောက်အဓိပ္ပာယ်မရှိလှသောဂျွန်လနောက်ဆက်တွဲ စာမေးပွဲ များအတွက် ပြင်ဆင်မှု၊စသည့်....စသည်တို့နှင့်အားရဘွယ်မမြင်။

ယခု ဤအခိုက်အတန့်တွင်မူ စိတ်မှာလွတ်လပ်၍ ပေါ့ပါးနေသည်၊ စိတ်လွတ်လပ်ပေါ့ပါးနေချိန်တွင် မျက်လုံးများက မမှိတ်ချင်။

မကွေး၏ နွေဦးညငွေရောင်အလှကလည်း စွန့်ပစ်ငြင်းပယ်ရက်ဖွယ်မရှိ။

ကိုသက်ခိုင်သည် မိမိဘာသာမိမိပြုံးလိုက်ပြီးတယောကိုယူလိုက်၏၊ အခန်းမီးကိုလည်း ပိတ်လိုက်သည်၊ မီးမှောင် သွားကာမှ အပြင်လောက၏ ဆိတ်ငြိမ်သောညနှင့် ပြာရီ သောလရောင်တို့က ပိုမိုဆွဲဆောင်လာသည်။



ကိုသက်ခိုင်သည် အောက်ထပ်သို့ဆင်း၍ အိမ်ပြင် ထွက်လိုက်သည်။

အိမ်ရှေ့ရှိ ဥယျာဉ်၌ တယုတယစိုက်ထားသော ပန်းခင်းရှိ ပွင့်လှာနှင့်ရွက်ချပ်တို့ထက် နွေဦးည၏နှင်းကြွင်းစက်များ ခိုတွဲနေ၏၊ ညသည် မပူရှိမက အတန်လေးပင် ချမ်းမြမြ ရှိနေ၏။

ကိုသက်ခိုင်က အိမ်၏ လက်ဝဲဘက်....၊ ဧဟိုကျောင်းဆောင်ကြီး၏နောက်ကျောဘက် အတန်လှမ်းလှမ်းရှိ ကန္တာရပင်တန်း၏အနီး ထိုင်ခုံတခုထက်၌ထိုင်လိုက်သည်။

ကျောင်းသူ ကျောင်းသားများ စာကျက်နေလျှင်မူ သူတို့အာရုံ၌ မိမိ၏တယောသံသည် အနှောက်အယှက် ဖြစ်နေမည်ကို....ကိုသက်ခိုင်က အမှန်ပူပန်မိသည်၊သို့ရာတွင် မိန်းခလေးများ ကျောင်းဆောင်၌ မီးရောင်လုံးဝမရှိ၊ ကျောင်းအုပ်ကြီး၏အိမ်နှင့် ကြားတွင် လက်ထောက်ကထိက အိမ်နှစ်အိမ်ခြားလျက် ခပ်ဝေးဝေးတွင်မူ ယောကျ်ားလေး ကျောင်းဆောင်ရှိသည်၊ယောကျ်ားလေးကျောင်းဆောင်၌ တခန်းနှစ်ခန်း မီးလင်းလျက်ရှိ၏။

ကိုသက်ခိုင်သည် အခြေအနေ အရပ်ရပ်ကို ကျေနပ်လေသောကြောင့် တယောကြိုးများကိုအသံညှိသည်။

တပေါင်းလအခါဖြစ်သဖြင့် ဆောင်းနှင့်နွေသည် ရာသီကိုခွဲဝေခြမ်း၍ မျှမျှတတပြုရင်း ကိုယ်ပိုင်အလှဟိုကို သမအောင်ပေါင်းစပ် တင်ပြနေချေသည်၊ ငွေလရောင်က ကြည်လင်လိုသည်၊ နှင်းကြွင်းတို့က ဖွေး ဖွေး ဖြူ လို၏၊ သို့ရာတွင် ငွေလရောင်လည်းမကြည်လင်လွန်းနိုင်၊ နှင်းကြွင်းတို့၌လည်းဖွေးဖွေးဖြူအားမရှိ၊ ထိုအခါ....ညသည် ပြာပြာလွင်သတည်း....။

မြောက်လေက သည်မြေကိုမခွာနိုင်၊တောင်လေကသည်မြေဆီ ခရီး ကျူးမိ၏၊ ထိုအခါ လေဒပွဝေ့၍ ကြွေရွက်တို့က ကကြိုးကို ညင်ညင်သာသာဆင်၏၊ ဥဩ၏တေးသည် ဆွေးမြေ့ဘွယ်ရှိသတည်း....။

ညသည် အိပ်မက်ဆန်နေ၏။

ကိုသက်ခိုင်က မျက်လုံးများကို ပိတ်လိုက်သည်၊ နှလုံး ၏ တိုးတိတ်တိတ်ခုန်သံကို ဘေးအဖြစ်ဖွင့်လှစ် သီကြူး မိ သည်၊ ဥပါဒါန်၏ တေးတပုဒ်မျှသာတည်း....။

**နီလာ....မိုး....မိုး....တခွင်....၊ ဖြန့်ဝန်း....နှံ့....**
**စင်++၊ ငွေမှင်ရည်မြ++ဆွေရှင်သီတ၊စန်းလပုဏ္ဏမီ၊**
**မှုန်ရီပြာလဲ့၊ သိုင်းဖွဲ့ဖွဲ့ ဝေဝေစည်၊ နဝင်းလဲ့....**
**သင်္ခါညီ။....**

ကျယ်ဝန်းပြန့်ပြော၍ အိပ်မောကျနေသော နွေညတခွင်ဝယ် တယောသံသည် လှိုင်းရိပ်ဆင်လျက် ငွေ့ငွေ့ပျံ့လွင့်နေ၏၊အဆိုသမားကို ကိုယ်ချင်းစာလေသလော....ယှဉ်ပြိုင်လေသလော....မသိ....၊ ကုက္ကိုပင်ထက်မှ ဥဩ ငှက်သည်လည်း သူလွမ်းသမျှကို....သူစွမ်းသမျှ ရင့်ရှူနေသည်တည်း။

ပင်သက်ဟိုသီ၊ ဘယ်အခရေးကိုဆိုသည်၊ နွေတေး
ရှင်ငှက်မောင်ကကိုယ်ရည်၊လွမ်းတေးကို သူပင်သီရော့
မည်၊ ရော်ရည်မှုန်းဆသည်၊ အိပ်မက်ဆန်တဲ့ နွေည
ပန်းချီ၊ နွေည....ပန်းချီ....



မြောက်လေက အနိုင်ယူတိုးဝှေ့ ဝင်လာသည်၊ ရွက်ဝါတို့ကားမကြွေနှင်းဖြူတို့သာ ဝန်းခြုံမှုန်ဝိုင်းလာ၏၊ ပြောင်းလဲခြင်းသဘာဝနှင့် တည်မြဲလိုသောဆန္ဒတို့၏ ရုန်းကန်ခြင်းသရုပ်သာမည်အံ့ထင်သည်၊ ဘဝ၏ လှည့်စားချက်ဟုလည်း ဆိုနိုင်လေမည်လောမပြောတတ်....။

ကိုသက်ခိုင်က သူ၏ခံစားမှုတေး၌သာ နစ်မြုပ်နေမိသည်၊

**နှင်းမြူရိပ်ကို မြင်လျှင်၊ အမှတ် မထင် ဧဝေ**
**ဝါး....၊ ဘဝပမာလေလား....၊ တင်စား မိသည်၊**
**ဆီးတားကာဝှက်၊ လ-ရက်—နာရီ၊အချိန် မင်ရည်....၊**
**အံ့ကာဆိုင်းလို့မပီ....၊တပိုင်းပြယ်လွင့်၊ နွေအဖွင့်သို့**
**လေသင့်ရာလျော....မြော....၊ရွေ့ရင့်လွှာသိင်္ဂီ....”**

မြောက်လေနှင့် တောင်လေ ဆုံကြပြန်သည်၊ နှင်းမြူတို့ အပိုင်းပိုင်းကွဲကာတိုးတိုးဝှေ့ဝှေ့ရွေ့ရှားကြရသည်၊ဥဩသံ ခေတ္တငြိမ်သက်သွားခိုက် ရွက်ဝါတို့က တသဲသဲကြွေ၍ တရှဲရှဲ အော်မြည်ညည်းညူကြ၏၊ ယိမ်းယိုင်သွားသော ပင်စည်သည် ငိုကြွေး၍ တုန်လှုပ်နေပါသလား....၊ အမှန်မှာ....သရစ်နုဝေချိန် နီး၍ ရွက်ဝါသည်မရှိထိုက်လေပြီတကား....။

ကိုသက်ခိုင်သည် သူ့တေး၏နောက်ဆုံးပိုဒ်ကို ပင့်သက်နှင့် သည်း၏။

“လွမ်း....မော....သီကရီ၊ မေ့မရလေပြီ၊ ဂိမာန်
အခါဘွင်းမည်၊ ဆောင်ရိပ်ကြွင်းသည့်နှယ်၊ နှယ်ဦး
မှန်မို့၊ ချစ်ထွတ်တင်သည်....၊ကမ္ဘာကုန်ကျယ်သရွေ့
**ဝယ်၊ ကမ္ဘာကုန်ကျယ်....သရွေ့ဝယ်၊ လွမ်းရမည်....၊**

**သံသာဝဲရစ်တွဲနှောင်ချည်၊ နွေရတုခုမိန်ဆီ၊ ညောင်းရွက်ဝါတို့ ဈာန်ယဉ်ပြောင်းသည့်နှယ်၊ ပြယ်ကောင်းလေသော၊ စိတ်ဇော....မနေသံ့မည်....”**

တယောသံက မြှင်းမြှင့်မြမြ ဆွဲငင်လေးဆေး ရပ်သွားသည်၊ ကိုသက်ခိုင်က ရင်မှရှိသမျှခံစားမှုတို့ကို တယောသံနှင့်အတူ လွှင့်မျှောပစ်လိုက်သည်။

ကိုသက်ခိုင်သည် မျက်လုံးများကို ဖွင့်လိုက်မိချိန်၌ မှုန်ရီပြာလဲ့သောငွေလရောင်ကို ရှေးဦးစွာမြင်ရသည်၊ ထိုနောက်....။

ငွေလရောင်ကျသောမြေပြင်၌ ထိုးကျထင်နေသော လူရိပ်တခု....။

“အို....”

ကိုသက်ခိုင်၏နှုတ်မှ အံ့သြော ရေရွတ်သံ ပေါ်လာပြီးနောက် လူမှာလည်းအမှတ်မထင် ထိုင်ရာမှ ထခုန်ကျက်သွား ရှိနေ၏။

သူ့ရှေ့မှောက်တွင် မိန်းမပျို တဦးသည် ငြိမ်သက်စွာ ရပ်လျက် ရောက်နေလေသည်တကား....။

အခန်း--၄

အိပ်မပျော်သူနှစ်ဦး

မိန်းမပျိုက ညင်သာစွာပြုံး၍ စကားစဆိုသည်။

“ဆရာ သိပ်အံ့သြောသွားတယ်ထင်ပါတယ်ရှင်၊ အသံမပြုဘဲလာမိတဲ့အတွက် မမြင့်ဝေကိုခွင့်လွှတ်စေလိုပါတယ်”

နူးညံ့သောစကားသံနှင့် လိုက်ဘက်စွာ အမူအရာမှာလည်း ယဉ်ကျေးသိမ်မွေ့၏။

ထိုအခါကျမှကိုသက်ခိုင်ကလည်း အံ့သြောစိတ်ကို ထိန်းသိမ်းမိပြီး.... ရုတ်တရက်မို့ ဆရာအံ့အားသင့်သွားမိပါတယ်၊ အမှန်တော့.... တောင်းပန်ခြင်း တောင်းပန်ရင်.... အိပ်သူတွေ အနှောင့်အယှက်ဖြစ်အောင် တယောထိုးမိတဲ့ ဆရာကဘဲ တောင်းပန်ရလိမ့်မယ်ထင်ပါတယ်”ဟု စကားပြန်ရ၏။

မမြင့်ဝေသည် မျက်တောင်ကော့များကိုပင့်လျက်ကိုသက်ခိုင်၏မျက်နှာအား မော့ကြည့်ရင်း ညည်းဟန်ရောသောစကားတရပ်ကိုဆို၏။

“တယောသံဟာ....အိပ်သူတွေကို အနှောက်အယှက် ဖြစ်ကောင်းဖြစ်စေပေမဲ့.... အိပ်မပျော်နိုင်သူတွေရဲ့ ပင့်သက်ကိုတော့ ရပ်စေနိုင်လိမ့်မယ်လို့ မမြင့်ဝေ ထင်ပါတယ်ဆရာ”

မမြင့်ဝေက ဤစကားရပ်များကို ပေါ့ပါး ချောမွေ့စွာပြောလိုက်သော်လည်း လေးနက် သော အဓိပ္ပာယ်ကြောင့် ကိုသက်ခိုင်မှာ ရုတ်တရက် မည်သို့စကားပြန်ရလေမှန်းမသိ။

မမြင့်ဝေကသာ ပကတိတည်ငြိမ်ခြင်းနှင့် စကားဆက်၏။

"ထိုင်ပါလားဆရာ....၊ပြီးတော့....မမြင့်ဝေကိုလဲ ထိုင်ခွင့်ပြုပါ၊ ပြီးတော့.... ဆရာမအိပ်ချင်သေးဘူးဆိုရင် မမြင့်ဝေနဲ့ ခဏစကားပြောပါလား...."

ခက်ချေပြီ....၊ ယခုမှ ခက်လေချေပြီ၊ မမြင့်ဝေက ခုံ၏ တဘက်စွန်း၌ အေးချမ်းစွာ ဝင်ထိုင်လိုက်သည့် တိုင်အောင် ကိုသက်ခိုင်ကမထိုင်မိသေး၊ ယခုအထိ ပြန်ကြားပြောဆိုရမည့် စကားကိုလည်း စဉ်းစားမရလေသေး။

ညချမ်းကာလ ငွေလရောင်တွင် မိန်းမပျိုတဦးနှင့်နှစ်ကိုယ်ချင်းထိုင်စကားပြောခွင့်ရသည်မှာ စိတ်ကူးယဉ် အိပ်မက်ဆန်လှလွန်းသဖြင့် ကိုသက်ခိုင်က ရဲရဲဝံ့ဝံ့ လက်မခံလိုမိ၊ ကျောင်းသူတဦးဖြစ်နေချေသော်....ကထိကဆိုသည့် ဆရာ၏ ဂုဏ်ထူးဝိသေသနှင့် မသင့်မြတ်လှ။

ကိုသက်ခိုင်သည် ခုံတွင်ဝင်မထိုင်သေးဘဲ မမြင့်ဝေကိုအကဲခတ်ကြည့်ရင်း.... "မမြင့်ဝေဟာ.... ဒီကောလိပ်ကဘဲလား...." ဟုစုံစမ်းသည်။

မမြင့်ဝေက ကိုသက်ခိုင်၏ရင်တွင်းမှ သံသယနှင့်စိုးရိမ်မှုကို ရိပ်မိလေဟန် မသိမသာပြုံးလိုက်ပြီး ရှင်းပြ၏။

"မမြင့်ဝေရဲ့ မျက်နှာဟာ ကောလိပ်ကျောင်းသူကလေးတဦးလို့ ထင်မှားရလောက်အောင် မနုဘူး ထင်ပါတယ်ရှင်၊ မမြင့်ဝေရဲ့နာမည် အပြည့်အစုံက ဒေါက်တာ မမြင့်ဝေပါတဲ့ ဆရာ...."

"ဩော်....ဩော်...."



ကိုသက်ခိုင်သည်ယခုမှ သက်ပြင်း လွှတ်လိုက် နိုင်ပြီး....ခုံ၏ အခြားတဘက်စွန်း၌ ဝင်ထိုင်သည်။

"မမြင့်ဝေရဲ့ မိဘများက မြို့ထဲမှာ နေပါတယ်၊ ညနေက မမြင့်ဝေရဲ့ သူငယ်ချင်း မြန်မာစာ လက် ထောက် ကထိက ဦးဗိုလ်သင်းရဲ့ဇနီး ဒေါ်မြင့်မြင့်ဆီ လာလည်ပါတယ်၊ ဦးဗိုလ်သင်းက စက်တော်ရာအဖူးသွားတဲ့ ကျောင်းသူ ကျောင်းသားတွေကိုအုပ်ချုပ်ဘိုလိုက်သွားရတော့ဒေါ်မြင့်မြင့်တယောက်ထဲ ကျန်ရစ်တယ်၊ သူ့မှာလဲ....လေးလေးပင်ပင် ဖြစ် နေတော့.... အဖော်ပြုရင်း မမြင့်ဝေ ဒီညဒီမှာ အိပ် ပါတယ် ဆရာ...."

"ဩော်....ဆရာနားလည်ပါဘီ၊ ကိုဗိုလ်သင်းတို့ မြင့်မြင့်တို့နဲ့ ဆရာလဲ ညီအစ်ကိုမောင်နှမ အရင်းတွေလိုခင်မင်ပါတယ်"

"ဟုတ်ကဲ့ဆရာ....မြင့်မြင့်ကလဲပြောပြပါတယ်၊ သူ့ဆီကဘဲ ဆရာရောက်နေကြောင်းသိရလို့ ဆရာနဲ့သိ ကျွမ်း ခင်မင်ချင်ဒါနဲ့....မနက်ကျရင် သွားတွေ့မလို့ ပါဘဲ၊ ဒါပေမဲ့ အခုတော့.... အိပ်မပျော်လို့ လမ်းထွက်ရှောက်ရင်း ဆရာ့ တယောသံလဲ ကြားဒါမို့....မမြော်လင့်ဘဲဆုံမိကြရဒါပါဘဲ...."

မမြင့်ဝေကသာစကားကို အဆက်မပြတ်ဦးဆောင်ပြောနေသဖြင့် ကိုသက်ခိုင်မှာ နားထောင်သမားသက်သက်ကဲ့သို့ ဖြစ်နေလေသည်။

မမြင့်ဝေက ဆက်ပြန်လေသည်။

"ပြီးတော့လဲ....ဆရာကသာ မသိဒါ....၊ဆရာ့ ကိုတော့.... မမြင့်ဝေသိခဲ့ဒါကြာပါဘီ၊ မြင်လဲ မြင်ဘူး ခဲ့ပါတယ်၊ ဆရာ့ အတွက်တော့ ဆန်းမယ်မထင်ပါဘူး၊ ကျော်ကြားတဲ့ စာရေး

ဆရာတယောက်ကို- သူရဲ့စာဖတ်ပရိသတ်တဦးဟာ အမြဲတန်းလေးစား ခင်မင်ရင်းနှီး နေတတ်ပါတယ်ဆရာ...."

"ကျေးဇူးတင် ပါတယ် မမြင့်ဝေ....၊ဆရာတို့ကလဲ ကိုယ့်စာဖတ်ပရိသတ်ကို အမြဲတန်းလေးစားနေပါတယ်....၊ အခွင့်ရရင်လဲ ခင်မင် ရင်းနှီးလိုလှပါတယ်...."

"ဒါပေမဲ့....တခုတော့ဝန်ခံပါရစေဆရာ၊ ဒီည ဆရာ့ကို မမြင့်ဝေစကားပြောချင်တယ်ဆိုဒါက-စာဖတ်ပရိသတ်တဦးက စာရေးဆရာတဦးနဲ့ သာမန်ပြောလို ဒါမျိုးမဟုတ်ပါဘူး...."

ဤထူးဆန်းသော စကားများ ကြောင့် ကို သက်ခိုင်က မမြင့်ဝေကို တချက် အကဲခတ် ကြည့်မိ ပြန်သည်။

တည်ကြည်အေးချမ်းစွာ စကားပြောနေဟန်ကား ဆရာဝန်ဘွဲ့ရ ထားသူပီပီ တင့်တယ်ခန့်ငြားရှိ အိန္ဒြေ ပြည့်သည်၊ ငွေလရောင်ခြည်ကြောင့် ရှိမ်းမြမြ မြင်ရသည့် ဖြူနု သန့်စင် သောမျက်နှာလေးသည် ကြည်လင်ချောမွေ့ သည်မှာလည်း မှန်၏၊ သို့ရာတွင်....သေသပ်သွယ်ထင်၍ ခတ်မြင့်မြင့်လေး ပေါ်သောနှာတံ၊ မထူ မပါး ပြည့်ဝ မြဲမြံ စေ့စပ်သော နှုတ်ခမ်းများ၊ ထောင့်မထင်တတ်-ထင်တတ်နှင့် သွင်ပြင်လက္ခဏာကိုမူ ပီသစွာပြသောမေးရိုးလေးများ၊ ဤသည်တို့က မမြင့်ဝေသည် စိတ်ခတ်မခက်မာသော်လည်း ခိုင်ကျည် လေးနက် သူ တဦး ဖြစ်ကြောင်း ဖော်ပြနေသည်။

မည်သို့ရှိစေ....ယခု အခိုက် အတန့်တွင်မူ ဆရာဝန်မ သည် သူဝန်ခံခဲ့သည့်အတိုင်း ငွေလရောင်နှင့် နွေညဝယ် အိပ်မပျော်လေ၍ စက်ခန်းကို စွန့်ခဲ့လေသူ အပျိုချော တယောက်မျှသာ တည်း၊ အဘယ်သမုဒယကွန်ယက်က တုန့်ငင်ခြင်းကို ခံနေရပါ



သနည်း၊ သို့မဟုတ် မြူရိပ် ပြာလွင်သော နွေဦးည လရောင်၏ ဖမ်းစားခြင်းကို အငိုက်မိ ခံနေ ရပါသလော....။

ခက်သည်မှာထူးဆန်းသောမမြင့်ဝေ၏စကားများပင်ဖြစ်၏။

"မမြင့်ဝေပြောဒါကို ဆရာ နားမလည်ဘူး ..."

"ဒီလိုဆိုရင်....မမြင့်ဝေတောင်းပန်ပါတယ်၊မမြင့်ဝေပြောပုံက မရှင်းလို့ပါ၊ မမြင့်ဝေ ဆိုလို ဒါက....ဆရာ့ကို....စာရေးဆရာတယောက်အနေနဲ့ရော....ဖီလိုဆိုဖီ ကထိကတဦးအနေနဲ့ရော....၊ ပီးတော့... လူတဦး အနေနဲ့ရော....မမြင့်ဝေ....ပြဿနာတရပ်ကို တင်ပြ ဆွေးနွေး ချင်လို့ပါ...."

စောစောက မမြင့်ဝေ ဆိုခဲ့သောစကားကို ကိုသက်ခိုင်က ဆန်းသည်ထင်ခဲ့သည်၊ ယခု ဤစကားကိုမူ....လန့် သည်။

"ဆွေးနွေးဒါတော့....ဆွေးနွေးဒါပေါ့....မမြင့်ဝေ၊ ဒါပေမဲ့....ပြဿနာတရပ်ဆိုလို့တော့....လန့်မိတယ်၊အမှန်က....ဆရာတို့ စာရေးဆရာဆိုဒါဟာ....ပြဿနာ ကြီးတွေကို ဖြေ ရှင်းပြနိုင်တဲ့....ပါရဂူ ပညာရှင်ကြီးတွေ မဟုတ် ပါဘူး၊ ဘဝ ဆိုဒါဟာ....ပြဿနာလို့တော့ခံယူနားလည်ထားတယ်၊ အဲဒီလိုခံယူနားလည်ထားလို့ မြင်တွေ့ရတဲ့ပြဿနာတွေကို အရင်းတိုင်းဘဲ သစ္စာရှိစွာတတ်နိုင်သမျှ ဇာတ်လမ်းအဖြစ်နဲ့ တင်ပြ ပါတယ်၊ ဒီ့ထက်တော့ မပိုချင်ပါဘူး၊ ပိုဘိုဘဲမထိုက်ပါဘူး၊နှစ်ဥ်တိုးကတော့....လူတတ်လုပ်....ဆရာ လုပ်ခဲ့ ဘူး ပါတယ်၊ ဒီ့အတွက်လဲ....နောင်တရပါတယ်...."

"ဒါပေမဲ့....ဆရာက ဖီလို ဆိုဖီ ကထိက တဦး ဘဲ မ ဟုတ်လား...."

"အဲဒီအတွက်လဲ....ပိုကြောက်မိ ပါတယ်....မမြင့်ဝေ၊ ဖီလိုဆိုဖီ ကိုလိုက်မိကာမှ....ကိုယ် မပြောနဲ့....ကိုယ့် ဆရာ့....ဆရာကြီးတွေတောင်မှ....မသိဒါတွေဟာ အများ ဖြစ်နေလို့ ညည်းညူသွားကြဒါကိုသိရတယ်၊ ဖီလိုဆိုဖီ ယူမိလို့....အမြတ် တခုတော့ရပါတယ်၊ အဲဒါဟာ....ငါ....ဘာမှ....မသိသေးဘူးဆိုတဲ့ အသိပါဘဲ မမြင့်ဝေ...."

မမြင့်ဝေက ကိုသက်ခိုင်ကို တချက်စေ့စေ့ကြည့်သည်။

"မမြင့်ဝေနဲ့ စကားမပြောချင်လို့ ဆရာ ငြင်းပယ် နေဒါလား....ဟင်...."

"တောင်းပန်ပါတယ်မမြင့်ဝေရယ်....၊ဆရာလူတွေနဲ့ စကားပြောချင်ပါတယ်၊ လူတွေနဲ့ စကားပြောရခြင်းဟာ အကောင်းဆုံး စာဖတ်ခြင်းပါဘဲ၊ မမြင့်ဝေ အထင်မလွဲရအောင် ဆရာ ပုံတခု တိုတို ပြောပြ ချင် တယ်၊ ဖီလို ဆိုဖါ....သို့မဟုတ် သိပ္ပံ ပညာရှင်ကြီးတဦးရဲ့ အကြောင်းပါဘဲ...."

"ပြောပြပါဆရာ...."

"ယေဘုယျအဖြစ်....သူ့ကိုပညာရှင်ကြီးလို့ဘဲ ခေါ်ကြရအောင်၊ အဲဒီပညာရှင်ကြီးဟာ သိပ်ပညာရှိတယ်၊ သိပ် စေ့စပ်တယ်၊ သိပ်သေချာတယ်၊ သိပ်လဲစဉ်းစားတယ်၊ သိပ်လဲ လက်တွေ့ဆန်တယ်၊ ပီးတော့....သိပ်လဲ....ဂရုစိုက်တယ်၊ တချိန်မှာ သူဟာ....ရောမကျမ်းကြီးတခုကို ပြုစုနေသတဲ့....၊ ညဥ့်အတော်နက်မှ သူဟာအိပ်ရာဝင်တော့ သူဟာ....စာရွက် တရွက် ပေါ်မှာ မှတ်ထား သတဲ့ လေ၊ မှတ်ထား ပုံက...."



(၁) မှိုင်ငြမ်းပြုကျမ်း....စာအုပ်စင်အပေါ်ထပ်မှာ။
(၂) မှိုင်ငြမ်းပြုစာမျက်နှာ....၃၀၁။
(၃) ဖောင်တိန်....စားပွဲအလယ် ဆေးလိပ်ခွက်အနီး။
(၄) မျက်မှန်....ဖောင်တိန်အနီး။
(၅) နာရီ....နံရံဥ္ဇကပ်လျက်။
(၆) ဖိနပ်....ကုတင်ခြေရင်း။

အားလုံးကို အဲဒီလိုမှတ်တမ်းတင်ပီးမှ နောက်ဆုံးမီးမမှိတ်ခင် သေချာအောင် စာရင်းချုပ်လိုက်တယ်။

(၇) ပညာရှင်ကြီး....အိပ်ရာထဲမှာ။

မနက်မိုးလင်းတော့ ပညာရှင်ကြီးဟာ မျက်နှာသစ် ကိုယ်လက်သန့်စင်ပီး သူ့ပစ္စည်းတွေသူအကုန်ပြန်စစ်သတဲ့၊ အဲဒီလိုပြန်စစ်တဲ့အခါမှာ ပစ္စည်းအားလုံးအနက် (၁) ကနေ (၆) ကို နေရာတကျ ပြန်တွေ့သတဲ့၊တခုဘဲခက်ထာက ပညာရှင်ကြီးကိုတော့ အိပ်ရာထဲမှာ မတွေ့တော့ဘူး၊ သူ့ခမြာ အိပ်ရာထဲကပျောက်သွားတဲ့ ပညာရှင်ကြီးကို လိုက်ရှာလိုက်ထာ မတွေ့ဒါနဲ့ အဲဒီညာ ကျမ်းတောင်ဆက်မပြုစုဖြစ်တော့ဘူးတဲ့...."

ကိုသက်ခိုင်၏စကားအဆုံး၌ မမြင့်ဝေက အသံလေးများ သွက်အောင် ရယ်ပြီးမေး၏။

အဲဒီ ပညာရှင်ကြီးကို သူပြန်တွေ့သေးရဲ့လား...."

အဲဒါတော့ မသိဘူး၊ ပုံထဲမှာမပါဘူး၊ တကယ်လို့ပညာရှင်ကြီးကို သူပြန်တွေ့ရင် တခုတော့သေချာတယ်၊ သူ့ကျမ်းကြီးကို သူဆက်ရေးတော့မှာ မဟုတ်ဘူး...."

ဤတကြိမ်တွင်မူ မမြင့်ဝေမရယ်၊ ငြိမ်၍စဉ်းစားနေသည်၊ အတန်ကြာအောင်ပင် ငြိမ်၍စဉ်းစားနေလေသည်၊ ကိုသက်

ခိုင်က သူတို့စကား ဤတွင်ပြတ်ပြီဟု ထင်သည်၊ သို့ရာတွင် မမြင့်ဝေက ငိုင်နေရာမှ ခေါင်းမော့၍ဆို၏။

"ဒါဖြင့်....ဆရာ့ကို လူတယောက်အနေနဲ့ဘဲ မမြင့်ဝေ ဆွေးနွေးနိုင်တော့ဒါပေါ့"

ဤတကြိမ်တွင်ငိုင်သွားရသူမှာကိုသက်ခိုင်ဖြစ်သည်၊နောက်ဆုံးတွင် ကိုယ့်စကားနှင့်ကိုယ် ဖြစ်နေသောကြောင့် သဘောတူရသည်။

"လူတယောက်အနေနဲ့ ဆွေးနွေးရမယ်ဆိုရင်တော့ ဆရာမငြင်းပယ်နိုင်ပါဘူး မမြင့်ဝေ...."

မမြင့်ဝေသည် တိမ်ဖြူတဆုပ် ဖြတ်သန်းသွားခြင်း ခံနေရသောလဝန်းကို မော့ကြည့်လျက် ဖြေးညှင်းစွာသက်ပြင်းရှိုက်ရင်းမေး၏။

"မမြင့်ဝေ သိချင်ဒါကတော့....မေတ္တာ....၊ မေတ္တာဆိုဒါဟာ....ဘာလဲ၊ မေတ္တာဆိုဒါဟာ ဂေဟာသိတပေမမဟုတ်ဘူးဆိုဒါတော့.... ဆရာရေးဘူးလို့ မမြင့်ဝေ စာတရား ကိုယ်သဘောနဲ့ နားလည်တယ်ထင်တယ်၊ ဒါပေမဲ့...လက်တွေ့ဘယ်လိုသဘောပေါက်ရမလဲ....ဒါကိုဆရာဝန်မ တဦးအနေနဲ့ သိချင်တယ်၊မိန်းမသားတဦးအနေနဲ့သိချင်တယ်၊ပီတော့...."

မမြင့်ဝေသည် စကားအဆုံးမသတ်ဘဲရပ်သွားသည်၊ခေတ္တကြာမှ နာကျည်းကြေကွဲသံ သဲ့သဲ့နှင့်ဆက်၏။

"ပီးတော့....အမ.... သို့မဟုတ်.... နှမတဦးအနေနဲ့လဲ....သိချင်တယ်ဆရာ...."

ကိုသက်ခိုင်ကကိုယ့်ကိုယ်ကိုသတိမပြုမိမီ....ထိတ်လန့်စွာနှင့် မမြင့်ဝေ၏ မျက်လုံးများကို ကြည့်မိသည်၊ မမြင့်ဝေ၏မျက်လုံးများကလည်း သူ့ကိုတည့်တည့်ရင်ဆိုင်သည်....၊မမြင့်ဝေ၏မျက်လုံးများက မေးခွန်းထုတ်သောမျက်လုံးများဖြစ်ကြသည်၊မျက်နှာနှင့်ပါးစပ်မှအဖြေကိုတောင်းသောမျက်လုံးများမဟုတ်ကြ၊ အသဲနှလုံးကို စာဖတ်သော မျက်လုံးများသာ ဖြစ်ကြ၏၊ သို့မဟုတ်....ဖြစ်ကြသည်ဟုကိုသက်ခိုင်ကထင်လေသည်။



ဖြေရမှု.... အခက်ကြီးတည်း....၊ ခက်သမင့်.... မဖြေလျှင်မှုလည်းမဖြစ်။

ကိုသက်ခိုင်သည် ဟန်မဆောင်တော့ဘဲ....ပင်ပန်းစွာ သက်ပြင်းရှိုက်လိုက်ပြီးဖြေသည်။

"လူတဦးအနေနဲ့ကိုယ်တွေ့ကိုဘဲဖြေပါ့မယ်ခမြင့်ဝေ၊မေတ္တာမဟုတ်ထာကို မေတ္တာလို့ ယုံခဲ့မိဘူးတယ်....၊ အဲဒီလိုယုံမှားမိလို့ရင်ဟာ....ပူလောင်ခဲ့ရတယ်မမြင့်ဝေ၊ ဘယ်အထိပူလောင်ခဲ့ရသလဲဆိုတော့ မပူလောင်ထိုက်လေမှန်း.... သိတဲ့အချိန်အထိပြင်းပြင်းမဟုတ်တောင်....ငွေ့ငွေ့ပူလောင် နေခဲ့ရတယ်၊ ပူလောင်ခြင်းဟာ....မေတ္တာနဲ့မဆိုင်နိုင်ပါဘူးမမြင့်ဝေ၊ ဘယ်လိုမှမဆိုင်နိုင်ပါဘူး....၊ ဒါကိုဘဲ ဆရာအဖြေပေး တတ်တယ်၊ မကျေနပ် နိုင်တောင်.... ကျေနပ်ပါလို့ဘဲ တောင်းပန်ချင်ပါတယ်...."

မမြင့်ဝေက မျက်လွှာချ နားထောင်နေရာမှ သူ့ကိုပြန်ကြည့်သည်၊ မမြင့်ဝေ၏ မျက်လုံးတို့က မျက်ဝန်းပြာဟန်ရှိသည်၊ ညလရောင်၌....မပြာသောမျက်ဝန်းတို့ပင် ပြာတတ်လေသည်၊ မမြင့်ဝေ၏ မျက်ဝန်းပြာပြာများကို .... ကိုသက်ခိုင်က ပထမဦးစွာအဖြစ် သတိပြုမိသည်၊ သတိပြုမိချိန်၌....ဤမျက်

ဝန်းပြာပြာတို့သည် ဖိသောမျက်ရည်တို့နှင့်လဲ့လဲ့လည်းဝင်း နေလေသည်တကား။

မမြင့်ဝေကနေရာမှဖြေးညှင်းစွာထသည်။


"ကျေးဇူးတင်ပါတယ်ဆရာ၊ မမြင့်ဝေကို .... ဒီလောက်.... လက်ခံစကားပြောတဲ့အတွက်....ဆရာ့ကို....မမြင့်ဝေ....ကျေးဇူး တင်လှပါတယ်၊ ဆရာ့ကို လာအနှောက်အယှက် ပေးမိဒါကို ခွင့်လွှတ်ပါ....၊မမြင့်ဝေ ပြန်ပါအုံးမယ်...."

မမြင့်ဝေက သိမ်မွေ့ညင်သာစွာပင် အပါးမှထွက်ခွာသွား သည်၊လရောင်ဝယ် တရေးရေး မမြင့်ဝေ ပျောက် ကွယ် သွား သည်အထိ ကိုသက်ခိုင်က မျက်စိတဆုံး ကြည့်ကျန် ရစ်သည်။

ညဥ့်နက်သဖြင့် ဆောင်းနှင်းကနွေဦးညကို အနိုင်ကျင့်လာ သည်၊မြောက်လေက ဇွတ်ဝင်တိုးစဉ် နှင်းမှုန်ငွေ့တို့သည် မီးခိုး များသဖွယ်တရိပ်ရိပ် လွင့်ပါးပြေးနေ၏၊ ကုက္ကိုပင်မှ တရှိုက်ရှိုက် မြည်သောကြွေရွက်တို့၏အသံနှင့် ဥသြ၏ တေးသည်သာ နွေ ဦး၏ သနစ်မှန်ကို သတိပေး ကြွေးကျော်နေသည်။

နွေဦးည....၊ရွက်ဝါကြွေသောနွေဦးည....၊

နွေဦးညကို ကိုသက်ခိုင်က သတိပြုမိသည်၊ သို့ရာတွင်.... သူ့ရင်၌ ညောင်းရွက်တို့ မကြွေနိုင် လေသေးပါ တကား....။



အခန်း-၅

## သူနှင့်ကိုယ်

ညဥ့်နက်မှအိပ်ပျော်ခဲ့သော ကိုသက်ခိုင်သည် နောက်တနေ့ နံနက်၌ နေအတန်ငယ်မြင့်မှနိုးလာသည်။

ခေါင်း၌ မူးရီရီရှိနေသောကြောင့် ညကဘည်းမှဖွင့်ထား သောတံခါးဝတွင်သွားရပ်လျက် နံနက်လေကိုရှူသည်။

နွေဦး၏နံနက်သည် အလှပဆုံးဟု ထင်သည်၊ နှင်းလည်း မမှုန်၊ မိုးလည်းမအုံ့၊ နေရောင်ခြည်သည် ကြည်လင်စွာ ကျ ရောက်နေခိုက် လတ်ဆတ်သောလေချိုက သွေးနေသေးသည်၊ ကန္တာရပင်ငယ်တို့နှင့် မြက်ခင်းတို့ထက် ညက ကြွင်းဥကျန်ရစ် သော နှင်းပုလဲတို့ ပြိုးပြိုးပြက်ပြက်ဝင်းလက်နေသည်ကို မြင်ရ ၏၊စာငှက်ငယ်တို့ လူးလာကူးပျံမြူးရွှင်နေခိုက် ဥသြသံက လည်း မှန်မှန်လေးလေး ပေါ်ထွက်လာနေ၏။

သန့်ရှင်းသောလေအေးကို ရှူရှိုက်ရသဖြင့် ကိုသက်ခိုင်၏ ဦးနှောက်သည် ကြည်သင်လာပြီး ရင်မှာလည်း အေးမြလန်း ဆန်းလာခဲ့၍၊ ဤသို့ အေးချမ်းထွန်းသစ်သော နံနက်ခင်းကို ကြုံရပြန်သော် ခြောက်-အိပ်မက်တို့၏ညမှာ တကမ္ဘာခြားကျန် ရစ်သယောင် ထင်မိသည်။

ဤလောကဝယ်....အစစမတည်မြဲဟုဆိုရာ၌ နေ့ပမာ သာ ယာလှပမှုများသာမက ညပမာဆိတ်သုဉ်းကြေကွဲဘွယ်ရာများ သည်လည်း အကျုံးဝင်လေရကား ပြောင်းလဲခြင်း မည်သည်

ဘဝအတွက်မရှိမဖြစ် လိုအပ်လှပေသည်ဟု....ကိုသက်ခိုင်က စောစောစီးစီးတွင် အဘိဓမ္မာဆန်ဆန် တွေးမိပြီး ပြုံးလည်း ပြုံးမိသွား၏။

ကိုသက်ခိုင်သည် ပေါ့ပါးသောစိတ်ဖြင့် မျက်နှာသုတ်ပုဝါ သွားတိုက်ဆေး၊ဆပ်ပြာ၊ ရေလဲလုံချည်တို့ကို ယူ၍ အောက်ထပ်ရှိရေချိုးခန်းသို့ သွက်လက်စွာဆင်းလာခဲ့သည်။

ရေချိုးပြီးနောက် အဝတ်အစားလဲ၍ ထမင်းစားခန်းဆီသို့ တဖန်ပြန်ဆင်းလာသောအခါ ကျောင်းဝင်းအတွင်း တပတ်လှည့်လည်စစ်ဆေးရာမှ ပြန်ရောက်ခါစ ဦးဘရီနှင့် ဆုံတွေ့သည်။

"ရှစ်နာရီတောင်ခွဲနေဘီ၊ ညက ကိုယ့်ညီ တော်တော်အိပ်ကောင်းတယ်ထင်တယ်၊ ဒါမှမဟုတ် တော်တော်နဲ့အိပ်မပျော်ဘူးထင်တယ်၊ ဟုတ်စ...."

"နှစ်ခုစလုံးမှန်လိမ့်မယ် ထင်ပါတယ်၊ ဒါထက် ကိုကြီးရို့တို့ကော စားသောက်ပြီးကြဘီလား...."

"မပီးသေးပါဘူး၊ ကိုယ့်ညီကို စောင့်နေဒါ၊ ကဲ....ဦးဘနှင်းရေ....ပြင်ပေတော့....၊ ဆရာဦးမြသန်းကိုပါ ခေါ်ခဲ့ပါ...."

မကြာမီပင် နံနက်လဘက်ရည်ဝိုင်း စကြသည်၊ ကော်ဖီကြမ်းကတခရား၊ နို့နှင့်သကြားကသပ်သပ်၊ ကြိုက်သလိုဖျော်သောက်ရန်ဖြစ်သည်၊ သစ်သီးယိုမြုပ်ကိတ်မုန့်၊ ကြက်ဥကြော်၊ စားတော်ပဲပြုတ်ဆီဆမ်း၊ရေမုန့် (မုန့်ရေ)တို့နှင့် စားဘွယ်တို့လည်းစုံသည်၊ လဘက်ရည်ကြမ်းလည်းပါ၏။

ကိုသက်ခိုင်က ကော်ဖီကြမ်းတွင် နို့မထည့်ဘဲ သကြားအနည်းငယ်ခပ်၍ စီးကရက်ဖွာရင်း ဇိမ်ခံသောက်သည်။



"ကိုယ့်ညီ....မစားသေးဘူးလား...."

"ကိုကြီးတို့စားနှင့်ပါ၊ ကျွန်တော်က မနက်လင်းလင်းခြင်း ကော်ဖီခါးခါးတခွက်သောက်ထာ အကျင့် ပါနေလို့ပါ...."

သို့ရာတွင် မည်သူမျှစမစားကြသဖြင့် ကိုသက်ခိုင်ကကော်ဖီကိုလက်စသတ်ကာ ခံတွင်းမှ အချိုအရသာကို လဘက်ရည်ကြမ်းနှင့်ရှင်းပစ်ပြီး ရေမုန့်ကိုစကိုင်သည်။

"ကိုယ့်ညီကြိုက်ပါ့မလားမသိဘူး၊ မုန့်ရေခေါ်တယ်၊ ဒီဘက်နယ်တွေမှာတော့....နာမည်ကြီးဘဲ...."

"ပြည်ဘက်ကျတော့ ရေမုန့်လို့ခေါ်တယ်၊အတူတူပါဘဲလေ....၊ ရေမုန့်မစားရဒါ ဆယ်နှစ် ကျော်ဘီ၊ ကျွန်တော့်အထင်တော့....အရသာအရှိဆုံး ဗမာမုန့်တခုဘဲ ကိုကြီး...."

ရေမုန့်နှင့် ပဲပြုတ်ဆီဆမ်းသည် ဘက် မ ယှဉ် သာအောင် လိုက်လှသည်၊ သူ့စကားနှင့်အညီပင် ကိုသက်ခိုင်ကမြိန်ယှက်စွာစားသည်။

"ဒါထက်....ညက....ဆရာ့တယောသံ ကျွန်တော် ကြားလိုက်ပါသေးတယ်...."ဟု ဆရာဦးမြသန်းကဆိုသည်။

"ဟုတ်တယ်....ညက ရုတ်တရက်အိပ်မပျော်လို့ တယောဆင်းထိုးမိဒါပါ၊ ပီးတော့ ဟိုဘက် ဦးဗိုလ်သင်းတို့ အိမ်ကညည့်သည် ဒေါက်တာ မမြင့်ဝေဆိုဒါနဲ့တောင် အတော်ကြာကြာ စကားပြောနေမိသေးတယ်...."

ဦးဘရီက ဘာမျှမှတ်ချက်မပေးသော်လည်း ဦးမြသန်းက လူငယ်ပီပီ စိတ်ဝင်စားဟန်နှင့် ကိုသက်ခိုင်အား တချက်တွေတွေ စိုက်ကြည့်ပြီးဆို၏။

"ဟား....၊ဆရာကတယ်ဟုတ်ပါလား၊ မမြင့်ဝေနဲ့တောင် ညတွင်းချင်းအသိဖြစ်သွားသကိုး၊အဲဒီ....မမြင့်ဝေဆိုဒါက...."

ဦးမြသန်းသည် ကျောင်းအုပ်ကြီးဖြစ်သူရှိနေကြောင်းသတိရမိဟန်နှင့် ဦးဘရီကို တချက်လှမ်းကြည့်လိုက်ပြီး စကားကို တပိုင်းတစရပ်ပစ်လိုက်သည်။

"ဆိုပါအုံး-ဆရာ့ဟာက...."ဟု ဦးဘရီက လိုက်လျောစွာဝင်ပြောမှ ဦးမြသန်းကစကားဆက်သည်။

"ဘာမှမဟုတ်ပါဘူး....၊ အဲဒီ မမြင့်ဝေဆိုဒါက အတော်ချောတယ်လို့ပြောမလို့ပါ၊ ဘယ့်နှယ်လဲ....မချောဘူးလား ဆရာ...."

"အင်း....ဦးမြသန်းက ချောတယ်လို့ဆိုနေမှ....ဆရာကလဲ လိုက်ချောရတော့မှာပေါ့....၊မဟုတ်ဘူးလား...."

ကိုသက်ခိုင်က အနှောင့်မလွှတ် အသွားမလွှတ် ပြန်ဖြေလိုက်သဖြင့် လူရိုးဦးမြသန်းမှာ ပြာပြာသလဲကာကွယ်ပြောရှာသည်။

"မလုပ်ပါနဲ့ဆရာရယ်....၊ကျွန်တော်က ချောလို့ချောဒါကို ချောတယ်လို့....ရိုးရိုးပြောမိဒါပါ၊ ဟိုလို....ဒီလို မမှန်းရဲပါဘူး၊ အဲ....တင်စားပြောရရင်....မမြင့်ဝေ ဆိုဒါက ပင်မြင့်က ငွေသဇင်ပါ...."

"ဒီလောက်တောင်ဘဲလား....ဦးမြသန်းရဲ့...."

"ဒီလောက်တောင်ဘဲခင်ဗျ....၊ရုပ်ချောသ ဆုရာဝန်ဘွဲ့ရထားတယ်၊ မိဘက မကွေးမျက်နှာဖုံးသူဌေး၊ ဘိုးဘွားတွေက ရေနံချောင်း တွင်းစားမျိုးရိုး...."



ကိုသက်ခိုင် ငိုင်သွားသည်၊ ဘိုးဘွားတွေက....ရေနံချောင်းတွင်းစားမျိုးရိုး၊ မိဘက....မကွေးမျက်နှာဖုံးသူဌေး၊ ဆရာဝန်ဘွဲ့ရထားသည်၊ အနှိုင်းမဲ့သောသတို့နှင့်ပြည့်စုံသော ပင်မြင့်က ငွေသဇင် မမြင့်ဝေ....၊ ထိုမမြင့်ဝေသည် ညကမူ အိပ်မပျော်နိုင်၍ စက်ခန်းကိုစွန့်ခဲ့လေသော မိန်းမပျို တဦးမျှသာတည်း၊ မေတ္တာတရား၏ အနက်အဓိပ္ပါယ်ကိုရှာလေသော မျက်ရည်ဝဲတတ်သည့် မိန်းမပျိုတဦးသာလျှင် ဖြစ်သတည်း....။

အိမ်ရှေ့မှ စက်ဘီးတစီး၏ဘီးများလှိမ့်ဝင်လာသံ၊ ရပ်သံ၊ ထို့နောက်....ဘဲ(လ်)တီးသံတို့ ဆက်တိုက်ပေါ်လာသည်။

"ဘယ်သူလဲဟေ့....ဝင်ခဲ့လေ"

ဦးဘရီက အော်ပြောသည်။

အခန်းတွင်းသို့ လူငယ်တဦးဝင်လာသည်။

သူသည် ကျောင်းအုပ်ကြီးအား ရိုသေဟန် ဦးလေးညွှတ်၍ နှုတ်ဆက်သည်၊ ဦးမြသန်းအားလည်း ခင်မင်ဟန် ပြုံးပြုသည်၊ ရုပ်ရည်မှာ နုနယ်၍ချောမောသည်ဟု ခေါ်နိုင်သည်၊ မျက်နှာသည်ပြုံးလျက် ဖြစ်သော်လည်း အိနွဲ့ရှိ၏၊ ခါး၌ ချည်လုံချည်ကွက်ကြဲဘိုတို၊ ကိုယ်၌အောက်ခံအင်္ကျီဖြူ ကော်လာနှင့် ဖျင်ပင်နီအထူစား အပေါ်ဝတ်အင်္ကျီတို့ကို ဝတ်ဆင်ထား၏၊ တကြိမ်က ဖြူခဲ့ဟန်ရှိသော အသားသည်နေလောင်ထားသဖြင့် နီညိုညိုဖြစ်နေသည်၊ ဆံပင်ကို လုံးဝ ခွဲမထားသောကြောင့် ရှင်းရှင်းနှင့်မသပ်မရပ်၊ ပုခုန်းထက်၌ လွယ်အိတ်တလုံးကို လွယ်ထားသည်၊

"လာ....ထိုင်ဟေ့....မောင်စောနောင်၊ ကော်ဖီလဲသောက်ကွဲ့၊ ဘယ့်နှယ် စောစောစီးစီး ပေါ်လာသလဲ...."

ဦးဘရိက ဖိတ်ခေါ်သောကြောင့် မောင်စောနောင်သည် စားပွဲရှိကုလားထိုင်တလုံး၌ ဝင်ထိုင်သည်၊ ဝင်ထိုင်ပြီးမှ တည်ကြည်စွာနှင့်စကားပြန်သည်။

"ကျောင်းဆောင်ဘက်လဲ လာရင်း၊ ခုံစာရင်းလဲ ကြည့်ရင်း ဆရာကြီးနဲ့ လဲတွေ့ရင်း ပီးတော့...."

မောင်စောနောင်က ကိုသက်ခိုင်ကို လှမ်းကြည့်လိုက်ပြီး- "ဆရာဦးသက်ခိုင်ထင်ပါတယ်၊ ဆရာဦးသက်ခိုင်ကိုလဲ စာတစောင်ပေးရင်း ဝင်လာဒါပါ"ဟု ဆိုသည်။

"စာတစောင်....ဘယ်ကလဲ...."

"ဆရာ ကိုထွန်းငွေဆီကပါ၊ မောင်ညိုမှိုင်းဆိုရင်ဆရာသိပါတယ်တဲ့...."

မောင်စောနောင်က လွယ်အိတ်တွင်းမှစာတစောင်ကို နှိုက်ပြီး ကိုသက်ခိုင်ကိုပေးသည်၊ ကိုသက်ခိုင်ကစိတ်ဝင်စားဟန်နှင့် စာအိတ်ကိုဖွင့်၍ ဘတ်ကြည့်သည်။

"ဖိုးသက်ခိုင်....

ညက ရုပ်ရှင်ရုံမှာ စံရွှေကြီးနဲ့ တွေ့လို့ မောင်ရင်ရောက်နေကြောင်း ငါသိရတယ်၊ ငါ့ရဲ့ ဝက်တို့ဘဲတို့ စံရာ ဗွက်အိုင်သာနန်းကို အလည်လာဘို့မင်းကို ဖိတ်ခေါ်တယ်၊ ကြိုက်တဲ့အချိန်လာခဲ့၊ဘဲသားဟင်း ချက်ကျွေးမယ်။

အခုစာယူလာတဲ့ မောင်စောနောင်ကလဲ....မင်းကိုတွေ့ချင် သိချင်သူတဦးဘဲ၊ သူက....မကွေး ကောလိပ်ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌဟောင်းဘဲ၊ မင်းတို့ရဲ့ ပညာရေး စံနစ် ကောင်းကြီးကြောင့် သုံးခါကျနဲ့ ကျောင်းထွက်နေရသူဘဲ၊အေး....ဒါပေမဲ့.... ကျောင်းသားခေါင်းဆောင်တဦး အနေနဲ့တော့....ရပ်တည်နေဆဲဘဲ၊ တက္ကသိုလ် ဆင်စွယ်နန်းပေါ်မှာ ကထိကကြီးအဖြစ် ရောက်နေပေမဲ့.... မင်းတယောက် ကတော့ ကျောင်းသား ခေါင်းဆောင်တဦးကိုရင်ဆိုင်ရဲလိမ့်မယ်လို့....ငါယုံကြည်တယ်။

မင်းဆက်ဆက်လာခဲ့ပါ၊ ဘဲသားကို မရမ်းသီးစိမ်းအုပ်ပီး....ဆနွင်း ဝါဝါနဲ့ ဆီပြန် ချက်ကျွေးပါ့မယ်။

မင်းတို့ခေါ်တဲ့....

ကျွန်ုပ်....

မောင်ညိုမှိုင်း...."

ကိုသက်ခိုင်သည် ညိုမှိုင်း၏စာကို ဘတ်မိစဉ် ဝမ်းလည်းသာမိသည်၊ဝမ်းလည်းနည်းမိ၏။

ကိုသက်ခိုင်က မောင်စောနောင်ကို ကြည့်ပြီးဆိုသည်။

"ညိုမှိုင်းက မောင်စောနောင်ကိုဆရာနဲ့ မိတ်ဖွဲ့ပေးလိုက်တယ်၊ တွေ့ရဒါဝမ်းသာပါတယ်....မောင်စောနောင်"

ကိုသက်ခိုင်ကနေရာမှထ၍မောင်စောနောင်ကို လက်ကမ်းပေးသည်၊ ပထမသော်.... မယုံကြည်နိုင်လေသည် လောမသိ၊ မောင်စောနောင်ကမျက်မှောင်မသိမသာတွန့်၍ ကိုသက်ခိုင်ကို ကြည့်သည်၊ ခဏကြာမှ လက်ဆွဲနှုတ်ဆက်သည်။

နှစ်ဦးလုံးပြန်ထိုင်မိကြသောအခါ ကိုသက်ခိုင်ကမေးသည်။

"စောစောက မောင်စောနောင်က ခုံနံပါတ်လဲလာကြည့်တယ်ပြောတယ်၊ စာမေးပွဲဖြေမလို့လား"

"ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ အိတ်စတားနဲ့(လ်)ကင်ဒီဒိတ်(ပြင်ပမှဖြေဆိုသူ)ပါ၊ ကျွန်တော်က သုံးခါကျကျောင်းသားပါ"

"မောင်ညိုမှိုင်းရဲ့စာထဲမှာ ပါပါတယ်၊ ဒါထက် မောင်စောနောင် သယ်အတန်း ဖြေမှာလဲ"

"ဒုတိယနှစ် ဥပစာဝိဇ္ဇာပါဆရာ"

"ဘာသာတွဲကကော...."

"တက္ကဗေဒ၊ သမိုင်းနဲ့ စိတ်ကြိုက်မြန်မာစာပါ၊ အောင်ရင်တော့ မန္တလေးတက္ကသိုလ်ရောက်ပြီး....ဆရာ့တပည့်ဖြစ်လာလိမ့်မယ် မျှော်လင့်ဒါပဲ၊ အင်းလေ....အောင်ရင်ပေါ့...."

တက္ကဗေဒကို ဥပစာတန်းများ၌ ယူလာသူများသည်ဝိဇ္ဇာတန်း၌ ဖီလိုဆိုဖီခေါ် ဒဿနိကဗေဒကို ယူရိုးဖြစ်၍၊ ဤသည်ကို ရည်ရွယ်၍ မောင်စောနောင်က ပြောလိုက်ခြင်း ဖြစ်၏။

"အင်းလေ....အောင်ပါစေလို့ ဆရာဆုတောင်းပါတယ်၊ နောင်နှစ်ဆရာ့အတန်းမှာ မောင်စောနောင်ကို ဆရာမြင်ချင်ပါတယ်"

မောင်စောနောင်သည် ဘာကိုသဘောကျသည်မသိ ပြုံးလိုက်ပြီးဆို၏။

"ဆရာ့အတန်း ကျွန်တော်ရောက်မှ ဆရာစိတ်ညစ် နေရအုံးမယ်နော်...."

"မောင်စောနောင် ဘာကိုဆိုလိုသလဲ....၊ ဆရာ့ကိုယ်တွေ့ပြောရရင်တော့ တပည့်တယောက်အတွက် တခါမှ စိတ်မညစ်



ဖူးဘူး....၊တပည့်အတွက်စိတ်ညစ်တတ်ရင်လဲ ဆရာတယောက်ဟာ ဆရာသက်ဗိုင်း မရှည်နိုင်ပါဘူး...."

ဦးဘရီသည် ကိုသက်ခိုင်၏စကားကို သဘောကျထောက်ခံဟန်ပြုံးရင်း ခေါင်းတညိတ်ညိတ် လုပ်နေ၏၊ တပည့်များအတွက် စိတ်ညစ်စတမ်းဆိုလျှင်စိတ်ညစ်ရမည့်လူတန်းစားတွင် ကျောင်းအုပ်ကြီးများက ထိပ်တန်းမှပါသည်၊ စိတ်ညစ်ရမည်ကိုကြောက်စတမ်းဆိုလျှင်လည်း ကျောင်းအုပ်ကြီးလုပ်ဝံ့မည့်သူရှိလေမည်မဟုတ်၊ အထူးသဖြင့် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းအုပ်ကြီးလုပ်ဝံ့မည့်သူ ရှိလေမည်မဟုတ်၊ ထို့ကြောင့်လည်း ကိုသက်ခိုင်၏စကားကို သဘောကျ၍ပြုံးရင်း ခေါင်းညိတ်နေခြင်းဖြစ်ပေ၏။

ဦးဘရီသည် ခေါင်းညိတ်ခြင်းကိုရပ်လိုက်ပြီး မုန့်ပွဲများကိုဆွဲယူပေးရင်း "ကဲ ပြောချင်ဒါလဲပြောပေါ့ကွာ-မုန့် လဲစားအုံး၊ လဘက်ရည်လဲသောက်အုံး မောင်စောနောင်" ဟုတိုက်တွန်း၏။

မောင်စောနောင်သည် ကျောင်းအုပ်ကြီး၏တိုက်တွန်းချက်ကို လေးစားစွာ ဦးခေါင်းညွတ်လက်ခံပြီး မုန့်တခုယူစား၍ လဘက်ရည်ကြမ်းတခွက် ယူသောက်သည်။

ဦးမြသန်းက မောင်စောနောင်ကိုမေးသည်။

"မင်း....မင့်မမမြင့်နဲ့ တွေ့ပီးပလား...."

မောင်စောနောင်သည် ဖြတ်ကနဲ ဦးမြသန်းကိုလှည့်ကြည့်ပြီး အံ့အားမသင့်ဟသင့်နှင့်ပြန်မေး၏။

"ဟင့်အင်း.... မမမြင့်ရောက်နေပြန်ဘီလား...."

"ရောက်နေတယ်၊ ညက....ဆရာ ဦးဗိုလ်သင်းတို့အိမ် လာ

အိပ်တယ်၊ ဪ....ဒါထက် ဆရာဦးသက်ခိုင်....၊ မောင်စောနောင်ဟာ....မမြင့်ဝေရဲ့....မောင်လေ....၊ မောင်တဝမ်းကွဲ...."

ကိုသက်ခိုင်၏သဏ္ဍာန်သည်....ဂရုပြုမိမည်ဆိုပါက အနည်းငယ် လှုပ်ရှားသွားကာ "ဪ...."ဟု တခွန်းသာ ဆိုပြီး မောင်စောနောင်အားစိုက်ကြည့်နေ၏။

မောင်စောနောင်က ဦးသက်ခိုင်ဘက်လှည့်မေးသည်။

"ဆရာက....မမြင့်နဲ့ သိပါသလား...."

"သိတယ်လို့ ဆိုရမှာပေါ့လေ၊ အမှန်ကတော့....မနေ့ညကမှစ....စကားပြောဘူးဒါပါ...."

မောင်စောနောင်သည် စကားမပြောတော့ဘဲ လဘက်ရည်ကြမ်းကို ဆက် သောက် နေ ၏၊ လဘက်ရည်ကြမ်းကို ဆက်သောက်နေပုံမှာ အမှတ်မထင်ပြုနေဟန်ပေါ်သော်လည်းမျက်နှာထားသည် သိသိသာသာ ပြောင်းလဲနေကြောင်း ကိုသက်ခိုင်က သတိပြုမိ၏။

စကားများပြတ်ကာ ခေတ္တ တိတ်ဆိတ် သွားပြီးနောက် ဦးဘရီသည် နေရာမှထရင်းပြော၏။

"ကိုကြီးတော့...,ကျောင်းရုံးဘက်သွားလိုက်အုံးမယ်၊ ဦးမြသန်း....ခင်ဗျားဆရာ မြို့ထဲရောက်ကြည့်ဘို့ စီစဉ်အုံးလေ....၊ မိုးသက်ခိုင်ရေ....ကိုကြီးတော့ မလိုက်အားဘူး...."

ဦးဘရီနှင့်အတူ ဦးမြသန်းကလည်း နေရာမှထသည်။

"ဟုတ်ပါရဲ့.... ကျွန်တော် အဝတ်အစားလဲပြီး....မြို့ထဲက ငှက်ဖျားရောဂါ နှိမ် နင်း ရေး ဌာ န က မိတ်ဆွေဆီ ကားသွားငှားလိုက်အုံးမယ်၊ မောင်စောနောင်နဲ့ စကားပြောနေရစ်ပေါ့...."



နှစ်ဦးချင်း ကျန် ရစ်သော အခါ မောင်စောနောင်သည် ကိုသက်ခိုင်ကိုကြည့်ပြီး တစုံတခုကိုပြောသင့်မပြောသင့် ချိန်နေဟန်ပြုသည်၊ ဤသည်ကိုရိပ်မိသောကိုသက်ခိုင်ကမေး၏။

"ပြောလေ....မောင်စောနောင်....၊ဆရာ့ကို ဘာပြောချင်လို့လဲ...."

ထိုအခါကျမှ မောင်စောနောင်သည် လွတ်လပ်စွာရယ်ပြီး လွတ်လပ်စွာပြော၏။

"ဒါကြောင့် ဆရာ့ကို ဆရာကိုထွန်းငွေကပြောဒါ...."

"ဟုတ်လား....မောင်ညိုမှိုင်းက ဘာပြောသလဲ...."

"ဆရာကိုထွန်းငွေက ပြောတယ်....၊ ဆရာဟာ လူကဲခတ်သိပ်ကောင်းသတဲ့...."

ပြုံးနေသော ကိုသက်ခိုင်၏ မျက်နှာသည် ရုတ်တရက် လျော့ကျ သွား၏၊ မောင်ညိုမှိုင်းသည် ဤသူငယ်ကို သူ့အကြောင်း မည်သည်တို့ကို မည်မျှအထိပြောထားပါသနည်း။

ကိုသက်ခိုင်သည် ချက်ခြင်းပြန်ပြုံးပြီးဆိုသည်။

"မောင်ညိုမှိုင်းက ဆရာ့ကို ဒီအတိုင်းချီးမွမ်း ရင် ကျေးဇူးတင်ရမှာဘဲ....၊ဒီကောင်ကြီးက ချီးမွမ်းခဲတယ်....၊ လူများကို မပြောနဲ့ ၊သူ့ကိုယ်သူတောင်မချီးမွမ်းဘဲ အားရင်ဝေဖန်နေတဲ့ကောင်ကြီးဘဲ၊ အဲလေ....၊ဒါထက်....မောင်စောနောင် ဘာပြောမလို့လဲ....ပြောလေ...."

"မပြောတော့ပါဘူးဆရာ၊ ကျွန်တော်က ရိုးရိုးနဲ့ ဘွင်းဘွင်းဘဲပြောတတ်တယ်၊ ဆရာနဲ့ ကျွန်တော်ကသိပ်မရင်းနှီးသေးဘူး၊ခုနင်က ဆရာဆုတောင်းသလို ကျွန်တော် စာမေးပွဲ

အောင်ပြီး မန္တလေး တက္ကသိုလ် ရောက်လို့ ဆရာ့တပည့်ဖြစ်တဲ့အခါကျမှ ဆရာ့ကို ကျွန်တော်ပြောစရာတွေ-မေးစရာတွေဆွေးနွေးစရာတွေ အများကြီးရှိတယ်”

“ဒီလိုဆိုရင် ဆရာလဲ ဝမ်းသာပါတယ်၊ ဆရာတို့ကလဲ တပည့်တွေကို ပြောစေချင်တယ်၊ မေးစေချင်တယ်၊ ဆွေးနွေးစေချင်တယ်၊ စာသင်ရာမှာ ဆရာစိတ်အပျက်ဆုံးက တပည့်တွေဟာ မပြောဘဲ၊ မမေးဘဲ၊ မဆွေးနွေးဘဲနဲ့ သင်သမျှ....ဆိုသမျှကို နို့သက်ခံ မျိုချနေဒါကိုဘဲပေါ့၊ ဆရာထပ်ဆင့်ပြောမယ်၊ မောင်စောနောင်ကို ဆရာ စောင့်မျှော်နေပါ့မယ်”

စကားစ ပြတ်သွားကြသည်၊ သို့ရာတွင် ဆိတ်ငြိမ်ခြင်းကို အိမ်ရှေ့မှ ကားတစီးဆိုက်သံက ဖို့ခွင်းလိုက်၏။

မကြာမီ အခန်းဝ၌ မမြော်လင့်သူနှစ်ဦးပေါ်လာသည်။

တဦးမှာ ကိုသက်ခိုင်၏ တပည့်ရင်း မကွေး ကောလိပ်တက္ကဗေဒဌာနမှူးလက်ထောက်ကထိကအမျိုးသမီးအဆောင်မှူး မတင်စန်းဖြစ်သည်၊ အခြားတဦးကား....မမြင့်ဝေပင်တည်း။

မမြင့်ဝေက ကိုသက်ခိုင်အား အထူးစကားမဆိုဘဲ ရိုးသားတည်ငြိမ်သောအပြုံးလေးနှင့်သာ နှုတ်ဆက်သည်၊ ကိုသက်ခိုင်အား ပြုံးနှုတ်ဆက်ပြီးသောမမြင့်ဝေ၏မျက်လုံးများက မောင်စောနောင်ထံရောက်သွားသည်။

မောင်စောနောင်က သူ့အမ ဝင်လာသည်ကို အလေးအနက် ဂရုတမူမပြုဘဲ “ဩော်....မမမြင့် ပါလား”ဟု သာမန်သာနှုတ်ခွန်းဆက်သည်၊ သို့ရာတွင် ဤသာမန် အမူအရာမှာ



ထိန်းချုပ်ဟန်လုပ်ပြုပြင်ထားသော အမူအရာဟု ကိုသက်ခိုင်၏စိတ်တွင်ထင်မိသည်။

မမြင့်ဝေက လွတ်လပ် ပေါ့ပါးစွာလှုပ်ရှား၍ သူ့မောင်အနားတွင် သွားထိုင်လေသောအခါ ကိုသက်ခိုင်က အာရုံကိုသူတို့ထံမှလွှဲယူ၍ မတင်စန်းနှင့် စကား ပြောရသည်။

“ဒါထက်....မတင်စန်းနဲ့ ကျောင်းသူတွေ....စက်တော်ရာသွားဖူးနေကြတယ်ဆို၊ ဘယ်တုန်းက ပြန်ရောက်နေကြဒါလဲ”

“အခု မနက်အစောကြီး ဘဲဆရာ၊ မနေ့ညနေထဲက ပြန်ရောက်ဘို့ဘဲ၊ လမ်းမှာ ကားပျက်နေဒါနဲ့ မင်းဘူးရောက်တော့မိုးချုပ်နေဘီ၊ ဒါကြောင့်မို့ မနက်ကြမှကူးလာခဲ့ဒါ၊ ရောက်ရောက်ခြင်း ဆရာဦးဗိုလ်သင်းတို့အိမ်ကနေ ဆရာရောက်နေဒါကြားလို့လာခဲ့ဒါ၊ ဆရာ ဒီမှာဘယ်လောက်ကြာမလဲ....”

မတင်စန်းက ကိုသက်ခိုင်၏အနီးရှိ ကုလားထိုင်တလုံးတွင်ယို့ယို့ဝင်ထိုင်ရင်း စကားအဆုံးသတ်၍ မေး၏။

“လေယာဉ်ပျံက သဘက်ခါမှရှိတယ်၊သဘက်ခါကျတော့မှဘဲ ဆရာ ပြန်ရမယ်....”

“ဟာ....ဒါဖြင့်အတော်ဘဲ....ဆရာ့ကို ကျမအများကြီး ပူဆာစရာတွေရှိတယ်....”

“ဘာလဲ....ဒီမိုးတွင်း ကျောင်း ပြန်ဖွင့် ရင်....မန္တလေးပြန်ပြောင်းချင်တယ်မဟုတ်လား....”

မိမိပူဆာမည်ကို ဘခင်ဖြစ်သူက ကြိုတင် သိသွားခြင်း ခံရသော ခလေးတယောက်ပမာ မတင်စန်းသည် ပြုံးတချက်ရယ်တချက်နှင့် စကားမပြန်ဘဲ ဝန်ခံသည်။

ကိုသက်ခိုင်ကလည်း နားလည် စာနာ စွာဖြင့် မတင်စန်းအား ပြုံးရယ်ကြည့်နေမိသည်။

ထိုခေတ် အခါက တက္ကသိုလ်ဆရာ-ဆရာမ တို့မှာ မိခင်တက္ကသိုလ်ကြီးများ၌သာ တွယ်ကပ် နေလိုသည်၊နယ်ကောလိပ်များသို့ပြောင်းရသည်ကို မဲဇာပို့ ခံရသည့်အလား ထင်မှတ်ကြသည်၊ နည်းပြ-သရုပ်ပြနှင့် လက်ထောက် ကထိက ဆရာ-ဆရာမငယ်များဘက်မှကြည့်လျှင် ဤသို့ထင်မှတ်ခြင်းမှာ မလွန်လွန်းလှ၊တက္ကသိုလ်ဆရာ-ဆရာမများအဘွက်တက်လမ်းမှာလုပ်သက်ရင့်မှုပေါ်မတည်၊ ဘွဲ့ ဒီဂရီအဆင့်မြင့်မှုပေါ်၌သာ တည်သည်၊ ဝိဇ္ဇာ၊ သိပ္ပံစသော ရှေးဦးဘွဲ့သာ ရသေးသော ဆရာ-ဆရာမငယ်တို့သည် မိခင်တက္ကသိုလ်၌သာ နေရပါက အမှု ထမ်းရင်း ဘွဲ့လွန်သင်တန်းများတက်ခြင်းဖြင့် မဟာဝိဇ္ဇာ- မဟာ သိပ္ပံဘွဲ့ များကိုရရှိနိုင်သည်၊ ဤဘွဲ့ကြီးများသည်သာ တက္ကသိုလ် ဝန်ထမ်းတဦးအတွက် ဘဝအာမခံချက် ဖြစ်လေသည်၊ နယ်ကောလိပ်များသို့ အပို့ခံရလျှင်ဆိုခဲ့သောအခွင့်အရေးမျိုး မရှိရကား ဆရာ-ဆရာမငယ်များမှာ မဲဇာ၏အကျဉ်းသားပမာ စိတ်အားငယ်ကြရှာသည်၊ ပညာကြီးပြီး ရာထူး ကြီးလျက် နှလုံးသားမကြီးနိုင်ကြရှာသူ အချို့သော ဆရာ့ဆရာ ကြီး များကြောင့်လည်း မဲဇာ၏ အကျဉ်းသမား....အကျဉ်း သမ ကလေး များ အကယ်ရှိနေကြသည်။

ဤအတွေးကြောင့် ကိုသက်ခိုင်သည် မတင်စန်း အား နားလည်စာ နာစွာ ပြုံးရယ် ကြည့်နေ မိသော်လည်း ရင်တွင်း ၌ နှင့်တင့်တင့်ဖြစ်နေမိ၏။



အတန်ကြာမှ အားပေးသော ထပ် ဆင့် ပြုံးနှင့် ဖျောင်းဖျဆိုသည်။

"မပူပါနဲ့ မိစန်းရယ်၊ ဆရာ ခဏခဏပြောဘူးတဲ့ စကားကိုဘဲပြန်ပြောမယ်၊ မင်းတို့ဟာ....ဆရာတို့....ပြုစု ပျိုး ထောင်လာရတဲ့ ကောက်ပင် တွေဘဲ၊ ဒီအပင် လေးတွေ ကြီးထွားအောင်မြင်လာဘို့ ဆက်လက်ပြုစုပျိုးထောင်ပေးဘို့က ဆရာတို့တာဝန်ပါ၊ ဆရာ့အနေနဲ့ ဒီဂတိကိုတော့ ရဲရဲ ပေးနိုင်တယ်"

မတင်စန်းက စကားမပြန်တော့ချေ၊ သို့ရာတွင်မမြော်လင့်သူထံမှ မေးခွန်းတရပ် ကြားဖြတ်ပေါ်လာသည်။

မေးသူမှာမောင်စောနောင်ဖြစ်၏။

"ကျွန် တော် တို့.... ကျောင်း သူ ကျောင်း သား တွေ၊ ပီးတော့....ဆရာမ ဒေါ်တင်စန်းတို့လို တပည့်ဟောင်းတွေဟာ ကောက်ပင်ကလေးတွေ၊ ဆရာတို့က စိုက်ပျိုးသူ လယ်သမားကြီးတွေ၊ ဒီ တင်စား ချက်ကို ကျွန်တော် ကြိုက် တယ် ဆ ရာ၊ ဒါပေမဲ့....တခုဘဲမေးချင်တယ်၊ ကျွန်တော် မှားရင် ခွင့်လွှတ်ပါဆရာ၊ ကောက်ပင်ပျိုးပင်က မျိုး ဘယ်လောက် ကောင်းကောင်း၊စိုက် သူ ပျိုးသူကစေတနာဘယ်လောက်ရှိရှိ၊ မြေခံရေခံက မကောင်းရင်....ဘယ်လိုဖြစ်လာမလဲဆရာ...."

ကိုသက်ခိုင်က မောင်စောနောင်ကို လှည့်ကြည့် မိသည်၊ အထူးသဖြင့် သူ့မျက်လုံးများကို စူးစမ်းကြည့်မိသည်၊ သူငယ်၏မျက်လုံးများက ကြည်လင်ဝင်းလက်နေသည်၊ ရဲတင်းသော တောက်ပြောင်မှုမျိုးမဟုတ်၊ ခက်ထရော်မှုမပါ၊ သန့်ရှင်းသော စူးရှ မှုကားရှိနေ၏။

အမူအရာ၌လည်း အချေအတင်ငြင်းခုံရန် အဆင်သင့် ပြင်ထားဟန်မရှိ၊ ဆွေးနွေးရန်အတွက်ပွင့်လင်း လွှတ်လပ်မှုကိုကားပြနေ၏။

မမြင့်ဝေကသာ အားနာဟန် ကိုသက်ခိုင်ကို တချက် လှမ်းကြည့်သည်။

ကိုသက်ခိုင်က ဖြေးညှင်းစွာ တလုံးချင်းပြန်ဖြေ၏။

"မောင်စောနောင် မေးတဲ့မေးခွန်းဟာ.... ဒီနေ့ ပညာရေးလောကမှ လေးလေးနက်နက် မေး....လေးလေးနက်နက် ဆွေးနွေးပြီး လေးလေးနက်နက်ဖြေဆိုရမဲ့ မေးခွန်းတခုဘဲ၊ ဆရာတို့အချိန်တော့ ယူကြရလိမ့်မယ် ထင်တယ်...."

မောင်စောနောင်ကသဘောတူဟန် ခေါင်းညိတ်သည်။

"ဆရာ ဒီလောက်ဖြေဒါကိုဘဲ ကျေနပ်ပါဘီဆရာ၊ ဟုတ်တယ်....၊ ကျွန်တော်တို့အချိန်ယူကြရမယ်၊ အခုတော့ဆရာကလဲ သွားစရာရှိနေတာကိုး၊ ဟော....ပြောရင်းဆိုရင်း ဆရာဦးမြသန်းဆင်းလာဘီ...."

အဝတ်အစား လဲပြီးသောဦးမြသန်းက အောက်ထပ်ရောက်လာ၏။

မတင်စန်းက ဦးမြသန်းကိုမေးသည်။

"ဆရာက ဘယ်သွားမလို့လဲ...."

"ဆရာဦးသက်ခိုင်ကိုမြှူဆွဲလိုက်ပြဘို့ ကားငှား သွားမလို့"

"ဟာ....ဒုက္ခရှာမနေနဲ့တော့ဆရာ၊ အခု ဒေါ်မြင့်ဝေကလဲ ဆရာ့ကိုလိုက်ပြဘို့ ကားယူလာတယ်...."



ဦးမြသန်းက....မမြင့်ဝေကို လှမ်းကြည့်သဖြင့် မမြင့်ဝေက "ဟုတ်တယ်ဆရာ၊ မမြင့်ဝေကားနဲ့သွားကြဒါပေါ့"ဟုဆိုရင်း ဖိတ်ခေါ်ဟန် ဦးသက်ခိုင်အား ပြုံးပြုံးကြည့်သည်။

ဦးမြသန်းက"ဒါဖြင့်ဟန်ကျဒါပေါ့၊ နတ်တို့ဖန် ရေကန်အသင့်....ကြာအသင့် ပ ခင်ဗျာ၊ ကဲ....ဆရာ အဝတ် အစားသွားလဲပေတော့"ဟုဆို၏။

ကိုသက်ခိုင်သည် အပေါ်ထပ်သို့တက်၍ အဝတ်အစားလဲသည်၊ ပူအိုက်ချိန်ဖြစ်သောကြောင့် အထူးဝတ်စားဆင်ယင်ရန်မလို၊ အင်္ကျီလက်တိုအပါးစားနှင့် ချည်ချောလုံချီတထည်ဝတ်ပြီး ပြန်ဆင်းလာခဲ့သည်။

မမြင့်ဝေ၏ကားမှာ စိမ်းပြာရောင် ဟီး (လ်)မင်း အမျိုးအစားဖြစ်သည်၊ရှေ့နှစ်ယောက် နောက်သုံးယောက် ချောင်ချောင်ချိချိစီးနိုင်သည်။

မမြင့်ဝေသည် မောင်စောနောင်ဘက်သို့လှည့်၍ တိုးညှင်းချိုသာစွာဖိတ်ခေါ်သည်။

"မောင်လေးလဲလိုက်ခဲ့လေ... နော်...."

မောင်စောနောင်၏ ကိုယ်ဟန်သည် အနည်းငယ်သိသာချိုတောင့်တင်းသွားလျက် ခေါင်းကိုခါသည်။

ကိုသက်ခိုင်ကထပ်ဆင့်ခေါ်မည်အပြု၌မောင်စောနောင်က ငြင်းသည်။

လိုက်ခဲ့ပါမယ်၊ ဒါပေမဲ့....ဘိုင်စကယ်နဲ့ဘဲလိုက်ခဲ့ပါမယ်၊ ကျွန်တော် ကားမစီးချင်ဘူး...."

အဖြေစကားထက်အသံ၏ အနက်အဓိပ္ပာယ်က တိကျပြတ်သားသည်၊ ကျွန်တော်ကားမစီးချင်ဘူး....ဟူသည်မှာ မမြင့်ဝေ

အတွက် ဆိုလိုလိုက်ဟန်တူ၏၊ သို့ရာတွင် ကိုသက်ခိုင်ကလည်း အသံနှလုံးနှင့် နားလည်လိုက်၏။

ဦးမြသန်းကကားရှေ့တံခါးကိုဖွင့်ပေးပြီး....“ဆရာ....တက်ပါ....”ဆိုနေသဖြင့် ကိုသက်ခိုင်သည် ရှေ့ခန်း ဒရိုင်ဘာ ထိုင်ခုံဘေးနေရာ၌ ဝင်ထိုင်လိုက်ရ၏။

ဦးမြသန်းနှင့်မတင်စန်းက နောက်ခန်း၌နေရာယူကြသည်။

ကားနောက်ပိုင်းမြေပြင်ရှိ ဘိုင်စကယ်၏လက်ကိုင်ကို ကိုင်ရင်းရပ်နေသူ မောင်စောနောင်ကို လည်ပြန်လေး တချက်ကြည့်ပြီးမမြင့်ဝေသည် ဒရိုင်ဘာထိုင်ခုံ၌ ဝင်ထိုင်သည်။

မွေးညှင်း စိမ်းစိမ်းများ ထင်ရှားစွာ လွှမ်း ဖုံး နေသော ကျောက်ဖရောင်းသားပမာ နုညက်ဝင်းဝါသည့် လက်ချောင်းလေးများနှင့် မမြင့်ဝေက ကားသော့ကို ကိုင်ကာစက်ကိုနှိုး၏၊ အပြာဖြော့ဖြော့ရှုဘီယာရှံသား အင်္ကျီလက်ပြတ် ကလေးကိုသာ ဝတ်ထားသောကြောင့် အဆစ်အမြစ်မထင် လုံးဝန်း ပြေပြစ်သည့် မမြင့်ဝေ၏ ရွှေနှံ့သာရည်သွေး လက်ရုံးလက်မောင်း ပေါက်သွယ်သွယ် ပျောင်းပျောင်းလေးများကို ကိုသက်ခိုင်သည် သတိမထားပေလျက် မြင်မိသားဖြစ်နေ၏။

ကိုသက်ခိုင်သည် အငိုက်မိရာမှသတိဝင်ကာသက်ပြင်းရှိုက်မိ၏၊ တတ်နိုင်လျှင် မျက်စိကိုပိတ်ပစ်လိုက်ချင်သည်၊ကားပေါ်မှ ခုန်ဆင်းပြေးချင်သည်။

ကြုံဘူးပါ၏၊ ကြုံဘူးခဲ့ပါ၏၊ ယခုမူကြုံပြန်လေရသည်။

နားထဲတွင်ကျွန်တော်ကားမစီးချင်ဘူး--ဟူသော စကားက ပဲ့တင်ထပ်လာသည်၊ ဤစကား၏အသံရှင်မှာမောင်စောနောင်မူမဟုတ်၊ဤပဲ့တင်သံသည် ကိုသက်ခိုင်၏ ရင်တွင်းမှ ပဲ့ တင် သံဖြစ်သည်၊ ဝေးလံခဲ့ပြီဖြစ်သောအတိတ်ကာလမှ ပြန်လာသော ပဲ့တင်သံ ဖြစ်သည်။



ကြုံပြန်လေရသည်၊ ကြုံမှ....ကြုံပြန် လေရသည်....၊ကိုသက်ခိုင်က ရင်ထဲမှ ညည်းမိ၏။

ကားသည် ကျောင်းဝင်းတွင်းမှထွက်၍ မကွေးတောင်တွင်းကြီးလမ်းပေါ်ရောက်ခဲ့ပြီး မြို့ထဲဘက်သို့ ထွက်လာခဲ့၏။

## အခန်း–၆

## နှမလက်လျှော့နေလေတော့

မမြင့်ဝေက သက်ပြင်းလေးရှိုက်ပြီးဆိုသည်။

“မောင်စောနောင်က မမြင့်ဝေကားကိုဘယ်တော့မှမစီးဘူး ဆရာ....၊ ကားစီးပြီး ဇိမ်ခံလူတန်းစားစိတ်ပေါက်မှာစိုးလို့တဲ့”

စကား အဆုံး၌ မမြင့်ဝေက သဲ့သဲ့ရယ်သည်၊ သို့ရာတွင် မျက်လုံးများ၌ကား မျက်ရည်မဝဲတဝဲရှိနေ၏။

ကိုသက်ခိုင်က သူ့အတွေးနှင့်သူ ငိုင်လိုက်လာခဲ့သည်။

ကားနောက် ခန်းမှ ဦးမြသန်းက ဈေးမကွဲမီ ဈေးတွင်း အရင်ဝင်ကြည့်ရန် အကြံပေးသဖြင့် ကိုသက်ခိုင်က သဘောတူလိုက်သည်။

မကွေးဈေး၏ ယေဘုယ အကွက်အကျင်း အထားအသို အခြေအနေမှာ အခြား မြို့ကြီးများ၏ ဈေးများနှင့် ထူးကဲ

ကွဲလွဲမှုမရှိလှ၊ ငါးစိမ်းနံ့၊ အမဲနံ့၊ ကုန်ခြောက်နံ့၊ ကုန်စိမ်းနံ့တို့ ရောပြွမ်းထွက်ပေါ်နေပုံမှာလည်း ရှူဘူးရှိုက်ဘူးသော အနံ့အသက်များပင်ဖြစ်လေသည်။

ကိုသက်ခိုင်စိတ်ဝင်စားသည်ကား ကုန်စိမ်း ဈေးခင်း ဖြစ်လေသည်။

မြစ်ကမ်း နဖူးမြို့ကြီး၏ဈေးဖြစ်သောကြောင့် ကိုင်းပေါ်စဉ်ရာသီတွင် အသီးအနှံမျိုးစုံ တောင်ပုံရာပုံရှိနေ၏။

ဖရဲသီးတို့၏ အခွံများက မြရောင်ရင့်နေ၏၊ အတွင်းသားပတ္တမြားနီနီတွင် သကြားပွင့်များဥနေ၏၊ သခွားချို သီးများကလည်း အားကျမခံ ဝါဝါ ရွှေရွှေ ညိုညို မှောင်မှောင်နှင့် ခပ်သင်းသင်းယနံ့ကို ထွက်ပျံ့နေစေ၏၊ အစိမ်းသက်သက်ကတသန့်၊ အစိမ်းတဝက်တွင် အဝါရောလျက်က တကန့်၊ ရဲရဲနီနီ ပတ္တမြားရည် ပြည့်ရှန်းလျက်က တပုံ....၊ ခရမ်းချဉ်သီး မျိုးတို့ကလည်းစုံလှသည်။

အသီးအနှံမည်သည် စိုပြေသော ဤကမ္ဘာမြေ၏သရုပ်ကို ဆောင်သည်၊ သို့ရာတွင် ကိုင်တွယ်ရောင်းချနေသူတို့၏ အသွင်ကား ညှိုးနွမ်းခြောက်ခမ်းလှလေသည်တကား။

သူတို့မှာ ဈေး၌ကျင်လည်သော ဈေးသည်များဟုတ်ဟန်မတူ၊ ကိုင်းမြေစိုက်ခင်းမှတိုက်ရိုက်တက်လာရောင်းချသောကိုင်းသမား-ကိုင်းသမများသာ ဖြစ်ဟန်တူသည်၊ ယောကျ်ားများ၏ ကိုယ်အောက်ပိုင်းတွင် အရောင်-အသွေး အကွက်အဆင်မပေါ်တော့ပြီဖြစ်သော ပုဆိုးကို နံငယ်ပိုင်းမျှ တိုတို ဝတ်ထားကြသည်၊ ကိုယ်အထက်ပိုင်းကား ဗလာနတ္ထိတည်း၊ ဗလာနတ္ထိဖြစ်သဖြင့် ရာသီဥတုဒဏ်ကြောင့် ညိုမဲကွဲအက်လျက် အကွက်



ကွက်ထနေသော အသားအရည်၏ညှိုးနွမ်းခြောက်ခမ်းခြင်းကို ထင်ထင်ရှားရှား မြင်နိုင်သည်၊ မိန်းမသားတို့၏အသွင်မှာလည်း ထူး၍မပြောင်လှ၊ ထဘီတို့၌ အဆင်မရှိပြီ၊ တကြိမ်ကဖြူခဲ့ဟန်တူသော အင်္ကျီတို့၌ ယခုအခါ မြေကြီး၏ အရောင်သာရှိနေသည်။

ကုန်ပေါ၍ဝယ်အားနည်းချိန် ဖြစ်သဖြင့် ဈေးကောင်းကို သူတို့မျှော်နိုင်မည်မဟုတ်၊ ထိုကြောင့် သူတို့၏ မျက်နှာများက ရွှင်သည်မရှိ။

ဖရဲသီးပုံတခု အေး၌ ယောကျ်ားကြီး တဦးသည် ခေါင်းပေါင်း မျက်နှာသုတ်ပဝါတခုကိုဖြုတ်၍ မျက်နှာမှ ချွေးတို့ကို သုတ်နေ၏၊ အနီး၌ မိန်းမတဦးသည် ပျောင်းဖူးဖက်လိပ်တတိုကို ပျင်းရိစွာဖွာရင်း ကလေးနို့တိုက်နေသည်၊ ရင်သားတဘက်ပေါ်ရှိ အင်္ကျီပိုင်းကို အထက်သို့ လိပ်မတင်ထားသည်၊ ချိတ်ဖြုတ်ထားသော ဘော်လီအင်္ကျီမှ ပုခုံးသိုင်းကြိုးသည် ရော့ကျကာ တတောင်ဆစ်၌ ရောက်နေ၏၊ ဤသို့အရံအတားများပြေလျော့ထားသဖြင့် တွဲရွဲကျနေသော သားမြတ်မှာ ကြုံလှီ၍ ရှည်လျားသည်၊ ဤကြုံလှီရှည်လျားသောသားမြတ်မှ ကျသောမျှနို့ရည်ကိုအနှီးမရှိ၊ အဝတ်မပါ၊ ဗလာကိုယ်ချည်းနှင့် ခြောက်လအရွယ်ခန့် သားငယ်သည် ဇိမ်ခံစို့လျက်ရှိသည်။

သူတို့နှင့် မလှမ်းမကမ်းတွင် သူတောင်းစား မောင်နှမကို တွေ့ရ၏။

မောင်ဖြစ်သူ သူတောင်းစားလေးမှာ သုံးနှစ်သားခန့်သာ ရှိသေးသည်၊ ကိုယ်၌အဝတ်မပါ၊ ဤကလေးငယ်သည် ဖရဲသီး အခွံတခုမှ ကြွင်းသမျှအသားတို့ကို စုတ်ယူစားသောက်နေ၏၊

အမဖြစ်သူကား ခြောက်နှစ်ခန့်သာ ရှိဦးမည်၊ ကလေးမသည် ဒန်သတ္တုထမင်းချိုင့်ဟောင်းတခုမှ ချေးတက် ပိန်ရှုံ့နေသော ခွက်တခုကို ကိုင်ရင်း ဖရဲသီးပုံမှ နမူနာပြ ဖွင့်လှစ်ထားသော ဖရဲသီးတလုံး၏ ရဲရဲနီသော အသားများကို ငေးမောကြည့်နေရှာသည်။

ဝတ်ကောင်း စားလှနှင့် ကိုသက်ခိုင်တို့ အသိုက်အနီးသို့ ရောက်လာသောအခါ သူတို့ အသီးသီးသည် မြှော်လင့်ချက် ကိုယ်စီနှင့်လှမ်းကြည့်ကြ၏။

ကိုသက်ခိုင်က ခရမ်းချဉ်သီး တခြင်း ကို ကိုင်၍ ဈေးမေးကြည့်သည်။

"တခြင်းကို ပြားသုံးဆယ်နှင့်ရောင်းတယ်၊ လိုချင်ရင်တမတ်နဲ့ပေးလိုက်မယ်ဗျာ...."

ယောကျ်ားကြီးက မဆစ်ခင်ဈေးလျှော့ဆိုရှာ၏။

တခြင်းလျှင် အနည်းဆုံး တပိဿာ ဝင်မည် ထင်သည်၊ တပိဿာကို တမတ်ဆိုသည်မှာ အလကားပေးသည့်သဘောလောက် ပေါနေသည်ဟု ကိုသက်ခိုင်က ထင်သည်။

ကိုသက်ခိုင်က ခရမ်းချဉ်သီး သုံးခြင်း ယူပြီး ငွေတကျပ် ထုတ်ပေး၍ "မအမ်းပါနဲ့တော့ဗျာ၊ ဖရဲသီး တစိတ်ဖြစ်ဖြစ် တခြမ်းဖြစ်ဖြစ်ကိုက်သလောက်ပေးပါ" ဟု ဆို၏။

လူကြီးက စေတနာပြည့်သော မျက်နှာနှင့် ဖရဲသီးတလုံး ပေးရာ ကိုသက်ခိုင်ကခွဲစိတ်စေပြီး ဘေးမှသူတောင်းစားမောင်နှမအားပေးလိုက်၏၊ သူတောင်းစား ကလေးများက မည်သို့မျှမဆိုသော်လည်း မိန်းမကြီးက စပ်ကြားမှဝင်၍ ဆုပေးသည်၊



"သာဓုပါတော်.... သာဓု.... သာဓု....၊ စေတနာ့ရှင်များ ဘုန်းကြီးလို့ သက်ရှည်ကြပါစေ၊ ဒီလင်ဒီမယားတွေအိုအောင် မင်းအောင်ပေါင်းသင်းကြရပါစေ....၊ဟဲ့ ကလေးမရဲ့....စားဘို့ ကြီး လောမကြီးနဲ့လေ....၊ကိုယ့်လှူရင် ဆုလေးဘာလေးပေး ရတယ်အေ့...."

မတင်စန်း၏ မျက်နှာ၌ ရှက်သွေးများရဲနေ၏၊ ဆရာဦးမြသန်းကမူ နားရွက်များရဲကာ ဘာမျှမပြောဘဲ ခရမ်းချဉ်သီး နှစ်ခြင်းဆွဲ၍ ရှေ့မှလစ်တော့၏။

ကိုသက်ခိုင်က ကျန်တခြင်းကိုဆွဲယူရင်းမမြင့်ဝေအား ကြည့်မိသည်၊ မမြင့်ဝေ၏ မျက်နှာတွင်လည်း ရှက်သွေးများဖျန်းလျက်ရှိလင့်ကစား....အပြုံးလေးမူမပျက်ချေ။

မိမိစေတနာပိုမိသောကြောင့် တလွဲ ဆုပေးခံ ရ သည် ကို အားတောင့်အားနာဖြစ်ရင်း ကိုသက်ခိုင်လည်း အိန္ဒြေ ဆည်လျက်နေရာမှခွာခဲ့ရ၏။

ကားအနီးရောက်မှ အရှက်ပြေသွားဟန်နှင့် မတင်စန်းက ရယ်မောလျက်ဆို၏။

"ဆရာ့စေတနာကလဲ ကောင်းပါရဲ့၊ ဆုပေးလိုက်တဲ့သူရဲ့ စေတနာကလဲကောင်းပါရဲ့....၊ဒါပေမဲ့ အားလုံးလွဲနေကြဒါက ခက်တယ်...."

စိတ်၌ ကသိကအောင့် ဆက်ဖြစ်နိုင်သည့်အချက်ကို မတင်စန်းက ဤသို့ရယ်မောပြောဆို၍ ဖော့ပစ်လိုက်သောကြောင့် အားလုံး၏ရင်မှာပေါ့သွားကြကာ မတင်စန်းနည်းတူလိုက်ရယ်ကြသည်။

ကားသည်ဈေးမှနေ၍ဘုရားဘက်သို့ဆက်ထွက်လာခဲ့သည်။

လမ်းမှာအနည်းငယ်ကြမ်းပြီး ခရီးလည်းအတန်လှမ်းသည်၊ ဘုရားအနီးသို့ ရောက်သောအခါ ချိုင့်တခုတွင်း ဆင်းရပြီး တဖန် ကုန်းမော့မော့ကိုတက်ရပြန်၏။

ကိုသက်ခိုင်သည် ဤခရီးကို စက်ဘီးစီး၍လာမည့် မောင်စောနောင်ပင်ပန်းလေမည်ကို သတိပြုမိ၏။

ကိုသက်ခိုင်တို့ကား ဘုရားရင်ပြင်ပေါ်သို့ရောက်သောအခါ အသင့်ရောက်နှင့်လျက် ကြိုဆိုနေသော မောင်စောနောင်ကို တွေ့ရသည်။

စောင်းတန်းဘက်ဆီသို့ ဦးဆောင်ခေါ်ရင်း ဦးမြသန်းက “ပန်းချီတွေအရင်ကြည့်ဒါပေါ့ဆရာ.... ပီးမှ အေးအေးဆေးဆေး ဘုရားဖူးကြဒါပေါ့....”ဟုဆိုသဖြင့် ကိုသက်ခိုင်က “ဘာလဲ....**ဘောကျော်နဲ့ ဘောသောတို့ရဲ့** အတ္တုပ္ပတ္တိ ပန်းချီတွေ မှုတ်လား....”ဟုပြန်မေးသည်။

ဦးမြသန်းက အံ့သြဟန်မော့ကြည့်ပြီးဆို၏။

“ဟာ....ဆရာက ဘောကျော်နဲ့ ဘောသောတို့ကိုတောင် သိနေဘီကိုး၊ ဟုတ်တယ်ဆရာ၊ သူတို့အတ္တုပ္ပတ္တိဘဲ”

ဘုရားစောင်းတန်းထိပ်တလျှောက်၌ မြန်မာပြည်ရှိတန်ခိုးကြီးဘုရားစောင်းတန်းများ၌ တွေ့ရတတ်သောလက်ရာမျိုးနှင့် ဆွဲထားသည့်ဘောကျော် ဘောသောတို့၏ အတ္တုပ္ပတ္တိ ပန်းချီကားများရှိနေ၏၊ တနည်းဆိုသော် ပြသလွန်စေတီတော်၏ သမိုင်းပင်ဖြစ်သည်၊ ဘုရားသမိုင်းတိုင်း၌ပါမြဲဖြစ်သော မြန်မာ့ရိုးရာဆန်လှသည့် လွမ်းဘွယ်–ကြည်နူးဘွယ်– ကြည်ညိုဘွယ် နောက်ခံဇာတ်လမ်းပါနေ၏။



သက်တော်တင်ရှားရှိစဉ် မြတ်စွာဘုရားသခင်သည် မြစ်တဘက်ကမ်းရှိ မင်းဘူးမြို့ကျောင်းတော်ရာ စေတီတည်ရာအရပ်၌ ကြွရောက်သီတင်းသုံးနေတော်မူခဲ့သည်၊ မဇ္ဈိမတိုင်းသို့ ပြန်မကြွမီ မြတ်စွာဘုရားသည် ကိုယ်တော်အား အလုပ်အကျွေးပြုခဲ့သော ဘောကျော်နှင့် ဘောသောခေါ် ဘီလူးညီနောင်တို့အား လျောင်းတော်မူရာ မြသလွန်ကိုပူဇော်ရန် ပေးသနားခဲ့သည်၊ စေတနာ အဟုန်ဇောကြောင့် ညီနောင်နှစ်ဖော်သည် မြသလွန်ကိုဦး[illegible]နာ၍ စေတီတဆူအမြန်တည်ကြရာ မြတ်စွာဘုရားကိုပြုစုဖော်ပြုစုဘက် နမဖြစ်သူဘီလူးမလေးအား အသိပေးဘိတ်ခေါ်ရန် မေ့မိခဲ့ကြသည်၊ ဤအတွက် နမဘီလူးမသည် ညီနောင်တို့အပေါ် စိတ်နာငြိုငြင်ခဲ့ပြီး သူတို့နှင့်ခွဲ၍ တတောပြောင်းနေသည်၊ နောင်ဘဝအဆက်ဆက်၌လည်း ညီနောင်တို့နှင့်လွဲရန်ဆုတောင်းသည်။

ဘောကျော်နှင့် ဘောသောတို့အတွက် ကံကြမ္မာဆိုးမှာ ဤမျှနှင့်မရပ်၊ အနုညာတ သာမညဖြစ်သော အနိမ့်စားဘီလူးနှစ်ကောင်က မြင့်မြတ်လှသောမြတ်စွာဘုရား၏မြသလွန်တော်ကို မအပ်မရာ ဖြင့်ကတတ်ဆန်း စေတီငယ်တည်ရပေသလော ဟု သိကြားမင်းကအမျက်တော်ရှလေပြီး ဘောကျော်နှင့်ဘောသောတို့တည်ထားသော စေတီငယ်ကို ဝရဇိန်လက်နက်နှင့် ဖြိုခွင်း ဖျက်ဆီးပစ်သည်၊ ထိုနောက် မြသလွန်တော်အား ကျောက်ဆောင်အတွင်း၌သွင်းကာ တန်ခိုးနှင့် ဖုံးကွယ်ထားလိုက်၏။

မကြာမီ ဘောကျော်နှင့် ဘောသောတို့ ကွယ်လွန်ကြရှာ

သည်၊ ရင်ကွဲပက်လက်နှင့် ကွယ်လွန်ကြရရှာသည်လောဟူမူ မသိ၊ သမိုင်းကအထူးမဆို။

တမလွန်ဘဝတွင် ဘီလူးမလေးက မင်းသမီးတဦးဖြစ်လာခဲ့သည်၊ တနေ့တွင်ပန်းချီဆရာက ဘီလူးရုပ်ဆွဲ၍ ပြသည်တွင် ဘဝဟောင်းကိုသတိရအောက်မေ့ပြီး ရင်ကွဲ၍သေရှာသည်ဟူသတည်း၊ ဘောကျော်နှင့်ဘောသောတို့နှင့်ကား ပြန်မဆုံလေရတော့။

ဘောကျော်နှင့်ဘောသောတို့ကား လူ့ဘဝ၌ ကုန်သည်ညီနောင်ဖြစ်လာကြသည်၊ လိုဏ်အတွင်းရှိ မြသလွန်တော်ကိုမူ ဈာန်ရ-ရသေ့ကြီးများက စောင့်ရှောက်ထားကြသည်၊ ထိုအချိန်တွင် သူကြွယ်ကြီးတဦးက မြသလွန်တော်ကို တူးဖော်၍ စေတီတည်လိုသည်၊ သို့ရာတွင် သလွန်ပိုင်ရှင် မဟုတ်သောကြောင့် အကြံမအောင်နိုင်ချေ၊ ဘခင်၏ဆန္ဒကို ဖြည့်ပေးလိုသူ သူကြွယ်သမီးက သလွန်ပိုင်ရှင်အစစ်ဟူ့ကို အဓိဋ္ဌာန်ပြု၍ လိုက်ရှာ၏။

အတိုချုံးဆိုရသော်....အဆုံး၌ ဘောကျော်....ဘောသောကုန်သည်ညီနောင်တို့နှင့်ဆုံစည်းမိကြသည်၊ အကိုဘောကျော်သည် သူကြွယ်သမီးနှင့်လက်ထပ်ရသည်၊ ထိုနောက် ညီနောင်နှစ်ဖော်တို့သည် မြသလွန်စေတီတော်ကြီး၏ ရှေးဦးဒါယကာများဖြစ်လာကြလေသတည်း။

ပန်းချီကားများကိုကြည့်၍ ဆုံးသောအခါ ကိုသက်ခိုင်က မောင်စောနောင်ဘက်သို့ လှည့်ကြည့်သည်၊ မောင်စောနောင်၏မျက်နှာတွင် သရော်သောအပြုံးကိုမြင်ရ၏။

"ယုတ္တိရှိရဲ့လားဆရာ...."



"အနုပညာသဘောအရတော့ လှမ်းစရာ- ကြည်နူးစရာဇာတ်လမ်းတပုဒ်ပါဘဲ မောင်စောနောင်...."

"ကျွန်တော်သဘောကျဒါ တခုတော့ရှိတယ်ဆရာ၊မြတ်စွာဘုရားကိုယ်တော်တိုင်က မြသလွန်တော်ကို ဘောကျော်နဲ့ ဘောသောကိုပေးသွားတယ်၊ ဒါပေမဲ့ သူတို့တည်တဲ့စေတီတော်ကို သိကြားမင်းကဗီတိုသုံးပီးဖျက်ပလိုက်တယ်၊သိကြားမင်းဆိုတဲ့လူက လူတန်းစားလဲခွဲတယ်၊အာဏာရှင်လဲဆန်တယ်၊ ဟဲ....ဟဲ...."

မောင်စောနောင်၏ ရယ်သံတွင် သရော်ပြောင်လှောင်မှုသည် ပိုမိုထင်ရှားနေ၏။

"အင်း....မောင်စောနောင်မြင်တဲ့အချက်က မဆိုးလှဘူး၊ ဆရာ့မှာလဲ စိတ်ဝင်စားမိတဲ့အချက်တချက်ရှိတယ်...."

"ဘာလဲဆရာ...."

"ဘောကျော်နဲ့ ဘောသောတို့ရဲ့နှမ ဘီလူးမလေးခမြာဘဲ....၊ ဒီဇာတ်လမ်းရဲ့ အစမှာတော့ပါပြီး အဆုံးမှာတော့ မဆိုင်တော့ဘဲ လွဲရရှာတယ်၊ မိန်းမသားတို့ရဲ့အချစ်ဟာ ကြီးတတ်တယ်၊ အချစ်ကြီးရင် အမျက်ကလဲကြီးတတ်ပြန်သတဲ့....၊ အေးချမ်းတဲ့အချစ်ကနေ ပူလောင်တဲ့အမျက်ဖြစ်ပီးအညှိုးထားတဲ့အမုန်းကြောင့် သံသရာအဆက်ဆက် ကွဲကြရဒါဟာတော့ ဝမ်းနည်းစရာဘဲထင်တယ်ကွယ်"

ကိုသက်ခိုင်၏စကားသည် မောင်စောနောင်၏ အသဲနှလုံးမှတစုံတရာသော လျှို့ဝှက်ချက်ကို မှန်သွားလေသလောမသိ၊ မောင်စောနောင်သည် အိန္ဒြေပျက်သွားပြီးဘေးတဘက်တချက်ကိုလှည့်ကြည့်သည်။

ဦးမြသန်းကပန်းချီကားများကိုမော့ကြည့်လျက်ငြိမ်ချပ်နေသည်၊ ခပ်လှမ်းလှမ်းစောင်းတန်းအသုံးရှိ ပန်းဆိုင်တဆိုင်၌ မမြင့်ဝေနှင့် မတင်စန်းတို့ကပန်းများဝယ်နေကြ၏။

မောင်စောနောင်က ကြိုးစားတည်ငြိမ်ယူရသောအပြုံးနှင့်ဖြေ၏။

"အင်း....ဝမ်းတော့ ဝမ်းနည်းစရာပေါ့ဆရာ....၊ ဒါပေမဲ့-တဦးက....ဘုရင့်သမီးတော်ဖြစ်ပြီး....ကျန်နှစ်ဦးက သာမန်လူတွေဖြစ်နေကြမှတော့.... မတွေ့ဒါ....မကြုံဒါ....မဆုံဒါဟာ....ကောင်းတယ်လို့ဘဲ မှတ်ရမှာပါဘဲ...."

ကိုသက်ခိုင်က စဉ်းစဉ်းစားစားဟန်နှင့် ခေါင်းညိတ်သည်၊ ထိုနောက် စကားကိုလွှဲရန် ဦးမြသန်းဘက်သို့လှည့်မေး၏။

"ဒါထက်.... ဦးမြသန်းက မြန်မာစာဌာနကမို့ မေးရအုံးမယ်၊ မြသလွန်စေတီတော်ရဲ့ ထူးခြားချက်တွေကို သတိပြုမိရဲ့လား...."

"ဘယ်လို ထူးခြားချက်မျိုးလဲဆရာ...."

"ဥပမာ....ဆရာ.... ပြည်ရွှေဆံတော်ကို ရောက်ဘူးမလား မသိဘူး၊ ပြည်ရွှေဆံတော်ရဲ့ ထူးခြားချက်တခုက.... ခေါင်းလောင်းတွေဘဲ၊ ပြည် ရွှေဆံတော်ဟာ....ဗမာပြည်မှာ ခေါင်းလောင်းအများဆုံးစေတီဘဲဆူဖြစ်တယ်၊ ဒုတိယ ထူးခြားချက်ကတော့–မြောက်ဘက်စောင်းတန်းက ခြင်္သေ့ကြီးတွေဘဲ၊ အဲဒီခြင်္သေ့ကြီးတွေရဲ့ပုံစံက တောတွင်းက တကယ့်ခြင်္သေ့ပုံစံများသောအားဖြင့်က....ဘုရား ခြင်္သေ့ဆိုရင် အမောက်တွေအတွန့်တွေနဲ့ ပန်းချီခြင်္သေ့....၊ပန်းပုခြင်္သေ့တွေဘဲ၊ပြီးတော့ အဲဒီတောတွင်းခြင်္သေ့ရုပ်ကြီးတကောင်ရဲ့ ဝမ်းဗိုက်အောက်မှာ



သား ကောင်တွေရှိနေတယ်၊ ပါး စပ် ထဲ မှာ လဲ ကိုက် ရက် တကောင်၊ ဒါကတော့ ပြည်ရွှေဆံတော်မှာ လူတိုင်းမြင်ပြီး လူတိုင်းသတိမပြုမိတဲ့ထူးခြားချက်တွေဘဲပေါ့....၊အခုမြသလွန်မှာလဲ အဲဒီလို ထူးခြားချက်ရှိတယ်....၊ အဲဒါကို.... ဆရာ မေးဒါပါ...."

ဦးမြသန်းကခေါင်းခါရင်း ရိုးသားစွာဝန်ခံသည်။

"ဟင့်အင်း....ကျွန်တော်သတိမပြုမိဘူးဆရာ...."

မောင်စောနောင်ကမူ ဆင်ခြေတက် မေးသည်။

"အဲဒီလို စေတီတွေက ထူးခြားချက်တွေ သိရလို့.... ဘာအကျိုးထူးမှာလဲဆရာ...."

"ဘာရယ်လို့တော့မဟုတ်ပါဘူးမောင်စောနောင်၊ ဒါပေမဲ့....လူတဦးရဲ့ လေ့လာမှု အမြင်ရှင်အောင် အထောက်အကူတော့ ပေးပါလိမ့်မယ်...."

ဦးမြသန်းကသာ စိတ်ဝင်စားစွာ တောင်းပန်သည်။

"မြသလွန်ရဲ့ ထူးခြားချက်တွေကကောဆရာ...."

"မြသလွန် စေတီတော်ရဲ့ ပထမ ထူးခြားချက်က ဘိနပ်တော်ဟာ....သလွန်ပုံစံဖြစ်ထားဘဲ၊ ဒါကိုတော့ လူတိုင်း သတိပြုမိကြမယ်၊ တခြား ထူးခြားချက်တွေကိုတော့ အလွယ်တကူ မတွေ့ကြဘူး....၊ လာ....လာ....ဆရာပြမယ်"

ကိုသက်ခိုင်က ဖျော့ဆောင်ခေါင်သွားသဖြင့်ဦးမြသန်းနှင့် မောင်စောနောင်သည်လိုက်ပါသွားကြ၏။

ကိုသက်ခိုင်ကနတ်ကြီးလေးပါးရုပ်ရှိသော တံခွန်တိုင်ရှိရာ၌ ရပ်လိုက်၏၊ နတ်ရုပ်များကိုညွှန်ပြပြီးပြောသည်။

"သေသေချာချာကြည့်ကြလေ....၊ ဗမာပြည်ဘုရားတကာမှာတွေ့ရတဲ့ နတ်ရုပ်တွေက.... လူ့အရုပ်လောက်ဘဲ ရှိကြတယ်၊ လူ့အရုပ်ထက်မြင့်တောင်အချိုးအစားကလူ့အချိုးအစားဘဲ၊ ဒီကနတ်ရုပ်တွေက လူ့အချိုးအစားမဟုတ်ဘူး....၊ ရှည်တယ်၊ သွယ်တယ်၊ မြင့်တယ်၊ မားတယ်၊ မြသလွန် ပိသုကာတွေရဲ့ အတွေးအခေါ်ကို ခန့်မှန်းကြည့်နိုင်တယ်...."

မောင်စောနောင်က နတ်ရုပ်ကြီးများကို ပြုံးကြည့်နေ၏၊ ဘာမျှမူ မဝေဖန်တော့....၊ ဦးမြသန်းကမူ ခေါင်းတညိတ်ညိတ်နှင့်ကြည့်နေသည်။

"ကဲ....လာ....ကြ....၊ မြသလွန်ရဲ့ တတိယ ထူးခြားချက်ကို ကြည့်ကြရအောင်...."

ကိုသက်ခိုင်က စေ‌ာင်းတန်းအတိုင်း စေတီတော်ရှိရာသို့ရှေ့ဆောင်သွားသောကြောင့် ကျန်နှစ်ဦးက လိုက်ကြရပြန်သည်။

ဦးမြသန်းက ကိုသက်ခိုင်ကိုအံ့သြောမိသည်၊ မူလက သူသည် မကွေးမြို့လမ်းညွှန်သူအဖြစ် ဆောင်ရွက်ရန် လိုက်လာခဲ့၏၊ ယခုမူ....ကိုသက်ခိုင်က လမ်းညွှန်လုပ်နေသည်၊ကိုသက်ခိုင်၏ အမူအရာမှာလည်း ရွှင်လန်းတက်ကြွလျက်ရှိနေကြောင်းကို မယုံနိုင်ဘွယ်တွေ့နေရ၏။

ဘုရားစောင်းတန်းအဆုံး၌ မမြင့်ဝေနှင့် မတင်စန်း တို့က ပန်းများဝယ်ပြီး၍ အဆင်သင့်ရပ်စောင့်နေကြ၏။

ကိုသက်ခိုင်ကမူ သူတို့နှစ်ဦးအား အပြုံးနှင့်သာ အသိအမှတ်ပြုပြီး စေ‌ာင်းတန်းထိပ်ရှိ ရုပ်တုနှစ်ခုအနက် တခုရှေ့၌ရပ်လိုက်သည်၊ သူသည် ရုပ်တုကို ကြင်နာယုယစွာ ပွတ်သပ်ကြည့်၏။



ရုပ်တုနှစ်ခုလုံးကို ထုံးဖြူသုပ်ထားသည်၊ မျက်နှာအသွင်အပြင်များမှစ၍ အမွှေးအမြှင်များကိုပေါ်အောင် ထုထားပုံကား.... မျောက်ဝံကြီးများ၏ သဏ္ဍာန်ပေါ်နေစေသည်။

ဦးမြသန်းက ကိုသက်ခိုင်ကိုလှမ်းပြောသည်။

"အဲဒါ....ဘောကျော်နဲ့....ဘောသောရုပ်တုတွေဆရာ"

"ဟုတ်တယ်....၊ ဆရာကလဲ အဲဒါကိုပြချင်လို့....၊ ဘီလူးဆိုရင် ကျန်တဲ့ဘယ်နေရာကြည့်ကြည့်.... အချွန်တွေ အတက်တွေ....အကောက်တွေ....အလိမ်တွေနဲ့ ယိုးဒယားပန်းချီ ဘီလူးတွေချည်းဘဲ၊ မြသလွန်ကျမှ....ဘီလူးနှစ်ကောင်ဟာ....ခြသေ့နေရာဝင်ယူတယ်....၊ ဘီလူးနှစ်ကောင်ရဲ့ အသွင်ကိုလဲ ပန်းချီဘီလူးအဖြစ် မထုဘဲ.... မျောက်ဝံနဲ့တူအောင် ထုပြထားတယ်၊ အဲဒါက.... မြသလွန်စေတီတော်ရဲ့ တတိယ ထူးခြားချက်ဘဲ...."

ဦးမြသန်းက ကိုသက်ခိုင်ကို အံ့သြစွာ ကြည့်သည်၊ ထို့နောက် ရယ်၍ ကောက်ချက်ချသည်။

"ကေန္တ.... ဆရာ....မကွေးနဲ့.... မြသလွန်ကို....ရောက်ဖူးပြီးသားဖြစ်ရမယ်၊ ဘယ့်နှယ်လဲ....၊ ဟုတ်တယ် မဟုတ်လား....ဆရာ...."

"ဟုတ်တယ်ဆိုပါတော့ ဦးမြသန်း...."

"ဘယ်တုန်းကလဲဆရာ...."

"အတိတေ....ရှေးအတိတ်ဘဝက ဆိုပါတော့ကွယ်...."

"ဘယ်လို....ဆရာ....၊အတိတေ ရှေးအတိတ်ဘဝက"

"ဟုတ်တယ်....၊ ဆိုပါတော့....၊ ဘောကျော်.... သို့မဟုတ် ဘောသောဘဝက...."

ဦးမြသန်းကရယ်သည်၊ မောင်စောနောင်ကမူ မရယ်ဘဲ ကိုသက်ခိုင်ကိုစူးစိုက်ကြည့်နေ၏။

မမြင့်ဝေနှင့်မတင်စန်းတို့က သူတို့ပြောနေသည်ကို နားမလည်၊ သို့ရာတွင် နားစွန်နားဖျားကြားသမျှနှင့် ဦးမြသန်းနှင့် အတူလိုက်ရယ်ကြ၏။

အားလုံးသည် စေတီရင်ပြင်တော်ပေါ်တက်ခဲ့ကြသည်။

မမြင့်ဝေနှင့် မတင်စန်းတို့က ယောကျ်ား အဖော်များကို ပန်းဝေပေး၏။

ကိုသက်ခိုင်နှင့် ဦးမြသန်းတို့က မိမိတို့အတွက် ရသော ပန်းများကို လက်တွင်ကိုင်၍ စေတီတော်ခြေရင်းတွင် ဒူးညွတ်လျက်ထိုင်ရင်းရှိခိုးသည်၊ မလှမ်းမကမ်းတွင် မတင်စန်းကလည်း ကြုံ့ကြုံ့ထိုင်၍ ပန်းဖြင့်ဘုရားကိုပူဇော်နေ၏။

ကိုသက်ခိုင်သည် စေတီတော်ကို ပန်းကိုင်သည့် လက်နှင့် ဦးသုံးကြိမ်ချပြီးနောက်....ဘေးဆီသို့တချက်လှမ်းကြည့်မိသည်။

မတင်စန်းသည် မျက်လုံးမှိတ်မျက်လွှာချ၍ ဘုရားရှိခိုးနေသည်၊ ဦးမြသန်းကလည်းထိုနည်းအတူပင်တည်း။

သို့ရာတွင် မမြင့်ဝေကား.... ရပ်လျက်ရှိသေးသည်၊မမြင့်ဝေသည် ပန်းစည်းကိုခွဲလျက် မောင်စောနောင်ကိုပေးနေသည်။

မောင်စောနောင်က လက်နောက်ပစ်ထားသည်၊ မမြင့်ဝေပေးသောပန်းကိုမယူ....၊ သူ့အသံကလည်း မာမာ ထွက်လာနေ၏။

"တော်စမ်းပါ.... မမြင့်ရယ်....ကျေးဇူးပြုလို့ တော်လိုက်စမ်းပါ....၊ ဘယ်တုန်းကများ.... ကျွန်တော်က ရှုးဘူးလို့လဲ....၊ မမြင့်တို့ထိုင်ရှိခိုးနေတဲ့.... အုတ်ခဲပုံကြီးကို.... ရွှေမကလို့....စိန်



ချထားထား....၊ဘယ်လောက်.... ရှိခိုးရှိခိုး.... ဘာအကျိုးတွေက လာမှာမို့လဲ...."

မောင်စောနောင်သည် စကားအဆုံး၌ ချာကနဲလှည့်၍ ထွက်ခွာ သွားသည်။

မမြင့်ဝေတယောက်တည်း ပန်းစည်းကိုကိုင်လျက် ငြိမ်ကျန်ရစ်သည်။

ခဏ၌မူ....၊ မမြင့်ဝေ၏မျက်နှာတွင် မဲ့ပြုံးလေးပေါ်လာသည်။

မမြင့်ဝေကား....ပန်းစည်းကို စေတီအခြေရှိ ပန်းအိုးတခုတွင် ထိုးစိုက်လိုက်ပြီး ရင်ပြင်၌ ပုဆစ်တုပ်ထိုင်လျက် ရှိသေစွာ ရှိခိုးနေရှာသည်။

ကိုသက်ခိုင်သည် သက်ပြင်းကိုရှိုက်လိုက်ပြီး မျက်လုံးများကိုမှိတ်၍ မြတ်စွာဘုရားကို အာရုံပြုသည်၊ မြတ်စွာဘုရား၏ ဓမ္မသွင်တော်ကို ရှေးဦးစွာပူဇော်သည်၊ ထိုနောက်....သူ့အကြွင်းမဲ့ ယုံကြည်လေသော မြတ်စွာဘုရား၏ ဉာဏ်တော်အနန္တကို ရှိခိုးသည်၊အဆုံး၌မူ....မြတ်စွာဘုရား၏ အတိုင်းမရှိသောမေတ္တာတော်ဂုဏ်ကို နှလုံးသွင်းကာ အဘုယူပွားများပြီး.... စေတီတော်ကို ဦးသုံးကြိမ်ချသည်။

ကိုသက်ခိုင်သည် ဘုရားရှိခိုးခြင်းအမှုပြီး၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ ဦးမြသန်းနှင့် မတင်စန်းတို့ကိုမူမတွေ့ရတော့....၊မမြင့်ဝေကား ဘုရားရှိခိုးဆဲတည်း။

ကိုသက်ခိုင်သည် တူးဆန်းသောကရုဏာတမျိုး ရင်၌ပေါ်လာရင်း.... ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ကာ ဘုရားရှိခိုးနေသည့် မမြင့်ဝေ၏ ကိုယ်နောက်ပိုင်းကို တချက်စိုက်ကြည့်မိ၏။

မမြင့်ဝေသည် အဘယ်ဆုများကို ပန်နေလေ့ ပါသနည်း၊ ဘောဂကျော်နှင့် ဘောဂသောတို့၏ နှစ်မငယ်ပန်သွားသည့်ဆုမျိုးကား မဖြစ်နိုင်တန်ရာ....၊ဖြစ်လည်းမဖြစ်တန်ရာ....၊ အမှန်မှာ.... ယနေ့စွန့်ပစ်ရှောင်ထွက်သွားသူကား....နှစ်မ, မဟုတ်....၊မောင်တယောက်သာလျှင်တည်း....၊ဗုဒ္ဓ၏ပရိဘောဂ စေတီတော်မြတ်ကြီးကိုပင် အုဋ္ဌပုံကြီးဟု မိုက်မိုက်ကန်းကန်း ခေါ်သွားသော မောင်တယောက်သာလျှင်တည်း....။

ကိုသက်ခိုင်က လက်တွင်းမှပန်းကို ညောင်ရေအိုးတခုတွင်း၌ စိုက်လှူခဲ့ပြီး ပြန်လှည့်လိုက်သောအခါ.... မမြင့်ဝေကလည်း ဘုရားရှိခိုးပြီး၍ နေရာမှ ထလျက်သားရှိနေ၏။

ကိုသက်ခိုင်နှင့်မမြင့်ဝေတို့သည်တဦးမျက်နှာကိုတဦးအတန်ကြာ စိုက်ကြည့်နေမိကြသည်၊ ခေတ္တခဏပင်ဖြစ်စေ....နှစ်ဦးလုံး၏ရင်မှာ ချမ်းမြေ့နေကြ၏၊ နှစ်ဦးလုံး၏မျက်နှာများမှာလည်း သိမ်မွေ့ ကြည်လင်နေကြ၏၊နှစ်ဦးလုံး၏မျက်လုံးများကလည်း ပျော့ပျောင်း တည်ငြိမ်နေကြပေသည်။

မမြင့်ဝေက မျက်လွှာအသာချပြီးတိုးတိုးညင်ညင် ဖိတ်ခေါ်၏။

"လာ....ဆရာ....၊ မြစ်ကမ်းရဲ့ရှုခင်းတွေ သွားကြည့်ကြရအောင်...."

မမြင့်ဝေက စေတီတော်ကိုပတ်၍ ရှေ့ဆောင် ခေါ်သွားသည်။

စေတီတော်ရင်ပြင်၏ အနောက်ဘက် အုဋ္ဌတံတိုင်းဘောင်အနီးတွင် ဦးမြသန်း၊ မတင်စန်းနှင့် မောင်စောနောင်တို့က ရပ်နေကြသည်။



မမြင့်ဝေက မောင်စောနောင်၏အနားတွင်ကပ်၍ သွားရပ်သည်၊ မောင်စောနောင်က လှည့်၍ပင်မကြည့်ဘဲ သူငေးလျက်ရှိရာသို့ ငေးမြဲငေးနေသည်။

ကိုသက်ခိုင်က ဦးမြသန်း၏ဘေးတွင်ရပ်ပြီး ရှုခင်းကိုလှမ်းကြည့်သည်၊ ရှုခင်းကား....အံ့မခန်းပေတည်း။

မြစ်ကမ်းခြေသည် အောက်၌ အတန်ဝေးစွာ ရှိနေသည်ကိုမြင်ရမှ....မြသလွန်စေတီတောင်တော်၏ အမြင့်ကို သတိပြုမိနိုင်သည်၊ တောင်တော်ကမ္ဘား၏ အခြေမှစ၍.... သဲသောင်ပြင်သည်....ပြန့်၍....ပြော၍.... ကျယ်၍.... သွယ်တန်းပြေးနေသည်၊ နွေဖြစ်သဖြင့် မြစ်ပြင်ဝယ် သဲသောင်တို့သာ စိုးမိုးနေသည်၊ မည်သို့ကြည့်ကြည့် သဲသောင်ဝါဝါတို့သာ စိုးမိုးနေသည်၊ သဲသောင်ဝါဝါတို့သည် တချို့တချို့တွင် ငွေရောင်များကို ပြက်ပြလေသေးသည်၊ သဲသောင်တို့သည် ဝိုက်ကာ.... ဝေ့ကာ....ဝန်းကာ.... ချွန်းကာနှင့် မြစ်ရေပြာပြာကို သိမ်မွေ့စွာ ဆုံတွေ့စပ်ဟပ်ကြ၏။

မြစ်မင်းဧရာသည် ဂုဏ်နှိမ့်မာန်ချကာ သေဝပ်ငြိမ်သက်စွာ စီးဆင်းနေ၏၊ ယဉ်ကျေးအေးဆေးစွာ ကွေ့လည်နေ၏။

မြစ်ရေပြာနှင့် သဲသောင်ဝါသည် ကျွမ်းကျင်သောပန်းချီဆရာ၏ လက်ရာပမာ လှလှပပ သဟဇာတဖြစ်နေကြသည်၊ဤသဘာဝအလှ ပန်းချီကို သောင်ပြင် မြေနုတို့ထက် စိုက်ပျိုးထားသော လူ၏လက်ရာဖြစ်သည့် စိမ်းနက်နက်--မြမှောင်မှောင်သော ကိုင်းခင်းများက ကူစွက်အားဖြည့် ပေးနေသည်။

တဘက်ကမ်းမှ မင်းဘူးမြို့မြစ်ကမ္ဘားကလည်းမြင့်လေသည်၊ ပါးလွှာသော မြူကမ္ဗလာကိုခွင်း၍ မြို့၏အဆောက်အဦများ

နှင့် မြတ်စွာဘုရားသခင်ကို ဘောကျော်ဘောသောတို့ အလုပ်အကျွေးပြုရာ မူလဌာနေ.... ကျောင်းတော်ရာ စေတီကိုလည်း လှမ်း၍ ဖူးမြင်နေရသည်၊မင်းဘူးမြို့အနောက်....မိုးကုပ်စက်ဝိုင်းတလျှောက်ဆီ၌....ပြာမှိုင်း ဝေရီသော တောင်တန်းကြီးများကိုလည်း လှမ်းမော‌ဆွတ်ပျံ့ဘွယ် မြင်နေရသေးသည်။

ဦးမြသန်းက စတင်စကားဆိုရှင်းပြ၏။

“ဒီနေရာမှာ....ရောဝတီမြစ်ဟာဝိုက်ပီး ကွေ့နေတယ်ဆရာ၊ ဒါကြောင့်လဲ.... မြစ်ကွေ့....နောက်.... မြစ်ကွေး.... နောက်.... မကွေး....သို့ ခေါ်တယ်လို့ အဆိုရှိတယ်၊ အင်းလေ....ဆရာသိပီး ဖြစ်မှာပါဘဲ....”

ကိုသက်ခိုင်က ရယ်ရင်းဖြေသည်။

“မြစ်ကွေ့.... မြစ်ကွေး.... ကနေမကွေး ဖြစ်လာပုံကတော့ ယုတ္တိရှိတယ်၊ ဒါပေမဲ့.... စစ်ကိုင်း....တို့....၊ စကုတို့ မြေထဲတို့ နာမည်ရလာပုံ ဇာတ်လမ်းကိုတော့....ဆရာ သိပ်မကြိုက်ဘူး....”

“ဘယ်လို....ဆရာ....”

“တကောင်းကနေ.... စူဠာသမ္ဘဝ၊ မဟာသမ္ဘဝတို့က စုန်ဆင်းလာကြသတဲ့၊ စစ်ကိုင်းကိုရောက်တော့....စစ်ပင်ကြီး ကိုင်းနေဒါမို့.... စစ်ကိုင်းလို့ တွင်လာသတဲ့၊ စကုရောက်တော့.... မျက်လုံးတွေကိုစကုဒါမို့.... စကုလို့တွင်ပြန်သတဲ့၊ မြေထဲရောက်တော့....မင်းသားနှစ်ပါးက မျက်လုံး စမြင်ကြဒါမို့.... အလို....မိုးကားအဖုံး မြေကအထဲပါကလား....လို့ ဥဒါန်းပြုဒါမို့ မြေထဲလို့ တွင်ရပြန်ပါရောတဲ့....၊ ခက်ထာက.... စူဠာသမ္ဘဝ၊ မဟာသမ္ဘဝတို့က... ဘာစကားပြောကြသလဲ၊ မြန်မာ



စကားပြောကြတယ်ဆိုရင်တော့ ငြင်းစရာမရှိဘူး....၊ ဒါပေမဲ့-စူဠာသမ္ဘဝတို့ခေတ်နဲ့ ပုဂံခေတ်ကြားမှာသရေခေတ္တရာခေတ်ကြီးက ခံနေသေးတယ်၊ သရေခေတ္တရာခေတ်မှာက ပြူစကားသုံးတယ်၊ ဒီတော့....စစ်ကိုင်း....စကု....မြေထဲ....တို့လို မြန်မာပီသနေတဲ့ မြို့နာမည်တွေအတွက်က စဉ်းစားစရာ ဖြစ် နေတယ်....”

ဦးမြသန်းက ငြိမ်စဉ်းစားနေခိုက် မတင်စန်းက ဝင်မေးသည်။

“ဒါဖြင့်ရင်....စစ်ကိုင်း....စကု....မြေထဲတို့ကို ဘာကြောင့် စစ်ကိုင်း....စကု....မြေထဲလို့ခေါ်ရတယ်ဆိုဒါ ဆရာ့မှာ သီအိုရီတခုခုရှိနေသလား....”

“မရှိသေးပါဘူး မတင်စန်း၊ ဆရာကစဉ်းစားစရာလို့ပြောဒါပါ၊ စကားစပ်မိလို့ ပြောရအုံးမယ်၊ ပျဉ်းမနားကို ဘာကြောင့်ပျဉ်းမနားလို့ ခေါ်တယ်ဆိုဒါကို လူနောက်တွေက ဟောဒီလိုဖွင့်ဆိုပြကြတယ်၊ အဲဒီနေရာမှာ....ပျင်းလို့တောင်မှ မနား....နဲ့တဲ့....၊ နားမိရင်.... အခိုးခံရမယ်၊ အလုခံရမယ်.... စသည်ပေါ့လေ....၊စင်စစ်တော့ ဟာသလုပ်ရင်းက ပျဉ်းမနားမြို့နဲ့ပျဉ်းမနားမြို့သားတွေကို သက်သက်စော်ကားသလို ဖြစ်နေတယ်....”

“ဒါဖြင့်ရင်....ဘာလို့....ပျဉ်းမနားကို ပျဉ်းမနားလို့ခေါ်ရသလဲ....”

“ဒီအတွက်တော့ ရှင်းပါတယ် မတင်စန်း၊ ပျဉ်းမနား ဆိုဒါက အမှန်မှာ မြန်မာစကားမဟုတ်ဘူး၊ ရှမ်းစကားဘဲ၊ပျဉ်းမနားတည်နေရာဟာ....ရှမ်းပြည်နဲ့မြန်မာပြည် ခရီးစပ်ကြား

မှာရှိနေဒါကိုလဲ သတိပြုသင့်တယ်၊ အမှန်က.... ပျဉ်းမနားဆိုဒါက အနီးစပ်ဆုံး မြန်မာသံနဲ့ ထွက်ရရင် **ပင်းမုန်န** ဆိုတဲ့.... ရှမ်းနာမည်ဘဲ...."

"အဓိပ္ပာယ်က ဘယ်လိုတဲ့လဲဆရာ...."

"ရှမ်းပြည်မှာ မြို့တွေကိုနာမည်ပေးရင် ရေကိုရင်း၊ တောင်ကိုရင်း၊ စခန်းကိုရင်း အစွဲပြုပြီးပေးတတ်ကြတယ်၊ ရေ.... သို့မဟုတ် မြစ်ချောင်းဖို့နဲ့ စပ်ဆိုင်လာရင် **နမ့်** ဆိုဒါ ပါလာတယ်၊ နမ့်....ဆိုဒါက ရေကိုပြောဒါဘဲ....၊ ဒါကြောင့်မို့ နမ့်ဆိုင်းတို့၊ နမ့်ဆန်တို့ဆိုတဲ့မြို့နာမည်တွေပေါ်လာတယ်၊ တောင်ကိုတော့ **လွိုင်**-ခေါ်တယ်၊ လွိုင်လင်တို့၊လွိုင်လုံတို့၊လွိုင်ကော်တို့ဟာ နမူနာပေါ့၊ တောင်ကြီးမြို့ကို ရှမ်းလို.... လွိုင်လုံလို့ခေါ်ရမယ်၊ လွိုင်ဆိုဒါက တောင်....၊လုံဆိုဒါက ကြီးဒါ....၊ လွိုင်လင်ကျတော့....လွိုင်ဆိုဒါက တောင်....၊ လင် (လီယံ)ဆိုဒါက ချွန်ဒါ၊ တောင်ချွန်မြို့ပေါ့၊စခန်းကိုတော့.... **ပင်း** လို့ခေါ်တယ်၊ ဥပမာ....ပင်းလုံမြို့ဆိုပါတော့၊ ပင်းဆိုဒါကစခန်း၊ လုံဆိုဒါက ကြီးဒါ....၊ဒီတော့ ပင်းလုံမြို့ရဲ့ အဓိပ္ပာယ်က **စခန်းကြီးမြို့** လို့ရတယ်၊ ဇမ္ဗူဒီပန်မိတ္တာဘဲ၊ ပြည်ထောင်စုကြီးဟာ စခန်းကြီးမြို့မှာတင်ပေါက်ဖွားခဲ့တယ်...."

"ပျဉ်းမနားနဲ့ ပင်းမုန်နအကြောင်းဆက်ပါအုံးဆရာ"

"ပင်းဆိုဒါက စခန်းဘဲ၊ မုန်ဆိုဒါက အသီးကိုခေါ်ဒါ၊ န ဆိုဒါက ဖန်ခါး၊ဒီတော့....၊ပျဉ်းမနား....သို့မဟုတ် ပင်းမုန်န ဆိုဒါဟာ**ဖန်ခါးသီးစခန်း**လို့ အဓိပ္ပာယ်ရတယ်၊ဒီအယူအဆကို အထောက်အကူပေးတဲ့အချက်က ပျဉ်းမနား....နားမှာ.... နမ့်အစပျိုးတဲ့ရွာတွေရှိနေတယ်"



ဦးမြသန်းသည်ထုံးစံအတိုင်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ ကောက်ချက်ချ၏။

"အင်း.... ဒီအတိုင်းဆိုရင်တော့ အမည်တွေ.... ဝေါဟာရတွေရဲ့ ဇစ်မြစ်ကိုလိုက်ရင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးတွေရဲ့ စကားကို ရှေးဦးစွာဦးတည် အလေးပြုရမှာပေါ့နော်"

"မှန်တယ်ဦးမြသန်း၊ အဖြေမရှိဒါနဲ့ နိုင်ငံခြားစကားတွေကို ဇွတ်ယူဝိဂ္ဂိုဟ်ပြုဒါကတော့ မလိုလားအပ်ဘူး၊ စကားစပ်ပြန်တော့ ရယ်စရာတခုပြောရအုံးမယ်...."

"ပြောပါဆရာ...."

"ကြည့်မြင်တိုင်နဲ့ ပုဇွန်တောင်တို့အမည်တွင်လာပုံရယ်စရာလုပ်ထားဒါလေ....၊ ရန်ကုန်ကို အင်္ဂလိပ် ရေတပ်က ဝင်သိမ်းတော့ မြန်မာတွေက စစ်သင်္ဘောတွေကို တအံ့တသြဝိုင်းကြည့်ကြသတဲ့....၊ ကြည့်မြင်တိုင်ဘက်ဆိုက်တဲ့ အင်္ဂလိပ်စစ်သင်္ဘောကပ္ပိတန်က သဘောကောင်းတော့....မြန်မာတွေကို သင်္ဘောပေါ်ဖိတ်ခေါ်သတဲ့၊ဖိတ်ခေါ်ပုံက....ကမ်းအင်ဒိုင်း....ကမ်းအင်ဒိုင်း(Come and dine)ကြွကြပါ....၊ ညစာလဲ သုံးဆောင်သွားကြပါလို့....အဓိပ္ပာယ်ရတယ်၊ ဒါကြောင့်မို့.... ကမ်းအင်ဒိုင်းကနေ ကြည့်မြင်တိုင်ဖြစ်လာသတဲ့...."

"ဦးမြသန်းနှင့်မတင်စန်းတို့ကရယ်ကြသည်၊ ကိုသက်ခိုင်က ဆက်ပြောသည်။

"ပုဇွန်တောင်ဘက်ဆိုက်တဲ့ အင်္ဂလိပ်စစ်သင်္ဘောကပ္ပိတန်ကတော့ စိတ်တိုတတ်သတဲ့....၊ မြန်မာတွေက သင်္ဘောပေါ်တက်ကြည့်တော့.... ကပ္ပိတန်က သူ့တပ်သားတွေကို ဒေါသတကြီးနဲ့ အမိန့်ပေးသတဲ့၊ သူ့အမိန့်က.... ပွတ်ရှဟင်းဒေါင်း....

ပွတ်ရှုဟင်းဒေါင်း(Push him down)ဒီကောင်ကို တွန်းချ လိုက်လို့ အဓိပ္ပာယ်ရတယ်၊အဲဒါကြောင့်မို့ ပွတ်ရှုဟင်းဒေါင်း ကနေ.... ပုဇွန်ဒေါင်ဖြစ်လာရသတဲ့”

မတင်စန်းက မျက်ရည်များစို့ အောင်ရယ်ရင်း “ဆရာကလဲ ကြံကြံဖန်ဖန်ရယ်စရာပြောတယ်” ဟု မှတ်ချက်ချ၏။

“ရယ်စရာပြောဒါမဟုတ်ဘူးမတင်စန်း၊ ဒီသဘောက မြန်မာပညာရှိတချို့မှာ တကယ်ဖြစ်နေဒါ၊မြန်မာစကားတရပ်ရဲ့ အခြေအမြစ်ကိုရှာချင်ရင် ပါဠိတို့သင်္သကရိုက်တို့ထဲမှာဘဲလိုက် ရှာကြတယ်၊ မတွေ့ရင်ဘောင်မှ နီးစပ်ရာပါဠိ၊ သင်္သကရိုက် ကနေ ဇွတ်ဆွဲယူပြီး ဝိဂ္ဂိုဟ်ပြုအနက်ဖွင့်ကြဒါဘဲ၊ အမှန်က မြန်မာရဲ့ ညီအကိုတွေဖြစ်တဲ့ ကချင်၊ ချင်း၊ မွန်၊ ရှမ်းတို့ရဲ့ စကားတွေမှာသာ အရင်ရှာဘို့သင့်ဒါ”

ဦးမြသန်းကမူ ရယ်ရင်းကထောက်ခံသည်။

“ဆရာပြောဒါမှန်ပါတယ်ဆရာ၊ ဒါကြောင့်လဲ အခုကျွန်တော်တို့ မြန်မာစာဌာနဟာ....မြန်မာစာဌာနလို့ အမည်ခံထားပေမဲ့ တိုင်းရင်းသား ဘာသာတွေကိုပါ ထိထိ ရောက်ရောက် လေ့လာနိုင်အောင် ကြိုးစားနေပါတယ်၊ ဆရာလဲ သိပြီးရော ပေါ့....”

ကိုသက်ခိုင်က ခေါင်းညိတ်၏။

စကားစ ခေတ္တပြတ်သွားကြသည်၊ စကားစ ပြတ်သွားစဉ် ကိုသက်ခိုင်က မောင်စောနောင်တို့အား လှမ်းကြည့်သည်။

စောစောက မိမိဘာသာ စကား ကောင်းနေ စဉ် က မူ သတိမပြုမိ၊ ယခုသတိပြုမိကာမှ မောင်စောနောင်နှင့် မမြင့်



ဝေတို့မှာလည်းတစုံတရာကိုအကျိတ်အနယ် ပြောဆိုနေကြမှန်း တွေ့ရသည်။

ကိုသက်ခိုင်တို့ရပ်နေရာမှာ တံဘိုင်း၏ ဗဟိုခန့်တွင်ဖြစ်၏၊ မောင်စောနောင်နှင့် မမြင့်ဝေတို့ ရပ်နေရာကား တံတိုင်း၏ လကျ်ာဘက်အစွန်ထောင့်နားဌဖြစ်၏။

စောစောကမူ ဘာတွေ ပြောဆို နေကြသည်မသိ၊ ကို သက်ခိုင်သတိပြုမိချိန်၌ မောင်စောနောင်၏ အသံသည် ပေါ် လာ၏၊ အသံ၌ မခံချင်မှုရော၍ ဒေါသဟုန် ပါသောကြောင့် ကိုသက်ခိုင်ကြားသာရုံကျယ်နေ၏။

“ခက်တယ်မမမြင့်ရာ....သိပ်ခက်ထာဘဲ၊ကျွန်တော်ကမလိမ် မာလို့ ဘာတွေလုပ်နေလို့လဲ”

မမြင့်ဝေက တစုံတခုပြန်ပြောသည်၊ သို့ရာတွင် တိုးတိုး ပြောသည်ဖြစ်သောကြောင့် ကိုသက်ခိုင်မကြားရ။

ကိုသက်ခိုင်က ဦးမြသန်းနှင့်မတင်စန်းတို့ကိုကြည့်မိ၏၊ ဦးမြ သန်းနှင့် မတင်စန်းတို့က လှုပ်ရှားမှုကင်းသော မျက်နှာထား များနှင့် မင်းဘူးဘက်ကမ်းသို့ လှမ်းငေးနေကြ၏၊ အမှန်စင် စစ်မှာ လှမ်းငေးနေကြခြင်းမဟုတ်၊ မျက်နှာလွှဲထားကြခြင်း သာဖြစ်မည်၊ မောင်စောနောင်၏ စကားကိုလည်း ကြားကြ မည်ပင်ဖြစ်သည်၊ ဤအဖြစ်မျိုးကို ကြုံဘူး, တွေ့ဘူးသောဟန် လည်းပေါ်နေကြ၏၊ သူတို့နှစ်ဦး၏အမူအရာကို ကိုသက်ခိုင် က ဤသို့လျှင်ရိပ်စားမိသည်။

မောင်စောနောင်၏အသံပေါ်လာပြန်လေသည်။

“ဩော.... သနားလို့.... ဟဲ....ဟဲ၊ မသနားပါနဲ့ မမြင့် ရယ်....၊ဒီလိုပြောစတမ်းဆိုရင် မမြင့်တို့ကိုလဲ.... ကျွန်တော်

က ပြန်သနားမိတယ်....၊ ကုန်ကုန်ပြောမယ်လေ.... ကြိုးတော့ ကြိုးစားနေဒါဘဲ၊ ဒါပေမဲ့.... မမြင့်တို့ အထင်ကြီးနေတဲ့ တက္ကသိုလ်ကဘွဲ့မရရင်လဲ ကျွန်တော်ဝမ်းမနည်းပါဘူး....”

ဤအချိန်အထိ မမြင့်ဝေသည် တံတိုင်းပေါ်လက်ထောက်၍ ခေါင်းကလေးငုံ့လျက်ရှိနေ၏၊ သို့ရာတွင် မောင်စောနောင်၏နောက်ဆုံးစကားကြောင့်ကိုယ်လေးမတ်လာ၏၊ မောင်စောနောင်၏ မျက်နှာကို ကြည့်ပြောရန် ခေါင်းလည်းငဲ့လာ၏၊ ခေါင်းငဲ့စဉ်တွင် မျက်လုံးများက ကိုသက်ခိုင်ကို လှမ်းမြင်သွားသည်။

ကိုသက်ခိုင်က လျှင်မြန်စွာပင် ဦးမြသန်းတို့ဘက်သို့ လှည့်ပြီးရယ်မောဆိုသည်။

“စကားကောင်းလိုက်ကြဒါနဲ့.... ဆရာ လုပ်ချင်ဒါလေးတွေမလုပ်မိသေးဘူး....ကဲ....ကဲ....”

“ဘာလုပ်ချင်ဒါလဲဆရာ”....ဟု ဦးမြသန်းကမေးသည်။

“ဩော်....မြသလွန်ပေါ်ကနေကြည့်လို့ မြင်ရတဲ့ရှုခင်းကို ဓာတ်ပုံရိုက်ထားသလို.... အသေးစိတ်.... မျက်လုံးထဲမှာ မှတ်မိအောင်ကြည့်မလို့ပါ”

ဦးမြသန်းကရယ်ပြီးမေး၏။

ဘာလဲဆရာ....၊ နောက်ဝတ္ထု တပုဒ်ရေးရင် ဖော်ပြနိုင်အောင်လို့လား....”

“ဟုတ်တယ်ကွယ့်....၊ အဲဒီလောက် အပင်ပန်းခံမှတ်ထားဒါတောင်မှ မှတ်ဉာဏ်ဆိုဒါရွေ့တတ်တော့တခါတလေအမှားတွေပါသွားဒါကို စာဖတ်ပရိသတ်က ထောက်ပြမှ သတိပြုမိတယ်....”



“ဆရာ့ နောက်ဝတ္ထုက ဘာအကြောင်းလဲ ဆရာ....”ဟု မဘင့်စန်းကစုံစမ်းသည်။

“အဲ....ဘယ်လိုပြောရပါ့မလဲ....၊နေအိုး.... အင်း.... စဉ်းစားမိဘီ၊ ဘောကျော်-ဘောသောနဲ့ သူတို့ရဲ့ နှစ်မအကြောင်းဘဲ မတင်စန်း....”

ကိုသက်ခိုင်သည် စကားကိုဖြတ်လိုက်ပြီး နေရာမှခွာ၍ဟိုဟိုသည်သည်လှည့်ပတ်ကြည့်၏။

ပထမတောင်ဘက်တွင်....အရှေ့ဘက်သို့ ကွေ့ဝင်ချိုးသွားသော မြစ်၏ လမ်းစဉ်၊ ထိုနောက်.... မြစ်၏ တဘက် ကမ်းရှိ မင်းဘူးဆီ၊ အဆုံး၌ မြစ်ရေပြာပြာ သဲသောင်ဝါဝါနှင့် စိမ်းမှောင်မှောင်ကိုင်းခင်းများကို ဝိုက်ဝေ့ဖြတ်သန်းပြီး မြောက်ဘက်ဆီ....။

ကိုသက်ခိုင်၏မျက်လုံးများက အရှိန်ရုတ်တရက် တန့်ကာ ထိုးစိုက်ရပ်သွား၏၊ နှလုံးသည်လည်းပြင်းစွာ တချက်ခုန်ပြီး.... စက္ကန့်ပိုင်းမျှ ရပ်သွားသည်၊ လူမှာသည်းမလှုပ်....၊ မလှုပ်....၊ မလှုပ်....။

တံတိုင်း၏အစွန်ထောင့်၌ ရှယ်သည်ဟုဆိုရမည့် မောင်စောနောင်နှင့် မမြင့်ဝေတို့သည် အကျိတ်အနယ်ပြန်လည်ဆွေးနွေးနေကြဲဟန်တကား၊ တံတိုင်း၏အပြင် ဘုရား ကုန်းတော်၏ တဘက်အတန်ငယ်နိမ့်ရာ၌ အရွက်စိတ်၍ အရိပ်ကောင်းသော သစ်ပင်ကြီးတပင်ရှိသည်၊ ပင်စည်ကိုခေါင်းမှီရင်း လုံမပျိုတဦးကထိုင်နေ၏၊လုံမပျို၏လက်တွင် ဖွင့်လှန်ထားသော စာအုပ်တအုပ်ကိုကိုင်ထားသည်၊ လုံမပျို၏ မျက်လုံးများက စာအုပ်

ပေါ်တွင်မစူးစိုက်၊ လည်တိုင်လေးကိုဆန့်၍ မျက်နှာလေးကို မော့ရင်း မြစ်တဘက်ကမ်းသို့ငေးကြည့်သယောင်ရှိနေ၏၊ လုံမပျို၏ဘေးတွင်ထိုင်ချင်း လုလင်ပျိုတဦးက မျက်နှာကိုလုံမပျို၏နားအနီးကပ်၍ တတွတ်တွတ်ပြောနေသည်၊ နှလုံးသား၏ဘာသာကို စကားသင်စလေ့ကျင့်နေဟန်တကား၊ သူတို့ကို လွန်လျှင်မူ....ပန်းချီကားက ပိုမိုပြည့်စုံလာသည်။

မြစ်ကမ္ဘားထိပ် မြေကမူတခု၏အစွန်း....သစ်ရိပ်အောက်၌ ယောကျ်ားတဦးက ကိုယ်ကို ကိုင်းရင်း လက် တဘက် နှင့် အနောက်ဘက်သို့ညွှန်ပြ၍ ရှင်းလင်းပြောဆိုနေဟန်တကား....၊ သူ့လက်တဘက်က သမီးဟု သိသာနိုင်သော ကလေးငယ် တဦး၏ပုခုန်းကို ယုယစွာ အသာအယာဆုပ်ကိုင်ထား၏၊ သမီးငယ်သည် ဘခင်ပြောပြရာကိုနားလည်သည်လော.... နားမလည်သည်လောမသိ....၊ မည်သို့ပင် ဖြစ်စေ.... ဘခင်ညွှန်ပြရာကို မတ်တတ်လေးရပ်ရင်း စိတ်ဝင်စားစွာဖြင့် လှမ်းကြည့်နေ၏၊ ကလေး၏အနီး၌ မိခင်အရွယ်ရှိ မိန်းမသားတဦးက ဒူးမကွေးတကွေးနှင့် ခြေဆင်း၍ ထိုင်လျက်ရှိသည်၊ ထိုမိန်းမသားက မကွေးတကွေးရှိသော ဒူးများကိုလက်ဖဝါးချင်းယှက်၍အားပြုဝန်းဝိုက်ထားသည်၊ ပုခုန်းတဘက်ပေါ်တွင်မူ.... သမီးငယ်၏လက်ကလေးတဘက်သည် အားယူထောက်ပြုထား၏။

ထိုမိန်းမသား၏ မျက်လုံးများက.... အဝေးသို့ငေးကြည့်နေ၏၊ မှန်သည်....၊ အဝေးသို့....၊ မင်းဘူး မြစ်ကမ်းဆီလည်း မဟုတ်၊ မင်းဘူးမြို့အနောက်ဘက်မှ တောင်တန်းပြာပြာများဆီသို့လည်းမဟုတ်....၊ အဘယ်ဆီသို့နည်း....၊ အဝေးသို့....၊အဝေးသို့....၊ဟို....အဝေးသို့....၊ ကာယက ရှင်သာ ထိုအဝေးကို သိနိုင်လိမ့်မည်ထင်သည်....၊ ထင်သည်....။



ထိုမိန်းမသား၏ အသားက....ဝါသည်၊ ဝင်းသည်၊ ကြည်သည်၊ လဲ့သည်၊ အထူးခြားဆုံးကား....သဘာဝအတိုင်း....ခွေသော....နွယ်သော ပိတုန်းရောင် ဆံပင်တို့သည် ပယင်းရွှေရည်ပွတ်လဲ့ကြည်သော နဖူးလှလှထက် ညွှတ်လျော့ကျနေခြင်းပင်တည်း၊ ပင်တည်း....။

သူတို့ကိုမြင်မိသောကြောင့် ကိုသက်ခိုင်သည်မလှုပ်၊ လုံးဝမလှုပ်....။

မောင်စောနောင်နှင့် စကားပြော နေရာမှ မမြင့်ဝေသည် မလှုပ်မရှားသော ကိုသက်ခိုင်၏သဏ္ဌာန်ကို မြင်သွားသည်၊ ကိုသက်ခိုင်ကမူ....သူ့ကိုပြန်မြင်ဟန်မတူ....။

မမြင့်ဝေသည် ကိုသက်ခိုင်စိုက်ကြည့်နေရာသို့ အမှတ်မထင်လိုက်ကြည့်မိ၏၊ ခဏတွင်ပင် မမြင့်ဝေ၏အမူအရာသည် လှုပ်ရှား တက်ကြွသွား၏၊ နှုတ်မှလည်း အာမေဋိတ်သံ အဦးပြု၍ စကားများထွက်လာ၏။

“ဘုရားရေ....၊ကြည့်စမ်း....၊အကိုဘမြိုင်တို့ ပါကလား....၊ မောင်လေး မောင်စောနောင်....မင်းအကိုဘမြိုင်တို့ လင်မယား လေ....၊ကြည့်စမ်း....ညနေပိုင်းကျမှ မမြင့်က မြို့ကို လိုက်ပြမလို့ပြောထားဒါ....၊ဘယ်ကကားရသလဲမသိဘူး၊ ဒါမှမဟုတ် မြင်းလှည်းနဲ့ လာကြသလားမသိဘူး....၊ အတော်ဘဲ အပြန်ခေါ်သွားရမယ်၊ နေအုံး....ခဏနေအုံး....”

မမြင့်ဝေသည် ဝမ်းသာအားရဖြင့် နေရာမှ ထွက်ပြေးသွားသည်၊ သူ့အကိုဘမြိုင်တို့ဆီသွားမည်မှာ သေချာလှ၏....။

မောင်စောနောင်ကလည်း ကိုသက်ခိုင်တို့ဘက်သို့လျင်မြန်စွာလှည့်ပြီး လျင်မြန်စွာပြော၏။

"ကဲ....မမြင့်လဲ....အကိုဘမြိုင်တို့ဆီ....သွားဘီ၊ ကျွန်တော်လဲ....ပြန်တော့မယ်၊ ဪ....ဆရာ ဦးသက်ခိုင်....ဆရာကိုထွန်းငွေဆီတော့....လာမယ် မဟုတ်လား...."

ကိုသက်ခိုင်ကလည်း မှင်သက်မိရာမှ နိုးကြားလာ၏၊ သူသည်ဆွဲငင်တားဟန်....မောင်စောနောင်၏လက်မောင်းတဘက်ကိုဆုပ်ကိုင်လိုက်၏။

"မောင်စောနောင်-၊ ဆရာနဲ့မောင်စောနောင်နှစ်ယောက်စီးပီးစက်ဘီးနဲ့ မြို့ထဲပြန်နိုင်ပါမလား...."

မောင်စောနောင်သည် ကိုသက်ခိုင်အား အံ့အားသင့်စွာပြန်ကြည့်ပြီးနောက် ဖြေသည်။

"ဘာပြုလို့ မပြန် နိုင်ရ မှာလဲဆရာ၊ အဲ....ကုန်းအတက်တွေမှာတော့....ဆင်းတွန်း ရမှာပေါ့...."

"ကိုက်ပီ....၊မောင်စောနောင်နဲ့ ဆရာ လိုက်ခဲ့မယ်၊ ဦးမြသန်းရေ....မမြင့်ဝေပြန်လာရင်....ဆရာမောင်စောနောင်နဲ့ ပြန်သွားဘီလို့ပြောပြလိုက်ပါ၊ ဆရာ မြို့ထဲမှာ....ကား မရောက်နိုင်တဲ့နေရာတွေ ကြည့်စရာရှိသေးတယ်၊ မမြင့်ဝေ ကြည့်ရဒါဆရာတို့ကိုလိုက်ပို့ချင်တာနဲ့ သူ့အကို- အမတွေကို ပစ်ထားခဲ့ရပုံပေါ်တယ်၊ အပြန်မှာကားကြပ်နေအုံးမယ်၊ ဆရာ ကြည့်ချင်တဲ့နေရာတွေကိုလဲ မမြင့်ဝေ လိုက်ပို့တာမှာ မဟုတ်ဘူး၊ ကဲ....သွားဘီ...."

ဦးမြသန်းနှင့် မတင်စန်းတို့က ကိုသက်ခိုင်ကိုနားမလည်နိုင်စွာ မျက်လုံးပြူးကြည့် နေကြ၏။



သို့ရာတွင် သူတို့သည် ဆရာ-ဆရာမငယ် တပည့် တို့သာဖြစ်သည်၊ မိမိတို့၏ဆရာရင်း....ကထိကကြီး တဦးကို ပြန်လှန်ဆင်ခြေမကွန့်ဝံ့၊ ပြီးတော့....သူတို့၏ဆရာ ကထိကမှာ ရိုးရိုးကထိကမဟုတ်၊ ဆန်းသောစာရေးဆရာကြီးတဦးလည်း ဖြစ်နေပေသေးသည်။

စာရေးဆရာဆိုသော သတ္တဝါ အမျိုးအစား တို့သည် လူတကာနှင့် မတူလေဟန်ပါတကား....။

ဦးမြသန်းနှင့်မတင်စန်းတို့ အံ့ဩ ကျန်ရစ်စဉ် ကိုသက်ခိုင်နှင့် မောင်စောနောင်က ထွက်ခွာ သွားကြသည်။

မြသလွန်ကုန်းတော်၏ထိပ်၌ စက်ဘီးကိုကိုင်ရင်းမောင်စောနောင်ကရပ်လိုက်၏၊ ကုန်းဘောင်ပေါ်မှလှမ်းကြည့်လျှင် ချိုင့်တွင်းသို့နိမ့်ဆင်းသွားသော လမ်းကိုမြင်နေရ၏။

မောင်စောနောင်က စ ပြော၏။

"ဆရာ ဘားတန်းပေါ်ထိုင်၊ ကျွန်တော်က နင်းမယ်"

"မဟုတ်ဘူးလေ....ဆရာကနင်းမယ်၊ မောင်စောနောင်ကဘားတန်းပေါ်ထိုင်...."

ရှေးဦးစွာအဖြစ် မောင်စောနောင်သည် လှိုက်လှိုက် လှဲ့လှဲ့အားရပါးရ ရယ် မောသည်။

"ဟုတ်ပီဆရာရေ့....ဒါပေမဲ့ ကျွန်တော် တခုပြောမယ်၊ ဆရာက အသက်ကြီးတယ်၊ ကျွန်တော်က အသက်ငယ်တယ်၊ ပီးတော့....ဆရာက ကထိကကြီး၊ ကျွန်တော်က ကျောင်းသားလေး၊ မမြင့်က ကျွန်တော့်ကို မလိမ္မာဘူးလို့ ပြောတယ်၊ ဒါပေမဲ့ဆရာရယ်....ဂုဏာဝုဍ္ဍ၊ ဝယဝုဍ္ဍကို နားမလည်တဲ့အထိကျွန်တော် မမိုက်ကန်း သေးပါဘူး၊ ဒီတော့....ဆရာက ဘား

တန်းပေါ်ကထိုင်၊ ကျွန်တော်ကနင်းမယ်၊ ကျွန်တော်မောလို့ ခြေကုန် လက်ပန်းကျတော့ ဆရာနင်းပေါ့....၊ ကျွန်တော်က ဘားတန်းပေါ်က ထိုင်လိုက်မယ်၊ စာချုပ်ဘဲ ဆရာ....ကျေနပ်ကဲ့လား...."

ကိုသက်ခိုင်ကလည်း အားရပါးရ ရယ်မောသည်။


"မောင်စောနောင် ပြောတဲ့အတိုင်းဘဲ၊ ဟုတ်ပီ တပည့်ရေ ကိုင်း....နင်းပေတော့...."

မောင်စောနောင်က စက်ဘီးကိုတွန်းပြီး တက်နင်း သည်၊ ကိုသက်ခိုင်က လက်ကိုင်ကို လက်နှစ်ဘက်နှင့်ဆုပ်ကိုင် တွန်းပြီး အရှိန်ရမှဘားတန်းပေါ်သို့ခုန်၍ တင်ပါးလွှဲ ထိုင်လိုက်၏။

ကုန်းထိပ်၌ စိမ်းပြာရောင် ဟေး(လ်)မင်း ကားလေးသည် ငြိမ်သက်စွာ မလှုပ်မရှက် ကျန်ရစ်နေသည်။

ရှေ့ဘားတန်း၌ ကိုသက်ခိုင်က ထိုင်လျက်...၊ မောင်စော နောင်က နင်းလျက်....။

စက်ဘီးသည် ကုန်း၏ ဆင်ခြေလျှောလမ်းအတိုင်း အရှိန် ပြင်းစွာလိမ့်ဆင်း ခရီးနှင်လေ သတည်း....။



အခန်း-၇

## ဟိုဘက်ကမ်း–သည်ဘက်ကမ်း

မကွေးမြို့ ဘောလုံး ကစားကွင်းကြီး၏ တံတိုင်း ဘေး တလျှောက်အတိုင်း စက်ဘီးသည် ကွေ့ပတ်ပြီးနောက် ဆေးရုံ ကြီးရှေ့ရောက်လာသည်၊ ထိုမှသည်ဘောင်ဘက်သို့အတန်ငယ် ဆက်လာပြီးနောက် ကင်းချောင်းအနီးတွင် ရပ်လိုက်၏။

မြသလွန်စေတီတော်မှစထွက်လာစဉ်ကမူ မောင်စောနောင် ကနင်းပြီး ကိုသက်ခိုင်ကရှေ့ဘားတန်း၌ထိုင်လျက်ဖြစ်၏၊ ယခု မူ ပြောင်းပြန်တည်း။

ကိုသက်ခိုင်က သူ့ခြေတံ ရှည်များကို ကား ထောက်၍ စက်ဘီးကို တည်ငြိမ်ထားစဉ်....ဘားတန်း ပေါ်မှ မောင် စော နောင်က ခုန်ချလိုက်၏၊ မောင်စောနောင် မြေပြင်သို့ ရောက်မှ ကိုသက်ခိုင်က ထိုင်ခုံပေါ်မှဆင်းပြီး စက်ဘီးကိုထောက်ချရပ် ထားလိုက်၏။

ကိုသက်ခိုင်၏ ကျယ်ပြန့် ဖြူဝင်းသော နဖူးမှ ချွေးသီး ချွေးပေါက်များကျဆင်းနေ၏၊ သူ့ အင်္ကျီလက်တို မှာလည်း ချွေး တို့ဖြင့် ရွှဲရွှဲစိုနေ၏။

မောင်စောနောင်က ကိုသက်ခိုင်ကို ကြည့်ပြီး ရယ်လျက် ဆိုသည်။

"ဆရာ့တကိုယ်လုံး ချွေးရွှဲနေဘီ၊ ကျွန်တော်ပြောသားဘဲ၊ ကျွန်တော်ဘဲ တောက်လျှောက်နင်းခဲ့ပါရစေလို့၊ အခုတော့.... ဆရာ ပင်ပန်းနေဘီ...."

ကိုသက်ခိုင်က အသက်ကိုရှိုက်ကာ ရှုရှင်း ဖြေသည်။

"ဆရာ မောတော့ သိပ် မောတယ် မောင်စောနောင်....၊ ဒါပေမဲ့ မပင်ပန်းပါဘူး...."

မောင်စောနောင်က မောခြင်းနှင့် ပင်ပန်းခြင်းကို ခွဲခြားပြောသော ကိုသက်ခိုင်၏ စကားကို သတိပြုမိသည်၊ သူတို့ တက္ကသိုလ်ဆရာမည်သည့်စကားလုံးများကို အသေးစိတ်သတိပြုဟန် ပါတကား....။

မောင်စောနောင်က သဘောကျစွာပြုံးပြီး ဝန်ခံ၏။

"ဆရာ့ကို ကျွန်တော်....တော်တော် အံ့ သြ တယ်...."

"ဟင်....ဘာကိုလဲ...."

"တစ်အချက်က....ကားနဲ့ ဇိမ်ခံ ပြန်နိုင် ရက်သားနဲ့.... ကျွန်တော့်စက်ဘီးနဲ့ လိုက်လာဒါဘဲဆရာ...."

"ပြီးတော့ကော...."

"ပြီးတော့....ဒီနေရာရောက်အောင် ကျွန်တော်မညည်းပြဘဲနဲ့ ဆရာ့ဘာသာဆရာ စီးလာနိုင်ဒါကိုဘဲ ဆရာ...."

ကိုသက်ခိုင်က မရယ်မပြုံးဘဲတည်တည်ပြန်ဖြေ၏။

"အံ့သြစရာမရှိပါဘူးမောင်စောနောင်၊ ပထမ အချက်အနေနဲ့က မောင်စောနောင်ကားမစီးချင်သလို၊ ဆရာလဲကားမစီးချင်ဘူး၊ကားစီးခြင်းကိုမမက်ဘူးလို့....မညာချင်ဘူး၊ ကိုယ်ပိုင်ကားစီးနိုင်အောင်ဆရာလဲငွေစုနေပါတယ်၊ဒါပေမဲ့....ဆရာ ဘယ်လိုပြောပြရမလဲမသိဘူး၊ သူများကား မစီးချင်ဘူးကွယ်၊ အထူး သဖြင့် ဟောဒီ....မကွေးနဲ့.... ပြီးတော့....အင်း....ရေနံချောင်းမှာ ကား မစီးချင်ဘူး...."



မောင်စောနောင်က နားမလည် နိုင်ဟန် ကိုသက်ခိုင် ကို မော့ကြည့်၏၊ ကိုသက်ခိုင်ကသာ ဆက်ပြောသည်။

"ဒုတိယ အချက်အနေနဲ့က....ဒီက လမ်း တွေကို ဆရာသိတယ်လေ၊ ဘာပြုလို့လဲဆိုတော့....တခါက ဆရာဟာ....ဒီဆီတဝိုက်မှာနေခဲ့ဘူးလို့ဘဲ...."

မောင်စောနောင်သည် အံ့သြစွာနှင့် မေး၏။

"တခါက ဆရာဟာ....ဒီဆီတဝိုက်မှာနေခဲ့ဘူးတယ်၊ဟုတ်လား၊ ဘယ်တုံးကလဲ ဆရာ...."

"စောစောကဆရာတခါပြေပြီးပါရောလား၊ဘောကျော်တို့ဘောသောတို့ ဘဝ တုံးက လို့...."

ကိုသက်ခိုင်သည် နောက်ပြောင် ပြောနေသလောဟု စုံစမ်းဟန် မောင်စောနောင်က သူ့မျက်နှာကိုစိုက်ကြည့်သည်၊ သို့ရာတွင် ကိုသက်ခိုင်၏မျက်နှာက အထူး တည်ကြည်နေပြီး မျက်လုံးများက တနေရာသို့ ငေးကြည့်နေ၏။

မောင်စောနောင်က ကိုသက်ခိုင်ကြည့်ရာသို့ လိုက်ကြည့်မိရာမှ ကိုသက် ခိုင်ဘာကိုမြင်သည်ကိုတွေ့ရသောကြောင့်အသာရယ်မောပြီးဆိုသည်။

"အဲဒီမှာလဲ....ဆရာ့အချစ်တော်ဘောကျော်နဲ့ဘောသောတို့ဘဲဆရာ၊ ကိုင်း....လာ....သွား နှုတ်ဆက် ကြရအောင်...."

အမှန်ပင်ထိုနေရာ၌ ကြီးမားလှသောဘီလူးရုပ်တုကြီးနှစ်ခုရှိနေသည်။

မောင်စောနောင်နှင့်ကိုသက်ခိုင်တို့က ရုပ်တုကြီး နှစ်ခုနားသို့ ချဉ်းကပ်သွားကြ၏။

ရုပ်တုနှစ်ခုမှာ ဘီလူးရုပ်များဖြစ်ကြောင်းမူ ပီသ သေးသည်၊ သို့ရာတွင်အင်္ဂတေများမှာ ဆွေးမြေ့လျက်ကွာကျပြီးရှိနေ၏၊ အတွင်းသား ရှေးဟောင်း အုဋ်များက ပေါ်နေသည်၊ ရာသီဥတု ဒဏ်ကြောင့် ရုပ်တု နှစ်ခုလုံး၏ အရောင် အဆင်းကား ညိုမဲနက်မှောင်နေ၏၊ အုဋ်ကြား အင်္ဂတေကြားတို့တွင် မြက်နှင့် သစ်ပင်ငယ်တို့ အမြစ် တွယ်ကပ် မှီပေါက် နေကြ၏။

ပြုပြင်သူမရှိဘဲ စွန့်ပစ် မေ့လျော့ထားခြင်းခံရသော ရုပ်တုနှစ်ခုပေတည်း၊ ဤသို့ပြုပြင်သူမရှိဘဲ စွန့်ပစ် မေ့လျော့ထားခြင်းခံရ၍ အရောင်အဆင်းညိုမဲ နက်မှောင် နေသောကြောင့်ပင် ဤဘီလူး ရုပ်တု နှစ်ခုတွင် ပိုမို၍ အသက်ဝင် နေသည်၊ အသက်ဝင်နေသည်ဆိုရသော်လည်းကြောက်မက်ဖွယ်ရာမူ မရှိ၊ အထီးကျန်ဘဝကိုပြနေကြသည်၊ ဆိတ်သုဉ်းစွာရှိနေကြသည်၊ ကရုဏာနှင့်မေတ္တာတရားကို တောင်းခံ နေကြ သည်။

လက်ျာဘက်ရှိ ဘောကျော်၏ရုပ်တုဟု အမှတ်သညာ ပြုရသော အုဋ်ပုံ အစု အဝေးကို ကိုသက်ခိုင်က ဟာယ ကြင်နာ စွာ လက်ဖြင့် ပွတ်သပ်ရင်း ကြည့် နေခိုက် မောင်စောနောင်က ဝေဖန်သည်။

"ဟို....အဝေးမှာ ဘုရားကတော့ ရွှေရောင် တဝင်းဝင်းနဲ့ ရှိနေတယ်၊ မဆီမဆိုင်....ဒီ နေရာ မှာကတော့....ဘုရား ဒကာ ခမျာတွေ....ဆင်းဆင်းရဲရဲ မျက်နှာငယ်ငယ်နဲ့....နေ ကြ ရ ရှာ တယ်၊ ဒါလဲ....သီကြားမင်းက ဒဏ်ခတ် ထား လို့ဘဲ ထင်ပါ တယ် နော်....ဆရာ...."

"ဒါပေမဲ့ မောင်စောနောင်၊ ဘောသောနဲ့ ဘောကျော် ဟာ ဘုရား ဒါယကာတွေမှ မဖြစ်ခဲ့ရရှာဘဲ၊ လူဖြစ် ကြမှသာ



ဘုရားဒါယကာ ဖြစ်ခဲ့ကြရဒါ၊ ဘောကျော်....ဘောသောဘဝတုံးကတော့ အနုညာတ တွေမို့ တည်ခဲ့တဲ့ ဘုရားကိုတောင် မောင်စောနောင် ပြောသလိုဘဲ သိကြားမင်းက ဗိုလ်တို့အာဏာသုံးပြီး ဖျက်ဆီးခဲ့သေးတယ်မဟုတ်လား....၊အဲ....ဘောကျော်နဲ့ ဘောသောဟာ....ဘုရားဒါယကာတွေ မဟုတ်ပေမဲ့....မြသလွန်တော်ရဲ့မူလပိုင်ရှင် အစစ်တွေလို့တော့ ခေါ်ရမယ်...."

မောင်စောနောင်က ကိုသက်ခိုင် သည် အ ဘယ် ကြောင့် ဤမျှဘောကျော်နှင့် ဘောသောတို့ အပေါ် စိတ်ဝင်စားနေ ရပါသနည်းဟု သိလိုသည်၊ သိလိုခြင်းကိုလည်း ဟန်မဆောင်ဘဲ တိုက်ရိုက်မေး၏။

"ဆရာက ဘာလို့ ဒီ လောက် တောင် ဘောကျော်နဲ့ ဘောသောကို စိတ်ဝင်စားနေဒါလဲ....၊ ဒီဒဏ္ဍာရီ ပုံပြင်တွေကို ကော–တကယ့် အဖြစ်အပျက်တွေလို့ ဆရာကယုံနေလို့လား"

ကိုသက်ခိုင်က တွေးခေါ် မြော်မြင်စွာ ပြုံးလိုက်၏။

"ယုံသလား....ဆိုတဲ့စကားကို ဆရာဘယ်လို ဖြေရမလဲမသိဘူး၊ဒဏ္ဍာရီပုံပြင်ဆိုဒါတွေမှာဒဏ္ဍာရီပုံပြင်ဆန်ဆန်ဘဲယုံချင်သူမှယုံနိုင်စရာ အကြောင်းတွေပါနေရိုးဘဲ၊ ဒါပေမဲ့ဒီအကြောင်းအရာတွေထဲမှာ သိမ်မွေ့တဲ့ဖုံးကွယ်ခြင်းစံနစ်နဲ့သွယ်ဝိုက်သရုပ်ဖော်ထားတဲ့ သစ္စာတရားတွေဟာ ပါ,ပါနေတတ်တယ်...."

"ဘယ်လိုလဲဆရာ...."

"ဥပမာ....ဘောကျော်နဲ့ ဘောသောရဲ့ ဇာတ်လမ်းကိုဘဲ ကြည့်ကြရအောင်၊ မြသလွန်တော်ဟာ....ဘယ် ရှုထောင့်ကနေ ကြည့်ကြည့်....သူတို့ရဲ့ အပိုင်ပစ္စည်းဘဲ၊ သူတို့ရဲ့ အပိုင်ပစ္စည်းမို့ သူ့ခမျာမျာလဲ မြတ်နိုးစုံမက်လှပြီး ရင်မှာ အထွတ်အမြတ်

ထားခဲ့ကြရှာပါတယ်၊ ဒါပေမဲ့....သိကြားမင်းက ဝင်စွက်လိုက်တယ်လေ၊ ခမျာတွေဟာ ပိုင်ရက်နဲ့ မဆိုင်ရဘဲ....လက်လွှတ်ခဲ့ကြရရှာတယ်၊ အရှုံးပေးခဲ့ရ ရှာတယ်၊ ဝေးရာ ပြေးခဲ့ရရှာတယ်၊ ဒါကြောင့်လဲ....စိတ်ထိခိုက် ခဲ့ရရှာတယ်၊ ရင်နင့်ခဲ့ရရှာတယ်၊ နောက်ဆုံး ရင်ကွဲခဲ့ရ ရှာတယ်၊ မောင်စောနောင်....၊ လူ့ဘဝနဲ့ လူ့လောကမှာ....သိကြား မင်းတွေ အများကြီး ရှိတယ်....၊ဘောကျော်နဲ့ ဘောသောလို ခမျာတွေလဲအများကြီး ရှိတယ်....၊ဆရာနဲ့ မောင်စောင်နောင်တို့တောင် ဘောကျော်နဲ့ ဘောသောမဟုတ်ခဲ့ဘူး၊မဟုတ်ဘူး၊ မဟုတ်လိမ့်ဘူး....လို့ ရဲရဲကြီးမပြောဝံ့ပါဘူး မောင်စောနောင်....”

မြသလွန်စေတီကုန်းတော်ပေါ်၌တုန်းကကဲ့သို့ပင် ကိုသက်ခိုင်၏စကားသည် မောင်စောနောင်၏ အသဲနှလုံးမှ လျှို့ဝှက်ချက် တနေရာရာကို တိုက်ရိုက် ထိခိုက် သွားဟန်တူသည်၊ သူငယ်၏သဏ္ဌာန်သည် သိသိသာသာတုန်လှုပ်သွား၏၊ ပတ်ဝန်းကျင်တွင်....ညောင်တပင်၊ လက်ပံတပင်နှင့် အခြားသစ်ပင် တပင်နှစ်ပင်မှလွဲ၍ လူသူလေးပါး တစုံတဦးမျှမရှိမှန်းသိလျက်နှင့် သူငယ်၏ခေါင်းသည် ဝဲယာတိမ်းငဲ့ပြီး ဟိုဟိုသည်သည်ကြည့်၏၊ ထိုနောက် ကိုသက်ခိုင်၏မျက်နှာကို စေ့စေ့ကြည့်သည်၊ သူမြင်ရ သည်မှာ ကိုသက်ခိုင်၏ တည်ငြိမ်သော မျက်နှာနှင့် အေးချမ်းသော မျက်လုံးများကိုသာတည်း။

မောင်စောနောင်သည် ရုတ်တရက် ရယ်လိုက်၏။

“ဟား....ဟား....ဟား....၊ ဆရာက....သိပ်....စိတ်ကူးယဉ်ဒါဘဲ....၊ ဒါကြောင့်လဲ ဆရာ့ကို ဝေဘန်ကြဒါဘဲ၊ စိတ်မဆိုးနဲ့နော်....ဆရာ....”



“ပြောပါလေ....”

“ဆရာ့ကို သူတို့ကဝေဖန်ကြတယ်၊ ဆရာဟာ တက္ကသိုလ်ကံ့ကော်နံ့ သင်းနေတဲ့ ပညာတတ် လူတန်းစား....စိတ်ကူးယဉ် စာရေးဆရာတဦးတဲ့....၊ မဟုတ်ဘူးလား....”

ကိုသက်ခိုင်က လှိုက်လှဲစွာရယ်ပြီးမှဖြေ၏။

“ရန်ကုန်လမ်းကြိုလမ်းကြားအရက်ဆိုင်ကသေရည်နံ့ထက်စာရင်တော့ တက္ကသိုလ် ကံ့ကော်နံ့က အများကြီး မွှေးပါသေးတယ်၊ ပညာတတ် လူတန်းစားဘွဲ့ပေးလို့လဲ အများကြီးကျေးဇူးတင်ပါတယ်....၊ ဘာဖြစ်လို့လဲဆိုတော့....ပညာတတ်အောင် အများကြီးကြိုးစားခဲ့ရဒါကိုး....၊ အင်း....စိတ်ကူးယဉ် စာရေးဆရာဆိုလို့လဲ စိတ်မဆိုးပါဘူး....၊ လောဘ၊ ဒေါသ၊ မောဟ....ဆိုတဲ့အဝိဇ္ဇာတွေကို ဝိဇ္ဇာလို့မြင်....၊ တော်လှန်ရေးဆိုတဲ့ အပြုလုပ်ငန်းကို ချေမှုန်းရေးဆိုတဲ့ အဖျက်လုပ်ငန်းလို့ အဓိပ္ပာယ်ကောက်....၊ အမုန်းတရားကို ဘဝအင်အားလို့ယူ....၊ သည်းခံ ခွင့်လွှတ်ခြင်းကို ပျော့ညံ့မှုလို့ အနက်ဖွင့်၊ အဓမ္မ အထွေထွေကို ဓမ္မလို့ ကိုးကွယ်နေကြတဲ့ တိုးတက်ပါတယ်ဆိုတဲ့ ရုပ်ကြမ်းဝါဒီစာရေးဆရာအဖြစ်ထက်တော့....မေတ္တာတရားရဲ့ လောကက လှပမှု အထွေထွေမှာ စိတ်ကူးယဉ်နေရတဲ့ စိတ်ကူးယဉ် စာရေးဆရာဘဝကို ဆရာတော့....လှလှကြီး ဂုဏ်ယူပြီး....လက်ခံတယ်မောင်စောနောင်....”

မောင်စောနောင်ခမျာမှာ မှားယွင်းသောသိုးစစ်ကို မြှုမိသည့် စစ်သူကြီးပမာ အူကြောင်ကြောင်ဖြစ်သွားရှာသည်။

ကိုသက်ခိုင်က မောင်စောနောင်၏ ပုခုန်းကို ပုတ်လိုက်ပြီး သတိပေးသည်။

"ကဲ....မောင်စောနောင်....၊ ဘောကျော်- ဘောသောနဲ့ သူတို့နှစ်မဟာ မသေမီနယ်ခွဲပ ီး....သေလို့ဘဝသစ် ရောက်ကြ ကောလဲ ကွဲကြရပြန်သတဲ့....၊ မကွေးရွှေမြို့တော်ကြီးနဲ့ ဟိုမှာ ဘက်....မောင်စောနောင်တို့.... မင့် ဆရာ.... ကိုထွန်းငွေ ခေါ် မောင်ညိုမှိုင်းတို့ နေရာကိုလဲ ကင်းချောင်းက နယ်နိမိတ် သတ် ခွဲခြားထားတယ်၊ ကင်းချောင်းကို မမြင့်ဝေ တို့ရဲ့ မေ်ာတော် ကား မဖြတ်နိုင်ဘူး၊ မဖြတ်နိုင်လို့....ခြေလျင်လဲ မလာကြပါ ဘူး....၊ သူတို့မလာနိုင်....မလာချင်တဲ့ အရပ်ကိုး....၊ ဒီတော့.... ဆရာနဲ့ မောင်စောနောင် တို့က ဘောကျော်နဲ့ ဘောသော အဖြစ်နဲ့ ကင်းချောင်းကိုဖြတ်ပြေးကြစို့လား....၊ ဟိုဘက်ကျမှ ဒို့ညီအကို ဆက်ရန်ဖြစ်ကြရအောင်လား...."

မောင်စောနောင်ကသူ့ကိုယ်သူကောင်းကောင်းကြီးအငိုက် မိခံလိုက်ရသည်ဟု ယူဆသည်၊ သူ့ထက်အသက်ကြီး၍သူ့ထက် အတွေ့အကြုံများပြီး သူ့ထက်ပညာတတ်သူ တဦးကို သွားစမိ သောကြောင့် ခံလိုက်ရသည်ဟု မကျေမချမ်းမှတ်လိုက်မိသည်။

သို့ရာတွင် ဆရာ ကိုထွန်းငွေ ခေါ် မောင်ညိုမှိုင်း ရှိသေး သည်၊ ထိုအခါကျမှ....၊ ထိုအခါကျ....မှ....။

မောင်စောနောင်က သူ့စက်ဘီးကို သူထမ်း၍ ရှေ့မှသွား သည်၊ ကိုသက်ခိုင်ကနောက်မှလိုက်၏။

ကင်းချောင်းကိုကူးလိုက်ကြ၏။

* * *

ကင်းချောင်း ဟိုဘက်မှ လူနေအိမ်စု တို့သည် မကွေးရွှေမြို့ တော်၏ ဇနပုဒ်ပေက္ခကာများကို ပြည့်ဝစွာဖော်နေ၏။



တိုက်တာအိမ်ကြီးတို့မရှိ၊ တဲတိုသာများ၏၊ လူတို့ကား.... မိန်းမသားတို့က ထဘီ ရင် လျား ထား သည်၊ အင်္ကျီ မ ဝတ်၊ ယောကျ်ားတို့က ကိုယ်အထက်ပိုင်းဗလာ၊ ပုဆိုးညိုညိုညစ်ညစ် တိုကိုမူစည်းထားကြ၏။

နံပိန်၍ အမွေးခြောက်သော ခွေးဝင်စားများကို တွေ့ရ သည်၊ လွတ်လပ်စွာ အစာကောက်စားနေသော ကြက်ဖ....၊ ကြက်မ၊ ကြက်ငယ်များကိုမြင်ရသည်၊ ပူအိုက်၍ ရေခမ်းသော ရာသီကို မကျေနပ်ရကောင်းမှန်းမသိ....၊ ပျင်းတိပျင်းတွဲ လမ်း ရှောက်နေသော ဘဲအချို့ကိုမြင်ရ၏၊ ဝက်ပေါက်စ တကောင် က မြောင်းဘေးခြုံရိပ်တွင် မှိန်းအိပ်ငိုက်နေရာမှ ကို သက် ခိုင် တို့ကို မျက်လုံးတချက်ဖွင့်ကြည့်သည်၊ ထိုနောက် ပြန်မှိန်းအိပ် ငိုက်လေ၏။

အိမ်အချို့က မြစ်ကမ်းနဖူးတွင် မြစ်ကို ကျောခိုင်းလျက် တည်နေ၏၊ အိမ်အချို့ကား အတွင်းပိုင်း၌ရှိနေ၏။

အတွင်းပိုင်းရှိ ခြံဝင်းတခုတွင်းမှ မကြီးမငယ် သက်ငယ်မိုး သရိုက်ကာ ခြေတံရှည် အိမ်တလုံးဆီသို့ မောင် စော နောင် က ကိုသက်ခိုင်ကိုခေါ်သွားသည်။

အိမ်အောက်၌ သစ်တုံးကိုထွင်းထားသော ခွက်ရှည် တခု အတွင်း၌ ဆန်ကွဲ၊ ဖွဲနု၊ ထမင်းရည်နှင့်ဟင်းသီးဟင်းရွက်အကြွင်း အကျန်များကို ရောစပ်နယ်နေရာမှ လူရွယ်တဦးသည် ကိုသက် ခိုင်တို့ကို သပင်လည်ပြန်လှည့်ကြည့်၏။

"ဟော့ ကောင်ကြီး.... ထွန်းငွေ...၊ မောင်ညိုမှိုင်း...."

ကိုသက်ခိုင်ကဝမ်းသာအားရစွာလှမ်းခေါ် နှုတ်ဆက်သည်။

အကောင်ကြီးထွန်းငွေခေါ် မောင်ညိုမှိုင်းက အံ့အားသင့်သွားသည်၊ ထိုနောက် သူ့လက်များကို လျှင်မြန်စွာပွတ်ပြီး.... ခါလိုက်၏၊ လက်များ၌ ကျန်သမျှသော အရည်အခွဲ အဖတ်များစင်အောင် ပုဆိုးနှင့်သုပ်ပစ်လိုက်၏၊ လက်ဖဝါးများကို တင်ပါး၌သုပ်ရင်း တုန့်ပြန်နှုတ်ဆက်သည်။

"ဟော့ကောင်....၊ သက်ခိုင်.... အေး....မင်းလာမယ်ဆိုဒါ.... ငါ...သိသားဘဲ....၊ ငါ...ဘဲသားဟင်း ချက်ကျွေးမယ်ကွ...."

ထွန်းငွေ၏အောက်ပိုင်း၌ပုဆိုးတိုတိုစည်းထားသည်၊အထက်ပိုင်း၌ အင်္ကျီမရှိ၊ အင်္ကျီမရှိသောကြောင့် ပေါ်ထင်သော နံရိုး၊ မဆူဖြိုးသော်လည်း စူတူတူ ငေါနေသော ဝမ်းပိုက်၊ ပိန်ကပ်ကပ်ရင်ပတ်၊ အထင်းသားမြင်နိုင်သော ပုခုန်းကော်လ ံအရိုး၊ လည်ပင်းရှည်ရှည်မှ ပြူးထွက်နေသောစလုတ်....၊ အားလုံးကို မြင်နိုင်၏။

ဆံပင်ဗိုလ်ကေကေ ရှည်၍ညှင်းသိုးသိုးဖြစ်နေသည်၊ နှုတ်ခမ်းနှင့် မုတ်ဆိတ်မွေးများက မသန်သော်လည်း မရိတ်မနှုတ်သောကြောင့် စုတ်ပြတ်ပြတ် ကျိုးကျဲကျဲ....ငေါက်တောက်တောက် ပြူထွက်နေ၏။

အနှိသိုသော သွင်ပြင်လက္ခဏာအပေါင်းနှင့် ပြည့်စုံအပ်သည့် အရပ်မရှည်တရှည် လက်ပြင်ကုန်းကုန်းနှင့်ထွန်းငွေခေါ် မောင်ညိုမှိုင်းသည် ဘောက်ပပြူးရှင်သော မျက်လုံး မျက်နှာတို့နှင့် ကိုသက်ခိုင်ကိုဆီးကြိုပြီး နေရာထိုင်ခင်းပေး၏။

နေရာထိုင်ခင်းပေးသည်ဆို၍ အထူး နေရာ ထိုင် ခင်း ကား မဟုတ်....။



အိမ်အောက်ထပ်၌ ကွပ်ပျစ်တလုံးရှိသည်၊ ကွပ်ပျစ်၏အခင်းကား ဝါးကြမ်းများဖြစ်ပြီး အထိုင်ခံရဖန် များသောကြောင့် အရောင်ဆီ တင်ပွတ်ထားဘိအလား.... ဝါဝင်း ပြောင် လက်နေသည်။

ပထမသော်ထွန်းငွေသည်နှီးချောဖျာစုတ်တချပ်ကိုယူလိုက်သေးသည်၊ သို့ရာတွင် နှီးချောဖျာစုတ်မှာ မဲပေညစ်တူနေ၏၊ ထွန်းငွေသည် စေတနာကောင်းစွာနှင့် ဖျာစုတ်ကို ကွပ်ပျစ်ခြေတိုင်၌ရိုက်ခါလေရာ ဖုံခိုးလူလူထွက်၍ နှာ ခေါင်း များ ကို လာကလိသည်၊ ကိုသက်ခိုင်က အချိန်မီနှာခေါင်းကိုလက်ကိုင်ပုဝါနှင့်ပိတ်မိသောကြောင့် ဘာမျှမဖြစ်သော်လည်း ထွန်းငွေနှင့် မောင်စောနောင်တို့မှာ မြိုင်တူချေကြရ၏။

ထွန်းငွေသည် ဖျာကိုမြေကြီးပေါ် သို့လွှင့်ပစ်လိုက်ပြီးရယ်၍ပြော၏။

"ဒီတိုင်းဘဲထိုင်တော့ကွာ....၊ အခင်းကပြောင်နေသားဘဲ၊ ဖျာပေါ် ထိုင်ရင် ဂျပိုးအထိုးခံနေရအုံးမယ်"

ကိုသက်ခိုင်က ကွပ်ပျစ်ထက်ထိုင်လိုက်၏၊ မောင်စောနောင်ကမူ ခွင့်တောင်းသည်။

"ဆရာဦးသက်ခိုင်ရော.... ဆရာဦးထွန်းငွေရော ကျွန်တော့ ခွင့်ပြုအုံး....၊ အိမ်ပြန်အုံးမယ်...."

ထွန်းငွေကသာပြန်မေးသည်။

"ဟ....ပြန်တော့မလို့လား....၊ စကားလေးဘာလေးပြောအုံးလေ...."

"ပြန်လာခဲ့ပါမယ်ဆရာ၊ အခု အဖေ့ကို ထမင်းကျွေးချိန် ရောက်နေလို့....၊ဪ....ဦးသက်ခိုင်၊ ကျွန်တော့်အိမ်ဘက်လဲ လာလည်ပါအုံး၊ နီးနီးလေးပါ...."

"အေး....အေး....မောင်စောနောင်....၊ဆရာလာဖြစ်အောင် လာခဲ့ပါမယ်...."

မောင်စောနောင် ထွက်သွားသောအခါ ကိုသက်ခိုင် က ထွန်းငွေကိုမေးသည်။

"နေပါအုံးမောင်ညိုမှိုင်းရ....၊ မင်းကိုမောင်စောနောင်က ဆရာတပ်ခေါ်ဒါ ငါသတိပြုမိတယ်၊ ဘာလဲ....မင်းက သူ့ကို စာပြပေးနေလို့လား ..."

"မဟုတ်ပါဘူးကွာ....၊ ငါက အင်တာ (ဥပစာတန်း)မှ မအောင်ဒါ၊ သူကသဲ အင်တာ ဆက်ကျနေတဲ့လူ....၊ ဘယ်လို စာပြပေးနိုင်မှာလဲ....၊ ဆရာလို့ သူခေါ်ဒါက.... ဟီး....ဟီး.... အဟဲ....ဟိုဟာကြီးတွေကြောင့်...."

ကွပ်ပျစ်ခေါင်းရင်း၌ ပွတ်လုံးတိုင် ခြေထောက်တပ် စာပွဲ ဟောင်းတခုရှိသည်၊ ခြေထောက်တဘက်မှာကျိုး၍ဘိုနေသော ကြောင့် အုတ်ခဲခုထားရ၏၊စာပွဲထက်၌ဖုံတက်နေသောစာအုပ်ပုံ တပုံရှိသည်။

ကိုသက်ခိုင်သည် နေရာမှထ၍ စာအုပ်များကိုကြည့်မိသည်၊ ကြည့်မိသည်ခဏ၌ ဤစာအုပ်များမှာ ထွန်းငွေ တက္ကသိုလ် ကျောင်းသားဘဝရှိစဉ်ကတည်းက ကိုးကွယ်ထားသော ကျမ်း များဖြစ်ကြောင်း ကိုသက်ခိုင်မှတ်မိသည်။

ဗွီ-အိုင်-လီနင်၏လက်ရွေးစင်ကျမ်းများ၊ စတာလင်၏ လီ နင်စာအုပ်၊ လူရှောက်ချီ၏ ကွန်မြူနစ်ကောင်း ဖြစ်နည်း



နိုသျှည်း၊ ကား(လ်)မတ်(စ်)၏ ကက်ပီတယ်(လ်)ကျမ်းကြီး၊ အိန်ဂျယ်(လ်)၏ အင်တီဂျူရိန်းစာအုပ်နှင့် သိပ္ပံနည်းကျနှင့် စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒကျမ်း၊ ဂေါ်ကီ၏ အမေဝတ္ထု၊ မတ်ဇစ်ဂလောဆာရီခေါ်မတ်(စ်)ဝါဒ ဝေါဟာရအဖွင့်ကျမ်း စသည့် လက်ဝဲပိဋကတ်တို့ပေတည်း။

ယခင်က ဤကျမ်းကြီး၊ ဤစာအုပ်ကြီးတို့သည် ထွန်းငွေ ၏ ပြည်ကျောင်းဆောင်အခန်းတွင်း၌ ကုတင် ခေါင်းရင်းတွင် ခန့်ညားစွာစံနေခဲ့ဘူး၏၊ ယခုမူ မြေပြင်ထက်ခြေတဘက်ကျိုး နေသောစာပွဲပေါ်တွင် သိရ်ငယ်စွာ အိမ်နိမ့်စံနေတော်မူရ၏။

ကိုသက်ခိုင်သည် ကွပ်ပျစ်၌ပြန်ထိုင်ရင်းမေး၏။

"မင်းကွာ.... ဒီစာအုပ်တွေကို ဒီလိုဘဲ ပစ္စ ရက္ခ ထားရ သလား...."

ထွန်းငွေက ကိုသက်ခိုင်ကိုပြုံးစိစိကြည့်နေပြီးမှ ပြန်မေး ၏။

"ဘာလဲ....မင်းက ဝမ်းနည်းနေလို့လား....၊ မင်းဝမ်းနည်း တယ်ဆိုဒါ ငါယုံလိုက်ရမလား...."

"မယုံချင်နေပါသူငယ်ချင်းရာ....၊ ဒါပေမဲ့.... စာအုပ်ဟာ စာအုပ်ပေါ့....၊ ရှိုရှိုသေသေတော့ ထားသင့်ပါတယ်"

"ဟာကောင်ရ....၊ ရှိသေလို့ ဒီလိုထားဒါပေါ့....၊ မတ်(စ်) ဝါဒဆိုဒါဟာ မြေကြီးနဲ့နီးစပ်ရတယ်၊ ဒါကြောင့်မို့လဲငါက ဒီစာအုပ်တွေကို အိမ်ပေါ်မထားဘဲ....မြေကြီးပေါ်မှာချထား ဒါ....၊ဒီ့ထက်ဂုဏ်ပြုနည်း.... ရှိသေနည်း ရှိသေးသလား...."

ထွန်းငွေက အလွန်ရိုးသားသောမျက်နှာထား.... လေသံတို့ နှင့်ဖြေသည်၊ သူ့မျက်လုံးများကမူရယ်မောနေကြ၏။

"အေးလေ....ထားပါတော့၊ အဲဒါနဲ့....မင်းကိုမောင်စောနောင်က ဆရာလို့ခေါ်ဒါနဲ့ဘာဆိုင်လို့လဲ...."

"ဆိုင်ပါသော်ကော....၊ မောင်စောနောင်နဲ့ သူ့ကောင်လေးတွေက ဒီစာအုပ်ကြီးတွေလာလာငှားတယ်၊ နာမသည်ရင် ငါနဲ့ အဲ....ဟိုဒင်း....လာလာ ဆွေးနွေးသပေါ့ကွာ....၊ မင်းလဲ ငါ့သောက်ကျင့်သိသားဘဲ....၊ အဲဒါမျိုးပြောရရင်....ပါးစပ်ထဲက အမြှုပ်စီအောင် ပြောချင်ဒါမျိုးမဟုတ်သား၊ အဲဒါနဲ့....မောင်စောနောင်နဲ့ သူ့ကောင်လေးတွေက ငါ့ကို ဆရာခေါ်ကြတယ်...."

ကိုသက်ခိုင်က ထွန်းငွေကို အကဲခတ်ကြည့်သည်၊ ထွန်းငွေ၏မျက်လုံးများက ရယ်နေကြသည်၊ မျက်နှာကမူ တည်နေ၏၊ ပိန်ကပ်သောသူ့ရင်ပတ်များကမူ နိမ့်လိုက်မြင့်လိုက် ရှိနေသည်၊ စိတ်တွင်း၌ ကြိတ်ရယ်နေသလော....၊ ငိုနေသလော မသိ....၊ ထွန်းငွေကို.... ငိုနေသလော.... ရယ်နေသလော.... အဟုတ်ပြောနေသလော.... နောက်ပြောင် နေသလော....ဟု.... အကဲခတ်ရခက်မှန်း.... ဟိုစဥ်ကတည်းက ကိုသက်ခိုင် သိပြီး ဖြစ်သည်၊ သို့မဟုတ်....မသိပြီးဖြစ်၏။

"မင်းကကော.... အဲဒါတွေ ဆက်ပြောနေဒါ.... ယုံသေးလို့လား...."

ထွန်းငွေက ကိုသက်ခိုင်ကို ဖျတ်ကနဲ ပြန်ကြည့်သည်၊ ၎င်းမျက်လုံးတို့ကမူမရယ်၊ မပြုံး၊ တင်းသည်။

"သက်ခိုင်ရာ၊ တက္ကသိုလ်က လက်ဝဲသမားတွေအနက်....လေဘာ အီမီဂရေးရှင်းနဲ့ အင်မိုင်ဂရေးရှင်း (တပြည်မှတပြည် အလုပ်သမား ဝင်ခွင့်ထွက်ခွင့်)တွေနဲ့ ပတ်သက်ပြီးအမျိုးသား



အချုပ်အချာ အာဏာပိုင်ခွင့်နဲ့ လွတ်လပ်စွာ ရပ်တည် ခွင့်ကို နိုင်ငံငယ်တွေ ထိခိုက်နိုင်တယ်လို့ စ,ပြောမိဒါ ငါဘဲ မဟုတ်လား၊ အဲဒါကြောင့်လဲ ငါ့ကိုကျဉ်းမြောင်းသော လူမျိုးရေး အမြင်ရှိတယ်၊ ကမ္ဘာ့ဆိုရှယ်လစ်အရေးထက် အမျိုးသားရေး ဦးထိပ်ပန်ဆင်သူ....စသဖြင့် ဝိုင်းအုပ်ကြဒါမှတ်မိ သေးလား၊ အင်းလေ....မင်း မှတ်မိပါတယ်...."

"ဟုတ်ပါတယ်၊ မှတ်မိ ပါတယ်၊ ပြည်နဲ့ တကောင်း ကျောင်းဆောင် ကြားက မြက်ခင်း ပေါ်မှာ....မင်း....ငါနဲ့ အေးဝင်းကို ပြောပြ ဒါလေ....၊ ငါရော....အေးဝင်း ရော....ကောင်းကောင်းမှတ်မိပါတယ်၊ အင်းလေ....အဲဒါနဲ့ ငါမေးဒါက ဘာဆိုင် လို့လဲ...."

"ဆိုင်လို့ပေါ့ကွ၊ မင်းက ယုံသေးသလားလို့ မေးလို့ပါ၊ မေးစရာမလိုပါဘူး၊ အေး....လာဆွေးနွေးရင်တော့....ရှောက်ပြောဒါပေါ့ကွာ၊ ငါဝန်ခံခဲ့ပါရောလား....၊ သောက်ကျင့်ကပါနေတယ်လို့....၊ ဒို့ဆရာ့ ဆရာကြီး တွေကလဲ....သောက်ကျင့်ပါလို့....ပြောကြဒါဘဲ၊ ငါလဲ ပါခွင့်ရှိဒါပေါ့၊ အဟီး...."

ထွန်းငွေ၏ မျက်လုံးများကပြန်လည်ရယ်ပြုံးလာကြသည်၊ ပိန်ကပ်သောရင်ပတ်ကလည်း နိမ့်တုံမြင့်တုံ ပြန်ဖြစ်လာ၏။

ကိုသက်ခိုင်က ဝမ်းနည်း စိတ်ပျက်စွာ ခေါင်းကို ခါသည်၊ သူ့မျက်လုံးများက ခြေတဘက်ကျိုးနေသော စားပွဲ ထက်မှ လက်ဝဲကျမ်းများဆီရောက်သွား၏၊ အိန်ဂျယ်၏ သိပ္ပံနည်းကျနှင့် စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒကျမ်းကို သွား သတိရသည်၊ ဆိုရှယ်လစ်ဝါဒရှေ့မှ သိပ္ပံနည်းကျ....ဟူသည်နှင့်စိတ်ကူးယဉ်

ဟူသောနာမဝိသေသနများကို အမှတ်ရမိ၏၊ အိန်ဂျယ်သာ အသက်ရှင်နေသေးလျှင်မူ မြန်မာကွန်မြူနစ်များကို ကြည့်၍ နာမဝိသေသနတလုံးတိုးဘို့ရန်သေချာသည်၊ ထို နာမဝိသေ သနကား....သူငယ်နာ စိတ္တဇဟူ၍ ဖြစ်မည်မှာ သေချာ၏။

ထွန်းငွေကနေရာမှထ,ပြီး ဖိတ်ခေါ်သည်။

"ဒါတွေထားစမ်းပါကွာ၊ မင်းကိုငါ လိုက်ပြစရာ ရှိတယ်၊ ဆင်စွယ်နန်းပေါ်က ကထိကကြီးကို ငါ့ရဲ့ ချပ်ဝတ္ထုပတ်ဝန်း ကျင်ဆီဖိတ်ခေါ်တယ်၊ ကြွပါ....ကြွပါ...."

ထွန်းငွေဖိတ်ခေါ်သည့်အတိုင်း ဆင်စွယ် နန်းတော်ပေါ်မှ ကထိကကြီးဦးသက်ခိုင်သည်ကြွသည်။

ဆံပင်ရှည်ရှည် ညှင်းသိုးသိုးနှင့် ထွန်းငွေက လက်ပြင်ကုန်း ကလေးနှင့် ရှေ့မှ ကြွနှင့်၏။

ထွန်းငွေ၏အိမ်မှာ မကြီးမငယ် ဖြစ်သကဲ့သို့ ခြံမှာလည်း မကျယ်မကျဉ်း ဖြစ်သည်၊ ခြံတွင်း၌ ကြက်ဖ၊ ကြက်မ၊ ကြက် ပေါက်စများရှိနေကြ၏၊ ကြက်ချေးနံ့များကလည်း ကြိုင်နေ လှိုင်နေ၏။

ခြံနောက်ပိုင်းတွင် ရေကန်ငယ် တခုရှိသည်၊ ရေကန်သည် ချောင်းနှင့်ဆက်လျက်ရှိ၏၊ ရေကန်တွင်း၌ရေသည် ရှိသည်ဆို ရုံမျှရှိနေ၏၊ ရှိသမျှရေမှာလည်း ညစ်ပုပ်နောက်ကျိနေသည်၊ ဤညစ်ပုပ်နောက်ကျိနေသော ရေတိမ်တိမ်ထက် ဆယ်ကောင် မျှသောဘဲညို၊ ဘဲပြာ၊ ဘဲဖြူတို့က ခေါင်းငုံ့ လိုက်၊ အမြီး နှံ့လိုက်၊ တောင်ပန်ခတ်လိုက်နှင့် ပျော်ပါးစံပယ်နေကြသည်။

ကန်ရေစပ် ညွှံများထက်၌ဝက်ငါးကောင်ခန့် လူးလှိမ့်နေ ကြသည်။



ထွန်းငွေကိုမြင်သော်သည့်တွင်းမှ ဝက်သိုးကြီးတကောင်သည် အမြီးနှံ့၍ ပြေးကင်လာသည်၊ သူသည် နှာခေါင်း ကြီးကို ပွစိပွစိ လုပ်ပြီး အနံ့ခံ နေ၏၊ ထိုနောက် တအီအီ တကျိကျိ အော်ပြီး ထွန်းငွေ၏လက်များကို လျက်၏။

ထွန်းငွေသည် အဖြူနှင့်အနီ ကျားအပ်သော ထို ဝက်သိုး ကြီးကို ချစ်ခင်ယုယစွာ ပွတ်သပ်ပြီး မေး၏။

"အံမာ....စတာလင်ကြီး၊ စားစရာ အနံ့ ရရင်....နင်ယိပ် ကကြီးဘဲ၊ နင့်သူငယ်ချင်း ပေါက်စီတုံး ဘယ်ရောက် နေလဲ၊ ပေါက်စီတုံး....ပေါက်စီတုံး...."

ထွန်းငွေ၏ခေါ်သံကိုကြား၍သူ့နာမည်ကိုလည်းသူသိဟန် တူသော ဝက်ဖြူကြီးတကောင်က ခြုံရိပ်တခု အောက်မှ ရင် ခေါင်းလိုက်သံ ပါသောအသံနှင့် တအွန့်အွန့် တုန့်ပြန် ဖြေ သည်၊ သည်ကောင်ကြီးမှာလည်း ဝက်သိုးကြီးပင်ဖြစ်သည်။

ကိုသက်ခိုင်က ထွန်းငွေ၏ ဝက်နာမည်များကြောင့် တခွိ ခွိ ရယ်မောမိ၏။

ဟော့ကောင်....ဘာရီ ဒါလဲ...."

"စတာလင်တို့....ပေါက်စီတုံးတို့ဆိုလို့ပါ၊နာမည်မှည့်စရာ ရှားလားကွာ....မောင်ညိုမှိုင်းရာ၊ လုပ်မှ လုပ်ရက် ပလေ...."

ထွန်းငွေက သူ့ရင်ပတ်ပိန်ပိန်ကိုလှုပ်ရုံရယ်သည်၊ ရယ်သံမှု မထွက်၊ ပြုံးမှုရှင်းပြ၏။

"စတာလင်တို့....၊ ပေါက်စီတုံး တို့က မျိုးရဘို့ ငါမွေး ထားတဲ့ဝက်သိုးကြီးတွေကွ၊ ပေါ်ဘို့မဟုတ်ဘူး၊ အေး....မင်း စားချင်ရင်တော့ ငါ-အိုက်စင်ဟောင်းဝါး ပေါ် ပေးမယ်"

"ဘာ....အိုက်စင်ဟောင်းဝါးပေါ်ပေးမယ်၊ မင်းဘာပြောဒါလဲ...."

ထွန်းငွေက ညွှန်လူးနေသော ဝက်တသိုက်ဆီညွှန်ပြ၏။

"ဟို-ညာဘက် အစွန်က ဖြူနီနီကောင်က အိုက်စင်ဟောင်းဝါး၊ သူ့ဘယ်ဘက်က ရွှံ့တွေကို နှုတ်သီးနဲ့ ဆောင့် နေတဲ့ ငနဲနာမည်က- ချာချီ၊ ကျန်ဒါတွေကတော့ ဝက်မတွေ့ပါကွာ၊ ဒီကောင်တွေအားလုံးက ပေါ်ဘို့ ဝက်ကြီးဘဲ၊ လိုင်စင်စီ....ကို ကျူးဝါးနဲ့ ငါနဲ့ ဈေးဦးစပေါက်ထာက ဟစ်တလာ နဲ့ မူဆို လီနီဘဲကွ၊ ချန်ကယ်ရှိတ်နဲ့ ကရူးရှက်ကိုတော့ ငါ့မိန်းမက မင်းဘူးဘက်ယူသွားလို့ မင်းမတွေ့ နိုင်တော့ဘူး...."

ကိုသက်ခိုင်သည် ထွန်းငွေ၏စကားတို့ကို ငိုရခက်....၊ ရယ်ရခက်နှင့် နားထောင်နေရ၏၊ ထွန်းငွေ၏မိန်းမ မင်းဘူး ဘက်ကူးသွားသည်ဟု ကြားရမှုမေးသည်။

"အဲဒါထက်....မင့်မိန်းမကော ထွန်းငွေ...."

"မင်းဘူးဘက်ကူးသွားတယ်လို့ ငါပြောပြီး ပါရောလား၊ ချန်ကေရှိတ်နဲ့ကရူးရှက် ဝက်နှစ်ကောင်လဲ ပါသွားတယ်၊ ဘဲတွေ-ကြက်တွေလဲပါသွားတယ်၊ ဟိုဘက်မှာ ဘုရားပွဲ ရှိတယ် မဟုတ်လား၊ ဒီတော့ တပြည်လုံးက ဘုရားဖူးတွေနဲ့ ကြပ်နေတယ်၊ အဲဒီတော့ ဝက်ဈေး- ဘဲဈေး- ကြက်ဈေးသိပ်ကောင်း နေတယ်၊ငါ့မိန်းမတော့ သွားလေရဲ့....အဟီး...."

ထွန်းငွေကရယ်သည်၊ ကိုသက်ခိုင်က စိတ်မချမ်းသာ၊ ကိုသက်ခိုင် စိတ်မချမ်းသာသည်ကို ရိပ်မိဟန် မတူဘဲ ထွန်းငွေက မေး၏။



"မင်း....မနက်စာ.... ငါ့အိမ်မှာ စားမယ် မဟုတ်လား....၊ မစားဘူးလို့တော့မငြင်းနဲ့သူငယ်ချင်း...."

"စားပါ့မယ် မောင်ညိုမှိုင်းရာ....၊ငါဒီနေ့တနေ့လုံး....မင်းတို့နဲ့နေမယ်လို့ စိတ်ပိုင်းဖြတ်ပြီး လာခဲ့ဒါ၊ မင်းကျွေးရင်....ညစာပါ ငါဒီမှာစားပါ့မယ်...."

"အေး....ဒါဖြင့်စိန်လိုက်၊ ငါချက်ကျွေးမယ်၊ ဒါပေမဲ့....ဟော့ကောင်....မောင်စောနောင်တို့ အိမ်ကိုတော့ သွားလည်လိုက်အုံးကွာ....၊ ဆက်ဆက်သွားကွာ၊ မသွားဘဲမနေနဲ့...."

"သွားပါ့မယ် မောင်ညိုမှိုင်းရာ၊ မင်းမတိုက်တွန်းလဲ ငါကတော့သွားမှာပါဘဲ၊ မင်းကဘာလို့....ဒီလောက် တိုက်တွန်းနေရဒါလဲ...."

မောင်ညိုမှိုင်းခေါ် ထွန်းငွေ၏မျက်နှာကတည်ကြည်သွားသည်၊ သူက လေးနက်သော အသံနှင့် မမြော်လင့်သောမေးခွန်းကို မေးသည်။

"သက်ခိုင်၊ မင်း....မင့်....မမန္တယ်ကို သတိရသေး သလား"

ကိုသက်ခိုင်ကတုန်လှုပ်စွာ မောင်ညိုမှိုင်းကို ပြန်ကြည့်မိ၏။

"မောင်ညိုမှိုင်း....၊မင်းဒီစကားကို....ဘာလို့ မေးရသလဲ"

ညိုမှိုင်းက စလုတ်ပေါ်သော သူ့လည်ပင်းကို ရှေ့သို့ညွှတ်ဆန့်ပြီး ခေါင်းကို တဆတ်ဆတ် ညိတ်သည်၊ ဤအကြိမ်တွင်မူ သူ့မျက်လုံးများကမရယ်၊ သူ့မျက်နှာကလည်းမရယ်၊ တည်သည်၊ ညှိုးသည်၊ မှိုင်းသည်။

ညိုမှိုင်းသည် အိန္ဒြေကြီးစွာနှင့်ဆို၏။

"ချစ်သည်၊ ချစ်မိသည်၊ ချစ်ခဲ့မိသည်၊ ချစ်ရလိမ့်အုံးမည်....၊ဒုက္ခ.......ဘာ၏ဒုက္ခ....။

မြင့်သည်၊ ကျသည်၊ လှမ်းသည်၊ ခြားသည်၊ သို့သော်.... မှန်းမိသည်၊အမှား....၊အမှား....၊ဘဝ၏အမှား....။

ရှောင်မည်၊ တိမ်းမည်၊ ပြေးမည်....၊ အရှုံး....၊အရှုံး.... ဘဝ၏အရှုံး....”

“ဟေ့ကောင်....သက်ခိုင်....ဒါဘယ်သူ ရေးခဲ့ဒါလဲကွ....”

ကိုသက်ခိုင်သည် ထွန်းငွေကို ပြန်ကြည့်သည်၊ ထွန်းငွေ၏ မျက်နှာက....ငှက်ပျောတုံးလိုသေနေ၏။

“မင်းရေးခဲ့ဒါလေ....မောင်ညိုမှိုင်း....၊ မင့်....စာကို....ဒိုလုဖတ်တော့....ဒို့ဆိုဒါက ငါနဲ့....အေးဝင်း၊ အေး.... ဒို့လုဖတ်တော့.... ဒီစကားတွေကိုတွေ့တယ်၊ ဒီတော့.... ငါနဲ့အေးဝင်း ကရယ်တယ်....၊ဟားတယ်....၊အဲဒါဘာဖြစ်သလဲ....”

ထွန်းငွေက သူ့ခေါင်းညွှင်းသိုးသိုးကို လက်ဖြင့် ပွတ်ရင်း လေအေးလေးနှင့်ဖြေသည်။

“အဲဒါ... ဘာဖြစ်သလဲ....၊ဘာမှမဖြစ်ပါဘူး၊တနည်းအားဖြင့်တော့လဲ....ဖြစ်ချင်ဒါ....ရောက်ဖြစ်ကြဒါဘဲ၊ ခက်ထာက.... လူကြီးဖြစ်လာတော့....ဝန်မခံရဲကြဘူး၊ ပညာ များများ တတ်လေ....၊ရာထူး များ များ ကြီးလေ....ဝန်မခံ ရဲလေလေဘဲ...၊ ခလေးတွေ တခုခုလုပ်ရင်....လူကြီးတွေက....သောတာပန်ရှုနဲ့ မင်းတို့ကကွာ.... မင်းတို့ကကွာ.... ဒိုတုံးကတော့.... ဒို့တုံးကတော့....ဒါမျိုးတွေ....ဒါမျိုးတွေ....မလုပ်ပါဘူးကွာ....မလုပ်မိခဲ့ပါဘူးကွာ....မင်းတို့ကျမှ....မင်းတို့ကျမှ....တောက်....ဟင်း.... အဲ....အပေါ်း....အဟက်....ဟက်....ဟား....ဟား....ဟား....”

ထွန်းငွေသည် သူ့စကားကို သူသဘောကျစွာ... လက်ခုပ်လက်ဝါးတီး၍ရယ်နေ၏။



ကိုသက်ခိုင်ငိုင်သွား၏၊ ဘာမျှပြန်မဖြေမိ၊ ဖြေစရာမရှိ၍မူမဟုတ်၊ ဖြေစရာထက်တွေးစရာတို့က....သူ့ခေါင်းတွင်းဝင်လာသောကြောင့်ဖြစ်သည်။

ထွန်းငွေကသာဆက်ပြော၏။ —

“မင်းမလဲ.... မင့်.... မမနွယ်ကြောင့် ဒုက္ခ....၊ ဟိုသစ္စ်.... ဤစကားသည်မှန်၏၊ ထပ်ဆိုမည်၊ မင်းမလဲ.... မင့်မမနွယ်ကြောင့်ဒုက္ခ....၊အေးဝင်းကလဲ သူ့သောက်ကောင်မလေး....မွန်ကြောင့်....ဒုက္ခ....၊ ငါလဲ.... အေးလေ.... အေး....လေ၊မရွှေသီကြောင့်... ဒုက္ခ....၊ ဇာတ်ပေါင်းတဲ့အချိန်ကျတော့....မင်းတို့ငါတို့သတ္တဝါ.... အကောင်ကြီး.... အကောင်လတ်တွေက.... အကောင်ငယ်လေးတွေကို....ပစ်ပစ်ပီး မဟာဂရုဏာနဲ့ သနားလိုက်ကြတယ်၊ အဲ....ဒို့ကိုလဲ....အကောင်အို....အကောင်မြတ်ကြီးတွေက....တဆင့်ထပ်ထပ်ပီး....မဟာဂရုဏာ ထားကြရှာသတဲ့....ဖိုးသက်ခိုင်ရေ့... ၊ကောင်းကြရော....အားလုံးကောင်းကြရော....”

ကိုသက်ခိုင်သည်ထွန်းငွေ၏ စကားတို့ကို ဆက်နားထောင်ရမည်စိုး၍....ရှေ့မှထွက်လာခဲ့သည်၊ ထွန်းငွေကနောက်မှလိုက်ပါလာ၏။

ခြံဝတွင်ရပ်ပြီး ကိုသက်ခိုင်ကပြော၏။

“ကဲ....မောင်ညိုမှိုင်း....၊ ငါမောင်စောနောင်တို့အိမ်ဘက်ရောက်သွားအုံးမယ်....”

“အေးလေ....၊ သွားလေ....ဟိုဘက်....၊ အဲ....ဘယ်နှစ်အိမ်ကျော်ပါလိမ့်၊ အင်း....ငါးအိမ်ကျော်၊ သွားလေ....၊ မြန်မြန်

တော့ပြန်ခဲ့၊ ငါ-ဘဲလည်လှီးပီး မရမ်းသီးနဲ့ အုပ်ချက်ထားနှင့်မယ်....”

ကိုသက်ခိုင်က ခြံဝမှထွက်ကာ ရှောက်လာခဲ့သည်။

မောင်စောနောင်တို့၏အိမ်ကို အထူးရှာရန်မလို။

တဲကုပ်တခု၏ရှေ့၌ ထန်းသားပက်လက် ကုလားထိုင်တလုံး ရှိနေသည်။

တဲကုပ်အတွင်းမှအဖိုးကြီးတဦးနှင့်လူငယ်တဦးထွက်လာကြသည်၊ အဖိုးကြီးက ကိုယ်တခြမ်း သေနေသည်၊ လူငယ်က ကိုယ်တခြမ်း သေနေသောအဖိုးကြီးကို ခက်ခဲစွာ တွဲမှီ ခေါ်ဆောင်လာပြီး ထန်းသား ပက်လက် ကုလားထိုင်ပေါ်၌ နေရာချပေး၏။

အဖိုးကြီးက ကောင်းကင်သို့မော့ကြည့်ပြီးပြော၏။

“လူကလေး....နေသာနေတယ်ထင်တယ်....နော်....”

လူငယ်ကဖြေသည်။

“နေသာ နေတယ်အဖေ....၊ အဖေ–နေရောင်ကိုမြင်တယ်နော်....”

“အေး....အေး....နေရောင်ကိုမြင်တယ်ကွယ်၊ တခြားဘာမှတော့ မမြင်ဘူး....၊နွေ ဆို တော့ နေ ရောင် လက် မှာ ပေါ့.... လူကလေးရေ....၊ အဖေဆာတယ်ကွယ်....၊ မင့်အမေပြန်မလာသေးဘူးလား....”

“အမေက နက်ဖြန် မုန့်ဟင်းခါး ဟင်းချက်ဘို့ ငါးလိုက်ဝယ်နေလို့ပြန်မလာသေးဘူးအဖေ၊ ငါးကလဲ သိပ် ရှား နေတယ်၊ ဒါပေမဲ့ အမေ တော်တော်ကြာပြန်လာမှာဘဲ၊ အဖေဆာရင် ခဏနေအုံးနော်....၊ ကျွန်တော်ထမင်းသွားခူးလိုက်အုံးမယ်....၊ ချဉ်ရေဟင်းအိုးနွေးထားဒါလဲဆူလုဘီ....၊ အဖေခဏနေအုံးနော်....”



လူငယ်က အိမ်တွင်းဝင်သွားသည်။

ကိုသက်ခိုင်က လမ်းဘေးခြံဝမှရပ်ရင်း....အားလုံးကိုမြင်နေရသည်၊ အားလုံးကိုကြားနေရသည်။

မိန်းမကြီးတဦးက ခေါင်းထက်တွင် လင်ပန်းကို ရွက်ရင်း ကိုသက်ခိုင်ကို ဖြတ်ရှောက် သွားသည်၊ မိန်းမကြီး၏ ခေါင်းထက်မှ လင်ပန်းပေါ်တွင် အိုးတလုံးပါလာ၏၊ အခြားအရာများလည်းပါလာ၏၊ မုန့်ဟင်းခါးဟင်းရေနံ့၊ မုန့်ဟင်းခါးအချဉ်နံ့၊ ငံပြာရည်၊ ရှောက်သီး နံ့ များ ကို ကိုသက်ခိုင်၏နှာခေါင်းများက စမ်းရမိသည်။

မိန်းမကြီးသည် ပင်ပန်းနွမ်းနယ်ဟန် ပေါ်နေသည်၊ ရပ်ကြည့်နေသော ကိုသက်ခိုင်ကို မြင်ဟန်မတူဘဲ ခြံတွင်း ဝင်၍ တဲကုပ်ရှေ့ရပ်လိုက်၏။

အဖိုးကြီးက နှာခေါင်းဖြင့် အနံ့ခံပြီးမေးသည်။

“မသင်းမြိုင်လား....၊ပြန်လာဘီလား....”

“ပြန်လာဘီ ကိုဘိုးထိန်၊ ရှင် ထမင်းစားပီးပလား....”

“လူကလေးသွားခူးနေတယ်၊ ဒါထက်....မင်းရောင်းကောင်းရဲ့လား....”

“ရောင်းလို့တော့ ကောင်းပါရဲ့....၊ ဒါပေမဲ့ ဝမ်းရောဂါသိုးသိုးသန့်သန့်ဖြစ်လို့ ပုလိပ်တွေက မုန့်ဟင်းခါး မရောင်းရတော့ဘူးလို့ ပိတ်နေပြီရှင့်....”

“ဟင်....ဒါဖြင့် မင်းနက်ဖြန်ဘာရောင်းမလဲ....”

"မပူပါနဲ့ ကိုဘိုးထိန်၊ ကျမ နက်ဖြန်အတွက် လက်လုပ်ခေါက်ဆွဲမှာထားခဲ့တယ်....၊ ကြက်သားနဲ့ ချက်ရမှာပေါ့....၊ ကြက်တော့....လူကလေးကို သူ့ဆရာ ကိုထွန်းငွေခြံက ယူခိုင်းရမှာဘဲ...."

မိန်းမကြီးက တဲကုပ်တွင်းသို့ဝင်သွားသည်။

အဖိုးကြီးက ကောင်းကင်ဆီသို့ ကြောင်ကြောင်ကြီး ငေးကြည့်နေ၏။

လူငယ်သည် ထမင်းတပန်းကန်၊ ဟင်းတပန်းကန်ကို လင်ပန်းတချပ်ပေါ်၌တင်ယူလာသည်၊ လင်ပန်းကိုပက်လက်ကုလားထိုင်အနီးရှိ သစ်ငုတ်တိုတခုထက်တင်ပြီး ဖခင်ကိုရှိသေကြင်နာစွာ စတင်အစာခွံ့၏။

အဖိုးကြီးက အစာစားရင်း မေးသည်။

"အခုနွေ....၊ သား စာမေးပွဲဖြေရအုံးမယ်၊ အောင်ပါအုံးမလား...."

"ဒီနှစ်တော့....အောင်စေရပါ့မယ်အဖေ...."

"အင်း....အောင်ရင်....မင်း မှတ္တလေး တက္ကသိုလ်ကို....ဘယ်လို ဆက်သွားမလဲ...."

"ကျွန်တော်တက္ကသိုလ်ကဘွဲ့ကို မမက်ပါဘူးအဖေ...."

အဖိုးကြီးက ခေတ္တငြိမ်နေ၏၊ ထိုနောက် တုန်ယင်စွာပြောသည်။

"မိမြင့်ဝေက....အခုဆရာဝန်မဖြစ်သွားဘီတဲ့....၊ ဟုတ်လားသားကဘဲ....မနက်ကပြောတယ်လေ...."

လူငယ်သည်ချက်ခြင်းမဖြေဘဲ....ငိုင်နေသေး၏၊ ခဏကြာမှ ဖြေသည်။



"ဟုတ်တယ်....အဖေ၊ မမမြင့်က အခု....ဆရာဝန်မကြီးဖြစ်သွားဘီ...."


အဖိုးကြီး၏ မျက်နှာသည် တင်းမာသွားသည်၊ စကားသံလည်းမာနေ၏။

"ဒါပေမဲ့....လူကလေး....၊ဒင်းတို့နဲ့တော့ မဆက်ဆံလေနဲ့၊ ကြားလား...."

လူငယ်က ငိုင်သွားသည်၊ သူသည်ဖခင်အိုကိုထမင်းတလုပ်ခွံ့လိုက်ပြီးနောက်....နူးညံ့စွာ ပြောသည်။

"မဆက်ဆံပါဘူးအဖေ၊ ဒါပေမဲ့....မမမြင့် ကတော့ ကျွန်တော့်အပေါ်....ကြင်ကြင် နာနာ ဆက်ဆံ ရက်ပါဘဲ၊ ကျွန်တော်ကတော့....မလိုက်လျောပါဘူး...."

အဖိုးကြီးသည် ထမင်းဝါးရင်း မမြင်နိုင်သောမျက်လုံးများနှင့် မိုးကောင်းကင်ကို မော့ကြည့်နေ၏။



## အခန်း-၈

### ကရုဏာဓာတ်လမ်း

ကိုသက်ခိုင်က သားနှင့်အဘ၏ ကြည်နူးဘွယ်- ကြေကွဲဘွယ် မြင်ခင်းကို လှုပ်ရှားသောရင်ဖြင့် ငေးနေမိရာမှ ချောင်းဟန့်အသံပြုပြီး ခြံတွင်းသို့ လှမ်းဝင်လိုက်၏။

မောင်စောနောင်သည် နေရာမှပျာပျာသလဲထကာ ဆီးကြိုသည်။

ဟော....ဆရာက....တကယ်ကို လိုက်လာဒါကိုး....၊ လာပါဆရာ....ထိုင်ပါ၊အို....ခဏနေအုံးဆရာ...."

မောင်စောနောင်သည် ထိုင်ပါဟု ဘိတ်ခေါ်ပြီးမှ စကားပြင်လိုက်ရသည်၊ အကြောင်းမှာ ထိုင်စရာနေရာကမရှိ။

မောင်စောနောင်သည် ဘခင်ကို ကျွေးမွေးနေသော ပန်းကန်ကိုချပြီး "ကျွန်တော် အိမ်ထဲဝင် ကုလားထိုင်ယူလိုက်အုံးမယ်ဆရာ" ဟုဆို၍ နေရာမှထ၏။

"နေပါစေ မောင်စောနောင်၊ ဒီမှာ ထိုင်စရာအဆင်သင့်ရှိသားဘဲ"

ကိုသက်ခိုင်က အနီးမြေပေါ်၌ လဲလျက်ရှိနေသော ထင်းတုံးတတုံးကို ထောင်ပြီး ထက်ထိုင်လိုက်၏။

ကိုသက်ခိုင် ပြုမူပုံကို မောင်စောနောင်သည် ရပ်ကြည့်နေ၏၊ မျက်နှာကမူ သဘောကျ နှစ်ခြိုက်ကြောင်း ပေါ်လွင်နေ၏။

"ကဲ....မောင်စောနောင်၊ဘာမှဒုက္ခရှာဘို့စိတ်မကူးနဲ့၊ ဒီကပြန်ရင် မောင်သို့မှိုင်းနဲ့ ထမင်းစားရမယ်၊ သောက်စရာ စီးကရက်နဲ့ မီးခြစ်ဘူးလဲ ပါလာတယ်၊ မောင်စောနောင့်အဖေကိုသာထမင်းဆက်ကျွေးပါ"

ထိုအခါကျမှ မောင်စောနောင်က နေရာဘွင်ပြန်ထိုင်ပြီး ထမင်းပန်းကန်ကို ကောက်ကိုင်၏။

အဖိုးကြီးကသာမေးသည်။

"မင့် ဆရာ....ဟုတ်လား လူကလေး၊ မောင်ထွန်းငွေတော့မဟုတ်ဘူး၊ အသံလဲမကြားဘူးဘူး....၊ဘယ်သူလဲ...."

"မန္တလေးတက္ကသိုလ်က....ကထိကဆရာကြီး ဦးသက်ခိုင်ပါအဖေ၊ ကျွန်တော်ကဖိတ်ထားနဲ့....အိမ်လာလည်ဒါပါ...."

"ကထိက ဆရာကြီး....ဟုတ်လား လူကလေး....၊ ကထိကဆရာကြီးက....ဒို့များအိမ်ကို လာလည်တယ်....ဟုတ်လား...."

အဖိုးကြီးသည် မယုံကြည်နိုင်ဟန်နှင့်မေးပြီး ကိုသက်ခိုင်ရှိရာဘက်သို့ခန့်မှန်း၍ကြည့်၏။

ကိုသက်ခိုင်၏ရင်၌ အထူးထိခိုက်သွားသည်၊ ဤခြံတွင်းသို့ သူရောက်လျှင်ရောက်ခြင်း မောင်စောနောင်ပြောသော "ဆရာက တကယ်လိုက်လာဒါကိုး...."ဟူသည့်စကားကို သတိထားမိခဲ့သည်၊ ယခုလည်း မောင်စောနောင်၏ ဘခင်က....မိမိလာလည်ခြင်းကို မယုံကြည်နိုင်စွာမေးနေ၏။

ကိုသက်ခိုင်သည် မည်သို့စကားပြန်ရမှန်းမသိသောကြောင့် မောင်စောနောင်ကို လှမ်းကြည့်သည်၊ မောင်စောနောင်က မျက်လွှာချထား၏။

အဖိုးကြီးကသာ ဝန်ခံပြောဆိုသည်။

ဆရာကြီးဦး....ဘယ်သူ....၊အဲ....ဦးသက်ခိုင်....၊ ဟုတ်တယ်နော်....၊ ဆရာကြီးက ကျွန်တော်များအိမ်ကို လာလည်တယ်ဆိုလို့....ကျွန်တော်များ....သိပ်အံ့သြသွားမိပါတယ်၊ စိတ်မရှိပါနဲ့နော်....၊ ကျွန်တော်များအိမ်ကို....ရာထူးဂုဏ်ထူးကြီးတဲ့ပုဂ္ဂိုလ်ကြီးများမပြောနဲ့....၊ ရာထူးဂုဏ်ထူးငယ်တဲ့....ပုဂ္ဂိုလ်လေးများတောင်မလာကြပါဘူး....၊ အင်း....လာတော့....လာတယ်လေ....ပုလိပ်အရာရှိတွေ....ပီးတော့....ပုလိပ် ကလေးတွေ၊ အင်း....အင်း....သူတို့တော့ မှန်မှန်လာတတ်ပါရဲ့....၊ အင်း....အင်း....မှန်မှန်လာတတ်ပါရဲ့....”

အဖိုးကြီး၏ပြောဟန်ဆိုဟန်နှင့် စကားသံတို့တွင် ရိုးသားမှုသည် ပေါ်လွင်နေ၏၊ နာကျည်းမှုသည်လည်း ပေါ်လွင်နေပါလေ၏။

“ကျွန်တော့်ကို ဆရာကြီးလို့မခေါ်စေလိုပါဘူး ဦးခင်မျိုး....၊ ကျွန်တော်ဟာ...ဦးရဲ့တူအရွယ်....သားကြီးအရွယ်လောက်ဘဲရှိပါသေးတယ်၊ ကျွန်တော့်ကို မောင်သက်ခိုင်....ဒါမှမဟုတ်....ကိုသက်ခိုင်လို့ ခေါ်စေချင်ပါတယ်၊ ဦးကိုလဲ ကျွန်တော်ဦးကြီးတယောက်၊ ဘကြီးတယောက်လိုဘဲ ဆက်ဆံပြောဆိုခွင့်ပြုပါ....”

ကိုသက်ခိုင်ကတည်ငြိမ်အေးချမ်းသော ပင်ကိုယ်အသံနှင့် တောင်းပန်လေရာအဖိုးကြီးသည် ကျေနပ်ဝမ်းသာဟန် ခေါင်းတဆတ်ဆတ်ညိတ်ပြီး မှတ်ချက်ချ၏။

“ကောင်းပါဘီ....၊ ကောင်းလှပါဘီ ကိုသက်ခိုင်၊ စကားမှာ မာနသံကင်းပါတယ်၊ အင်း....ပညာရှိရင်....မာနကင်းရမှာ



ဘဲလေ....၊မဟုတ်ဘူးလား....၊ ဆရာကိုသက်ခိုင်....ဦးတို့အိမ်ကို အခုလိုလာလည်ဒါဝမ်းသာပါတယ်၊ ကျေးဇူးလဲတင်ပါတယ်”

မောင်စောနောင်က သူ့ဘခင်ကို ထမင်းတလုပ်ခွံ့သည်၊ အဖိုးကြီးက ထိုတလုပ်ကိုမူ စားလိုက်ပြီးနောက် လက်ကာ၍ ဘားသည်။

တော်ဘီလူကလေး....၊ ထမင်းကို အချိန်မရွေး စားနိုင်ဘယ်၊ လူ့ဘဝမှာ ထမင်းစားဘို့က အဓိက မဟုတ်ဘူးလို့ အဖေခဏခဏပြောဘူးတယ် မဟုတ်လား၊ ရေတခွက်သာပေး၊ အဖေဆရာကိုသက်ခိုင်နဲ့ စကားပြောချင်တယ်”

ရေအိုးစင်မှာ အိမ်အောက်ထပ်တွင်ပင် ရှိ၏၊ မောင်စောနောင်ကရေတခွက်ခပ်ယူပြီး ဘခင်ကိုပေးသည်၊ အဖိုးကြီးကပါးလုပ်ကျင်းရေသောက်ပြီးနောက် စကားဆက်ပြော၏။

“အခုနင်ကဦးပြောတယ်....၊ ဦးတို့အိမ်ကို တခြားရာထူးဂုဏ်ထူးကြီးတဲ့လူတွေမလာဘူး၊ ပုလိပ်အရာရှိတွေတော့ လာဘယ်၊ဘာပြုလို့လဲဆိုတော့ဦးသားလူကလေးကကျောင်းသားခေါင်းဆောင်တဦးကိုး---၊ ဦးကလဲ....စာရေး သပိတ်ခေါင်းဆောင်ဘဦးဖြစ်ခဲ့ဒါကိုး....၊ ၁၉၄၉-ခုနှစ် အမှုထမ်းပေါင်းစုံသပိတ်ကြီးတုန်းကလေ....၊ ဦးအဖမ်းခံရတယ်၊ ထောင်ထဲမှာ ငါးနှစ်နေခဲ့ရတယ်၊ ပုဒ်မ ၅-အကျဉ်းသမားပေါ့၊ ထောင်ထဲမှာတွင် ဦးမျက်လုံးကွယ်ခဲ့ရတယ်၊ ကိုယ်တခြမ်းသေခဲ့ရတယ်၊ ဖ-ဆ-ပ-လ အစိုးရ ကောင်းမှုပေါ့....။ အခု တော့....သူတို့က ဘာ....၊ အဲ....ဖ-ဆ-ပ-လနဲ့ ပ-ထ-စတဲ့ ဟုတ်လား....၊ အခု ပထစကိုကယ်တင်ရှင်အဖွဲ့ကြီးဆိုပီး တိုင်းပြည်က မဲအများကြီးပေး ရွေးကောက်လိုက်ကြသတဲ့....၊ ဒါပေမဲ့ ဟိုတုံးကတော့

သူတို့အားလုံးအတူတူပါဘဲကွာ....၊အခုကယ်တင်ရှင် အဖွဲ့ကြီး တက်လာလို့လဲ ဦးအလုပ်ပြန်မရဘူး၊ ပင်စင်ဆိုဒါလဲဝေးပေါ့ ဆရာရယ်၊ထောင်ထဲကရခဲ့တဲ့ရောဂါတွေကလဲ မပျောက်တော့ ပါဘူး၊ လူကလေးတို့အမေ မုန့်ဟင်းခါးရောင်းကျွေးလို့သာ ဦးလဲထမင်းမငတ်ဘဲ ဦးသားလဲ ကျောင်းတက်နေနိုင်သေးဒါ"

အဖိုးကြီးကလေရှည်ကြီးပြောသည်၊ သူ့ခမျာမှာ ကိုယ်တခြမ်းသေနေသောရောဂါရှင်ဖြစ်သည်၊ မျက်လုံးမမြင်ရတော့သောဒုက္ခိတဖြစ်သည်၊ ရင်နာဘွယ်ကိုကြုံခဲ့ရသူ တဦးလည်း ဖြစ်သည်၊ သူ့ရင်နာသမျှကိုနားထောင်သူရှိလျှင် ပြောပြချင်ပေမည်၊ကိုသက်ခိုင်က နားလည်စာနာစွာဖြင့်ငြိမ်နေ၏၊ ရင်တွင်း၌ ကရုဏာကလည်းမကင်း။

"အဲ....ဦးသားလဲ ကျောင်းတက် နေနိုင်သေးတယ် ဆိုဒါ မမှန်ဘူး....၊သုံးခါကျဆိုပြီး ကျောင်းထွက်ခဲ့ရပြီးဘီလေ....။ ဆရာကိုသက်ခိုင်ကိုတခုမေးချင်တယ်၊ဦးတို့သားကိုဦးတို့အငတ်ခံပြီး ကျောင်းထားတယ်၊ ကျချင်လဲ ကျပေါ့လေ....၊ ဦးတို့ အငတ်ခံနိုင်သရွေ့တော့ဆက်ထားဦးမှာဘဲ၊ ကာယကံရှင်ဦးတို့ တောင် ဒီလောက်အနစ်နာခံနိုင်ရက်နဲ့ ဘာ့ဖြစ်လို့ ဆရာတို့ တက္ကသိုလ်တွေကကလေးတွေကို မောင်းထုတ်ပစ်နေရသလဲ....၊ ဦးသိချင်တယ်၊ ကြုံတုန်းမေးလိုက်ချင်တယ်...."

မောင်စောနောင်က ဘခင်၏ဘေးတွင် မျက်လွှာချ နားထောင်နေရာမှကိုသက်ခိုင်ကို လှမ်းကြည့်သည်၊ သူကြည့်ပုံမှာ "ကဲ-ဆရာဖြေလေ...."ဟု အဓိပ္ပာယ်ပေါက်နေ၏၊ သူ့ဘခင် မေးသောမေးခွန်းမှာ သူမေးလိုသောမေးခွန်းပင်ဖြစ်ကြောင်း ကိုလည်း ဖော်ပြနေ၏။



ကိုသက်ခိုင်က သက်ပြင်းရှိုက်သည်၊အဖြေရခက်သောမေး ခွန်းပင်ဖြစ်သည်၊ အဖြေရခက်သည်မှာ ဖြေစရာမရှိ၍မဟုတ်၊ အဖြေကို....မေးသူက လက်ခံနိုင်ပါမည်လော့ဟု သံသယဖြစ်မိ သောကြောင့်သာတည်း။

နောက်ဆုံး၌ ကိုသက်ခိုင်ကအမေးကို တိုက်ရိုက်မဖြေဘဲ ဆိုသည်။

"ဦးရဲ့အမေးကိုမဖြေခင် ကျွန်တော့် ခံစားချက်တခုကို ပြောပြပါရစေ...."

"ပြောနိုင်ပါတယ်ဆရာ....၊ပြောပါ....ပြောပါ"

"ဟုတ်ကဲ့-၊မနက်ကကျွန်တော်မကွေးဈေးထဲ ရောက်တော့ ခရမ်းချဉ်သီးတွေကိုအလကားပေးပစ်ရသလောက်ရှိတဲ့ ဈေးနဲ့ ရောင်းနေရဒါကိုတွေ့ရတယ်၊တခါ....မြသလွန်စေတီတော်ပေါ် ကမျှော်ကြည့်တော့ သဲမြေပူပူမှာ စိမ်းနေတဲ့ ကိုင်းခင်းတွေကို တွေ့ရတယ်၊ခရမ်းချဉ်နဲ့ တခြားအသီးအနှံ ကိုင်းခင်းတွေဘဲ ပေါ့....၊ နွေရဲ့သဲသောင်မြေဟာ ဘယ်လောက် ပူတယ်ဆိုဒါ ကျွန်တော်ကိုယ်တွေ့ ခံစားခဲ့ရဘူးပါတယ်ဦး၊ ခဏမဟုတ်ဘဲ နေ့စဉ်ထာဝရ နေပူသဲပူခံ စိုက်ပျိုးရတဲ့ ကိုင်းသမားတွေရဲ့ ဒုက္ခကို ကိုယ်ချင်းစာကြည့်နိုင်ပါတယ်၊ အဲဒီလိုစိုက်ပျိုးခဲ့ရတဲ့ အသီးအနှံတွေကို ဈေးမှာချရောင်းလိုက်တော့ ခြောက်ပြား တပဲဘဲရတယ်၊ တနွေလုံး သဲပူ-နေပူခံလုပ်ရလို့ သူ့ခမျာတွေ မှာ ငွေငါးဆယ်မျိုး တရာမျိုး ကျန်ပါ့မလား မသိဘူး"

အဖိုးကြီးက စိတ်ဝင်စားစွာ နားထောင်နေရာမှ ခေါင်းခါ ပြ၏။

"မကျန်ဘူး....၊မကျန်ဘူး....၊ အဲ ဒါ တော့ ဦး ကောင်း ကောင်းသိတယ်"

"မကျန်နိုင်ပါဘူးဦး....၊ ဒီတော့....ကျွန်တော်သုံးသပ်ကြည့်မိတယ်၊ ကျွန်တော်အမေရိကန်နိုင်ငံမှာ ပညာတော်သင်ဘဝနဲ့ နေခဲ့ရစဉ်က မယုံနိုင်ဒါကြုံဘူးတယ်၊ ဗမာပြည်မှာ တန်ဘိုးထားစားနေကြတဲ့ သပြုက်သီးဟာ....သူတို့ပြည်မှာ သူတို့ငွေနဲ့ တပေါင်မှ ဆင့်အစိတ်ဘဲ ပေးရတယ်၊ ခရမ်းချဉ်သီးကျတော့ တပေါင်ကို တဒေါ်လာလောက်ပေးရတယ်၊ တဒေါ်လာဆိုတော့ ဗမာငွေ ငါးကျပ်လောက်ပေါ့လေ....၊ တပေါင်ဆိုဒါက အစိတ်သားကျော်ကျော်လေးဘဲရှိတယ်၊ ဖရဲသီးဈေးကလဲ....ဒီအတိုင်းဘဲ၊ စကားစပ်မိလို့ ပြောရအုံးမယ်....၊ ကျွန်တော် ရှမ်းပြည်ဘက် အလည်သွားရင်းသိခဲ့ရတယ်၊ ကျိုင်းတုံဘက်မှာ ခရမ်းချဉ်သီးတပိဿာကို ကိုးကျပ်ပေးစားရသတဲ့....၊ ရန်ကုန်နဲ့ မန္တလေးမှာတောင် ရာသီလိုက်ပြီးခရမ်းချဉ်သီးတပိဿာကို ပြားလေးဆယ်ကနေ....ခြောက်ကျပ်လောက် ပေးဝယ်ရတယ်၊ ဒီရာသီမှာ မကွေးဈေးကျတော့ တပိဿာကို ပြားအစိတ်လောက်ဘဲရှိတယ်၊ အဲဒါတောင် ဝယ်မဲ့လူမရှိဘူး...."

အဖိုးကြီးက ပါးစပ်ကြီးဟပြီး ကိုသက်ခိုင်ကို ကြည့်၏၊ ထိုနောက် အံ့ဩြသွာစွာနှင့်မေးသည်။

"ဆရာ.. အဲဒါတွေကို ဘယ်လိုလုပ်သိသလဲ"

"စိတ်ဝင်စားလို့....လို့ဆိုပါတော့ဦးရယ်....၊ ဆက်ပြောရအုံးမယ်၊ ကျွန်တော်က ခရမ်းချဉ်သီးကိုသာ နမူနာအနေနဲ့ ပြောပြနေဒါ၊ ကျန်တဲ့အသီးအနှံတွေမှာလဲ သဘောကအတူတူပါဘဲ၊ ကျွန်တော်တို့ တောင်သူလယ်သမားကြီးတွေဟာ



အရိုင်းပင်ကို အရိုင်းနည်းနဲ့ စိုက်ပြီး.... အရိုင်းသီးကို အရိုင်းဈေးနဲ့ ဘဲရောင်းနေကြရရှာသေးတယ်၊ မျိုးရွေးဒါကစပြီး....စိုက်ထာ....ပျိုးဒါ....ခူးဒါ....ဆွတ်ထာ....သိမ်းဒါ.... ဆည်းဒါ--ဖြန့်ဖြူးရောင်းဝယ်ဒါကစပြီး...သိပ္ပံနည်းကျကျနဲ့ ပြုလုပ်နိုင်ဒါတွေရှိတယ်၊ ကမ္ဘာမှာ.... ခရမ်းချဉ်သီးတို့၊ဖရဲသီးတို့၊ ငှက်ပျောသီးတို့၊ သရက်သီးတို့ကို အရုပ်ထု....ဆေးဆိုးပြီး မျက်စိနဲ့တွင်အရသာခံ တင်းတိမ်နေရတဲ့ နိုင်ငံတွေ အများကြီးရှိတယ်၊ ကျွန်တော်တို့ပြည်မှာက ပေါများနေတယ်၊ဒါပေမဲ့....စိုက်မျိုးထုတ်လုပ်သူတွေက ငတ်နေ--မွဲနေရတယ်"

အဖိုးကြီးက ခေါင်းတညိတ်ညိတ်နှင့်ဆက်လက်နားထောင်နေ၏။

မောင်စောနောင်ကမူ ကိုသက်ခိုင်ကို မယုံကြည်နိုင်စွာ စိုက်ကြည့်နေသည်၊ ကိုသက်ခိုင် ဤမျှစကားရှည်ရှည်ပြောနိုင်သည့်အတွက်မူ မအံ့ဩြသွာ၊ ကထိကတို့မည်သည် စကားပြောနိုင်ပြောတတ်ကြသော လူတန်းစားဖြစ်သည်၊ သူအံ့ဩြသွာသည်ကား သူ့ဘခင်ကဲ့သို့ ကိုယ်တခြမ်းသေ၍ မျက်လုံးသည်း ကန်းနေကာ ဘဝအတွက် မြော်လင့်ချက်ကင်းစွာနှင့် ဆင်းရဲတွင်းနက်နေသူတဦးကို အဘက်လုပ်ပြီးအရေးတယူ ပြောနေခြင်းကို ဖြစ်သည်၊တဖန်....ကိုသက်ခိုင်ပြောနေသော အကြောင်းအရာများကိုလည်း ဆင်စွယ်နန်းတော်ပေါ်မှ ကထိကတဦး၏နှုတ်မှ ကြားရလိမ့်မည်ဟု မောင်စောနောင်သည်လုံးဝမမြော်လင့်ခဲ့--။

ကိုသက်ခိုင်က ဆက်ပြောသည်။

"ဒီပြဿနာတွေကို ဖြေရှင်းဘို့က စိုက်မျိုးရေး နယ်ဆီကို သိပ္ပံပညာ ဝင်ရမယ်၊ စိုက်မျိုးခြင်းဆီကိုလဲ ဝင်ရမယ်၊ သို

လျှောင် ခြင်း ဆီ ကို လဲ ဝင် ရ မယ်၊ ဖြန့်ဖြူးခြင်း ဆီကိုလဲ ဝင် ရမယ်၊ သုံး ဘက် စလုံး ဆီ ဝင် ရ မယ်၊ တ ဘက် ဘဲဆီ ဝင်နေရုံနဲ့ အကျိုးမထူးနိုင်ဘူး၊တခါတလေတော့---သိုလှောင်ခြင်းနဲ့ ဖြန့်ဖြူးခြင်းဟာပိုအရေးကြီးနေတယ်လို့ ထင်မိတယ်၊ ယေဘူယပြောရရင်---ကျွန်တော်တို့နိုင်ငံဟာ ရာသီဥတုရော---မြေအကျယ်အဝန်းနဲ့ မြေဩဇာ ဘက်မှာရော--- သင့်တင့်ပါတယ်လို့ ဆိုနိုင်ပါတယ်၊ ကျွန်တော်တို့ တောင်သူလယ်သမားကြီးတွေ---အထူးသဖြင့် မိုးခေါင်ရေရှားအရပ်ကတောင်သူလယ်သမားကြီးတွေဟာ--- ဇွဲလုံ့လဝီရိယနဲ့ ပြည့်စုံကြပါတယ်၊ သူတို့ရဲ့ ရှုဒေါင့်ကနေကြည့်ရင် သီးနှံ ပိုမိုထွက်ရေးဘက်--- ထွက်သမျှအကျိုးခံစားခွင့်ရှိရေးက ပိုအရေးကြီးနေတယ်၊ မနက်ကဈေးမှာ ကျွန်တော်တွေ့ခဲ့ရတဲ့ကိုင်းသမားကြီးလို အသီးအနှံတော့ ထွက်အောင်သူကြိုးစားခဲ့ပြီးပါပြီ၊ ထွက်လဲထွက်နေပါဘီ၊ဒါပေမဲ့ ရာသီချိန်မှာ ကုန်လှိုင်တော့---ဝယ်အားထက် ရောင်းအားကကြီးနေတယ်၊ ဒီတော့--ဈေးကမရှုဘူး၊ကုန်ကလဲ ပုပ်ကုန်ဖြစ်နေတယ်၊ ချဉ်သီးပင်အောက်ချဉ်သီးရှားတယ်ဆိုတဲ့ စကားပုံရှိတယ်၊ အမှန်က---ဒီစကားပုံက ချွင်းချက်အဖြစ်နဲ့ သာမှန်ပါတယ်၊ ယေဘူယကတော့ ချဉ်သီးပင်အောက် ချဉ်သီးပေါနေပြီး ချဉ်သီးပင်နဲ့ဝေးရာမှာ ချဉ်သီးရှားနေတယ်၊ ဆိုလိုဒါက---ထုတ်လုပ်တဲ့တောင်သူလယ်သမားမှာလဲ အကျိုးမရှိ၊ စားသုံးသူတွေ အတွက်လဲ ရာသီချိန်မှာပေါပေမဲ့--- ကျန်တဲ့အချိန်မှာ ငတ်နေရတယ်၊ တနေရာမှာပေါနေပေမဲ့---တနေရာမှာ ရှားနေရတယ်၊ ဒါကြောင့်မို့လဲ သိုလှောင်ခြင်းနဲ့ ဖြန့်ဖြူးခြင်းဟာ ပိုအရေး ကြီးတယ်လို့



ကျွန်တော်ထင်မိဒါပါ၊ခက်ထာက....ဒီအချက်တွေကို တက်ခဲ့တဲ့အစိုးရတိုင်းမမြင်ဘူး၊တခါပညာရေးလောက, ကလူတယောက်အနေနဲ့ ပြောရရင်....ကျွန်တော်တို့ ပညာရေးစံနစ်မှာလဲ ဒီပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ပညာရပ်တွေကို မသင်ပေးနိုင်ဘူး၊ သင်ပေးရကောင်းမှန်းလဲမသိဘူး၊ သင်ယူချင်တဲ့ လူငယ်တွေလဲမရှိသေးဘူး...."

စိတ်ဝင်စားစွာ နားထောင်နေရာမှ အဖိုးကြီးသည် တစုံတရာကို ကွက်ကျော်မြင်ဘိသည့်အလား တက်ကြွစွာနှင့် တိုက်တွန်းသည်။

"ဟုတ်ပီ....ဟုတ်ပီဆရာ....၊ဦးသဘောပေါက်လာဘီ၊ဦးကသုံးခါကျပြဿနာကို စမေးတယ်၊ ဆရာက–ဒီထိအောင်နိဒါန်းဖွဲ့ခြေရှည်ရှည်မျိုးတယ်၊ဒီတော့-ဆက်ပါဆရာ၊ ဦးနားထောင်နေတယ်...."

"ကျေးဇူး တင်ပါတယ် ဦးရယ်၊ကျွန်တော်လဲနိဂုံးချုပ်ပါတော့မယ်၊ ဦးက စောစောက-ပြောကယ်၊ ဦးတို့က သားကိုအငတ်ခံပီး ကောလိပ်ပို့တယ်ပြောတယ်၊ မှန်ပါတယ်၊ဒါပေမဲ့ ဦးတို့လို ကျောင်းသားမိဘတွေ ကုန်ရတဲ့ငွေက ကျောင်းလခ၊ စာအုပ်ဖိုး၊ ကျောင်းဆောင်နေရင် ကျောင်းဆောင်ခ၊နေ့ကမုန့်ဘိုးနဲ့ ဝတ်စားဆင်ယင်စရိတ်၊ ခရီးစရိတ်၊ဒါလောက်ပါဘဲ....၊ အဲဒီစရိတ်တွေအနက် ကျောင်းလခကလွဲရင် ကျန်ဒါတွေက ကိုယ့်သားသမီးအတွက်ချည်းဘဲ၊ကုန်ဒါ၊နိုင်ငံတော်ရဲ့ဘဏ္ဍာရေးရုံပုံငွေထဲ ဝင်သွားဒါမဟုတ်ဘူး၊ ကျောင်းလခဆိုဒါဟာလဲ ပညာရေးဘဏ္ဍာရုံပုံငွေ သမုဒ္ဒရာမှာ မိုးတပေါက်လောက်ဘဲ အရာရောက်တယ်၊ ကျန်တဲ့....မြင်ကြီးငါးသွယ်....

မြစ်ငယ်ငါးရာလို ပညာရေးဘဏ္ဍာရံပုံငွေထဲ အလုံးအရင်းနဲ့ စီးဝင်ရောက်လာတဲ့ငွေတွေက ရှေးဆွေခုနှစ်ဆက်....နောက်ဆွေခုနှစ်ဆက် တက္ကသိုလ်ကိုမရောက်ဖူးတဲ့ မရောက်လိမ့်မဲ့တောင်သူလယ်သမားကြီးတွေရဲ့ အခွန်ငွေကလာတယ်၊ ဒါပေမဲ့သူတို့ ခမျာမျှားက မကန့်ကွက်ကြဘူး၊ ကန့်ကွက်ရ ကောင်းမှန်းလဲ မသိဘူး၊ မသိတဲ့အပြင်.... သူတို့ငွေတွေနဲ့ တက္ကသိုလ်ကဘွဲ့ရလာပြီးအရာရှိဖြစ်လာတဲ့လူတွေကို ဆီးကြိုရှိခိုးနေကြရရှာသေးတယ်....၊ ဘယ်သူတွေကပို ငိုဘို့ကောင်းနေပါသလဲဦး...."

အဖိုးကြီးသည်မဖြေ၊ မမြင်ရသောမျက်လုံးကြီးများကသာ မိုးကောင်းကင်ဆီသို့ ကြောင်ကြောင်ကြီးလှမ်းကြည့်နေသည်။

မောင်စောနောင်က ကြားဝင်ဖြတ်မေး၏။

"အဲဒါနဲ့....သုံးခါကျပြဿနာဟာ....ဘယ်လိုဆိုင်နေသလဲဆရာ...."

"ဆိုင်နေဒါပေါ့.... မောင်စောနောင်၊ သုံးခါမပြောနဲ့....တခါကျရုံနဲ့တောင် ....ကျောင်းသားတဦးဟာ ....အခွန်ထမ်းတောင်သူလယ်သမားတွေရဲ့ငွေကို အများကြီးဖြုန်းပစ်လိုက်ပြီးနေဘီ၊ ကမ္ဘာမှာ....ဓနရှင်နိုင်ငံတွေမှာရော၊ ဆိုရှယ်လစ်နိုင်ငံတွေမှာရော....သုံးခါကျမပြောနဲ့....တခါကျကိုတောင်သည်းမခံဘူး၊ တခါကျဘို့မပြောနဲ့....တက္ကသိုလ် အထက်တန်းပညာရဘို့....လူတိုင်းကို ခွင့်မပြုဘူး....၊ ဉာဏ်ပညာ ထက်မျက်ပြီး....စာရိတ္တကောင်းသူတွေကိုသာ ရွေးချယ်ပြီးကန့်သတ်ခွင့်ပြုလက်ခံတယ်၊ဘာကြောင့်လဲဆိုတော့....ပညာရေးဆိုတာဟာ....ဓနရှင်နိုင်ငံအတွက်ဘဲဖြစ်ဖြစ်....ဆိုရှယ်လစ်နိုင်ငံ အတွက်ဘဲဖြစ်ဖြစ်....အနာဂတ်အတွက် အနှစ်နာခံပြီး အရင်းအနှီး မြှုပ်ထားရ ခြင်းပေကိုး၊ အရင်းအနှီးမြှုပ်ထားရဘီဆိုကတဲက.... အရှုံးကို ဘယ်သူကမှ မလိုချင်ဘူး၊ ဒါက....စီးပွားရေး မမှန်ိယာမ တခုဘဲ...."



မောင်စောနောင်က ယဲ့ယဲ့ပြုံးပြီးမေး၏။

"ရှင်းရှင်းပြောပါဆရာ၊ ဆရာဆိုလိုဒါက ....ဆရာဟာ....သုံးခါကျစံနစ်ကြီးကို ထောက်ခံနေဒါဘဲမဟုတ်လား...."

ကိုသက်ခိုင်၏ရင်မှာဆို့သွားသည်၊ ကရုဏာဒေါသလည်း အနည်းငယ်ထသွား၏....။

မမြော်လင့်ဘဲ အဖိုးကြီးက သူ့သားကိုဝင်မာန်မဲဟန့်တားသည်။

"လူကလေး....၊မင်းဆရာကို ဒီလိုဘဲပြောရသလား၊ နေရာတကာမှာ....နိုင်ငံရေးစကားရည်လုပွဲမလုပ်နဲ့၊ အမှန်တရားကို ဆွေးနွေးတဲ့အခါမှာ....ပညာရှိလို စကားပြော၊ စစ်သူကြီးလို မငြင်းနဲ့...."

အဖိုးကြီး၏အသံမှာ မမာသော်လည်း သြဇာသက်ဝင်နေ၏၊ မောင်စောနောင်က....အိနြေ္ဒ ပြည့်စွာနှင့် ကိုသက်ခိုင်ဘက်သို့လှည့်ပြီးတောင်းပန်သည်။

"ဆက်ပြောပါဆရာ....ဦးနားထောင်ချင်တယ်...."

"ဟုတ်ကဲ့ဦး....ဦးသဘောပေါက်နေဒါကို ကျွန်တော်ဝမ်းသာစွာနဲ့သိမ်ပါတယ်၊သုံးခါကျပြဿနာနဲ့ပတ်သက်ပြီးတိုတိုရှင်းချုပ်ပြောရရင်တော့....၊တခါဘဲကျလို့ထွက်ရထွက်ရ၊ သုံးခါဘဲကျလို့ထွက်ရထွက်ရ၊ မကျဘဲအောင်သွားသွား.... လက်ရှိပညာရေးစံနစ်ကမွေးထုတ်လိုက်တဲ့ လူငယ်တွေဟာပြည်သူနဲ့

တောင်သူလယ်သမားကြီးတွေအတွက် ဘာအကျိုးကိုမှ ထိထိရောက်ရောက်မပြုပေးနိုင်ပါဘူး၊ ကျွန်တော်ဆိုလိုဒါက.... လက်ရှိပညာရေးစံနစ်ကြီးတခုလုံးကမှားနေတယ်၊ သုံးခါကျပြဿနာဆိုဒါဟာ အဖုအပိန့်တခုဘဲ၊ နှာချေဒါ ချောင်းဆိုးဒါ သလိပ်ကပ်ထာတခုဘဲ၊ တနည်းအားဖြင့်ရောဂါရဲ့ သွင်ပြင်လက္ခဏာတခုဘဲ၊ ရောဂါရဲ့မူလဇစ်မြစ်မဟုတ်ဘူး၊ ကျွန်တော်ပြောပြချင်ဒါက....ဒီလောက်ပါဘဲ...."

ကိုသက်ခိုင်က စကားအစသတ်လိုက်သည်၊ လူကြီးကဘာမျှမပြောဘဲ လှုပ်ရှားနိုင်သည့် လက်တဘက်ကို ကိုသက်ခိုင်ဆီသို့ကမ်းပေး၏၊ အပူရှိန်ငွေ့ငွေ့သာရှိသောထိုလက်ကို ပြန်လည်တုန့်ပြန်ဆုပ်ကိုင်ရင်းက ကိုသက်ခိုင်သည် လူကြီး၏ မျက်လုံးများမှမျက်ရည်များကိုမြင်ရ၏။

အဖိုးကြီးသည် မောင်စောနောင်ရှိရာဘက် ခေါင်းကိုလှည့်လိုက်ပြီးအမိန့်ပေးသည်။

"လူကလေး....သွား၊ မင်းအမေကိုပြော....၊ ဆရာစားဘို့တခုခုလုပ်ပေးပါလို့...."

ကိုသက်ခိုင်က လျှင်မြန်စွာဝင်တားသည်။

"ဒုက္ခမရှာပါနဲ့ဦးရယ်၊ အခုကျွန်တော်ပြန်ပါးထွန်းငွေတို့အိမ်မှာထမင်းစားရပါမယ်....၊ ထွန်းငွေလဲ ဘဲသားဟင်းချက်ကျွန်ရစ်ရဲ့...."

ဘာဘဲဖြစ်ဖြစ်၊ ဦးအိမ်ကိုလာလည်တုံး....ဦးအိမ်က တခုခုစားသွားပါ၊ အကောင်းတော့မဟုတ်ဘူး....၊ လူကလေးအမေဈေးကကျန်လာတဲ့ မုန့်ဟင်းခါးဘဲ၊ တဇွန်းနှစ်ဇွန်း ဖြစ်ဖြစ်



စားသွားပါဆရာ....၊ မောင်ထွန်းငွေရဲ့ ဘဲသားဟင်းကိုညစာမှဖြစ်ဖြစ် ဆရာစားပေါ့၊ သွား....လူကလေး....၊ သွားယူချေ"

ကိုသက်ခိုင် ထပ်မငြင်းနိုင်၊ ထပ်မငြင်းနိုင်ရုံမက ပထမကငြင်းခဲ့မိသည်ကိုပင် နောင်တရမိ၏၊ "လူကလေးအမေ....ဈေးကကျန်လာတဲ့ မုန့်ဟင်းခါး...." ဤစကားက ကိုသက်ခိုင်၏အသဲနှလုံးကို သိမ့်သိမ့်ခါအောင်တုန်လှုပ် သွားစေလေသည်တကား၊ လူကလေးအမေ....ဈေးက....ကျန်....လာ....တဲ့....မုန့် ဟင်း....ခါး....။

မောင်စောနောင်က အိမ်တွင်းသို့ဝင်သွားသည်၊ နှစ်ဦးချင်းကျန်ကာမှ အဖိုးကြီးကပြောသည်။

"ဆရာပြောတဲ့စကားတွေက....ဦးကိုသတိဝင်စေတယ်၊ ဘာလုပ်လုပ်....ဘာကိုင်ကိုင်....အတ္တစွဲနဲ့.... ဆန္ဒစွဲတွေကို ဖယ်ထားနိုင်မှတော်တယ်၊ ဆရာနဲ့စကားပြောချိန်အထိ ဦးမှာ အတ္တစွဲနဲ့ ဆန္ဒစွဲတွေရှိနေတယ်၊ အဲဒါတွေပေါ်မှုတဲ့....အတ္တကရုဏာကလဲရှိနေတယ်၊ ဒီကနေ.... ဒေါသက ဝင်လာတယ်၊ ဦးကြုံခဲ့ရဒါနဲ့ နှိုင်းစာပြန်တော့လဲ.... ဦးရဲ့ ဒေါသတွေက သဘာဝကျနေတယ်၊ ဆရာက.... ဦးဟာ ဆရာ့ရဲ့ ဦးလေး- ဦးကြီး- ဘထွေးအရွယ်ရှိတယ်လို့ပြောခဲ့တယ်....၊ ဒီတော့....တူမောင်ဦးတခုပြောပြမယ်၊ ဦးမျက်လုံး ကွယ်သွား ရဒါ....၊ ဦးကိုယ်တခြမ်းသေသွားရဒါတွေဟာ....သွေးလေဖောက်ပြန်လို့မဟုတ်ပါဘူးကွယ်....၊ ဒီရောဂါတွေကို တောင်က.... ဦးကိုပေးလိုက်ထာတွေပါ၊ တူမောင်နားလယ်ပါလိမ့်မယ်"

ဤအကြိမ်တွင်မူ ကိုသက်ခိုင် မျက်ရည်ဝဲမိသည်၊ မိမိမျက်

ရည်ဝဲမိသည်ကို မိမိသာနားလည်သည်၊ မိမိမျက်ရည်ဝဲမိသည်ကို အဖိုးကြီးမမြင်နိုင်သည့်အတွက်ပင် ဝမ်းသာရသေးသည်။

ကိုသက်ခိုင်သည် နှင့်ဆို့နေသောလည်ချောင်းကို အားယူရှင်းပြီး တတ်နိုင်သမျှအသံကို တည်ငြိမ်စေလျက်ဖြေ၏။

"ဦးပြောဒါကို ကျွန်တော်ကောင်းကောင်း နားလယ်ပါတယ်ဦး...."

"တူမောင်နားလယ်တယ်ဆိုဒါ.... ဦးယုံကြည်ဘီ၊ ဦးတို့.... ဗိုလ်ချုပ်အောင်ဆန်း လက်ထက်က ပထမတကြိမ် သပိတ်မှောက်ခဲ့ကြတယ်၊ ဒီတုန်းက တပြည်လုံးက ဦးတို့ကို ထောက်ခံခဲ့တယ်၊ နောက်.... ၁၉၄၉-ခုမှာ တကြိမ်သပိတ်မှောက်ကြပြန်တယ်၊ ဒီအချိန်မှာ ကေအင်ဒီအို အရေးကလဲ ပေါ်နေတယ်၊ အင်းစိန်ကလဲ သူပုန်အောက် ကျနေတယ်....၊ တပြည်လုံးဟာ ကြိမ်မီးဟုန်းတောက်သလိုပူနေကြတယ်၊ လွတ်လပ်ရေးကြီး တောင် ပြန်ဆုံးရှုံးရမယ့် အခြေအနေမှာရှိနေတယ်၊ ပြည်သူတရပ်လုံးရဲ့ အာရုံကလွတ်လပ်ရေးမဆုံးရှုံးဘို့ဘက်မှာတွင်စိုက်နေကြတယ်၊ ရှိနေတဲ့အစိုးရကို ထောက်ခံနေကြတယ်၊ ဒီတုံး.... ဦးတို့က အထွေထွေသပိတ်ကြီးနဲ့ အစိုးရကိုအကြပ်ကိုင်ပလိုက်တယ်၊ လက်တွေ့က.... ပြည်သူတွေကို အကြပ်ကိုင်လိုက် သလိုဖြစ်သွားတယ်၊ ပြည်သူတွေ ကမ္ဘာမီးလောင်ချိန်မှာ ဦးတို့က ဆီမီးခွက် ဝင်တောက်ပြလိုက်ထာဘဲ၊ ဦးပြောတဲ့....အတ္တစွဲနဲ့ ဆန္ဒစွဲ တွေလေ....၊ ဒီတော့.... ပြည်သူ့ ထောက်ခံမှုကို လုံးဝ မရခဲ့ဘူး၊ ဒါထက်နေပါအုံး၊ အဲဒီအချိန်တုံးက.... တူမောင် ဘာလုပ်နေသလဲ၊ ကျောင်းသားဘဲလား"



"တက္ကသိုလ်တော့ ရောက်နေပါဘီဦးရယ်....၊ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော်ဟာ ဗမာ့တပ်မတော်ထဲ ပြန်ရောက်ပီး.... အင်းစိန်စစ်မျက်နှာမှာ တိုက်ခိုက်နေခဲ့ရပါတယ်"

"ဗိုလ်အဖြစ်နဲ့ပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူး၊ သာမာန် ရဲဘော်လေးဘဝနဲ့ပါ...."

"အင်း.... တူမောင်တို့က မှန်သွားသပေါ့....၊ တူမောင်တို့ ဆိုဒါက တူမောင်တို့ ဗမာ့ တပ်မတော်ကြီး နဲ့ ဗမာ့ တပ်မတော်ရဲ့ ခေါင်းဆောင်ကြီးတွေပေါ့၊ ဦးတို့ကသာ မှားဒါ၊ ဦးတို့ထက်.... ဦးတို့ကို လာမြှောက်ပေးတဲ့ လူစုတွေမှားဒါ....၊ ဒါကြောင့်လဲ သူတို့ကိုကော.... ဦးတို့ကိုကော ပြည်သူက မထောက်ခံတော့....၊ အင်း.... ဦးတို့ အနေနဲ့က ထောင်ထဲဝင်ရပီး အခုတော့.... မြင်တဲ့အတိုင်းလေ.... ဘယ်သူကမှ လာမကယ်တော့ဘူး၊ ကယ်လဲ.... မကယ်ချင်ကြတော့ဘူးလေ၊ ဦးကမျက်စိကန်းပီး ကိုယ်တခြမ်း သေနေတဲ့ ကောင်ကိုး.... သူတို့ဘာသာ သူတို့ခေါ်ထားတဲ့ တော်လှန်ရေး ဆိုဒါမှာ ဦးအတွက်နေရာမှမရှိတော့ဘဲဟာကိုး၊ အဲ....လူကလေးကိုတော့ သူတို့လာဂရုစိုက်နေကြပါလေရဲ့၊အမှန်ဝန်ခံရရင်ဦးကသူတို့ကို သိပ်စိတ်မနာခဲ့မိဘူး၊ဦးကိုလူဖြစ်ရှုံးအောင် ထောင်ထဲထဲ့ထားခဲ့တဲ့လူတွေကိုသာ မုန်းခဲ့မိတယ်၊ ဒါကြောင့်လဲလူကလေးလုပ်နေဒါတွေကို မဘားမြစ်တဲ့အပြင်အားတောင်ပေးခဲ့သေးတယ်၊ လူကလေးတို့ ဘာတွေလုပ်နေတယ်ဆိုဒါတောင်မမေးမြန်းမစစ်ဆေးခဲ့မိဘူး၊လူကလေးတို့လဲဘဲ ဦးတို့မှားခဲ့သလို အတ္တစွဲဆန္ဒစွဲတွေနဲ့ လုပ်နေကြသလားမသိဘူး၊ ဆရာရှင်းပြတဲ့ ရောဂါရဲ့

လက္ခဏာနဲ့ ရောဂါရဲ့ မူလဇစ်မြစ်ကို ခွဲခြားကြည့်ကြရဲ့လား မဆိုနိုင်ဘူး၊ ဆရာဘယ်လိုထင်သလဲ”

“မောင်စောနောင်ကို သိဒါ မကြာသေးလို့ ကျွန်တော် တိတိကျကျမဖြေတတ်ပါဘူး....၊ ဒါပေမဲ့ ကျွန်တော်သိသမျှ လူငယ်တွေဟာ အမှန်တွေလဲ လုပ်နေကြသလို အမှားတွေလဲ လုပ်နေကြဒါဘဲ၊ ဘာဘဲလုပ်လုပ်သူတို့ရဲ့ အခြေခံစေတနာကတော့ မှန်မြတ်သန့်ရှင်းကြပါတယ်၊ ခက်ထာက လူငယ်တွေရဲ့ စေတနာ၊ လူငယ်တွေရဲ့ ကိုယ်ကျိုး စွန့်ရဲတဲ့သတ္တိ၊ လူငယ်တွေရဲ့ အင်အားတွေကို အသုံးချ အမြတ်ထုတ်နေတဲ့ လူတွေကလဲ အမျိုးမျိုးရှိနေကြတယ်၊ ရေရှည်မှာတော့ လူငယ်တွေဟာ အမှန်တရားစင်စစ်ကို ရှာဖွေတွေ့ကြမှာပါဘဲ၊ အခု အနေတော့.... အမှန်တရားကို ဟောပြောတဲ့လူတွေက များ နေ တော့ သူတို့ ခွဲခြားနိုင်ဟန်မတူသေးဘူး၊ တိုင်းပြည်ကိုယ်၌က ခွဲမှုမခွဲခြားနိုင်သေးဘဲ၊ လူကြီးတွေနဲ့ ကျွန်တော်တို့ လူရွယ်တွေကအစ စမ်းတဝါးဝါးဘဲရှိနေကြသေးဒါ၊ ကျွန်တော်ကတော့ အနာဂတ်အတွက် မြော်လင့်ချက်ထားတယ်”

မောင်စောနောင်က မုံ့ဟင်းခါး တပန်းကန်ယူ၍ ထွက်လာသဖြင့် စကားပြတ်သွားကြသည်။

မုံ့ဟင်းခါးမှာ အိုးကျန်ကို နွေး ထား သည် ဖြစ် သော ကြောင့် အဆီအနှစ်စုကာ လေးလေးပင်ပင်အရသာရှိနေ၏။

ကိုသက်ခိုင်သည် မုံ့ဟင်းခါးစားရင်း အိမ်ကို အ ကဲ ခတ်ကြည့်မိသည်။

ဝါးကြောထုံ ထရံကာနှင့် သက်ငယ်မိုး ဟဲတလုံးသာဖြစ်သည်၊ ထရံများမှာ အနည်းငယ် ဆွေးစပြုပြီဖြစ်ပြီး သက်ငယ်



များမှာလည်း မိုးမကျမိ ပြင်ထိုက်အောင် ဟောင်းနေပေပြီ၊ အိမ်နောက်ပိုင်းက ခြေတံရှည် ဖြစ်ပြီး အိမ်၏ အထက်ပိုင်း တဝက်မှာ ဝါးကြမ်းခင်းထား၏၊ အရှေ့ပိုင်း၌ ထရံမှာမြေစိုက်ဖြစ်ပြီး အခင်းမရှိ၊ ထိုအရှေ့ပိုင်းမြေပေါ်တွင် ကုတင်ဟောင်း တလုံးနှင့် စာပွဲဟောင်းငယ်တလုံးရှိသည်၊ စာပွဲ၌ ကုလားထိုင်အစား ခွေးခြေတလုံးသာရှိသည်၊ ခေတ္တ ညှော်သည် လာလျှင် ယာယီထိုင်ခုံအဖြစ် သုံးဟန်တူသော ထောင်ထားသည့် ထီးရှူး သေတ္တာဟောင်းတလုံးလည်းရှိသေး၏၊ စာပွဲတဘက် မျက်နှာ ချင်းဆိုင်ရှိ နံရံပေါ်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဓာတ်ပုံတပုံကို ချိတ်ထား၏၊ စာပွဲပေါ်၌ ကျောင်းသုံးစာအုပ်အချို့နှင့် လက်ဆွဲရေနံဆီ မှန်အိမ်တလုံးကို မြင်ရသည်။

စာပွဲမှာ မောင်စောနောင်၏ စာကြည့်စာပွဲဖြစ်မှန်း သိသာသည်၊ ကုတင်မှာမူ.... ခေါင်းရင်းပိုင်း၌ ခေါင်းအုံး အနီးတွင် ကွမ်းအစ်တလုံးရှိနေ၍၎င်း၊ အနီးရှိတိုင်တွင် စိတ်ပုတီးတကုံး ချိတ်ဆွဲလျက်ရှိနေ၍၎င်း၊ ကုတင်အောက်မြေပေါ်၌ ထွေးခံတလုံးရှိနေသောကြောင့်၎င်း၊ အပေါ်ထပ်မတက်နိုင်သော အဖိုးကြီး၏ အိပ်ရာသာ ဖြစ်ပေလိမ့်မည်။

ကိုသက်ခိုင်က မောင်စောနောင်တို့၏ နုံချာသော ဤအိမ်ငယ်လေးကိုကြည့်နေမိစဉ် ဟေး (လ်) မင်း ကားလေးပေါ်မှ ရှန်းသစ် ဝင်းဖြူသော မောင်စောနောင်၏ ဝမ်းကွဲ အမကို သတိရမိ၏၊ နံနက်က “ကျွန်တော် ကားမစီးချင်ဘူး” ဟူသော မောင်စောနောင်၏ ငြင်းသံကိုလည်း ပြန်လည်ကြားယောင်လာသည်၊ ထိုနောက်....ထပ်ကာ ပြန်လည်ကြားယောင်လာ၏။

အဖိုးကြီးက ပြန်လည်စကားပြောသည်။

"အင်း....မောင်စောနောင်လဲ ဒီနှစ်စာမေးပွဲ ထပ်ဖြေရအုံးမယ်၊ လူကလေး မောင်စောနောင်.... စောစောက မင်းဆရာ ပြောသလို တိုင်းပြည်ဘဏ္ဍာဖြုန်းသလိုမဖြစ်အောင် စာမေးပွဲတော့ အောင်အောင်ကြိုးစားလိုက်အုံးပေါ့....၊အောင်ရင်တော့ မန္တလေးတက္ကသိုလ်ကို ကြိုးစားပို့ရအုံးမှာဘဲ၊ အဲဒီမှာတွေ့ကြရင် ဆရာ့ရေ.... ညီအရင်းလိုစောင့်ရှောက်ပါလို့ တခါထဲအပ်လိုက်ပါရစေ...."

"စိတ်ချပါဦး....၊ကျွန်တော် စောင့်ရှောက်ပါမယ်...."

ယဉ်ကျေးမှုအရှသာ ပြောလိုက်ရသော်လည်း မောင်စောနောင်သည် မိမိ၏အစောင့်အရှောက်ကို ခံချင်မှခံမည်၊ မခံမည်မှာက သေချာ၏၊ ဤအတွေးကြောင့် ပြုံးပြီး ကိုသက်ခိုင်က မောင်စောနောင်ကိုလှမ်းကြည့်သည်၊ မောင်စောနောင်ကလည်း ပြုံး၍ ပြန်ကြည့်သည်နှင့် ဆုံနေ၏။

မုန့်ဟင်းခါးစားပြီး စကားခေတ္တ ဆက်ပြောနေပြီးနောက် ကိုသက်ခိုင်က အဖိုးကြီးကို နှုတ်ဆက်၍ပြန်လာရာ ခြံဝအထိ မောင်စောနောင်က လိုက်ပို့သည်။

"မောင်စောနောင် မောင်ညိုမှိုင်းတို့အိမ် လိုက်အုံးမလား"

"မလိုက်တော့ဘူးဆရာ....၊ အမေ့ကို ကူစရာရှိသေးတယ်၊ နက်ဖြန်ကျ တွေ့ကြသေးဒါပေါ့....၊မတွေ့လဲ မန္တလေးမှာဆုံကြမယ်ဆရာ၊ ဒီနှစ်တော့ ကျွန်တော်စာမေးပွဲကို အောင်အောင်ဖြေမယ် စိတ်ကူးထားတယ်...."

"အင်း....အောင်ပါစေလို့ ဆရာဆုတောင်းပါတယ်၊ ကဲ-တွေ့ကြသေးဒါပေါ့....၊သွားမယ်နော်...."

"ဟုတ်ကဲ့ဆရာ...."



မောင်ညိုမှိုင်း၏အိမ်သို့ ကိုသက်ခိုင် ပြန်ရောက် ချိန်တွင် ဘဲသားဟင်းကား မကျက်သေး....၊ သို့ရာတွင် ခွင်ပေါ်မှအိုးမှ ယနံ့များက မွှေးကြိုင်နေ၏။

"ဆာဘီလားသူငယ်ချင်း....၊ဘဲသားက မနူးသေးဘူး၊ ဒီလို ဘဲကြာတယ်...."

"ကိစ္စမရှိပါဘူးကွာ....၊ငါအခုဘဲ မောင်စောနောင်တို့ အိမ်က မုန့်ဟင်းခါးစားလာတယ်...."

ပထမသော် ထွန်းငွေသည် အပြစ်တင်သော လေသံနှင့်....

"မင်းကလဲကွာ.... ငါဟင်းချက်နေမှန်း သိရက်နဲ့ အလကား ထမင်းစားပျက်အောင်...."ဟု ဆိုပြီးမှ တစုံတခုကို သွားသတိရ ဟန်နှင့် ကိုသက်ခိုင်၏မျက်နှာကို ကြည့်လိုက်ကာ သက်ပြင်း ရှိုက်လိုက်ရင်း သူ့ကိုယ်သူပြောသည့်သဏ္ဍာန်ဖြင့် တိုးတိုးညင်သာ ဆက်ပြော၏။

"အင်းလေ.... မင်းမုန့်ဟင်းခါး စားမပေါ့.... စားရမပေါ့၊ ဆောရီးဘဲ.... ငါမှားသွားတယ်၊ ဒါတွေထားလိုက်ပါတော့....၊ ဟော့ ကောင်....မင်းငါ့ကို တခုကူမလား...."

"ပြောလေ....ကူပါ့မယ်...."

"မင်းရောက်လာတော့ ငါဝက်စာကျွေးမလို့ ပြင်နေဒါ မင်းနဲ့ကလဲ စကားကောင်း....၊တခါ....မင်းအချိန်မီ ထမင်းစားရအောင် ဘဲလည်လှီးပြီးချက်နေရဒါနဲ့ ငါ့ဝက်တွေ အစာမကျွေးရသေးဘူး၊ အဟီး...,၊အားတော့နာပါရဲ့ ကထိကကြီး၊ ငါနဲ့ ဝက်စာကူကျွေးပေးမလား...."

"ကျွေးပေးပါမယ်ကွာ.... ကျွေးပေးပါမယ်၊ ဘယ်မလဲ.... လာ သွားကြမယ်...."

ထွန်းငွေခေါ် မောင်ညိုမှိုင်းနှင့်အတူ ဝက်စာကူကျွေးရင်း ကိုသက်ခိုင်သည် ကြုံကြုံဖန်ဖန်ကြုံလာသရွေ့ကို တွေးနေမိ၏။

ဝက်တို့၏အမည်များကို.... စတာလင်၊ ပေါက်စီတုံး၊ အိုင်စင်ဟောင်းဝါး၊ ချန်ကေရှိတ်၊ ကရူးရှက် ဟုပေါက်ကရမှည့်ခေါ်ထားသည့်....လောကကို အရွဲ့တိုက်နေဟန်တူသူ.... ဘဲတို့စံရာဗွက်အိုင်သာမှ တက္ကသိုလ် လက်ဝဲကျောင်းသား ခေါင်းဆောင်ဟောင်းတဦး....။

ကိုယ်တခြမ်းသေကာ မျက်လုံးများကွယ်နေသည့် စာရေးသပိတ် ခေါင်းဆောင်ဟောင်း တဦးနှင့်.... သူ့သား လူငယ်ကျောင်းသား သမဂ္ဂခေါင်းဆောင်....၊ သူတို့ကို မုံ့ဟင်းခါးရောင်း၍ ရှာကျွေးနေရသော အမေအိုတယောက်....။

ပြီးတော့....ဟီး(လ်)မင်းကားနှင့် ဆရာဝန်ဘွဲ့ရထားသည့် ရှန်းသစ်ဝင်းဖြူသော မိန်းမပျိုချော....၊မိန်းမပျိုချော၏အကို၊ အမနှင့်ကလေးငယ်တဦး....။

နောက်....နွေဝယ်....မြူရိပ်ရိပ်နှင့်လှပသော....မြစ်မင်းရော-၊ လွမ်းဘွယ်သမိုင်းနောက်ခံနှင့် မြသလွန်စေတီတော်....။

ဩော် ....ကျန်ပါသေးသည် ....၊ ဆင်စွယ်နန်းပေါ်မှ ....ကထိက....ကိုသက်ခိုင်....။

ဇာတ်ကောင်တွေစုံ၍....ဇာတ်လမ်းတခုက သူ့ခေါင်းဝယ် ဖွဲ့စည်းပြည့်စုံလာသည်။

ဤဇာတ်လမ်းကို.... ဝေဟင် ထက်မှ လေယဉ် မယ်လေး တဦးမူ....ကြိုက်နိုင် မကြိုက်နိုင်မသိ....။



ကိုသက်ခိုင်၏အတွေးကို မောင်ညိုမှိုင်း၏ အသံ ကြီးက ဖျက်ဆီးလိုက်သည်။

"ဟေ့ ကောင်....သက်ခိုင်၊ ငိုင်မနေနဲ့၊ မင်းကို စတာလင်နဲ့ ...ပေါက်စီတုံးက ပက်မလို့ စောင်နေတယ်...."

အခန်း-၉

နှောင်းအာဝဟိုဆီ

ကိုသက်ခိုင်သည် ညနေစာကိုပါ ထွန်းငွေ၏အိမ်၌ စားပြီး မိုးချုပ်မှ မကွေးကောလိပ် ကျောင်းအုပ်ကြီး အိမ်သို့ ပြန်လာခဲ့သည်။

ည၌ အတန်ငယ် နက်နေပြီ ဖြစ်သောကြောင့် ဦးဘရီကမူ အိပ်ရာဝင်နှင့်နေပြီ။

အောက်ထပ်ထမင်းစားခန်း၌ ဆရာဦးမြသန်းက ကိုသက်ခိုင်ကိုစောင့်နေ၏။

"ဩော်....ဦးမြသန်းစောင့်နေသကိုး၊ ကိုကြီးရီ ကော...."

"ဆရာကြီးက စာမေးပွဲအတွက် တနေ့လုံး ပြင်ဆင်နေရလို့ မောမောနဲ့ အိပ်ရာဝင်သွားဘီ ဆရာ...."

"ဩော်....ဩော်....ကိစ္စမရှိပါဘူး၊ စာမေးပွဲက သဘက်ခါဆိုတော့....ကိုကြီးရီ ဇိုပင်ပန်းဘီပေါ့...."

ကိုသက်ခိုင်ကကုလားထိုင်တလုံးထက်ဝင်ထိုင်ကာ စီးကရက်တလိပ် မီးညှိသောက်ရင်း ပြော၏။

ဦးမြသန်းက ကိုသက်ခိုင်ဆီသို့ လာပြီး....“ဆရာ့ အတွက် စာတစောင် ဆရာ”

ဟုပြောရင်း စာအိတ်တအိတ်ကိုရိုသေစွာပေးလာသည်။

“ဆရာ့အတွက်စာ၊ ဘယ်သူ့ဆီကလဲ....”

“မနက်က ဆရာ- မောင်စောနောင်နဲ့ ထွက် သွားတဲ့ အတွက် မမြင့်ဇဝဟာ တော်တော် အံ့သြသွားပုံ ရတယ်၊ စိတ်လဲ ထိခိုက်သွားပုံရတယ်....”

ကိုသက်ခိုင်က “အင်း” ဟု အင်းရှည်ကြီး တလုံး ညည်းသည်။

“နေ့ခင်းက...မမြင့်ဝေ တခေါက်လာပြီး ဆရာ့ကို ဒီနေ့ ညစာဖြစ်ဖြစ် နက်ဖြန်ညစာဖြစ်ဖြစ် သူတို့အိမ်မှာ ထမင်းလာ စားဘို့ဖိတ်တယ်၊ ဆရာနဲ့မတွေ့တော့ ပြန်သွားပြီး ညနေက တခေါက် ပြန်လာတယ်၊ ဆရာကလဲ....မရောက် သေး တော့ အဲဒီစာကို ပေးသွားဒါပါဘဲ....”

ကိုသက်ခိုင်က စာအိတ်ကို ကြည့်သည်၊ စာအိတ် ပေါ်မှ လက်ရေးကိုမြင်သော် သူ့ရင်က ခုန်လာ၏။

မဟုတ်ပါ၊ မဖြစ်နိုင်ပါ၊ ကိုသက်ခိုင်၏စိတ်က ....ဤသို့ငြင်း နေသည်၊ သို့ရာတွင်သူ့မျက်လုံးများက သူ့ကိုမလှည့်စား။

ကြာတော့....ကြာခဲ့လေပြီ၊ သို့ရာတွင် ဤလက်ရေးများကို သူ ကောင်းကောင်းမှတ်မိနေ၏၊ ဤ လက်ရေးနှင့် စာများကို သူ တရိုတသေ သိမ်းထား လျက် ရှိပြီး သည် ကြောင့်....၊ သူ့ မျက်လုံးများက မလှည့်စားပါ။

ကိုသက်ခိုင်သည် တုန်ယင်သော လက်များနှင့် စာအိတ်ကို ဖွင့်ပြီးစာကိုဘတ်သည်။



မောင်လေးသက်ခိုင်....၊

မနက်က...မောင် ဘာလုပ်သွားတယ် ဆိုဒါကို.... တခြားလူတွေ မသိပေမဲ့....မနွယ် သိတယ်၊ သိလို့လဲ ဝမ်းနည်းမိသလိုလိုရှိပေမဲ့....မောင့်ကို မမနွယ် အပြစ် မတင်ချင်ပါဘူး....၊ မောင် မာနကြီးတယ် ဆိုဒါကို မမနွယ် အသိဆုံးပါ၊ ဒါပေမဲ့.... မောင့် မာနဟာ.... မမနွယ်တယောက် အပေါ်မှာတော့....မထား ထိုက် ဘူးလို့ မမနွယ်ယုံကြည်နေတယ်။....။

အချိန်တွေဟာ ကုန်လွန်ခဲ့ပြီးပါဘီ၊ ဖြစ်ပြီးမှန်သမျှ တွေကိုလဲ....ပျက်ပြီးဘီလို့ ယူဆဘို့....အဘိဓမ္မာ တတ် တဲ့....မောင့်ကို မမနွယ်....မိချောင်းမင်း ရေ ကင်း မပြစ်ပါဘူး။

မေတ္တာကိုယုံရင် အားလုံး မြန် ဆုံတွေ့ ကြရ အောင်။

မမနွယ်မှာ ဒါလောက်ဘဲပြောစရာရှိတယ်မောင်၊ ဒါပေမဲ့ - မောင့်သဘောအတိုင်းပါမောင်၊ မောင်က တသက်လုံး မောင့်သဘောအတိုင်း လုပ်ခဲ့ လေသူ မို့ မမနွယ်- ရှေ့ဆက်ဘာပြောရမှန်း မသိပါဘူးမောင်။

မောင့်....မမနွယ်

ကိုသက်ခိုင်သည် စာကိုဘတ်ပြီး အတန်ကြာစွာ ငိုင်နေ၏၊ သူ မည်မျှ ကြာအောင် ငိုင်နေလေမှန်း သူ့ဘာသာ သူ သိမည် မဟုတ်၊ ဘေးမှရပ်ကြည့်နေရသူ ဦးမြသန်းအတွက်မူ အတန် ကြာနေ၏။

ကိုသက်ခိုင်က ဖြေးညှင်းစွာနှင့်ခေါင်းမော့်လာ၏၊ သူ့မျက်နှာက လှုပ်ရှားမှုမရှိ၊ တည်လွန်း....ငြိမ်လွန်း....သေလွန်း နေသည်သာရှိ၏။

ကိုသက်ခိုင်သည် ဂုဏ်ထူးတန်း ကျောင်းသားကို နှုတ်တိုက်မေးခွန်းမေးသောကထိက၏ တည်ငြိမ်သောအသံနှင့် မေးသည်။

"ဦးမြသန်း....ဆရာ- မနက်စောစော မန္တလေးကို ပြန်ချင်တယ်၊ သဘက်ခါ လေယာဉ်ပျံ ကို မစောင့်ချင် တော့ဘူး၊ ဒီတော့ မနက်မှာဘာနဲ့ အမြန်ဆုံး ပြန်နိုင်မလဲ...."

ဦးမြသန်းမှာ ကြားရသော စကား ကို မယုံမိ၊ ပါးစပ်အဟောင်းသား ဖြစ်သွား ပြီးမှ သတိချပ် လိုက်ကာ ဖြေသည်။

"ရဲတံခွန်ကားတော့ရှိတယ်၊ မန္တလေးအရောက် ပြေးဒါဘဲ၊ နေရာ ကျန်သေးသလားတော့ မသိဘူး၊ နေရာမရရင်လဲ ရေနံချောင်းအထိ ဆွဲတဲ့ကားတွေရှိပါတယ် ဆရာ၊ ရေနံချောင်းကနေ မိတ္ထီလာကိုပို့ပေးတဲ့ တက္ကစီ တွေလဲရှိပါတယ်၊ မိတ္ထီလာရောက် ရင်တော့ မန္တလေးကို ရောက်ပါတယ်...."

"ဒါဖြင့်....မနက် ဆရာ ပြန်မယ်၊ မနက်ဘော့ ဦးမြသန်း လိုက်ပို့ပေါ့၊ စက်ဘီးတော့ ရှိတယ် နော်...."

"ရှိပါတယ်ဆရာ၊ ရုံးစက်ဘီးကို ဒီမှာဘဲ ထားပါတယ်.... ဆရာ...."

"ဒါဖြင့်....အားတော့နာပါရဲ့၊ ဦးမြသန်းကိုဘဲ ဒုက္ခပေးရမှာဘဲ၊ မနက်ကျဆရာ့ကိုလိုက်ပို့ပေးပါ၊ ဒါပါဘဲဦးမြသန်း၊ ဂွဒ်နိုက်...."

"ဂွဒ်နိုက် ဆရာ...."



ကိုသက်ခိုင်က အိမ်ပေါ်ထပ်သို့ တက်သွား၏၊ ကျန်ရစ်သူဦးမြသန်းက ခေါင်းကုတ်စဉ်းစားသည်၊ သူ့ကျေးဇူးရှင်ဆရာကထိကဦးဆန်းထွန်း၏စကားကို နား၌ ပြန်ကြားယောင်လာ၏။

"စာရေးဆရာဆိုဒါက....နဲနဲထူးသကွ၊ ထူးတယ်ဆိုလို့.... တော်တယ်ဆိုလိုဒါမဟုတ်ဘူး၊ လူတိုင်းနဲ့တော့ နဲနဲကွာတယ်၊ လူဆန်းတမျိုးပေါ့ကွာ၊ သိပ်တော့လဲ.... မအံ့သြနဲ့...."

ဦးမြသန်းသည် ခေါင်းခါပြီး ထွက်ခွာသွား၏။

အပေါ်ထပ်၌ သူ့အခန်း၌ ကုတင်ပေါ်ထိုင်ရင်း ကိုသက်ခိုင်သည် စာကိုတခေါက်ပြန်ဘတ်သည်။

"**မောင် မာနကြီးတယ်ဆိုဇါကို....မမန္တယ် အသိဆုံးပါ....**"

ကိုသက်ခိုင်က စာကိုအိတ်တွင်းထည့်ပြီး ခေါင်းကိုခါ၏။

အမှန်က....သူမာနကြီးကောင်း ကြီးလိမ့်မည်၊ သို့ရာတွင် မမန္တယ်အပေါ် သူမာနမကြီးနိုင်ပါ၊ ဒါကိုတော့ သူ့ကိုယ်သူ သူအသိဆုံးပါ....၊သူအသိဆုံးပါ....။

မာနမဟုတ်ပါ....မမန္တယ်....၊ မာနမဟုတ်ပါ....၊ ခံစားမှုတရပ်လို့ တော့ခေါ်မလမမန္တယ်....၊ ခေါ်ပါလေ....။

ကိုသက်ခိုင်သည် ပြတင်းဝနားသွားရပ်ပြီး အပြင်သို့ငေးကြည့်လေသည်။

ရှက်ဝါတွေက သူ့ကိုကြွေပြကြသည်၊ ကြွေသံ၌သရော်သံပါကြသည်။

"ဟော့....သက်ခိုင်....၊ ဒို့တော့ကြွေနေဘီ....၊ အေးလေ.... ကြွေနေကြဘီကွ...."

သူတို့နှင့်အတူ လေရူးကဝေ့ဝင်ရင်း ရယ်သံပြုသည်၊ ရက်ရက်စက်စက်....ခက်ခက်မာမာရယ်သံပြုသည်။

မာန....၊ နွေ၏မာန....၊ နွေသည် ချွေနိုင်သောကြောင့် မာနရှိပေမည်၊ ရှိထိုက်သည်၊ သူက ချွေနိုင်သူကိုး....၊ လေရူးကလည်း ချွေရေး–စေတမန်ကိုး....၊ ရွက်ဝါက ကြွေရဲ–ကြွေနိုင်သူကိုး.... သူတို့ ချွေကြ.... ကြွေကြပါစေ....၊ ကန့်ကွက်ရန် မရှိပါ၊ ကန့်ကွက်ရန်လုံးဝမရှိပါ....။

နှင်းမြူတို့ကသာသိမ်မွေ့တိုးလျှိုးစွာရွေ့ဝင်လာကြသည်၊ နှုတ်ဆက်ဘို့သိမ်မွေ့တိုးလျှိုးစွာ ရွေ့ဝင်လာကြပါသည်လေ။

ငွေလရောင်ကလည်း အသာအယာ ကျဆင်းပေးနေ၏၊ ရွက်ဝါတွေပေါ်မှာလည်း ကျဆင်းပေးပါမည်၊ နှင်းမြူတွေပေါ်မှာလည်း ကျဆင်းပေးပါမည်၊ ကိုယ်ကတော့မြေရမည့်သူကိုး။

ဥဩသည်မူ တေးကိုဆိုနေသည်၊ လာမည့် နွေအတွက်လည်းမဟုတ်၊ သွားမည့် ဆောင်းအတွက်လည်းမဟုတ်....၊ သူကတော့....သူ့အတွက်တေးကို သူဆိုနေပါလေ၏။

လာမည့် နွေအတွက်လည်းမဟုတ်....၊ သွားမည့်ဆောင်းအတွက်လည်းမဟုတ်၊ တေးကိုတော့ဆိုနေလေ၏။

ကိုသက်ခိုင်သည် ပြတင်းဝမှခွာပြီး သေတ္တာကိုဖွင့်လျက် စာအုပ်ကိုယူသည်၊ လေယာဉ်ပျံထက်.... သူဖွင့်ယူဖတ်မိသော မှတ်တမ်းစာအုပ်ပေပင်....။

ကိုသက်ခိုင်သည် ဖောင်တိန်ကိုယူ၍ စာအုပ်၏စာမျက်နှာသစ်၌ရေးသည်။



ပတ်ဝန်းကျင်ဟာ ဂိမှာန် ခါတွင်း ပေမယ့်.... ဆောင်းရိပ်တွေကြွင်းထင်ဆဲပါဘဲမမနွယ်....၊ ငွေနှင်းနဲ့တိမ်ရော်ရီမှာ သိင်္ဂီယော်ရွက်တွေကလဲ ကြွေသက်မဆုံးအောင်ရှိနေတယ်....။

ကျွန်တော့်သဲ့မဟီက ဘာရာသီကိုလဲ နွေကန္တာဦးရယ်လို့ဘဲ တင်စားခေါ်ရလိမ့်မယ် ထင်တယ်....၊ ဆယ်ကျော်နှစ်ကစခဲ့ရတဲ့သမုဒယနှင်းလွှာမှုန်မှုန်ဟာ ကျွန်တော့်ရင်မှာ မလွှမ်းခြုံတတ် လွှမ်းခြုံတတ်နဲ့ လွှမ်းဟုန်မပြတ်ရုံရှိနေသေးတယ်....။

နွယ်ဦးမွန်မို့ ချစ်ထွတ်တင်ခဲ့ရပါတယ် မမနွယ်၊ ကျွန်တော့် နာမည်ဟာ သက်ခိုင်မို့လို့ ပညတ်နဲ့ ဓါတ်ဆက်ပီး.... ကျွန်တော့် ချစ်သက်ဟာ လဲ.... ကမ္ဘာကုန်ကျယ်သရွေ့ခိုင်ဓလေ့နဲ့ ရှိနေရပါတယ် ဆိုရင်....တခါတုံးကလိုဘဲ မျက်ရည်ဝင့်ဝင့် ရင်နင့်နင့်နဲ့ မမနွယ်ကပင့်သက်ကိုသာ ရှိုက်သေဦးမယ်လို့.... ကျွန်တော်ထင်ပါတယ်....။

ဒါပေမဲ့....မမနွယ်တို့က မျက်ရည်တဝင့်.... ပင့်သက်တရှိုက်နဲ့ ခွင့်လွှတ်လိုက်ပါ.... မေ့ပစ်လိုက်ပါလို့ ပြောနိုင်စွမ်းတဲ့....မိခင်ဂုဏ်ဇင် မေတ္တာရှင် မိန်းမသားတွေကိုး....၊ ကျွန်တော်ကတော့.... ငမိုက်သားယောကျာ်းတယောက်ပါ....၊ ခွင့်လွှတ်ခြင်း တရားကိုတော့ ပညာကဆုံးမလို့ လက်ခံကျင့်သုံးနိုင်ပါတယ်၊ အင်း....ကျင့်သုံးနိုင်ပြီလို့ ထင်မိပါတယ်လေ....။

မေ့ဘိုကတော့.... မမနွယ်.... မလှယ်ပေဘူး....၊ အကြောင်းကတော့....ယောကျ်ားဆိုဒါဟာ.... မျက်ရည်ကျခွင့်မရှိလို့ပါဘဲမမနွယ်၊ မျက်ရည်ကျခွင့်မရှိတော့....ရင်ကိုလဲမဖွင့်သာဘူး၊ ရင်ကိုမဖွင့်သာဒါက လဲ နှလုံးသားက ခံစားမှုဟာ.... မေ့လျော့ခြင်းနယ်ပယ်ဆီ....ကူးဘို့ မျက်ရည်တံတားမရှိလို့ပါဘဲ....၊ ဒီတော့ ကျွန်တော်တို့က....ဘုရားဆုပန်မင်းယောကျ်ားလို့ ကြွေးကျော်ပီး....ခတ်တည်တည်နဲ့ ရင်ကော့နေပြကြရတယ်၊ ကော့နေတဲ့ရင်ထဲမှာ.... ဘာတွေရှိနေတယ်ဆိုဒါကိုတော့....ကျွန်တော်တို့ ယောကျ်ားတွေသာအသိဆုံးပါ၊ မျက်ရည်မကျရဲ....မငိုရဲတဲ့....ကမ္ဘာမြေပြင်က ဟန်ဆောင်သူ....သူရဲကောင်း ကျွန်တော်တို့ယောကျ်ားတွေသာ အသိဆုံးပါ....။

ဟန်ဆောင်သူ.... သူရဲကောင်း တွေ အဖြစ်နဲ့ ကျွန်တော်တို့ကဆက်နေရအုံးမယ်....၊အဲဒီလိုဆက်နေရဲဘို့အတွက်....မိန်းမတွေကို ဆက်လက်ရှုံ့ချနေကြရအုံးမယ်၊ သစ္စာမဲ့သူတွေလို့....ဆက်လက်ရှုံ့ချနေကြရအုံးမယ်၊ နောက်ဆုံး....လဲလျောင်းနိုင်ရာ.... မှီခိုနိုင်ရာ....အားကိုးနိုင်ရာ....မေတ္တာရှင် မိန်းမသားတဦးရဲ့ရင်ခွင်ကို မတွေ့မခြင်း ကျွန်တော်တို့က ဘဝရဲ့အမှန်တရားတွေကို ပညာသားပါပါနဲ့ ရှောင်တိမ်းနေကြရအုံးမယ်။

မမနွယ်ကိုလဲ.... ကျွန်တော် ရှောင်တိမ်းလေရအုံးမှာဘဲ....မောင့်မမနွယ်ရေ....။



ကိုသက်ခိုင်သည် စာရေးခြင်းကို ရပ်လိုက်သည်၊ ထိုနောက် စာအုပ်ကိုပိတ်၍ သိမ်းဆည်းလိုက်သည်။

နောက်ဆုံး....မီးကိုမှိတ်၍ အိပ်ရာဝင်သည်။

ပြတင်းက ငွေလရောင်ကမူ ထိုးဝင် ကျရောက် လာနေ၏၊ ညသြောင့်ကျက်သံကလည်း တလှင်လှင်ဝင်လာနေ၏။

တလှင်လှင်....ပွဲတင်ထပ် ဝင်လာနေ၏။

\+ + +

နံနက်စောစော၌ ကားဆိပ်ကို ဦးမြသန်း လိုက်ပို့သဖြင့် ကိုသက်ခိုင်ရောက်လာသည်။

ကံအားလျော်စွာ ရဲတံခွန် ကားကြီးပေါ်၌ တနေရာစာ ရသည်။

ကားကြီး၏ ဒီဇယ် အင်ဂျင် ဖုက်သံသည် တဂျုတ်ဂျုတ် တတုန်တုန်မြည်ဟီးနေ၏။

ကားထွက်ကာနီးတွင် ကိုသက်ခိုင်က ဦးမြသန်းကို ပြောပြသည်။

"ဆရာအခုလို ရုတ်တရက် ပြန်သွားဒါကို ဦးမြသန်းတော့ အံ့သြမှာဘဲ...."

အမှန်ပင် ဦးမြသန်းက အံ့သြသည်၊ သို့ရာတွင် ဘာမျှ ပြန်မပြောဘဲ ငြိမ်နေ၏၊ ဦးမြသန်း၏စိတ်ကိုရိပ်မိဟန်နှင့်ကိုသက်ခိုင်က ရှင်းပြသယောင်ဆိုသည်၊ စင်စစ်ကား ရှင်းပြ ခြင်းထက် ပဟေဠိတရပ်ကို ထပ်ဖွက်သွားသကဲ့သို့ဖြစ်နေ၏။

"ဘောကျော်နဲ့ ဘောဘသော ဇာတ်လမ်းက နောင်ဘဝမှာ ဘုရင့်သမီးတော် ဖြစ်သွားတဲ့နှမကို သွား သတိရမိတယ်....ဦးမြသန်း၊ ခမျာဟာ မင်းသမီး စည်းစိမ်မှာ ပျော် နေလေမှ....

အခွဲ-၂

# တွေ့ဆုံကြုံမြဲ- သူနဲ့ကိုယ်တူ

## အခန်း - ၁၀

## မေတ္တာစုံ-ငုံလေစ

ကုန်းထူ၊ နေပူ၍....ဖုံပေါသည်ဟု နာမည်ပျက်သော ရေနံချောင်းမြို့သည် ဆောင်း၏နေရာသီ နတ်တော်လရက်အတွင်း တည်နေခင်းဖြစ်သောကြောင့် နေကား အလွန် မပူပြင်းလှ၊ ကုန်းကမူတောင်မို့မို့တို့ထက် ဖုံနှင့်ရောသော နှင်းမြူပြာဝေဝေတို့က ပါးပါးမှုန်မှုန် သိုင်းရစ်ခြုံနေသည်။

ပြေပြစ် ချောမွတ်သော ဝါဒ်ဆွန်ဝေး လမ်းတလျှောက် တောင်မှမြောက်သို့ အော်စတင်အမျိုးအစား ကားနက်ကလေး တစီးသည် ဖြေးဖြေးမှန်မှန် မောင်းနှင်၍လာ၏။

ကားလေးသည် ဝင်ဆာဝေးလမ်းနှင့် ဘေးမဲ့ ချောင်းဆုံရာ ထောင့်၌ ရပ်လိုက်သောအခါ စိမ်းပြာနုရောင်ဂါ၀န်ဝတ်ထားသည့် အသားဝါဝါ မျက်လုံးကြည်ကြည် မျက်တောင်ကော့ကော့နှင့် အသက် ကိုးနှစ်-ဆယ်နှစ်ခန့် အရွယ် သူငယ်မလေး တဦးသည် ကားပေါ်မှ ဆင်း၍လာသည်။

သူငယ်မလေးသည် သူ့လက်ညှိုး လုလုလေးကို ထောင်ပြလျက် ဒရိုင်ဘာအား ပြုံး-တည်တည် မျက်နှာထားနှင့် သတိပေး၏။

"ဒါဘဲနော်....ဦးလေးကိုချစ်တိုး၊ နွယ်-ဒီကိုလာဒါ ဖေဖေနဲ့ မေမေကိုရော....အန်တီ့ကိုရော မပြောရဘူးနော်၊ ဖွားဖွားက လွှတ်လို့လာဒါ၊ဦးလေးကိုချစ်တိုးသူတို့ကိုပြန်ပြောရင် နွယ်က လဲဖွားဖွားကို ပြန်တိုင်မှာဘဲ....သိလား...."

စိတ်ရှည်သဘောကောင်းဟန်တူသော ဒရိုင်ဘာ ကိုချစ်တိုးက ခွင့်လွှတ်ကြင်နာစွာပြုံးရင်း ချီသာစွာဖြေ၏။

"အေးပါနွယ်ရာ....၊ နင်ပြန်လာတိုင်း ဒီလာဒါ ငါပြန်တိုင်ဘူးလို့လား....၊ နင်-ပဲလုံးကြော်တွေ အများကြီး စားဒါကော တိုင်ဘူးလို့လား၊ ပီးတော့ကားကို ပင်းချောင်းမှာမဟုတ်ဘူး ချောင်းနိမ့်မှာ ရေဆေးပါတယ်လို့ ငါအမြဲ လိမ်ပေးပါတယ် မဟုတ်လား...."

နွယ်သည်ပါးချိုင့်ကလေးခွက်ဝင်သွားအောင် ပြုံးလိုက်ပြီး စကားပြန်၏။

"ဟုတ်ပါတယ်လေ....၊ နွယ်သိသားဘဲ....၊ ဒါပေမဲ့နွယ်က ကြောက်လို့ပြောဒါပါ"

"အေးပါ....မကြောက်ပါနဲ့၊ သွားမှာသာ သွားစမ်းပါ၊ မကြာနေနဲ့နော်....၊ ပင်းချောင်းအထိ သွားအုံးမယ် မဟုတ်လား၊အပြန်မိုးချုပ်နေအုံးမယ်"

နွယ်သည် လမ်းတဘက် ကူးပြေးမည်လုပ်ပြီးမှ "ဩော်....မေ့လိုက်ထာ ဦးလေးကိုချစ်တိုး၊နွယ့်လွယ်အိတ်ပေးအုံး" ဟု ဆိုသည်။



ကိုချစ်တိုးက ရှေ့ခန်းထိုင်ခုံပေါ်၌ ကျန်ရစ်သော နွယ်၏ လွယ်အိတ်ကလေးကိုလှမ်းပေးသည်။

နွယ်သည် လွယ်အိတ်လေးကို လွယ်လိုက်သည်၊ ထိုနောက် လွယ်အိတ်တွင်းရှိ တစုံတခုကိုနှိုက်၍စမ်းကြည့်သည်၊ကျေနပ်မှ တခါ...သူ့ဂါဝန် အင်္ကျီအိတ်ကလေးကို စမ်းကြည့်ပြန်သည်၊ သူ့ဂါဝန်အင်္ကျီအိတ်ကလေးက ဖောင်းဖောင်းလေးဖြစ်နေ၏။

နွယ်က သူ့ အမေရိကန် ဆံထောက်မှ ဆံပင်လေးများ လှုပ်ရမ်းသွားအောင် ခေါင်းကလေးကို ဘယ်ငဲ့ညာငဲ့ ပြု၍ ကားအသွားအလာကို ကြည့်ပြီး လမ်းကိုဖြတ်ကူးလိုက်၏။

ဘေးမဲ့ချောင်းဘေး တမာပင်ကြီး တပင်အောက်၌ ဝါးလေးတိုင်ထူပြီး သက်ငယ် မိုးလျက် အကာမရှိသော တဲတခု အောက်တွင် အသက်သုံးဆယ်ခန့်မိန်းမရွယ်တဦးသည် တပွက်ပွက်ဆူနေသော အကြော်ဒယ်အိုးတွင်းသို့ မုန့်စိမ်းသစ်များ ထည့်ကာ ယောက်မနှင့်အသာမွှေလျက်ရှိ၏။

နွယ်ကရှုံ့ဘိနပ်သံလေး တဂေါက်ဂေါက်ပြုရင်းအကြော် ဖိုအနီးကပ်သွားပြီးလှမ်းခေါ်သည်။

"ဒေါ်လေး သက်သက်...."

မိန်းမရွယ်ကလှည့်ကြည့်ပြီးအံ့ဩသွားမ်းသာဟန် လှမ်းနှုတ်ဆက်၏။

"ဟော.... နွယ်ပါလား....၊ ဘယ်တုံးက ပြန်ရောက်လဲ....၊ ကျောင်းမပိတ်သေးဘူး မဟုတ်လား...."

"မပိတ်သေးဘူးဒေါ်လေး....၊ ဖွားဖွားက ဖိုးဖိုးဆုံးတဲ့နေ့ သုံးနှစ်မြောက်တဲ့....၊ အဲဒါ အလှူလုပ်မလို့တဲ့....၊ နွယ်....ခွင့်

ငါးရက်ယူပြီးပြန်လာရဒါ.... ဒါပေမဲ့ စနေနဲ့ တနင်္ဂနွေခံနေတော့ ကျောင်းသုံးရက်ထဲပျက်မှာပါ....”

နွယ်သည် စကားအဆုံး၌ သူ့ဒေါ်လေးအနီးတွင် ဆောင့်ကြောင့်လေး ဝင်ထိုင်လိုက်၏၊ လွယ်အိတ် ကိုမူ ပြာထူသော မြေနှင့်မထိအောင် သူ့ရင်ခွင်၌ ပိုက်ထားလိုက်၏။

နွယ့်ဒေါ်လေးသက်သက်က သူခုထိုင်ထားသောဖင်ထိုင်ခုံကို သူ့တင်အောက်မှဆွဲနှုတ်ယူပြီး နွယ့်ထံလှမ်းပေးသည်။

“သမီး....ဒီပေါ်မှာထိုင်၊ သမီးဂါဝန်ပေကုန်အုံးမယ်”

နွယ်သည် ဖင်ထိုင်ခုံကို လှမ်းယူပြီး ထိုင်လိုက်၍....အနီးရှိ စကာပေါ်မှ အကြော်မုန့်တခုကို နှိုက်ယူစားသည်။

“ဒေါ်လေး....သက်သက်....”

“ဘာလဲ....နွယ်....”

“ဒေါ်သေးသက်သက်က....အရင်တုန်းကလိုမလှတော့ဘူး”

ဒေါ်လေးသက်သက်က မဖြေ၊ ပြုံးရုံ ပြုံးပြီး လင်ပန်းတွင်းမှ မုန့်ဖတ်များကိုနယ်နေ၏။

နွယ်ကသာ အကြော်မုန့်ကိုဝါးရင်း ဒေါ်လေးသက်သက်ကို စိုက်ကြည့်နေမိ၏။

ဒေါ်လေးသက်သက်၏ ဆံပင် တို့မှာ ဆီမရှိ၍ နီကျံကျံ ဖြစ်နေသည်၊ ဤနီကျံကျံ ဆံပင်တို့ထက် ပြာတွေကဖွေးဖွေး ဖြူအောင်တင်နေသည်၊ ယခင်က.... ဒေါ်လေးသက်သက်၏ မျက်တောင်ကြီးများမှာရှည်၍ ကော့သည်ကို နွယ်မှတ်မိသည်၊ ယခု ဒေါ်လေး၏မျက်တောင်တို့ကား ကော့တော့ကော့သေးသည်၊ မရှည်တော့....ဒေါ်လေး၏ မျက်နှာနှင့် လည်ပင်းတို့တွင် ချေးကွက်ကြားထင်နေ၏၊ ချေးလွှတ်သော နေရာတို့က....မှိန်



ဖြော့ဖြော့ဝါနေသေးသည်၊ ဒေါ်လေး၏ လက်များ၌ အမွေးအမင်မရှိတော့....၊ အသားက ဝင်းဝါဆဲ ဖြစ်သောကြောင့်.... ထိုးထောင်ပေါ်လွင်နေသော အကြောစိမ်းကြီးများကို မြင်နေရ၏၊ ဤအကြောစိမ်းများထိုးထောင်ဖြာထွက်နေသောလက်ခုံပေါ်တွင် မုန့်ညက်ရည်ဖြူဖြူတို့က ပေကျံနေ၏။

ဒေါ်လေး ဝတ်ထားသော ရှံသား အင်္ကျီ မှာ မူ အိမ် က အစေခံ လုခင်တို့ဝတ်ထားလျှင် ဆီချေးတက်ညစ်ပတ်သည်ဟု မေမေက ဆူပူပြီးချွတ်ခိုင်းမည့် အင်္ကျီ ဘဝ ရောက် နေ သည်၊ ဒေါ်လေး၏ သရက်ထည်ထဘီမှာ အ ကွက် ပေါ် သေး သော်လည်း ညစ်နွမ်းနေ၏။

နွယ်သည် သက်ပြင်းလေးရှိုက်လိုက်ပြီး သူ့ဒေါ်လေးကို ခေါ်သည်။

“ဒေါ်လေး....သက်သက်....”

ဒေါ်လေးသက်သက်က ကျက်နေပြီဖြစ်သော အကြော်များကို စကာဖောက် ယောက်မနှင့်ဆည်ရင်း လှည့်မကြည့်ဘဲ စကားပြန်၏။

“အင်....ဘာလဲ....နွယ်”

“ဒီမှာ....၊ လှည့်ကြည့်စမ်းပါ ဒေါ်လေးရဲ့”

ဒေါ်လေးသက်သက်က လှည့်ကြည့်သည်။

နွယ်က.... လွယ်အိတ်တွင်းမှ ငွေစက္ကူ တထုပ်ကို ယူပြ၏၊ ငွေစက္ကူထုပ်ထက်တွင် သရဖူဆောင်းထားသော ဗြိတိသျှအင်ပါယာသခင် ဆဋ္ဌမမြောက် ဂျော့ဘုရင်မင်းမြတ်၏ ပုံတော်က မပြုံးမရယ် ရာဇအိန္ဒြေအပြည့်နှင့်ရှိတော်မူနေ၏။

"အားလုံးပေါင်း....တထောင် တဲ့....၊ တထောင် ဆိုဒါ.... တရာ....တရာ....တဆယ်တဲ့....သိလား....သက်သက်၊ ဖွားဖွားက သက်သက့်ဖို့....နွယ့်ကို ပေးခိုင်းလိုက်တာ"

ဒေါ်လေးသက်သက်၏မျက်နှာသည် ညှို့သွား၏၊ လေသံမှာလည်း မသိမသာမာပြီး ပြောသည်။

"မိလေးနွယ်....၊ နင်....ဒါတွေ ဒေါ်လေးဆီ ယူလာပြန်ပလား...."

မိလေးနွယ်ခေါ်.... မလေးနွယ်ခေါ် နွယ်က ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ၊သူ့ဒေါ်လေး သက်သက်ကိုသာ မျက်လုံးဝန်းဝန်းလေးများနှင့် သနားဖွယ်ပြန်ကြည့်နေ၏။

ဒေါ်လေးသက်သက်ကသာ သတိဝင်သွားဟန်နှင့် လေသံပြော့ပြီးဆိုသည်။

"နွယ်လာတိုင်း....ဖွားဖွားဆီက ငွေတွေယူ....ယူလာတယ်၊ ယူလာတိုင်းလဲ ဒေါ်လေး....ဘယ်ဘုန်းက လက်ခံဘူးလို့လဲ"

မလေးနွယ်ကလည်း ထိုအခါကျမှ သူ့အသံချိုချိုလေးနှင့် ပျော့ပျော့ပြောသည်။

"အင်းလေ.... ဒါကိုနွယ်သိသားပေါ့၊ ဖွားဖွားက ယူသွားဆိုတော့လဲ.... နွယ်ယူလာရဒါဘဲ၊ ဒေါ်လေးက ပြန် ယူ သွားဆိုတော့လဲ နွယ်ပြန်ယူသွားရဒါဘဲ၊ ဖွားဖွား နဲ့ ဒေါ်လေးကြားမှာ နွယ်ကဘာလုပ်ရတော့မလဲ...."

မလေးနွယ်က အရွယ်နှင့်မလိုက်အောင် လူကြီးဆန်ဆန်လေး ညည်းလိုက်သောကြောင့် ဒေါ်လေးသက်သက်မှာ ရင်ထုမနာ ဖြစ်သွားပြီး ရုတ်တရက် စကားမပြန်နိုင်၊ နွယ်ကသာ



ပျော့ပျောင်းသွားသော သူ့ဒေါ်လေး၏ မျက်နှာကို မြင်ရသဖြင့် ထပ်မံတိုက်တွန်းသည်။

"ဒေါ်လေး သက်သက်"

"ဘာလဲကွယ်....နွယ်ရယ်"

"ဦးလေးစိုးခိုင်တို့ သပိတ်မှောက်ထားဒါ ကြာဘီမဟုတ်လား...."

"အင်းလေ.... နွယ်သိသားဘဲ....၊ မနှစ်ပြသိုလ ကတဲကဘဲဟာ...."

"ဒါဖြင့်....ဒေါ်လေးတို့ လခမရဒါကြာဘီပေါ့"

ဒေါ်လေး သက်သက်သည် မဖြေဘဲ အကြော်အိုးကိုသာ မွှေနေ၏။

"ဟုတ်ပါတယ် မရပါဘူး၊ ဒေါ်လေး အကြော်ရောင်းရဒါနဲ့စားနေကြရဒါမဟုတ်လား၊ မောင်လေးသက်ခိုင်တောင် ကျောင်းထွက်လိုက်ရဘီဆို...."

"နွယ်ဒါတွေ ဘယ်ကသိသလဲ"

"သိဒါပေါ့....၊ ဦးလေးကိုချစ်တိုးကပြောပြတယ်၊ဖွားဖွားကလဲသိသွားလို့ ဒီပိုက်ဆံတွေပေးခိုင်းလိုက်ထာ၊ ဒီတခါတော့ ယူနော်....နော်....ဒေါ်လေး...."

မယူပါရစေနဲ့နွယ်ရယ်....၊ သူတို့က.... ဒေါ်လေးတို့ကို သေခန်းဖြတ်ထားခဲ့တဲ့လူတွေမဟုတ်လား၊ သေခန်းဖြတ်ထားပီးမှငွေတော့....မကူကြပါနဲ့....၊ ဒေါ်လေးကိုချစ်ရင် နွယ်လဲ ပိုက်ဆံတွေဇွတ်လာလာမပေးနဲ့.... အဲဒီလိုလာ လာပေးနေရင် နွယ် နောက်....ဒေါ်လေးဆိုင်မလာရတော့ဘူး"

နွယ်သည် ခေါင်းလေးစိုက်ကျသွား၏၊ ခါတိုင်းလိုပင် သူ့ဒေါ်လေးသက်သက်ကို သူအရှုံးပေးလိုက်ရပြီဆိုခြင်းကို သူနားလည်လိုက်၏။

ဒေါ်လေးသက်သက်သည် နွယ်မှိုင်မှိုင်လေးဖြစ်သွားသည်ကိုမြင်သောကြောင့် သူကိုယ်တိုင်လည်း ဇွတ်ပြုံးလိုက်ရပြီး....
"ရော့....နွယ်....ဒီပွဲလုံးကြော်က ကျွတ်တယ် စားအုံး....ပူတော့ပူမနေဘ်...."ဟုဆို၍ ပဲလုံးကြော်တချပ်ကိုပေးသည်။

နွယ်သည် ပဲလုံးကြော်ချပ်ကို မယူချင်ယူချင် လှမ်းယူပြီး ခေတ္တငိုင်ငိုင်လေးငြိမ်နေ၏၊ ထိုနောက်မှ ကောက်ခါငင်ကာ မေး၏။

"ဒေါ်လေး သက်သက် သေခန်းဖြတ်တယ်ဆိုဒါ.... ဘာကို ပြောဒါလဲ...."

"သေခန်းဖြတ်တယ် ဆိုဒါက.... တယောက်နဲ့တယောက် မတွေ့ကြတော့ဘူး၊ သေတောင်မလာကြတော့ဘူး....၊ အဲဒါကို ပြောဒါ...."

နွယ်သည် နားမလည်နိုင်သယောင် သူ့ဒေါ်လေးကိုမော့ကြည့်၏၊ နွယ်နားမလည်မှန်းကို ဒေါ်လေးသက်သက်က သိသည်၊ ထို့ကြောင့် ဆက်ပြောသည်။

"အခု....ဖေဖေဆုံးတဲ့ သုံးနှစ်မြောက်အလှူမှာ ဘယ်သူတွေလာကြသလဲနွယ်....၊ ကိုကိုကြီးရောက်ပီလား...."

"ဖေဖေမရောက်သေးဘူး၊ မေမေတော့ ရောက်နေပါဘိ"

"ကိုကိုလေးတို့ကော...."

"ဦးလေးလေးတို့တော့ရောပီ၊သူ့မိန်းမလဲပါတယ်၊ဒါထက် ဒေါ်လေး....ဦးလေးလေးမိန်းမကို နွယ်.... သိပ်မုန်းဒါဘဲ...."



"ဘာဖြစ်လို့မုန်းရဒါလဲနွယ်...."

"အို....မုန်းဒါပေါ့....မျက်ခုံးမွေးတွေကိုနှုတ်ပြီး ဆေးနဲ့သေးသေးလေးဆိုးထားတယ်၊ အငြိမ့်မင်းသမီးလဲ မဟုတ်ဘဲနဲ့ ပါးစပ်မှာလဲ ဆေးအနီတွေလိမ်းထားသေးတယ်"

"ထားပါတော့လေ....၊ကိုကိုကြီးလဲလာမယ်၊ ကိုကိုလေးတို့လဲရောက်ပြီ၊ဒါပေမဲ့ ဒေါ်လေးတို့ကိုတော့ သူတို့မဖိတ်ကြဘူးကွဲ့....၊ ဖိတ်ရင်လဲ....ဒေါ်လေးတို့ကမလာဘူး....လာရင်လဲ သူတို့ကလက်ခံမှာမဟုတ်ဘူး၊ အဲဒါကို သေခန်းဖြတ်တယ်လို့ခေါ်တယ်"

"ဒါပေမဲ့....ဖွားဖွားကတော့ လက်ခံမှာပါ"

"ဒေါ်လေးတို့ကို သေခန်းဖြတ်လိုက်သူတွေက ဖေဖေရယ်၊ ကိုကိုကြီးရယ်၊ ကိုကိုလေးရယ်၊မမရယ်၊ မေမေတော့ မပါပါဘူး၊ ဒါပေမဲ့....နွယ်ကငယ်လို့ မှတ်မိချင်မှမှတ်မိမယ်၊ ဖေဖေသေတုန်းက ဒေါ်လေးတို့သွားကြတော့ သူတို့ကဝိုင်းမောင်းထုတ်တယ်လေ....၊ ဖေဖေ့အလောင်းကို ကန်တော့ရုံသာကန်တော့ခဲ့ရပြီး ဒေါ်လေးတို့ပြန်ခဲ့ရတယ်၊ အဲဒီတုံးထဲက မေမေဘာမှမတတ်နိုင်ဘူး....၊အခု-မေမေက အောက်ပိုင်းချိပြီး အိပ်ရာထဲလဲနေဘိမဟုတ်လား၊ သာပြီးတော့ မတတ်နိုင်တော့ဒါပေါ့နွယ်ရယ်...."

စကားအဆုံး၌ ဒေါ်လေးက ကျက်နေသော မုန့်ကြော်များကို စကာနှင့်ဆည်ယူသည်၊ နောက်တကြိမ်မဆည်မီ အကျႌလက်မောင်းစနှင့် မျက်လုံးမှမျက်ရည်များကိုတို့သုတ်လိုက်၏။

သူ့ဒေါ်လေးမျက်ရည်ကျသည်ကို မြင်သဖြင့် ဘာမှသိသာမသိဘဲ နွယ်သလည်းမျက်ရည်ဝိုင်းမိ၏။

ထိုစဉ်....သီချင်းသံလေးတခုက ပေါ်လာသည်၊ သီချင်းသံရှင်မှာ လူငယ်လေးတဦးဖြစ်၏၊ လူငယ်လေးသည် တောင်းကလေးတခု၏နှုတ်ခမ်းကို လက်နှစ်ဘက်နှင့်လက်ပြန်ဆုပ်ကိုင်ကာ ပုခုန်းထက်ထမ်းရင်း ဆိုင်ဆီသို့ရှေ့ရှုလာနေ၏၊ သူသည်ခေါင်းကိုမြေဆီငိုက်ရင်း သီချင်းတပုဒ်ကို စိတ်ပါလက်ပါသီဆိုလျက်ရှောက်လာနေ၏၊ သူ့သီချင်းလေးမှာ ထိုစဉ်ကနာမည်တက်စ ရွှေမန်းတင်မောင်၏ သီချင်းဖြစ်သည်။

**"ဘုံခုနစ်ဆင့်က.... တံခါးဖွင့်လို့.... ကြည့်ပြန်သနော်.... ထိုမိန်းမကို....ဤမိန်းမကို....ဘုရင်မြင်ပြန်သော်....၊ သူ့လင်ကိုခေါ်....ကုမုဒ္ဒရာကြာကို ရှာစေအမိန့်တော်....၊ ရွှေမန်းတင်မောင်.... ကျဉ်ရှောင်ပါရဲ့နော်.... နော်.... နော်.... နော်....၊ ဒု–သ–န–သော....ဘရာကျော်...."**

သီချင်းမူရင်း၌....ဒု-သ-န-သော....တကျော်ကျော်.... ဟူ၍သာပါရှိသည်၊ သူငယ်ကလေးကမူ.... ဘရာကျော်ဟု ပြောင်းလဲဖြည့်စွက်ဆိုလိုက်ပြီး ဝမ်းသာအားရဆက်အော်သည်။

"မေမေရေ....ဘရာကြော်တွေ ကုန်ခဲ့တယ်၊ ပဲလုံးကြော်လဲကုန်တယ်....၊ အကုန်လုံးကုန်တယ်၊ လဘက်ရည်ဆိုင်တွေက ယူလိုက်တယ်၊ မနက်မုန့်ဟင်းခါးဟင်းချက်ဘို့ ငှက်ပျောပင်လဲရခဲ့တယ်....၊ **ဘုံ....ခုနစ်ဆင့်က.... တံခါးဖွင့်လို့....ကြည့်ပြန်သနော်**....ထိုမိန်းမကို....ဤမိန်းမကို...."

သူငယ်လေး၏ သီချင်းသံသည် ရပ်သွား၏၊ အကြောင်းမှာ အကြော်ဆိုင်တဲတွင်းမှ.... ထွက်လာဆီးကြိုသော နွယ်တို့ကိုမြင်လိုက်ရသောကြောင့်တည်း....။



မလေးနွယ်ကလည်း စူးရှသော အသံကလေးနှင့် ဝမ်းသာအားရ အော်သည်။

"မောင်လေးရေ....သက်ခိုင်ရေ...."

သူငယ်ကလေးသက်ခိုင်သည် နေရာ၌ တုန့်ကနဲ ရပ်သွား၏၊ သူ့မျက်နှာလေးကမူ ပြုံးရွှင်သွားပြီးပြန်နှုတ်ဆက်၏။

"ဟာ....မမနွယ်၊ နင်ဘယ်တုံးက ရောက်သလဲ ဟ...."

ခေါ်တော့....မမနွယ်၊ ပြောတော့....နင်၊ သို့ရာတွင်မလေးနွယ်က ဂရုမစိုက်ဘဲ သူ့ထံ ပြေးလာသည်။

"ပေးစမ်း....သက်ခိုင်....ဒီတောင်းကို မမနွယ်ကို ပေး...."

"နေစမ်းပါ....မမနွယ်ရာ၊ ဒီတောင်းကို နင်တယောက်ထဲမနိုင်ပါဘူး၊ မောင့်ဘာသာ မောင်သယ်ခဲ့မယ်...."

မလေးနွယ်က သူ့မောင်နှင့် ဆက်မငြင်းတော့ဘဲ နောက်မှလိုက်ပါလာခဲ့၏။

သက်ခိုင်က သူ့အမေ အနီးတွင် တောင်းကို ချလိုက်၏၊ တောင်းတွင်း၌ နှစ်ပိုင်း ဖြတ် ထားသော ငှက်ပျောပင် တပင်၊ တပြည်ခန့်မျှရှိသောဆန်များ၊ ဆန်ပေါ်၌ ကြက်သွန်နီဆယ်လုံးခန့်၊ အာလူးလည်းဆယ်လုံးခန့်ပင်၊ ဆန်တွင်းတဝက်မြုပ်ဝင်နေသော ငံပြာရည်တပုလင်း၊ ငါးရံ့ခြောက်တပြား၊ သတင်းစာစက္ကူဖောင်း နှင့် ထုပ်ထားသော မန်ကျည်းသီး တဆယ်သားခန့်၊ ဆေး ပေါ့လိပ် ငါး လိပ်၊ ငရုပ် သီး ခြောက် တထုပ်၊ ပဲမှုန့်တထုပ်၊ အရောင်တင် ငရုပ်မှုန့် တထုပ်၊ နနွင်းမှုန့် တထုပ်၊ ဂျင်းသုံးတက်၊ နံနံပင်တစည်း၊ စသည်ဖြင့် တော်တော် လေးစုံလင်အောင် ပါနေသည်။

ဤပစ္စည်းများကို သက်ခိုင်က သူ့ အမေအား ပါးစပ်မှ အသံထွက် ရေရွတ်ရင်းအပ်နေသည်ကို မလေးနှယ်က တအံ့ တသြ စိုက်ကြည့်နေသည်။

နောက်ဆုံး၌မူ သက်ခိုင်က သူ့အင်္ကျီ အိတ်တွင်းမှ အထုပ်ကလေးတထုပ်ကို ထုတ်ယူ ပြသည်။

"မေမေ....ကျွန်တော် ပူရှိန်းသကြားလုံး နှစ်ပြားဘိုး ဝယ်ခဲ့တယ်...."

သူ့လက်ဝါးပေါ်တွင် ပူရှိန်းသကြားလုံးလေး- လေးလုံးရှိ၏၊ အရင်းပြား၍ ထိပ်ချွန် နေကြသည်၊ အဖြူ ခံတွင် အနက်စင်းကျားထား၏။

"အေးပါသားရယ်....သားစားပါ...."

သက်ခိုင်သည် ပူရှိန်းသကြားလုံး နှစ်လုံးကို ပါးစပ်တွင်းပစ်သွင်းလိုက်၏၊ ကျန်နှစ်လုံးကို မလေးနှယ်အား ပေးသည်။

မလေးနှယ်က လှမ်းမယူသေးဘဲ တွန့်ဆုတ် နေသော အခါ သူက မျက်မှောင်ကြုတ်ပြီး မလေးနှယ်အား ကြည့်သည်။

မလေးနှယ်သည်ပြုံးလိုက်၍ ပူရှိန်း သကြားလုံး နှစ်လုံးကို ယူလိုက်ကာ သူ့နည်းအတူ ပါးစပ်တွင်း ပစ်သွင်း လိုက်၏။

သက်ခိုင်က သူ့အမေဘက်သို့ လှည့်ပြီးပြောသည်။

"မေမေရေ...တန်းလျား လဘက်ရည် ဆိုင်မှာ သခင်စံတင်နဲ့ သခင်မဒေါ်အောင်တို့ကို ကျွန်တော်တွေ့ခဲ့တယ်၊ သူတို့က ပြောတယ်၊ ဖေဖေ....ချောက်ကို သွားဘီတဲ့၊ နက်ဖန် သဘက်ဆိုရင်....သပိတ်မှောက်တပ်ကြီးချီလာတော့မတဲ့၊ အဲဒီ တပ်ကြီးက ရန်ကုန်အရောက်ချီပြီး....ဘုရင်ခံကို သွားဝိုင်းမလို့တဲ့...."



"သား တကယ် ပြောဒါလား...."

"တကယ်ပေါ့မေမေရာ၊ သခင်မ ဒေါ်အောင် က တောင် မှာလိုက်သေးတယ်၊ မင်းအမေ သက်သက်ကို ပြောလိုက်တဲ့....၊ သပိတ်တပ်ကြီး ချီလာရင် ကျွေးဘို့ မွေးဘို့ပြင်ထားတဲ့၊ သူလဲ လာအုံးမယ်တဲ့...."

သက်ခိုင်သည် သူ့မိခင်ကို သူပြောစရာရှိသည်များကို ပြောပြီးနောက် မလေးနှယ်ဘက် လှည့် ပြုံးပြသည်၊ ထိုအခါကျမှ မလေးနှယ်ကလည်း ခေါ်သည်။

"လာဟော့- မောင်လေး....ဒို....ပင်း ချောင်း သွား ဒန်း စီးရအောင်...."

"ဟာ....ဒီအချိန်ကြီးကျမှ အပြန် မိုးချုပ် နေမှာ ပေါ့...."

"မချုပ်ပါဘူး၊ ဟိုမှာ ကား ပါလာခဲ့တယ်၊ ကားနဲ့ ဆို ခဏလေးပါ၊ လာပါ...သွားကြ ရအောင်...."

သက်ခိုင်သည် ကားကို လှမ်းကြည့်ပြီး မျက်မှောင် ကြုတ်၍ မလေးနှယ်ဘက်လှည့်လိုက်သည်၊ သက်ခိုင် မျက်မှောင်ကြုတ်လျှင် အဓိပ္ပာယ်ကို မလေးနှယ်သိသည်၊ သူတခုခု မကျေနပ်လျှင် စကားမပြောမီ မျက်မှောင် ကြုတ်ပြတတ်၏။

"မောင် ကားမစီးချင်ပါဘူး၊ မောင်ကားမစီး ချင်ပါဘူးလို့ မနှယ်ကို ဘယ်နှစ်ခါ ပြောရမလဲ...."

"အေးပါဟယ်....သိပါတယ်၊ ဒါပေမဲ့ ခါတိုင်း လို ဘဲ ဘတ်(စ်)ကားလို့ သဘောထားစီးပေါ့၊ ဦးလေး ကိုချစ်တိုးကို ကားခ တမတ် ပေးလိုက်လေ...."

မလေးနှယ်က လာတိုင်းသူ့ကို ပင်းချောင်းသို့ ခေါ်တတ်သည်၊ သူကလည်း ပင်းချောင်းဆီ သွားရသည်ကို နှစ်ချိုက်၏၊

သို့ရာတွင် ဘာကြောင့်မသိ၊ မလေးနွယ်တို့၏ ကားကို မစီးချင် ဟုငြင်းတတ်သည်၊ မလေးနွယ်၏ ဖြေရှင်း နည်းကား သူ့ထံမှ ကားခ တမတ်ယူခြင်းပင် ဖြစ်သတည်း။

သက်ခိုင်က သူ့အမေကို လှမ်းကြည့်သည်၊ သူ့ အမေက လည်းအလိုက်သိစွာ ပိုက်ဆံအကြွေများထည့်ထားသော သံဖြူ ပုံးတခုကိုဖွင့်၏။

အချိန်မှာ စက္ကန့်ပိုင်းလေးရှိ၏၊ ဒေါ်လေး သက်သက် က သံဖြူပုံးကိုငုံ့၍ဖွင့်နေ၏၊ သက်ခိုင်ကလည်းသူ့အမေကို ကြည့် နေ၏၊ ထိုစက္ကန့်ပိုင်းအချိန်လေးအတွင်း မလေးနွယ်က သူလုပ် စရာရှိသည်ကို လျင်မြန်စွာ လုပ်လိုက်၏။

သူတို့နှစ်ယောက်သည် ပြုံးရွှင် သွက်လက်စွာ ကား ဆီသို့ ပြေးကြ၏၊ မလေးနွယ်၏ပုခုန်း၌ လွယ်အိတ်ကလေးလွယ်လျက်၊ ကားပေါ် တက်ပြီးပြီးချင်း သက်ခိုင်က ကိုချစ်တိုးကို ပိုက်ဆံ တမတ်လှမ်းပေး၏။

"ရော့....ဦးလေးကိုချစ်တိုး....ကျွန်တော့် ကားခ၊ အဲ့ကား စီးဒါ မဟုတ်ဘူးနော်...."

"ကောင်းပါဘီခင်ဗျာ....ကောင်းပါဘီ၊ ငါတော့ ချမ်းသာ တော့မှာဘဲ...."

ကားလေးက ထွက်ခွာ သွားသည်၊ အကြော်ဖိုမှ နေ၍ ဒေါ်လေး သက်သက်သည် ထွက် သွားသော ကား လေးကို မျက်ရည်ဝဲလျက် ငေးကြည့် ကျန်ရစ်၏။

မကြာပါ....၊မလေးနွယ် ဘာလုပ်သွားသည်ကို ဒေါ်လေး သက်သက်သိရသည်။



ဒေါ်လေးသက်သက်က ဒယ်အိုးကို ခေတ္တ ချချင်သော ကြောင့် ထင်းစည်းပေါ် တင်ထားသော လက်နှီးကိုလှမ်းယူ လိုက်သည်။

လက်နှီးအောက် ငွေစက္ကူထုပ် မျက်နှာမှ ဆဌမမြောက် ဂျော့ဘုရင်သည် ရာဇအိန္ဒြေအပြည့်နှင့် ဒေါ်လေးသက်သက် အားလှမ်းကြည့်နေလေသည်တကား။....။

အခန်း -၁၁

မောင့်တရားဦး....

ဖွေးဖြူစင်ကြယ်သော သဲငွေခုန်ပြန့်တို့ကြောင့်ပင်းချောင်း သည် နွေဦးမြစ်လယ်မှ သောင်ပြင်သဖွယ်တင့်တယ်ကျယ်လွင် လှပနေ၏။

ကြည်လင်စိမ်းလဲ့သော ရေတိမ်တိမ်သည် ချောင်းသယ် ၌ အယဉ်ငွေ့ငွေ့နှင့် သိမ်မွေ့စွာစီးသည်ဆိုရုံစီးဆင်းနေ၏။

ချောင်း၏ဒီမှာဘက်၌ ရေနံချောင်း၏တောင်ကတုံးမို့မို့တို့ သည် အလှိုင်းလှိုင်း အရိုင်းရိုင်းနှင့် မှိုင်းမှိုင်းညိုညို ရှိနေကြ၏၊ တောင်ကတုံးတို့ထက်တွင်အရင်းကား၍အဖျားရှူးသောရေနံ စင်မဲမဲတို့သည် မြင့်မြင့်မားမားစိုးစိုးမိုးမိုးထိုးထိုးထောင်ထောင် ရပ်တည်နေကြ၏။

ချောင်း၏ဟိုမှာဘက်ကမ်း လည်တောင်တင် ကုန်းမြင့်မြေ ဆက်မှ ခင်တန်းနှင့်တောစုစုတို့ကား ဆောင်းရတုတွင် မြရောင် နုနုနှင့် ရွှန်းသစ် လန်းဆန်းနေကြလေ၏။

ချောင်းပြင်နှင့်ရေယဉ်ကို ဖြတ်ကူးထားသည့် ကားလမ်းဘေးမလှမ်းမကမ်း၌ ကိုချစ်တိုးက ကားနက်ကလေးကို စိတ်ရှည်လက်ရှည်ရေဆေးနေသည်၊ သူ့အနီးတဝိုက်တွင် အဝတ်လျှော်သူ–ရေချိုးသူတို့လည်းရှိနေကြ၏။

ဤမှာဘက် ချောင်းကမ်းစပ်ရှိ သစ်ပင်တပင်၏ အကိုင်းတွင် ဆင်ထားသောတန်း(ဒန်း) ထက်မလေးနွယ်ကထိုင်လျက်စီးနေသည်၊ သက်ခိုင်ကအားယူ၍အားကုန်တွန်းလွှဲသောအခါ တန်းသည် သောင်ပြင်ထက် ထိုးထွက်ကာ လေတွင်မြောက်၍တက်သွားပြီး ပြန်ကျလာလျက် ဆက်ကာဆက်ကာ ရှေ့တိုးနောက်ငင်မြင့်တုံနိမ့်တုံ လှုပ်ရှားနေသည်။

မလေးနွယ်၏ စိမ်းပြာရောင် ဂါဝန်ကလေးသည် လေတိုးတိုင်း တဖြတ်ဖြတ်လှုပ်ရှားနေသကဲ့သို့ဆံပင်တို့ကလည်းတလူလူတဝဲဝဲလှုပ်ရှားလွင့်ပါးနေကြ၏။

ရှေ့အမြင့်မှဧင်း၊ နောက်အမြင့်မှဧင်း၊ နိမ့်ဆင်းကျလာတိုင်း မလေးနွယ်သည်လှည့်ချောင်းဘွင်းမှ အသံစူးစူးလေးနှင့် မြူးမြူးရွှင်ရွှင်အော်ဘတ်၏။

မိုးကောင်းကင်မှာတိမ်ဖြူဆုပ်တဥနှစ်ဥကလွှဲ၍ အပြစ်ကင်းစင်ကာ လဲ့လဲ့ကြီးပြာလွင်နေသည်၊ မိုးကောင်းကင်မှအရှိန်နှင့် စိုက်ဆင်းပြီး ရေပြင်ထက်ရှပ်ပြေး၍ အမြင့်ထောင်ကာပျံတက်နေကြသည့် ငှက်ကလေး များကလည်း မလေးနွယ်၏နည်းတူမြူးရွှင်နေကြသည်။

သက်ခိုင်သည်လည်း မြူးရွှင်နေပါ၏၊ အမှန်မှာ.... သူရောမလေးနွယ်ပါ....ကလေးများဖြစ်ကြသဖြင့် မိုးပြာပြာ၊ တောစိမ်းစိမ်း၊ ရေကြည်ကြည်.... ချောင်းကျယ်ကျယ်နှင့် ငှက်ငယ်



ကလေးများကိုနှစ်သက်ချစ်ခင်ကြသည်၊ ငှက်ငယ်ကလေးများကဲ့သို့ပင်....ဩကာသ လောက၏ လွတ်လပ်ခြင်း၌ ပျော်မွေ့ရွှင်လန်းကြသည်၊ ထို့ကြောင့်လည်းမလေးနွယ်က ရေနံချောင်းသို့ ပြန်ရောက်တိုင်း သက်ခိုင်ကို ဤနေရာလေးသို့ ခေါ်လေ့ရှိသည်၊ ကားမစီးချင်သော သက်ခိုင်ကလည်း ကိုချစ်ဘိုးကိုငွေတမတ်ပေးကာ....ဤနေရာလေးသို့ အမြဲတန်းလိုက်ခဲ့၏။

ဤတန်းမှာ မနီးမဝေးရှိ တဲငယ်တလုံးမှ ကလေးတို့ကစားရန် မိဘများကဆင်ပေးထားသော တန်းဖြစ်သည်၊ ထိုမိဘများနှင့် ကိုချစ်တိုးသည် သားချင်း တော်သောကြောင့်....ဤနေရာရောက်တိုင်း ရောက်တိုင်း မလေးနွယ်နှင့်သက်ခိုင်တို့က အနှောင့်အယှက်မရှိဘဲ တန်းစီးနိုင်ကြခြင်းဖြစ်သည်။

တန်းသည် တဖြေးဖြေးအရှိန်လျော့လာသောအခါ မလေးနွယ်က သဲပြင်ကို ဘိနပ်လေးများနှင့်ကပ်ဆွဲလျက် ဘရိတ်အုပ်ရပ်လိုက်ပြီး ခုန်ဆင်းလာသည်။

မလေးနွယ်သည် သက်ခိုင်၏ ပုခုန်း နှစ်ဘက်ကို သူ့လက်ဝါဝါလေးများနှင့် ဆုပ်ကိုင်ရင်းက ခြေလေးများ ခုန်လျက်ရယ်မောဆိုသည်။

“ပျော်စရာကောင်းလိုက်ထာ မောင်လေးရာ.... ပျော်လိုက်ထာ....၊ကဲ....အခု မောင့်ကလဲ ....၊မမနွယ် လွှဲပေးမယ်....”

သက်ခိုင်က မျက်မှောင်ကြုတ်ပြီး ခေါင်းခါ၏။

“ကြည့်.... မျက်မှောင်ကြုတ်ပီး.... ခေါင်းခါ ပြန်ဘီ....၊မမနွယ်လွှဲပေးဒါ မောင်မစီးချင်ဘူး မဟုတ်လား....မောင်က....သိပ်....သိပ်....သိပ်....မာနကြီးဒါဘဲ....ဟင်း....”

"မာနကြီးဒါ....မဟုတ်ပါဘူး မမနွယ်ရ....၊ မောင်က....ယောကျ်ားလေး၊ နင်က.... မိန်းမလေး....၊ မိန်းမလေးလွှဲပေးဒါ....ယောကျ်ားလေး....မစီးနိုင်ပါဘူး...."

"ဆင်ချေကြီးဘဲ....၊ အဲဒါလဲ မာနကြီးဒါဘဲပေါ့၊ မောင့်ကို မမနွယ်မခေါ်ချင်တော့ဘူး...."

မလေးနွယ်က ဤတကြိမ်တွင် အကာယ်စိတ်ဆိုးဟန်နှုတ်ခမ်းလေးစူပြီး ဒေါသသံနှင့်ပြော၏။

ထိုအခါ ကျပြန်တော့လည်း သက်ခိုင်သည် မျက်မှောင်ကို ဆန့်လိုက်ပြီး ပြုံး၍ဆို၏။

"ဆင်ချေပြောဒါ မဟုတ်ပါဘူး မမနွယ်ရာ....! မောင်က တကယ်ပြောဒါပါ၊ ပြီးတော့မောင်က....လေထဲမှာ ဒန်းမစီးချင်ဘူး၊ မြင်လား....ဟောဟို ရေထဲမှာ.... မြင်းလို သွားစိမ်နေချင်တယ်...."

မလေးနွယ်က သက်ခိုင် အဟုတ်ပြော မပြော အကဲခတ်ကြည့်သည်။

နေလောင်ထားသော သက်ခိုင်၏ မျက်နှာသည် နီညိုညိုဖြစ်နေ၏၊ နဖူး၌ ချွေးစို့၍ လည်ပင်း၌ ချွေးစီးကျနေ၏။

သက်ခိုင်သည် အစိမ်းနှင့်အဝါကွက် ကုလားမယက် ချည်လုံချည် အကြမ်းလေးကို ဝတ်ထား၏၊ အင်္ကျီမှာ အပေါ်စား စွပ်ကျယ် စပို့ရှပ်လက်တို အဖြူလေးဖြစ်၏။

သက်ခိုင်၏ရင်ပတ်ကလေးနှင့် ဝမ်းပိုက်သည် မြင့်လိုက်နိမ့်လိုက် လှုပ်ရှားနေပြီး ....အသက်ရှူသံ ကလေးကလည်း ပြင်းနေ၏။

မလေးနွယ်က ပြုံးသည်။



"ဟုတ်ပါရဲ့....ကြည့်စမ်း....၊ မောင် မောနေဘီ၊ လာ....လာ....ဒို့ ရေစပ်သွားထိုင်ကြရအောင်...."

နှစ်ဦးသားလက်တွဲ၍ ပြေးသွားကြပြီး ရေစပ်သဲပြင်ပေါ်၌ ထိုင်လိုက်ကြ၏။

မလေးနွယ်က ပြုံးပြုံးလေး သက်ခိုင်ကို လှည့်ကြည့်ပြီး ဆိုသည်။

"စိမ်လေ....၊ ရေထဲစိမ်ချင်တယ်ဆို....၊ဘာလို့ ထိုင်နေရဒါလဲ...."

"အလကားပြောဒါပါ၊ စိတ်ထဲကသာ စိမ်ချင်ဒါ၊ တကယ်စိမ်လိုက်ရင်....အပူရှပ်ပြီး မာလကီကုပ်သွားမှာပေါ့"

သက်ခိုင်ပြောပုံကို သဘောကျသဖြင့် မလေးနွယ်က အသံလေးများထွက်အောင်ရယ်သည်။

သက်ခိုင်က တကိုယ်လုံးကိုရေမစိမ်သော်လည်း ခြေသောက်လေးများကိုရေတွင်းနှစ်ကာဒူးဆစ်များရောက်အောင်စိမ်သည်၊ ထိုနောက် လက်ခုပ်နှင့်ရေယူကာ မျက်နှာသစ်၏၊ မျက်နှာရေစိုကိုမူ ပုဆိုးစနှင့် သုပ်ပစ်မည်ပြု၏။

"ကြည့်စမ်း....၊ ညစ်ပတ်လိုက်ထာ၊ ပုဆိုး နဲ့ မ သုပ် နဲ့ ရော့....၊ မမနွယ့် လက်ကိုင်ပုဝါနဲ့ သုပ်"

မလေးနွယ်သည်ဂါဝန်အင်္ကျီအိတ်တဘက်တွင်းမှ လက်ကိုင်ပုဝါလေးတထည်ထုတ်ပေးသည်၊ ပန်းထိုးထား၍ လှပဖြူဖွေးသော လက်ကိုင်ပုဝါလေးကို အားမနာဘဲ သက်ခိုင်က သူ၏ ညစ်ပေနေသော မျက်နှာကို အားရပါးရ သုပ်နေစဉ် မလေးနွယ်က တစုံတခုကိုသတိရဟန် ဝမ်းသာစွာအော်ပြီး ဂါဝန်၏

အခြားဘက် အိတ်တွင်းမှ အထုပ်ကလေး တထုပ်ကို နှိုက်ယူလိုက်၏။

"ရော့....ရော့....မောင်လေး"

"ဘာလဲ....မမနွယ်ရ"

"ထိုးမုန့်လေ....၊ မန္တလေးမျက်ပါးရပ်က ထိုးမုန့်၊ မောင်ကြိုက်တယ်ဆို"

သက်ခိုင်က ဝမ်းသာအားရနှင့် မုန့်ထုပ်ကလေးကိုလှမ်းယူသည်။

"အင်း....ကြိုက်တယ်....၊ သိပ်ကြိုက်တာဘဲ....၊ မောင်နဲ့ မမနွယ်နဲ့ တယောက်တဝက်စီ စားကြမယ်နော်"

"ဟင့်အင်း.... ၊မန္တလေးမှာ မမနွယ်ခဏ-ခဏ စားရတယ်၊ အိမ်မှာလဲ စားခဲ့ပြီးပြီ၊ ပြီးတော့....ဒေါ်လေးသက်သက်ဆိုင်က အကြော်တွေလဲစားခဲ့တယ်၊ မမနွယ်....ဗိုက်ပြည့်နေပြီ၊ မောင်လေးဘဲ စားတော့ နော်....၊ မျက်မှောင်လဲ ကုတ်မကြည့်နဲ့ နော်....ဒါဘဲ....ဟင်း"

သက်ခိုင်သည်သူ့အမပြောပုံကို နှစ်ချိုက်စွာရယ်ပြီး မုန့်ကိုစစား၏။

"နောက်တခါ မမနွယ်ပြန်လာရင် မောင့်ဘို့ လမုန့်ဆိုဒါဝယ်ခဲ့အုံးမယ်....၊ လမုန့်ကလဲ ချိုလိုက်တာမှ အေးနေဒါဘဲ"

သက်ခိုင်က "တအင်း....အင်း...." အင်းလိုက်ရင်း မုန့်ကိုဆက်စား၏။

မလေးနွယ်က တစုံတခုကို မကျေနပ်ဟန်နှင့် သက် ခိုင် ကို မျက်စောင်းလေးထိုးသည်။



"မောင်က....သိပ်ရိုင်းဒါဘဲ....၊မမနွယ်ကအကြီး၊ မောင်က အငယ်၊အင်း....လို့ မပြောရဘူး၊ဟုတ်ကဲ့လို့....ပြောရတယ်....၊ ကြားလား...."

သက်ခိုင်ကလည်း သူကြိုက်သောမုန့်ကို စားနေရစဉ်ခိုက်ဖြစ်သောကြောင့်....သဘောကောင်းလှစွာ လိုက်လျော၏။

"အင်း....အင်း....မပြောတော့ဘူး...."

"လာပြန်ဘီလား....ဒီ....အင်း...."

"အင်း....၊အဲ....ဟုတ်ကဲ့...."

"ပြီးတော့....မမနွယ်ကို....မမနွယ်....လို့လဲခေါ်သေးတယ်၊ နင်....နဲ့လဲပြောသေးတယ်၊ မမနွယ်တို့အိမ်မှာ.... ဆွေမျိုးညီအကိုမောင်နှမချင်း နင်နဲ့ ငါနဲ့ မပြောရဘူး...."

"အင်းပါလေ....၊ဟုတ်ကဲ့ပါလေ....၊ဒါပေမဲ့....နင်နဲ့ ငါနဲ့ မပြောရရင်ဘယ်လိုပြောရမှာလဲ...."

"မမနွယ်ကို....မမနွယ်လို့ဘဲပြောပေါ့....၊မောင့်ကိုယ်ကို....မောင်လို့ဘဲ ပြောပေါ့....၊ အန်တီက....၊ဖေဖေ့ကို မောင်ကြီးလို့ဘဲပြောတယ်၊ အန်ကယ့်ကိုတော့....၊မောင်လို့ဘဲ ပြောတယ်၊ သူတို့ကလဲ ဒီလိုဘဲပြောကြဒါဘဲ၊နင်နဲ့ ငါနဲ့မပြောကြဘူး၊ မမနွယ်တို့က တွင်းစားမျိုးတွေတဲ့....၊ ဆင်းရဲသားမဟုတ်ဘူး....တဲ့....၊ယဉ်ကျေးရတယ်....တဲ့....၊ ဖွားဖွားကလဲ.... ပြောတယ်....၊အန်တီကလဲ....ပြောတယ်...."

သက်ခိုင်သည် မလေးနွယ်ကို လှည့်မကြည့်ဘဲ မျက်မှောင်ကြုတ်လိုက်ပြီးပြော၏။

"နင်တို့က.... အဲလေ.... မမနွယ်တို့က တွင်းစားတွေဘဲ၊ မောင်တို့ကဆင်းရဲသားဘဲ...."

"မဟုတ်ပါဘူး၊ မောင်တို့လဲတွင်းစားမျိုးဘဲဟာ...."

"မဟုတ်လိုက်တာ...မမနွယ်ရာ....၊ မောင့်ဖေဖေက....ဘိအို စီမှာဖိုမင်ဘဲဟာ...."

"မောင့်ဖေဖေကို ပြောဒါမဟုတ်ဘူး၊ဒေါ်လေးသက်သက်က ဖေဖေ့ညီမအရင်း....အငယ်ဆုံးဘဲ၊ ဒီတော့....မောင်လဲ....တွင်းစားမျိုးပေါ့....၊မဟုတ်ဘူးလား...."

သက်ခိုင်သည် မျက်နှာကိုတင်းလိုက်ပြီး ဘူနာ'မလည်လှသော စကားတလုံးပါသည့်ဝါကျကိုဆို၏။

"အင်းလေ....ဘာဘဲဖြစ်ဖြစ်....န....န....န....နင်.... မမနွယ်တို့က သေခန်းဖြတ်ထားဒါမဟုတ်လား...."

မလေးနွယ်ကလည်း ညည်းညည်းလေးဖြေ၏။

"ဟုတ်တယ်မောင်လေးရာ၊ သေခန်းဖြတ်ထားကြတယ်တဲ့၊ အဲဒီ သေခန်းဖြတ်တယ်ဆိုဒါကလဲ ဘာမှန်းလဲမသိဘူး ဘာပြုလို့ ဖြတ်မှန်းလဲမသိဘူး၊ မမနွယ်မေးကြည့်တော့ ဖွားဖွားက မမနွယ်ကြီးလာမှပြောပြမတဲ့...."

သက်ခိုင်ကမဲ့ပြုံးပြုံးလိုက်၏။

"ကြီးလာမှ ပြောဘို့မလိုပါဘူးမမနွယ်ရာ.... မောင်သိပါတယ်၊ သေခန်းဖြတ်မှာပေါ့....၊ မမနွယ်တို့က နေရှင်တွေ....၊ မောင်တို့က အလုပ်သမားတွေ....၊ မမနွယ်မကြားရလို့....၊ မေဒေးတုံးကသခင်လှိုင်တို့၊ရန်ကုန်ကလာတဲ့ သခင်စိုးရယ်....၊ ပြီးတော့....သခင်လေးမောင်ရယ်က ဟောသွားတယ်၊ဂနေရှင်နဲ့ အလုပ်သမားဟာ ရန်သူတွေ....တဲ့၊ သေတဲ့အထိတိုက်ကြရမယ်တဲ့....၊ သေခန်းဖြတ်တယ်ဆိုဒါ အဲဒါကိုပြောဒါဖြစ်မှာပေါ့"



သက်ခိုင်၏စကားကြောင့် မလေးနွယ်သည် ထိတ်လန့်တုန်လှုပ်သွားသည်၊ မလေးနွယ်သည် မျက်လုံးဝန်းဝန်းကလေးကို ပြူးကာ ဆံပင်လေးများလှုပ်အောင် ခေါင်းကလေးကို သွက်သွက်ခါပြီးငြင်းသည်။

"ဟင့်အင်း....၊ဟင့်အင်း....၊ ဖွားဖွားက မောင်တို့ရန်သူ မဟုတ်ပါဘူး....၊ မမနွယ်ကလဲ.... မောင့်ရန်သူ မဟုတ်ပါဘူး၊ မောင့်ကိုမမနွယ်ချစ်တယ်၊ဒေါ်လေးသက်သက်ကိုလဲချစ်တယ်၊ သိပ်....ချစ်တယ်....၊သိရဲ့လား...."

သက်ခိုင်က သူမြင်ဘူးသော သခင်များ၏ရှုအတိုင်း မျက်မှောင်ကြုတ်–မျက်နှာထားတင်းထားရာမှ လျှော့ချပြန်ပြုံးပြီး ဖြေ၏။

"သိပါတယ်လေ....သိပါတယ်....၊ မောင်ကလဲ မမနွယ်ကို ချစ်ပါတယ်၊ သိပ်ချစ်ပါတယ်....၊ အဟုတ်ကိုပြောနေဒါ"

မလေးနွယ်သည် စိတ်ချမ်းသာသွားဟန်ပြုံးလိုက်ပြီး ရှူးဘိနပ်များကိုချွတ်၏။

"မမနွယ် ဘာလုပ်အုံးမလို့လဲ...."

"မောင့်လိုဘဲ ရေထဲ ခြေထောက်ချထားမလို့ပေါ့"

"မလုပ်နဲ့....မလုပ်နဲ့....၊မမနွယ်ခြေထောက် သဲဝဲစားအုံးမယ်...."

"ဘာပြောတယ်....၊ သဲဝဲစားတယ်၊ သဲဝဲစားတယ်ဆိုဒါက ဘာလဲ...."

"သဲဝဲစားတယ်ဆိုဒါ မမနွယ်မသိဘူးလား...."

"ဟင့်အင်း....၊ခွေးတွေဝဲစားသလိုလား...."

"မဟုတ်ဘူး....၊သဲဝဲစားတယ်ဆိုဒါက ပထမ-ခြေချောင်းလေးတွေကြားမှာ အဖုလေးဖြစ်ပီး အရည်ကြည်လေး တည်လာတယ်၊ နောက်....ယားလာတယ်၊ ကုတ်တော့အနားဖြစ်ပီး စပ်ဖျဉ်းစပ်ဖျဉ်းနဲ့ သိပ်အခံရဆိုးတယ်"

"အဲဒါ ဘာဖြစ်လို့...."

"မသိဘူး....၊ မောင်တို့ကျောင်းက ကျန်းမာရေးဆရာကတော့ပြောဒါဘဲ၊ ဘိနပ်မစီးလို့....တဲ့"

"နို....ဘာလို့ မောင်ကတော့ ဘိနပ်မစီးလဲ"

"မမနွယ်က ခက်ထာဘဲ၊တော်တော့်ကိုခက်ထာဘဲ၊မောင်ဘိနပ်မစီးဒါက စီးစရာမရှိလို့ မစီးဒါပေါ့"

"ဒါဖြင့်မောင်ကော....သဲဝဲမစားဘူးလား"

"ဩော်- ဒုက္ခပါဘဲ၊ စားတုန်းကတော့ စားဒါပေါ့၊ အခုမစားတော့ဘူး၊ ဘာဖြစ်လို့လဲတော့မသိဘူး...."

မလေးနွယ်သည် မျက်စလေးပစ်လိုက်ကာ ပမာမခန့်ဟန်နှင့် ဘိနပ်ဆက်ချွတ်သည်။

"မမနွယ်....၊ပြောဒါမရဘူးလား"

မလေးနွယ်က ပမာမခန့်ဟန် ရယ်၍ပင်ပြလိုက်၏။

"မရဘူး....၊မောင်က မမနွယ်ကို မျက်မှောင်ကုတ်ကုတ်မပြနဲ့၊ မောင့်ကို မမနွယ်မကြောက်ဘူး၊ ဘိနပ်ချွတ်တယ်၊ ဘာပြုလဲ၊ သဲဝဲစားတော့ ဆရာဝန်ပြလိုက်ရုံဘဲ၊ ပီးတော့ ခြေထောက်ကို...ဟောဒီလို ရေထဲစိမ်တယ်၊ ကဲ....ဘာဖြစ်သေးသလဲ...."

သက်ခိုင်သည် သက်ပြင်းလေးရှိုက်ပြီး အရှုံးပေးသောလေသံနှင့်ဆို၏။



"ကဲပါလေ၊ သဘော....သဘော၊ မမနွယ်သဘော၊ဒါပေမဲ့- ခြေထောက်ရေစိမ်ချင်--- ဒူးဆစ်မြုပ်အောင်စိမ်"

"ဘာပြုလို့...."

"ဘာပြုလို့ရမလဲ၊ ဒူးဆစ်အထိရေမစိမ်ရင် အပူငုတ်သွားမယ်၊ ဒူးဆစ်အထိစိမ်"

မလေးနွယ်က သက်ခိုင်၏အမိန့်ကိုနာခံသည်၊ သူ့ဂါဝန်အောက်စလေးကို လက်ကလေးများဖြင့်သိမ်းမပြီး ပေါင်လေးများ၌ကပ်ထားလျက် ခြေထောက်များကို ဒူးဆစ်ထိအောင်ချောင်းရေ၌စိမ်သည်။

သူတို့နှစ်ဦးသည် တဦးမျက်နှာတဦး ကြည့်လိုက်ကြပြီး-ပထမ ပြုံးကြသည်၊ ထိုနောက် အသံထွက်အောင် ရယ်လိုက်ကြသည်။

အတန်ကြာမှ မလေးနွယ်ကခေါ်သည်။

"မောင်လေးရေ...."

"ဘာလဲ မမနွယ်...."

"ဟောဒီချောင်းကြီးအတိုင်း အထက်တက်သွားရင် ဘယ်ရောက်သွားမလဲ"

"ပင်းချောင်းရော....၊ ယင်းချောင်းရော....၊ ဒေါင်းသေချောင်းရော....၊ဆင်ဟဲဝချောင်းရော....၊အားလုံး ပုပ္ပါးကဆင်းလာဒါ၊ ချောင်းကိုးဆယ့်ကိုးနဲ့ ကျောက်နသိုး ကိုးကောင်ရှိတယ်ဆိုဒါ မမနွယ်မကြားဘူးဘူးလား"

"ကြားဘူးပါတယ်၊ ဒီချောင်းကြီးအတိုင်း မောင်နဲ့ မမနွယ်တက်လိုက်သွားရင် ပုပ္ပါးတောကြီးတောင်ကြီးထဲ ရောက်သွားကြမှာဘဲ....၊မောင်သွားရဲလား...."

“မောင်က....ဘာလို့မသွားရဲရမှာလဲ....”

“အင်းလေ....၊ မောင်သွားရဲမှန်း မမနွယ်သိပါတယ်....၊ မမနွယ်ကတော့ မလိုက်ရဲဘူး....၊ လိုက်ရဲရင်တော့ အဲဒီတောကြီးတောင်ကြီးထဲမှာ မောင်နဲ့မမနွယ် နှစ်ယောက်ထဲရှိကြမှာဘဲ၊ ကမ္ဘာဦးတုံးက အာဒံနဲ့အေးဝ မောင်နှမလို နေကြမှာဘဲ....”

“ဘယ်သူတွေလဲ....အာဒံနဲ့ အေးဝဆိုဒါက....”

“အာဒံနဲ့အေးဝကို မောင်မသိဘူးလား၊ သူတို့ကထာဝရဘုရားသခင်က ဖန်ဆင်းလိုက်တဲ့ မောင်နှမနှစ်ယောက်....တဲ့၊ သူတို့ကနေ လူတွေအားလုံးဖြစ်လာကြရသတဲ့....”

“သူတို့ကနေ....လူတွေအားလုံးဖြစ်လာကြရတယ်၊ မမနွယ်ကို ဘယ်သူပြောသလဲ....”

“မမနွယ်တို့ မန္တလေးက စိန့်ဂျိုးဇက် ကျောင်းက မာသာကြီးတွေနဲ့ ဆစ်စတာတွေကပြောပြဒါဘဲ....”

“မာသာကြီးတွေနဲ့ ဆစ်စတာကြီးတွေကဘယ်သူတွေလဲ”

“မောင်....မာသာနဲ့.... ဆစ်စတာဆိုဒါကို မသိဘူးလား”

“အံမာ....၊မောင်လဲ ဘေးမဲ့ဘီအိုစီကျောင်းမှာ အင်္ဂလိပ်စာသင်ရပါတယ်၊ မာသာ-ဆိုဒါအမေ၊ ဆစ်စတာဆိုဒါအမ၊ ကဲလေ....”

“မဟုတ်ဘူး၊ မာသာတို့ ဆစ်စတာတို့ဆိုဒါက... မယ်သီလရှင်တွေ၊ အင်္ဂလိပ်မယ်သီလရှင်တွေ....”

ဤတကြိမ်တွင်မူ သက်ခိုင်နားရှုပ်သွား၏၊ သို့ရာတွင် သူ ပြောချင်သည်ကို ဆက်ပြော၏။





“အေးလေ....၊ ဟုတ်ကဲ့လေ.... ထားပါတော့၊ သူတို့မျက်နှာဖြူတွေက အာဒံနဲ့အေးဝက လူဖြစ်လာဒါဖြစ်ချင်ဖြစ်မှာပေါ့၊ မောင်တော့မသိဘူး၊ မောင်တို့.... ဗမာတွေကတော့.... ဗြဟ္မာကဆင်းသက်လာဒါ....၊အာဒံနဲ့ အေးဝကမဟုတ်ဘူး”

“ဗြဟ္မာဆိုဒါ....ဘာလဲ....”

“ခက်လိုက်ထာ....၊နင်....အဲ....မမနွယ်.... ရွှေမန်းတင်မောင်ဇာတ် မကြည့်ဘူးဘူးလား၊ ဗြဟ္မာဆိုဒါ.... အဝတ်အဖြူနဲ့ ရွှေတွေနဲ့ ရောဝတ်ထားဒါ၊ သိပ်တန်ခိုးကြီးတယ်၊ မြတ်စွာဘုရားသခင်က.... မြတ်စွာဘုရားသခင်ဖြစ်လာတော့.... သိပ်....စိတ်ပျက်သွားသတဲ့....၊ ဒီကောင်တွေ.... ဒီလူတွေဟာ သိပ်မိုက်တယ်....ငါတရားဟောရင်လဲ.... နားလည်မဲ့ ကောင်တွေ တကောင်မှမရှိပါဘူး၊ ဒီတော့....ငါတရားမဟောတော့ ပါဘူးလို့ သိပ်ကိုစိတ်ပျက်သွားသတဲ့....”

“အဲဒီတော့....”

“ဒီအဲတော့...ရွှေမန်းတင်မောင်က ဆိုပြဒါဘဲ....၊**သတ္တဝါတွေအပေါ်၌.... ငါ့ညာသနား....၊ ချွတ်လို့ ရနိုင်ပါ့မလား ရယ်လို့....ရွှေအားတော်....ငယ်တဲ့....**”

“ဘယ်သူကရွှေအားငယ်ဒါလဲ၊ ရွှေမန်းတင်မောင်ကလား”

“ဟာ....တောက်တီး တောက်တဲ့ မမနွယ်ကလဲ....၊ ရွှေမန်းတင်မောင်က သီချင်းဆိုပြဒါ၊ ဖေဖေကာဒပြောတော့ မကြည့်အောင်ကလဲ ဆိုဒါဘဲ....တဲ့....၊ ရွှေအားငယ်တယ်ဆိုဒါ.... မြတ်စွာဘုရားကိုပြောဒါ၊ အားငယ်ဒါမဟုတ်ဘူး၊ စိတ်ပျက်ထာ....၊ စိတ်ပျက်ထာ”

"အင်း....အဲ....ဒီတော့...."

"အဲ....ဒီတော့.... ရွှေမန်းတင်မောင်သီချင်းတော့.... မောင်မေ့သွားပြီ၊ ဗြဟ္မာကြီး....၊ ဘသူတဲ့....အဲ ....သဟမ္ပတိ ဗြဟ္မာကြီးက တရားဟောပါလို့ မြတ်စွာဘုရားကို လာတောင်းပန်သတဲ့....၊ဒီတော့မှ ဘုရားကတရားဟောသတဲ့....၊ ရွှေမန်းတင်မောင်က ဆိုပြတယ်....၊**ရွှေဥာဏ်တော်ကွန်ယက်က ဦးစွာထွက်လာ၊ ဂမ္ဘီရကြာတရားတော်....တဲ့....။**

"အင်းလေ....၊ပီးတော့ကော...."

"ပီးတော့....၊အဲ....ထားပါတော့....ဗြဟ္မာဆိုဒါကိုမောင်က ပြောပြနေဒါ၊ သူတို့က လူမဟုတ်ဘူး၊ သိပ်တန်ခိုးကြီးဒါ....၊ ဗြဟ္မာကနေ လူဖြစ်လာဒါ၊လူတွေကနေ သာကီဝင်ဖြစ်လာဒါ၊ သာကီဝင်ကနေ ဗမာဖြစ်လာဒါ...."

"မောင့်....ဘယ်သူပြောလဲ..."

"ဩော်....ပြောတဲ့လူကရှိဒါပေါ့....၊ တကယ့်ကို အဟုတ်ပြောဒါ၊ ဖေဖေကလဲပြောဒါဘဲ၊ သခင်တွေ- သခင်မတွေကလဲပြောဒါဘဲ၊ မမနွယ်မယုံဘူးလား....၊ ဒို့ဗမာ သီချင်းထဲတောင်ပါသေးတယ်....၊ **တကောင်းအဘိရာဇာ.... သာကီ**မျိုးဟေ့.... **ဒို့ဗမာ....** မမနွယ် မန္တလေးပြန်ရောက်ရင် မာသာကြီးတွေ.... **ဆစ်စ**တာကြီးတွေကို ပြန်ပြောပြလိုက်၊ သူတို့ သိပ်အံ့ဩသွားမှာ...."

မလေးနွယ်သည် မကြားဘူးသော ပုံပြင်ဖြစ်သောကြောင့် ခေါင်းကလေးတညိတ်ညိတ်နှင့်နားထောင် နေရှာ၏။



သက်ခိုင်သည် ဆက်လက်၍ သူသိသမျှသော တကောင်းအဘိရာဇာမှစသည့် သာကီမျိုး ဒို့ဗမာတရားကို ဟောရန် ပြင်ဆင်သည်။

သို့ရာတွင် သူ့တရားကို....ကိုချစ်တိုး၏အော်ခေါ်သံကဖျက်ဆီးပစ်လိုက်၏။

"နွယ်ရေ...ပြန်ကြရအောင်၊ နေဝင်ခါနီးပြီ...."

မလေးနွယ်သည် ကပျာကယာထ၍ ဘိနပ်ဝတ်ရန်ပြင်သည်။

"နေအုံး မမနွယ်....ဒီတိုင်းဝတ်ရင် ခြေအိတ်တွေပါရေစိုပီး အပုပ်သွားအုံးမယ်"

"ဒါဖြင့် ဘယ်လိုလုပ်ဝတ်ရမလဲ...."

သက်ခိုင်သည် ဘာမပြော ညာမပြောနှင့် မလေးနွယ်၏ ခြေထောက်ကလေးများကို ဆွဲယူပြီး စိုနေသော ရေများကို သူ့ပုဆိုးနှင့် သုပ်ပေး၏။

မလေးနွယ်က ပထမ၌ ငြင်းသည်၊ သို့ရာတွင် သက်ခိုင် မျက်မှောင်ကြုတ်သည်ကို မြင်လိုက်ရသောကြောင့် ငြိမ်ငြိမ်လေးခံနေ၏။

မလေးနွယ် ဘိနပ်စီးပြီးသောအခါ နှစ်ယောက်သားသည် ကားဆီသို့ ပြေးလာခဲ့ကြ၏။

ခဏတွင်မူ ကိုချစ်တိုးသည် ကလေးနှစ်ယောက်ကို ကားပေါ်တင်လျက် ကရုဏာနှင့် ကြည်နူးမှုရောသော ဝေဒနာကို ရင်မှာခံစားမိရင်း ကုန်းမော့မော့ထက် ကားကို မောင်းတက်ကာ ထွက်လာခဲ့၏။

ကားစီးလာရင်းမှ မလေးနွယ်သည် ဒေါ်လေး၏အကြောင်းဖြင့် သူဘာလုပ်ခဲ့မိသည်ကိုသတိရသည်၊ထို့ကြောင့်လည်း ဝါဒ်ဆွန်ဝေးလမ်းဆုံသို့ရောက်သောအခါ အမိန့်ပေးသည်။

"ဦးလေးကိုချစ်တိုး....၊ မောင်လေးကိုလမ်းဆုံမှာချထားခဲ့၊ နွယ်တွင်းကြီးစုက ဘဘတို့ဆီဝင်စရာရှိသေးတယ်"

"ကောင်းပါခင်ဗျာ....၊ ကောင်းပ....၊ မမလေးနွယ်ရဲ့အမိန့်အတိုင်းပါ...."

ကိုချစ်တိုးက လမ်းဆုံတွင် လမ်းဘေးကပ်၍ကားရပ်ပေး၏။

သက်ခိုင်က ဆင်းလိုက်သည်၊ ခါတိုင်းမူ မမနွယ်သည် သူ့ကို....သူ့အမေဆိုင်နားအထိ ပို့ပေးမြဲဖြစ်သည်၊ ယခုဘာဖြစ်ရသနည်း။

သို့ရာတွင် သက်ခိုင်ကမမှုပါ၊ အစတည်းက ဤကားကိုမစီးချင်၊ ဘတ်(စ်)ကားဟူ၍ အမှတ်ပြုကာသာ စီးခဲ့ရသည်၊ ဘတ်(စ်)ကားသည် ရပ်ချင်ရာရပ်ပေမည်၊ သူကလည်း သွားလိုရာရောက်အောင် ခြေလျင်လျှောက်ရပေမည်။

သက်ခိုင်က ချာကနဲ လှည့်ထွက်ခဲ့၏၊ ထို့ကြောင့် လည်း မလေးနွယ်၏ပြောင်းလဲအမိန့်ပေးသံကို သူမကြားမိခဲ့....။

"ဦးလေး.... ကိုချစ်တိုး.... တွင်းကြီးစုကို သွားမယ်ဆိုဒါ.... နွယ်အလကားပြောဒါ.... ဆက်မောင်းပြီးအိမ်ကိုပြန်ပေတော့"

"ကောင်းပါဘီ ရွှေမင်းသမီးလေးရယ်.... အမိန့်အတိုင်းပါဘဲ၊ ပြန်ပါ့မယ်...."

## အခန်း-၁၂

### သူပုန်သွေး

ကိုချစ်တိုး၏ ရွှေမင်းသမီးလေး မလေးနွယ်တို့၏ အိမ်မှာ ရွှေဘုံသာရပ်တွင်ရှိသည်၊ အမှန်မှာ အိမ်ပင် မဟုတ်၊ ခေတ်မီဆောက်ထားသော တိုက်ကြီးတလုံး ဖြစ်လေသည်၊ ခြံဝင်းကြီးကလည်းကျယ်သည်၊ခြံဝင်းအတွင်းတမာပင်၊မန်ကျည်းပင်နှင့်ကုလားမန်ကျည်းပင်များကို စံနစ်တကျ စိုက်မျိုးထားသောကြောင့်လည်း အရိပ်အာဝါသကောင်းသည်။

နက်ဖြန်ဆိုလျှင် အလှူနေ့ ဖြစ်သောကြောင့် ထိုညက တိုက်ကြီးတခုလုံးမှာ မီးတထိန်ထိန်နှင့် လှုပ်ရှားစည်ကားနေ၏၊ရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟတို့သာမက ရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများပါ ရောက်နေကြသည်။

ဤတိုက်ကြီးရှင်တို့၏ သားအငယ်၊ မလေးနွယ်၏ ဦးလေးဦးတင်သော်ကား ရန်ကုန်မြို့အတွင်းဝန်များရုံးမှ လက်ထောက်အတွင်းဝန်ကလေးဖြစ်သည်၊ သူနှင့်သူ၏ ဇိုလ်ဆန်လှသောဇနီးတို့က မနေ့ကတဲက ကြိုတင်ရောက်နှင့်နေကြ၏၊ မလေးနွယ်နှင့် မလေးနွယ်၏မိခင်တို့ကလည်း ကြိုတင် ရောက်ခဲ့ကြပြီး ဖြစ်လင့်ကစား မလေးနွယ်၏ဖခင် မကွေးမြို့မှ အထူးအာဏာရ တရားသူကြီးမင်း ဦးထင်ကျော်ကား ယခုညနေမှ ကပ် ဆိုက်ရောက်လာသည်။

ညော့စုံသောကြောင့် ကိုချစ်တိုး အလုပ်များရ၏၊ ချက်ရေး ပြုတ်ရေးကိစ္စတို့၌ ဝိုင်းလုပ်သူတွေ ပေါလှသဖြင့် ကိုချစ်ဘိုးနှင့် မဆိုင်လှ၊ ကိုချစ်တိုး အလုပ်များရပုံက တမျိုးဖြစ်၏။

ညနေက မလေးနွယ် ကောင်းမှုကြောင့် ကိုချစ်တိုးအိမ်သို့ အနည်းငယ်နောက်ကျမှ ရောက်လာသည်၊ အိမ်ကိုလည်း အုပ်ချုပ်ကာဘိုးဘွားပိုင်ရိုးရာလက်တူးရေနံတွင်းလုပ်ငန်းများကိုပါ ဦးစီးသူ မလေးနွယ်၏ ဒွေးကြီး အပျိုကြီး မမ၏ အကြိမ်းကို ကိုချစ်တိုးကောင်းကောင်းခံလိုက်ရသည်၊အကြိမ်းခံရပြီးနောက် ကိုချစ်တိုးသည် အိမ်မှ စားပွဲထိုးကိုသာရင်နှင့်အတူ စ, အလုပ်များကြရတော့၏။

အတွင်းဝန် ကလေးနှင့် တရားသူကြီးတို့ ရောက်လာကြသောကြောင့် မြို့ပေါ်ရှိ အရာရှိကြီးငယ်တို့လည်း ရောက်လာကြကုန်၏၊ သူတို့ဝိုင်းအတွက် ကိုချစ်တိုးနှင့် ကိုသာရင် တို့က ဝီစကီ၊ဆိုဒါ၊ ရေခဲတို့ကိုလုံလောက်အောင် ဝယ်ပေး ရသည်၊ လိုလေသေးမရှိအောင် ပြင်ဆင် ပေးရသည်။

မနက်ဖြန်တွင် သံသရာအကျိုးကို မြော်ကိုးကာထောင်ချီ၍ လှူဒါန်းမည့် ကုသိုလ်ရှင်များ၏အိမ်၌ အလှူ ညဦးတွင် အရက်ဝိုင်းစည်နေသည်မှာ သင့်တော့မသင့်တော်လွန်းလှပဟု ကိုချစ်တိုး ထင်မိသည်၊ သို့ရာတွင် မိမိမှာ ထင်မိရုံသာ ထင်မိနိုင်၍ ဝေဖန်ပြော ဆိုခွင့် ရှိသူ တယောက် ကား မဟုတ်....၊ ထို့ကြောင့် သူ့တာဝန်ကိုသာ သူကျေပွန်အောင် ဆောင်ရွက် ပေးသည်။

မလေးနွယ်၏မိခင်ကမူ ချက်ပြုတ်ရေးကိုဦးစီးစီမံနေသော ကြောင့် အရက်ဝိုင်းသို့ မလာ။



ကိုချစ်တိုးအံ့ဩြောမိသည်ကား အတွင်းဝန်ကတော် လေးကပါ အရက် ဝင် သောက်ခြင်း ဖြစ် သည်၊ ဝီစကီ တော့မှု မဟုတ်၊ ကြိုင်မွှေးသော ဘရန်ဒီ အချိုတမျိုးကိုဖြစ်၏၊ မည်သို့ ဖြစ်စေ....ကိုချစ်တိုးအတွက်....မိန်းမတဦး အရက်သောက်သည်ကို ပထမဆုံး မြင်ဘူးခြင်း ဖြစ်လေသည်၊ အံ့ဘွယ် သူရဲရှိစွတကား....။

အရက်ဝိုင်းတွင် စကားစုံ ပြောကြသည်၊ နောက် ဆုံးတော့မှ....ရေနံမြေ သပိတ်ကြီးနှင့် ချောက်မြို့မှ ချီလာမည့် သပိတ်တပ်ကြီး အကြောင်းဆီရောက်သွားကြ၏။

ဦးတင်သော်က ပုလိပ်အရာရှိတဦးကို လှမ်းမေးသည်။

“နေပါအုံးဗျ၊ သူတို့က....ရန်ကုန်အထိချီမယ်ဆိုဘဲ၊ခင်ဗျားတို့ဒီမှာဘင် မတားလိုက်နိုင်ဘူးလား”

“ဒါကတော့....ဒီမှာက သူတို့မြေလို ဖြစ်နေဒါကိုး ဝန်မင်းရဲ့၊ ချောက်၊ လမ်းရွာ၊ စဥ့်ကူ၊ ရေနံချပ်၊ ရေနံ ချောင်း.... ရေနံမြေအားလုံးက အလုပ်သမားတွေ စုမိကြတော့ ကျွန်တော်တို့မနိုင်နိုင်ဘူး၊ မြို့သူမြို့သားတွေကလဲ သူတို့ဘက်က ရှိနေကြဒါ”

အတွင်းဝန်ကတော်လေးသည် အရက်ချိုကို မော့လိုက်ပြီး မျက်နှာမသိမသာရှုံ့မဲ့၍မေး၏။

“ဒါထက်....ဟိုဘာခါသပိတ်ဘားကြဘုံးက သခင်မဆိုဒါ တွေကာ သိပ် ကြမ်းဆို၊ အာကြမ်း- နှုတ်ကြမ်းနဲ့ သိပ်ချိုင်းကြဘယ်ဆို”

ပုလိပ်အရာရှိကသင် “ဟာ ...ကြမ်းဒါ ရိုင်းဒါ ဘော့ မခပြောနဲ့မင်းကတော်ရေ့၊ နံပါတ်တုတ်နဲ့ ရိုက်သားသို့ ခေါင်းကွဲ

ပီး သွေးရှဲနေဒါတောင် မလျှော့ဘူး၊ ကျွန်တော်တို့ကိုလဲ ပြော လိုက်သာ ခွေးလောက်မှရစရာမကျန်တော့ဘူး”ဟု ဖြေသည်။

အတွင်းဝန်ကတော်လေးက ရှံ့ရှာထိတ်လန့်ဟန် နှာခေါင်း ရှုံ့ကိုယ်ကျုံ့ပြီး အမြီးတဖတ် နှိုက်စားနေ၏။

မြို့ပိုင်လေးက ဝင်ပြောသည်။

“ဒီကောင်တွေ….ဒီကသာ ထွက်သွားရမှာပါ၊ ဒါပေမဲ့…. မကွေးတော့မကျော်နိုင်ပါဘူး၊ မဟုတ်ဘူးလား အကိုကြီး”

မြို့ပိုင်လေးက အကိုကြီးဟု အခေါ်ခံရသူမှာ မလေးနွယ် ၏ဘခင် တရားသူကြီး ဦးထင်ကျော် ဖြစ်လေသည်၊ ဦးထင် ကျော်ကမူ အရက်မသောက်ပေ၊ ဆေးပြင်းလိပ်ခဲရင်း သောက် နေကြသည်ကိုရင်း၊ ပြောနေကြသည်ကိုရင်း၊ ဘေးမှ ငြိမ်သက် စွာကြည့်ရင်း နားထောင်နေခဲ့၏။

မြို့ပိုင်လေးက လှမ်းမေးမှ လေးလေးနွေးနွေးဖြေသည်။

“ဒါကတော့….စောင့်ကြည့်ရမယ်ထင်တယ်ကွယ်”

ဦးတင်သော်သည် သူ့အကို၏ဖြေပုံကို အားမရသည့် ဟန် တချက်လှမ်းကြည့်သည်၊ ထိုနောက်မှ ပြုံးလိုက်ပြီးပြောသည်။

“အင်းလေ်….မကွေး ကျော်လာတော့ကော ဘာပူလဲ….၊ နောက်ဆုံး ရန်ကုန် ရောက် လာတော့ ကော….ဘာပူလဲ….၊ ကုလားဗမာ ရိုက်တုံးကလဲ….ဒီလိုဘဲ၊ တောသားတွေမိုက်မိုက် ကန်းကန်း ရန်ကုန် တက်လာ လိုက်ကြဒါ၊ ဂေါ်ရာ စာသင် ဒုတ်စာမိပီး သေလိုက်ကြဒါမနဲ့ဘူး၊ စက် သေနတ်ကိုင် စစ်တပ် တွေလဲချထားလိုက်ရော….ငြိမ်ကုန် ကြဒါဘဲ မဟုတ် လား….”



အတွင်းဝန် ကတော်လေးက သူ့လင်တော် မောင်ကို ဝင်ထောက်ခံသည်။

“ဒါလင်ပြောဒါ ဟုတ်တယ်၊ အကုန် ငြိမ်ကုန် ကြဒါဘဲ၊ အင်းလေ…. သူတို့ရန်ကုန်ရောက်ပီး…. ဘုရင်ခံ့အိမ် သွားဝိုင်း အုံး….ဘုရင်ခံမင်းကြီးကာ မကြားချင်ယောင် ဆောင်နေလိုက် မှာပေါ့၊ ဟို…. ဟုမ္မရူး (ကိုယ်ပိုင် အုပ်ချုပ်ခွင့်) တောင်း တဲ့ နိုင်ငံရေးသမားတွေ အသံလိုပေါ့….၊ ဘာ ဖြစ် သွား တယ်…. ဒါလင်….၊ ပြောပြလိုက်စမ်းပါအုံး”

ဦးတင်သော်သည် ချစ်ဇနီးက ပွဲတောင်း သည့် အတွက် သဘောကျသွားဟန်နှင့် အရက်တခွက်မော့ချလိုက်ပြီး စကား ပြောတော့မည့်ဟန်ပြင်သည်၊ တကယ်တော့မပြော၊အားလုံးက သူ့ကို စိတ်ဝင်စားစွာကြည့်နေကြ၏၊ သူပြောမည့် စကားကို နားစွင့်နေကြ၏၊ စည်းနရီကိုက်ပြိုထင်မှ ဦးတင်သော်က ပြော သည်။

သူ တို့ အ သံ တွေ က ဘာဖြစ် သွားရမှာလဲ….၊ အင်္ဂလန် မရောက်ဘဲ….ဘင်္ဂလားအော်ထဲတွင် မြုပ်သွားကုန်ဒါပေါ့”

အတွင်းဝန်မင်းကလေး၏ ဟာသကို ကျန်အရာရှိများက နှစ်ချိုက်စွာလက်ခံပြီးရယ်ကြသည်။

ဦးထင်ကျော်ကသာမရယ်၊ မရယ်ရုံမက….၊ ရယ်သံအား လုံးစဲသွားသောအခါ အားလုံးမမြော်လင့်သော စကား ကို ဆို၏။

“ဒီနေရာမှာ….ငါ့ညီမှားနေတယ်ထင်တယ်၊ ဒီသခင်တွေက အင်္ဂလန်ကြားအောင်…. အော်တဲ့ နိုင်ငံရေးသမားမျိုး မဟုတ် ဘူး၊ ဗမာတိုင်းသိအောင်သာ…. လိုက်စည်းရုံးတဲ့ လူစားတွေ

ကြည့်လေ....ရေနံချောင်းလာပြီး....ပထမဆုံးမေဒေးဖြစ်အောင် လာလုပ်သွားကြဒါ၊ ဘယ်သူ ဘာတတ်နိုင်သလဲ”

ဦးထင်ကျော်၏ မမြော်လင့်သောစကားကြောင့် မည်သူမျှ စကားပြန်မပြောဘဲ ငြိမ်နားထောင်နေကြ၏။

ပြီးတော့.... ညီလေးက.... စက်သေနတ် အကြောင်းပြောတယ်၊ ကိုကြီးထင်ဒါကတော့....သခင်တွေဟာ....စက်သေနတ်ကိုလဲ...ကြောက်မဲ့လူတွေမဟုတ်ဘူး၊ ကြောက်ဘာမကြောက်ဘာဘက်.... သူတို့ကြည့်ရဒါ....စက်သေနတ်ရအောင် လုပ်ယူမဲ့လူတွေနဲ့တူဒါဘဲ”

ဦးထင်ကျော်ကို ကျန်လူများက နှုတ်လှန်မဝံ့သော်လည်း ဦးတင်သော်ကမူပြန်မေး၏။

“ဘာလဲ.... ကိုကြီးကပါ သခင်တွေကို အထင်ကြီးနေဘီလား....”

ဦးထင်ကျော်၏ သူ့ညီကို ပြန်ကြည့်လိုက်သော မျက်လုံးများ၌ လျှပ်ရောင်တချက်ပြက်သွားသည်။

“အထင်ကြီးဒါ-မကြီးဒါကိုပြောနေဒါမဟုတ်ဘူး၊ မင်းတို့အထင်မသေးဘို့ပြောပြနေဒါ၊ သခင်တွေဟာ....ဒို့အရင်တုံးက နားလည်ထားတဲ့.... နိုင်ငံရေးသမားမျိုးတွေမဟုတ်ဘူး....၊ ပြီးတော့.... နောက်ပေါက်သခင်တွေဟာလဲ.... ရှေးသခင်ကြီးတွေလို.... ဗမာပြည်သည်....ဒို့ပြည်....၊ဗမာစာသည်ဒို့စာ....ဗုဒ္ဓဘာသာသည်.... ဒို့ဘာသာလို့ ကြွေးကြော်ပြီး.... ဝါးခမောက်ဆောင်း.... ပင်နီအင်္ကျီဝတ်ရုံနဲ့ တင်းတိမ်နေသူတွေမဟုတ်ဘူး၊ ဒီနေ့သခင်အသင်းမှာ.... ပညာတတ်လူငယ်.... ရိုဗော်လူရှင်နရီ (တော်လှန်ရေးသမား)တွေ အများကြီးပါနေတယ်၊ တခြား



မကြည့်နဲ့လေ....၊ ကိုအောင်ဆန်းတို့တောင် သခင် ပါတီမှာ အတွင်းရေးမှူးဖြစ်နေဘီ”

ကိုအောင်ဆန်းကိုတော့.... သူတို့ အားလုံး သိကြပြီး ဖြစ်သည်။

ကိုအောင်ဆန်းသည် နတ်မောက်သားဖြစ်သည်၊ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းအောင်သွားသည်၊ တက္ကသိုလ်ရောက်သောအခါ သမဂ္ဂ အာဘော် အိုးဝေမဂ္ဂဇင်း အယ်ဒီတာဖြစ်လာသည်၊ သူနှင့် ဥက္ကဋ္ဌ ကိုနုကို ကျောင်းထုတ်ပစ်ရာမှ... တပြည်လုံး သိမ့်သိမ့်တုန် သွားသော ဒုတိယကောလိပ် သပိတ်ကြီးပေါ်လာခဲ့၏၊ သပိတ်အောင်ပြီးသောအခါ ကိုအောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ ဥက္ကဋ္ဌဖြစ်လာသည်၊ ထိုနောက်.... ဘီအေအောင်ပြီးသော်လည်း အစိုးရအရာရှိမလုပ်ဘဲ ဒို့ဗမာအသင်းသို့ဝင်ကာ သခင်အောင်ဆန်းအဖြစ်နှင့် အတွင်းရေးမှူးလုပ်နေ၏။

မှန်သည်....၊ သူတို့အားလုံး ကိုအောင်ဆန်းကိုမူ သိကြပြီးဖြစ်သည်၊ အထူးသဖြင့် ကိုအောင်ဆန်းနှင့် တက္ကသိုလ်သို့အတူရောက်ခဲ့သူ ဦးတင်သော်က ပိုသိပြီးဖြစ်သည်။

“ကိုကြီးပြောဒါ ဟုတ်ပါတယ်လေ....၊ ဒါပေမဲ့.... ကျွန်တော်တို့က သူတို့ကို ကြောက်ကြရတော့မလား....”

“ကြောက်ကြရမယ်လို့ ကိုကြီးက မဆိုလိုပါဘူး....၊ အသိအမှတ်ပြုဘို့ကိုသာ ပြောပြနေဒါ၊ မင်းတို့က အသိအမှတ်မပြုပေမဲ့....သခင်ကိုယ်တော်မှိုင်းကြီးကတော့ အသိအမှတ် ပြုထားလေရဲ့....”

ပုလိပ်အရာရှိနှင့် နယ် ပိုင် ဝန် ထောက် တို့ က ပြိုင်တူလိုပင် မေးကြ၏။

"ဘယ်သူလဲ....၊ ပုပ္ပား....ဘုရားဖူးအလာမှာ....၊ ဒီက စာရေးကြီးသခင်ခင်က ငွေးချိုမှာသွား ကန် တော့ တဲ့ အဖိုးကြီးလား၊ သူ့သွားကန်တော့လို့ ကုမ္ပဏီက သခင်ခင်ကို အလုပ်ထုတ်ပစ်ထာကစပီး.... မီးခိုးကြွက်ရှောက်နဲ့ ဒီသပိတ်ကြီးပေါ်လာဒါဘဲ မဟုတ်လား"

ဦးထင်ကျော်က ဆေးပြင်းလိပ်ဖွာရင်း ခေါင်းတဆတ်ဆတ်ညိတ်ပြ၏။

"ဟုတ်တယ်....၊အဲဒီအဖိုးကြီးဘဲ၊ သူက ကိုအောင်ဆန်းကို ကဗျာတပုဒ်နဲ့ အသိအမှတ်ပြုထားတယ်"

ဤအကြိမ်တွင်မူ အားလုံးလိုလို သံပြိုင်မေးကြ၏။

"ဗျာ....၊ ကဗျာတပုဒ်...."

ဦးထင်ကျော်က မသိနားမလည်သော ကလေးများရှေ့၌ လူကြီးတဦး ပြုံးသကဲ့သို့ ပြုံးလိုက်၏။

"ခင်ဗျားတို့က သတင်းစာကလွဲပီး ဗမာစာအုပ်တွေ သိပ်မဖတ်ကြဘူးထင်ပါတယ်၊ ဒီနှစ်အတွင်းမှာဘဲ ကိုယ်တော်မှိုင်းရဲ့ **သခင်ဋီကာ** ဆိုတဲ့ ကျမ်းထွက်လာတယ်....၊ အဲဒီ ထဲ မှာ ကိုအောင်ဆန်းရဲ့ အဖိုး.... ရွှေလရောင်ဘွဲ့ခံ ဦးမင်းယောင်ရဲ့ အင်္ဂလိပ်ကိုပြန်တိုက်သွားပုံဖော်ပြထားတယ်၊ ပီးတော့ ကဗျာတပုဒ်လဲ စပ်ပြလိုက်တယ်၊ အစအဆုံးတော့ ကျုပ်မရဘူး....၊ **ရွှေလရောင်ဘွဲ့သတင်းရယ်နဲ့ ၊ ဦးမင်းယောင်ဗိုလ်ဝင်ခံလို့မို့ ၊ ဟိုအလျင်ယမန် စစ်အင်ကျင်းတယ်၊** ခင်းတဲ့ဗျူဟာ....ဆိုတဲ့ အပုဒ်ရယ်၊ ပီးတော့....အဆုံးနားက.... **တောင်တမန်းမြို့ နေလ**



**နှစ်ဆောင်အညွှန်းတွင်ဖြင့်၊ ပြေမြန့်တဘောင်မဗိုးရရှာတဲ့၊ အခေါင်မမြန်းအမှောင်သန်းသမို့ အောင်ပန်းညှို့ခဲ့ရတဲ့....၊ အောင်ဆန်းတို့ ရွှေလရောင်အဖိုး....၊** ဆိုတဲ့အပုဒ်ဟာကျုပ်နှုတ်ဖျားမှာကျန်ရစ်တယ်"

အားလုံးပိုမိုငြိမ်သက်သွားကြသည်၊ သပိတ်တပ် အဟုန်ကြောင့် အနည်းငယ်သွေးလန့်နေကြသော ဒေသဆိုင်ရာအရာရှိအချို့မှာ စိတ်လည်းချောက်ချားသွားကြ၏။

အားလုံး အရက်ကိုယ်စီမော့လိုက်ကြပြီးမှ ဦးတင်သော်က မေးသည်။

"ကိုကြီးက....ဘာဆိုလိုဒါလဲ"

"ကိုကြီးပြောဒါကရှင်းပါတယ်၊ သခင်တွေကို သိပ်အထင်မသေးကြနဲ့လို့၊ အထူးသဖြင့် ကိုအောင်ဆန်းနဲ့ ကိုအောင်ဆန်းတို့လို လူငယ်သခင်တွေကို သိပ်အထင်မသေးကြနဲ့လို့....ဒါပါဘဲ...."

အတွင်းဝန်ကတော်လေးကသမ်းပြသည်။

"ဒါလင်ရေ....၊ တော်ကြစို့....၊အိပ်ချင်လာဘီ....ထမင်းလဲစားကြရအုံးမယ်၊ မနက်အစောကြီးလဲ.... ထကြရအုံးမယ်...."

ဤသို့နှင့်အရက်ဝိုင်းပြီးသွားသည်။

ကိုချစ်တိုးခမျာသည် သူထင်သည်ထက်စော၍ အိပ်ရာဝင်ခွင့်ရသောကြောင့်ဝမ်းသာမိသည်။

ကိုချစ်တိုးသည် ခြံဝင်းတထောင့်ရှိသူ့အိမ်ခန်းလေးသို့ပြန်လာခဲ့သည်၊ ပင်ပန်းထားသော်လည်း အိပ်ချင်စိတ် မရှိသောကြောင့် တံခါးကိုစေ့ပြီး အိပ်ရာထက်လှဲရင်း ဒဂုန်မဂ္ဂဇင်းကို ဘတ်သည်၊ ဘတ်မိသည်မှာလည်း သူခိုးကြီး မိုးနက်၏စွန့်စား

ခန်းဝတ္ထုဖြစ်လေသည်၊ မိုးနက်ကို ပုလိပ်နှင့်အိမ်ရှင်တို့ ဝိုင်းဖမ်းမိ၍ သဲလိုက်ရင်ဖိုဘွယ် အခန်းရောက်မှ သူ့အခန်းတံခါးကို အပြင်မှခေါက်သံကြားသည်။

ကိုချစ်တိုးက ထိတ်လန့်သံနှင့် "ဘယ် သူလဲ"ဟု ထမေးသည်။

လူသံမကြားရဘဲ တံခါး ခေါက်သံသာ ဆက်ပေါ်လာနေ၏။

ကိုချစ်တိုးသည် အိပ်ရာထက်မှဆင်းကာ တံခါးကိုဆွဲဖွင့်လိုက်၏။

အပြင်ဘက်၌ တည်တည်ခန့်ခန့်ကလေး ရပ်နေသူကား.... သူဘယ်သို့မျှ မမြော်လင့်သော သက်ခိုင်ဖြစ်နေ၏။

ကိုချစ်တိုးသည် သက်ခိုင်ကို လက်မောင်းမှဆွဲ၍ လျှင်မြန်စွာခေါ်ကာ အခန်းတွင်းသို့ သွင်းလိုက်သည်။

"အံမာလေး မောင်မင်းကြီးသားရာ၊ ဘယ်လိုအကြောင်းအရာနဲ့ ဒီထဲကိုကြွလာရသတုံး၊ အမိန့်ရှိပါ....အမိန့်ရှိပါ...."

သက်ခိုင်ကသာ အေးဆေးတည်ငြိမ်စွာအမိန့်ရှိ၏။

"မမနွယ်နဲ့တွေ့ချင်လို့ လာခဲ့ဒါ....၊ ဦးလေးကိုချစ်တိုး.... မမနွယ်ကိုမြန်မြန်သွားခေါ်လိုက်ပါ"

ကိုချစ်တိုးပါးစပ်ပြဲသွားရှာ၏။

"အံ့ပါရဲ့....ငါ့လူရာ.... သူဌေးမြေး....၊ တရားသူကြီးသမီးကို...ညအချိန်မတော်.... ချက်ခြင်းတွေ့ချင်ရအောင်.... ငါ့လူမှာ.... အရေးပိုင်ဆီကဝရမ်းပါလား...."

သက်ခိုင်ကမဖြေဘဲ ကိုချစ်တိုး၏ အိပ်ရာထက်သို့ အထုပ်တထုပ်ကို ပစ်တင်လိုက်သည်၊ ထိုအထုပ်ကို ကိုင်ကြည့်မိသည်



ခဏ၌ ကိုချစ်တိုး မျက်လုံးအလွန်ပြူးသွားသည်၊ အကြောင်းမှာ အထုပ်ပေါ်မှ ဆဋ္ဌမမြောက် ဂျော့ဘုရင် မင်းမြတ်က.... ကိုချစ်တိုးကို ရာဇအိန္ဒြေအပြည့်နှင့်လှမ်းကြည့်နေတော်မူသောကြောင့်ဖြစ်၏။

ငွေထုပ်....ငွေထုပ်....၊ တထောင်ခန့်ရှိမည်ဖြစ်သည်....။

"မြတ်စွာဘုရား....၊ သက်ခိုင်....နင်.... ဘာလာ.... လုပ်ထာလဲ...."

"ကျွန်တော် ပြောပါရောလား....မမနွယ်ကို မြန်မြန်သွားခေါ်ပေးလို့၊ အဲဒါ....သူယူလာတဲ့ငွေတွေ...."

ကိုချစ်တိုးမှာဘာမျှဆက်မပြောနိုင်တော့....၊သူတို့အရှုပ်ကိုသူမှသိ၊ သူတို့အရှုပ်ထဲတော့.... သူမပါလို၊ ငွေတထောင်အရှုပ်ဆိုသည်မှာ ထောင်နှင့်နီးစပ်လှသည်၊ အကြောင်းအကျိုးမေးနေ၍လည်း သူ့ရှေ့မှ သတ္တဝါကလေးသည် ဖြေမည့်သတ္တဝါအမျိုးအစားလေးမဟုတ်....။

"ကောင်းပါဘီ....၊ကောင်းပါဘီ....၊ရွှေမင်းသားလေးရယ် ဒီထဲမှာ တိတ်တိတ်ငြိမ်ငြိမ်လေး စံနေတော်မူရစ်ပါ....၊ ကျွန်တော်မျိုးကြီး ရွှေမင်းသမီးလေးကို...သွားပင့်လာခဲ့ပါမယ်"

ကိုချစ်တိုး ထွက်သွားသောအခါ သက်ခိုင်က မထိုင်ဘဲ မတ်တတ်ရပ်ခေါင့် ကျန်ရစ်ခဲ့၏၊ သူသည်အံကြိတ်ကာ မျက်မှောင်ကြုတ်၍ တောင့်တောင့်ရပ်နေသော်သည်း သူ့ရင်မျာခုန်နေမှန်းသတိပြုမိ၏။

ဆယ်မိနစ်ခန့်ကြာသွားသည်၊ ဆယ်မိနစ်ကို.... သက်ခိုင်က ဆယ်နာရီခန့်ဟုထင်မိ၏။

နောက်ဆုံးတွင် ဖော့နင်းလာသော ခြေသံများကို ကြားရသည်။

တံခါးပွင့်သွားပြီး ဝင်းဝါသော မလေးနွယ်၏ မျက်နှာကလေးက အလျင်ပေါ်လာသည်၊ မလေးနွယ်၏ကိုယ်ကလေးကိုတွန်းရင်းနောက်မှကိုချစ်တိုးလိုက်လာသည်။

မလေးနွယ်က.... အံ့သြခြင်း ဝမ်းသာခြင်းတို့နှင့် နှုတ်ဆက်၏။

"ဟယ်....၊မောင်လေးသက်ခိုင်၊မောင်ဘာလာလုပ်သလဲ"

သက်ခိုင်သည် ရယ်လည်းမရယ်၊ ပြုံးလည်းမပြုံး၊ မျက်မှောင်ကြုတ်မပြသော်လည်း တည်လှသော မျက်နှာထားနှင့် ကိုချစ်တိုး၏အိပ်ရာပေါ်မှငွေထုပ်ကိုညွှန်ပြ၏။

မလေးနွယ်ငိုင်သွားသည်၊ သက်ခိုင်ကိုကြည့်လိုက်၊ငွေထုပ်ကိုကြည့်လိုက်နှင့် စကားစရှာမရဖြစ်နေ၏၊ မျက်ရည်များကသာ မျက်လုံးများ၌ဝိုင်းလာသည်၊ အတန်ကြာမှ အားယူပြောရသောလေသံပျော့ပျော့နှင့်ဆို၏။

"အဲဒီငွေတွေဟာ ဒေါ်လေးသက်သက်နဲ့ မောင့်ဘို ဖွားဖွားကပေးခိုင်းလို့ မမနွယ်ပေးခဲ့တဲ့ငွေတွေ...."

သက်ခိုင်ကလည်း မျက်နှာ တည်ထားသော်လည်း မျက်ရည်လည်လည်နှင့်ပြန်ကြား၏။

"ဟုတ်ပါတယ်....၊ ဖွားဖွားနဲ့ မမနွယ်ကို မေမေကစိတ်မဆိုးပါဘူးတဲ့....၊ ဒါပေမဲ့....ဒီပိုက်ဆံတွေကို မေမေက မောင့်ကိုပြန်ပို့ခိုင်းလိုက်တယ်...."

မလေးနွယ်သည် ရုတ်တရက် ဒေါသကလေးနှင့်ပြန်မေး၏။



"ဒေါ်လေးသက်သက်က ပြန်ပေးခိုင်းစိုင်း မောင်ကကောလာပို့ရသလား၊ မောင်က-သတ္တိကောင်းကြီးပေါ့ဟုတ်လား"

သက်ခိုင်သည်သူ့အမအပေါ်၌ တင်းသည့်အခါတင်းသည်၊ သို့ရာတွင် သူ့အမက ဒေါသ ထွက်ပြသောအခါ သူက ပျော့ပျောင်းရမြဲဖြစ်သည်။

"မဟုတ်ပါဘူးမမနွယ်ရယ်၊ မေမေကပြောတယ်၊ ဒီပိုက်ဆံတွေကိုလဲ မီးရှို့ပစ်မယ်တဲ့၊ မမနွယ်လဲ မောင်တို့ဆီ....ဘယ်တော့မှ မလာရတော့ဘူးတဲ့၊ မမနွယ်ကို မောင် သိပ်ချစ် ပါတယ်....မမနွယ်မောင်တို့ဆီမလာရတော့ဘူးဆိုရင် မောင်- ငိုမှာဘဲ၊ ဒါကြောင့်....မောင်ဒီပိုက်ဆံတွေကို ပြန်လာပေးဒါ....၊ သိဘီလား...."

မလေးနွယ်သည် ဘာမျှ ပြန်,ရန် မတွေ့တော့ဘဲ ကိုချစ်တိုး၏အိပ်ရာ၌ မျက်နှာမှောက်ကာ ကြုံကြုံ ပါအောင် ငိုကြွေးတော့သည်။

သက်ခိုင်က အံကြိတ်ထားသည်၊ သို့ရာတွင် သူ့မျက်လုံးများမှလည်း သူမသိဘဲမျက်ရည်ပေါက်များ စီးကျလာနေ၏။

ကိုချစ်တိုးခမျာလည်း ဘာလုပ်ရမှန်းမသိ။

ထိုစဉ်တိုက်ပေါ်မှ အသံများ ထွက်ပေါ်လာ၏။

"နွယ်....၊နွယ်....၊ နွယ်....ပျောက် သွားတယ်၊ ဘယ်ရောက်သွားမှန်းမသိဘူး...."

နွယ့်အမေ၏အသံဖြစ်သည်၊ ထိုနောက် နွယ့်အဖေ အသံပေါ်လာသည်၊ ထိုနောက်....လူသံများ ဆူညံကုန်၏။

ကိုချစ်တိုးက တံခါးမှ ထွက်ကြည့်၏၊ သို့ရာတွင် သူနှင့် အခန်းချင်းကပ်လျက်ရှိသော ကိုသာရင်တို့ လင်မယား ကလည်း ထွက်လာကြ၏။

ကိုသာရင်က မေးသည်။

"ဟေ့....ဖိုးချစ်တိုး....ဘာဖြစ် ကြဒါလဲ...."

"သိပါဘူးဗျာ၊ ဆူဆူညံညံ ဖြစ်လို့ ထွက်ကြည့်ဒါ...."

ကိုသာရင်သို့လင်မယားက တိုက်ကြီး ဘက်သို့ ထွက်သွားကြသည်။

ကိုချစ်တိုးက အခန်း ထဲသို့ ပြန်ဝင်ကာ တံခါး စေ့ ပြီး နွယ့်ကိုပြော၏။

"ကဲ....မိနွယ်၊ ဒုက္ခတော့ ရောက်ကုန်ကြဘီ၊ ဘာလုပ်မလဲ၊ ဘယ်လိုလုပ်မလဲ...."

ကိုချစ်တိုးမှာ တုန်လှုပ်ချောက်ချားနေ၏၊ သက်ခိုင်ကမူ.... မတုန်မလှုပ်ရပ်နေ၏။

မလေးနွယ်က ရုတ်တရက်လှုပ်ရှားလာ၏။

"ဦးလေးချစ်တိုး....သူတို့မေးရင် နွယ်....ဝတ္တုစာအုပ် လာငှားတယ်လို့ ပြော....သိလား၊ မောင်က ကုတင်အောက်ထဲဝင် ပုန်းနေ၊ မြန်မြန်....ဝင်လေ....မောင်...."

သက်ခိုင်ကမူ မလှုပ်၊လုံးဝ မလှုပ်။

ကိုချစ်တိုးက သူ့နဖူးသူရိုက်ပြီးတောင်းပန်သည်။

"ကိုယ်တော်လေးရယ်....နွယ်ပြောတဲ့အတိုင်းလုပ်လိုက် စမ်းပါ၊ ကျေးဇူးပြုပြီး....ကုတင်အောက်မြန်မြန်ဝင်ပုန်းတော်မူ စမ်းပါ၊ ရှိကြီးခိုးပါရဲ့...."



သို့ရာတွင်....သက်ခိုင်ကမူ မလှုပ်၊ ကိုချစ်တိုးက သူ့ခေါင်းကိုနှိမ်ကာ ကုန်းခိုင်းသည်၊ မလေးနွယ်က သူ့ကို တွန်းသည်၊ သူကရုန်း၏။

သုံးယောက်သား ဤသို့ အလုပ်များ နေကြစဉ် လူတွေ ရောက်လာကြ၏၊ အားလုံး ရောက်လာကြ၏။

ရှေ့ဆုံးမှ မလေးနွယ်၏အမေပေါ်လာသည်၊ သူ့နောက်က....မလေးနွယ်၏အန်တီ....။

မလေးနွယ်၏မိခင်က မလေးနွယ်ကို ပွေ့ယူပြီး အံ့သြခြင်း၊ ဝမ်းသာခြင်း၊စိုးရိမ်စိတ်ပြေခြင်း....တို့ ရောသောအသံနှင့် ဆို၏။

"အမလေး....သမီးရယ်၊ သမီးကဒီမှာကိုး၊ မေမေဖြင့် လန့်သွားဒါဘဲ...."

ဤသို့ဆိုပြီးမှ မလေးနွယ်၏မိခင်သည် မလှုပ် မယှက် ရပ်နေသော သက်ခိုင်ကို သတိမူမိသွား၍ ပါးစပ် အဟောင်းသား ဖြစ်သွား၏။

ဒေါသပေါက်ကွဲပြလိုက်သူမှာ မလေးနွယ်၏ အန်တီ အပျိုကြီးမမ ဖြစ်၏။

"အံမာ....အမျိုးယုတ်ကလေးက ဒီရောက်နေဘယ် ဟုတ်လား၊ သေနာလေးဒီ ဘာလာလုပ် ထာလဲ...."

အပျိုကြီးမမသည် အပျိုကြီးသမျှ ဒေါသ လည်း ကြီးစွာနှင့် သက်ခိုင်၏ဆံပင်ကို လှမ်းဆွဲသည်။

သို့ရာတွင် ကိုချစ်တိုးက သက် ခိုင်ကို လျှင်မြန်စွာ ဆွဲယူ နောက်ပို့ပြီး သူ့ကိုယ်နှင့် အကာအကွယ်ပေး၏။

အပျိုကြီးမမ၏ ဒေါသယမ်းအိုးသည် ထပ်ဆင့် ကွဲသည်။

"အံမာ....ချစ်တိုး၊ နင်ကပါ ဒီသတ္တဝါ လေးကို အကာအကွယ် ပေးတယ်ပေါ့....ဟုတ်လား...."

အပျိုကြီးမမ၏ လက်ဝါးသည် မြောက်တက် သွား၏။

ကိုချစ်တိုးက နောက်တလှမ်း ဆုတ်လိုက်ပြီး ရင်မှလာသော သတ္တိနှင့် ပြော၏။

"မမကြီး....ခင်ဗျား-ကျွန်တော့်ကို အလုပ် ဖြုတ်ပစ်ချင်.... ဖြုတ်ပစ်၊ ဒါပေမဲ့ - ခင်ဗျား-ကျွန်တော့်အသားကို မထိနဲ့"

အပျိုကြီးမမမှာ ဆွေ့ဆွေ့ခုန်သွားသည်၊ ဘာ ဆက်လုပ်ရမှန်းမသိသောကြောင့် သူ့မောင်များကို လှမ်း ခေါ်သည်။

"မောင်တို့ရေ....လာကြစမ်း၊ ဟောဒီမှာ ငါ့ကို အာခံ နေကြတယ်...."

အိမ်အမှုထမ်း တသိုက်က ရှေ့တိုးလာကြသည်၊ သို့ရာတွင် ဦးတင်သော်၊ဦးထင်ကျော်နှင့် ဦးတင်သော်၏မင်းကတော်လေးတို့က ရောက်လာ ကြသဖြင့် ရှုပေး ကြသည်။

သက်ခိုင်မှာမူ ဘုရင့်သမီးတော်၏ အဆောင်တော် တွင်း ကျူးကျော်ဝင်ရောက်ခဲ့သဖြင့် အမိဖမ်းခံရသောသူပုန်မင်းသားကဲ့သို့ဖြစ်နေရ၏။

အတွင်းဝန်မင်းဦးတင်သော်က သက်ခိုင်ကို စေ့စေ့ ကြည့်ပြီး....သူ့အမကိုမေးသည်။

"မမကြီး....၊ ဒီ ကောင်လေး....ဘယ်က ကောင် လေး လဲ၊ မြင်ဘူးသလိုလိုတော့ ရှိတယ်...."

"မင်း.... မမြင် ဘူး ပါဘူး၊ မိ သက် သား.... အမျိုးယုတ်ကလေး...."



ဦးတင်သော်က အံ့အားသင့်ကာ ဘာပြန်ပြောရမှန်းမသိ၊ ဦးတင်သော်၏ဇနီးကသာ သူ့အမြင်ကိုသူဝင်ပြော၏။

"အော်....မောင်သက်ခိုင်ဆိုဒါထင်ပါရဲ့....၊ ဒါလင်ရေ....၊ အိမ်မှာ အလှူရှိတယ်ဆိုလို့ ထမင်းကောင်း ဟင်းကောင်းစားချင်လို့လာတယ်နဲ့တူပါတယ်....၊ သနားပါတယ်....၊ ဟုတ်တယ်မဟုတ်လား ကလေး"

သက်ခိုင်သည်းမခံနိုင်တော့၊ သူသည် ကိုချစ်တိုးထိန်းထားရာမှ ရုန်းထွက်လိုက်ပြီး မင်းကတော်ကလေးကို ဂရုမပြုဘဲ ဦးတင်သော်ကိုသာရင်ဆိုင်သည်။

"လေးလေး နာမည်က ဦးတင်သော်....၊ ကျွန်တော် သိတယ်၊ လေးလေးတို့အလျှုက ရွှေကြော်ကျွေးမှာမို့လို့လား၊ စိန်ကြော်ကျွေးမှာမို့လို့လား"

သက်ခိုင်သည် ဆက်ရန်တွေလိုသည်၊ သို့ရာတွင်စကားတွေကရှာမတွေ့၊ သူ့ကိုယ်လေးသည်သာ ဒေါသကြောင့် ဆတ်ဆတ်တုန်နေ၏။

ဦးတင်သော်ကလည်း ကလေးတဦး၏ မောက်မာစော်ကားခြင်းကို မခံစဘူးခံလိုက်ရ၍ ဒေါသထွက်သွား၏၊ သူ့ဒေါသသည် သူသောက်ထားသောအရက်ကြောင့် အဆမတန်ပိုပြင်းထန်နေ၏။

"တိရိစ္ဆာန်လေး....၊နင်က ငါ့ကိုခံပြောရသလား....၊နင့်ကို ငါဖမ်းချုပ်မယ်...."

သက်ခိုင်၏ဖြေသောစကားမှာ ဤကလေးအရွယ်၏နှုတ်မှ ထွက်ပေါ်လာလိမ့်မည်ဟု အတွင်းဝန်မင်း လုံးဝမမြော်လင့်ခဲ့သောစကားဖြစ်၏။

"ချုပ်ပါလား....၊ချုပ်လိုက်လေ....၊အမေကမွေး- ထောင်ကကျွေးသတဲ့ဗျ...."

ဦးတင်သော် ခွေးလုံးလုံးဖြစ်သောပွဲဖြစ်၏။

သေးမှဝိုင်းကြည့်နေကြသော အိမ်စေများ၏ ကြိတ်ရယ်သံကိုကြားရ၏။

ခဏသာ နောက်ကျလျှင် ဦးတင်သော်သည် သက်ခိုင်ကို ဘာလုပ်မိမည်မသိ....။

သြဇာပြည့်သော....တည်ငြိမ်သည့် အသံနှင့်အတူ ဦးထင်ကျော်က ရှေ့တက်လာသည်။

"နေစမ်းညီလေး....၊ကလေးကို ကိုကြီးမေးမယ်...."

ဦးထင်ကျော်သည် သက်ခိုင်၏ ပုခုန်းပေါ် လက်တဘက်အသာအယာတင်လိုက်ပြီး ချိုသာစွာမေးသည်။

"ငါ့တူ....ဦးကြီးကိုသိသလား"

သက်ခိုင်သည် တည်ကြည်ခန့်ညားလှသော ဦးထင်ကျော်၏မျက်နှာကို မျက်လွှာလှန်၍ တချက်ကြည့်ပြီး ခေါင်းညိတ်ပြ၏။

"သြော်....၊သိတယ်ပေါ့....၊ဟုတ်လား၊နေပါအုံး....၊ ငါ့တူရယ်....၊စိုးခိုင်ရယ်၊ သက်သက်ရယ်က ဦးကြီးတို့အိမ်ကို ဘယ်တော့မှမလာဘူး၊ အခု....ငါ့တူ ဘာလာလုပ်သလဲ"



သက်ခိုင်က မလေးနွယ်ကို လှမ်းကြည့်သည်၊ မလေးနွယ်က သူ့အမေ့ရင်ခွင်တွင် ခေါင်းငုံ့ထား၏။

သက်ခိုင်သည် သူ့ဦးကြီးကို ရဲဝံ့စွာပြန်ကြည့်ပြီး တလုံးချင်းဖြေ၏။

"ကျွန်တော် ဖွားဖွားဆီကို ငွေပြန်လာပေးဒါ"

သက်ခိုင်၏အဖြေကြောင့် တည်ငြိမ်လွန်းလှသော ဦးထင်ကျော်၏မျက်နှာသည်ပင် လှုပ်ရှားသွား၏။

"ငွေပြန်လာပေးဒါ....ဟုတ်လားငါ့တူ...."

ငွေထုပ်ရှိရာ အိပ်ရာထက် လူရိပ်များကွယ်နေ၏၊ သက်ခိုင်က ငွေထုပ်ကိုလှမ်းယူလိုက်ပြီး ဦးထင်ကျော်၏လက်အပ်သည်။

"ဖွားဖွားက မမနွယ်ကို မေမေ့ဆီပေးခိုင်းလို့မမနွယ်က လာပေးတယ်၊ မေမေကမယူတော့....လက်နှိုးအောက် ဝှက်ထားပစ်ခဲ့တယ်....၊ အဲဒါ....အခု ကျွန်တော်လာပြန်ပေးဒါ....၊ ငွေတထောင်တိတိ"

ငွေတထောင် ဟူသောစကားသည် ဝိုင်းကြည့်နေသော အိမ်စေများကို လှုပ်ရှားသွားစေ၏၊ အတွင်းဝန် ကတော်လေးသည်ပင် မျက်လုံးပြူး၍ ဦးထင်ကျော်၏ လက်တွင်းမှငွေထုပ်ကို လှမ်းကြည့်သည်။

ဦးထင်ကျော်၏ မျက်နှာကြီးသည် ညှိုးနွမ်းကျသွား၏၊ သူသည် သြဇာပြည့်သော သူ့အသံကို အနိုင်နိုင်ပြန်ဆွဲယူပြီး ဆို၏။

“လူကလေးဖွားဖွားက လူကလေးမေမေ သက်သက်ကို ဒီငွေတွေပေးတယ်ဆိုတော့ လူကလေး ပြန်ယူသွားနိုင်ဘာသ်၊ ပြန်အပ်ဘို့မလိုဘူး....”

သက်ခိုင်က ခေါင်းကိုခါ၏။

“ဒီငွေတွေပြန်ယူသွားရင် မေမေ့ဆီ ကျွန်တော်ပြန်လို့ မရဘူး....၊ မေမေကမှာလိုက်တယ်၊ သူ-ငွေမလိုပါဘူးတဲ့....၊ ဒီငွေကို လုပ်မဲ့အလှူထဲသာထဲ့လိုက်ပါတဲ့....၊ပီးတော့ နိဗ္ဗာန် သွားကြပါတဲ့....”

သက်ခိုင်သည် သူ့ကိုစွပြီးပြီမှန်းသိသောကြောင့် မည်သူ့ကိုမျှနှုတ်မဆက်ဘဲ အခန်းတွင်းမှထွက်ခွာသွားသည်၊အခန်းဝဦးငိတ်ဆို့ကြည့်နေကြသူများက သူ့ကို လမ်းဖွင့်ပေးလိုက်ကြရ၏။

ဦးထင်ကျော်သည် ငိုင်ကျန်ရစ်သည်၊ အဘန်ကြာမှ သတိဝင်ကာ ကိုချစ်တိုးကိုလှမ်းပြော၏။

“မောင်ချစ်တိုး.... ကလေးတယောက်ထဲ ပြန်သွားရမှာ အဝေးကြီးဘဲ....၊ သူ့အမေအိမ်အထိ လိုက်ပို့ပေးလိုက်ပါ၊ မင်းမှာလဲအပြစ်မရှိဘူး....၊ မမကြီးကလဲ ဘာမှဆက်မရှည်နဲ့တော့....၊ကဲ....မောင်ချစ်တိုး....လိုက်ဟေ့....”

ကိုချစ်တိုးက သက်ခိုင်နောက်သို့အပြေးလိုက်၏၊ အမှန်မှာ ကားနှင့်လိုက်ပို့ပေးချင်သည်၊ သို့ရာတွင် သက်ခိုင်သည် ဤအိမ်မှကားကို မစီးချင်မှန်း ကိုချစ်တိုး အသိဆုံးဖြစ်သည်။



မြန်လိုက်သည့် သတ္တဝါလေးသက်ခိုင်....၊သူ့ကို ကိုချစ်တိုး မီချိန်၌ ဝါဒိဆွန်ဝေးလမ်းချိုးသို့ရောက်နေပေပြီ။

“ဦးလေးကိုချစ်တိုး....ဘာလို့ လိုက်လာရဒါလဲ....၊ ကျွန်တော့်ဘာသာ ကျွန်တော်ပြန်ရဲတယ်ဗျ”

ကိုချစ်တိုးကညည်းခြင်းတဝက်ရယ်ခြင်းတဝက်နှင့်ပြော၏။

“သိပါတယ်သူပုန်လေးရာ....၊ငါ့လူသတ္တိရှိမှန်း သိပါတယ်၊ ဒါပေမဲ့....လိုက်တော့ပို့ပါရစေ....၊ ပိုက်ဆံတမတ်လဲ မယူပါဘူး....၊ကားလဲမပါပါဘူး....၊ခြေလျင်လိုက်ပို့မှာပါ၊ ကျေနပ်ပီလား ရွှေမင်းသားကလေးရဲ့....”

* * *

တက္ကသိုလ်-ဘုန်းနိုင်

**ဒုတိယတွဲကို မျှော်ပါရန်**

**တောင်းပန်အပ်ပါသည်**

(၁၉၆၆-ခု ဇူလိုင်လ(၃၀)ရက်နေ့တွင် ထွက်လာပါမည်)